နိရောဓသစ္စာ

အနိစ္စ

ဒုက္ခ

အနတ္တ

ဒုက္ခသစ္စာ

မဂ္ဂသစ္စာ

သမု
ဒယ
သစ္စာ

မိုးကုတ်မြို့
သတိပဋ္ဌာန်ကျောင်းဆရာတော်ဦးပဏ္ဍဝ၏တပည့်
မိုးကုတ်မြို့မြို့မရိပ် "ဦးကောင်း"
ရေးသားသော

# အာနာပါန ဝိပဿနာ ဘာဝနာ

နှင့်

# သက္ကာယဒိဋ္ဌိရှုဘွယ်

ကောဇာ - ၁၃၄၁ - ခု မွေ့ဒါန် သာသနာ - ၂၅၂၃ - ခု

မိုးကုတ်မြို့

သတိပဋ္ဌာန် ကျောင်း ဆရာတော်

ဦးပဏ္ဍဝ၏ တပည့်

မိုးကုတ်မြို့ မြို့မရပ်

ဦးကောင်း ရေးသားသော

# အာနာပါနဝိပဿနာဘာဝနာ

နှင့်

# သက္ကာယဒိဋ္ဌိရှုဘွယ်

၁၃၄၁ -ခု၊ ပြာသိုလ်ဆန်း ၁၅-ရက်၊

၁၉၈၀-ခု၊ ဇန်နဝါရီလ ၁-ရက်။

( **Hlaing** A )

မျက်နှာဖုံး ခွင့်ပြုချက် (၁၁၇၈)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် (၄၇၅)

၁၉၈၀-ခု၊ ဇန်နဝါရီလ၊

၁၃၄၁-ခု၊ ပြာသိုလ၊

ပထမ အကြိမ်၊

ဓမ္မဒါန၊

အုပ်ရေ (၃၀၀၀)

မျက်နှာဖုံးရိုက် - လှိုင်ရတနာ ပုံနှိပ်တိုက်၊

ထုတ်ဝေခြင်း - ဒေါ်စိန်စိန် (၁၈၉ - ကင်းလွတ်ခွင့်)
အမှတ်၃၇၊ ဘိုကလေးဈေးလမ်း၊ရန်ကုန်မြို့။

ရိုက်နှိပ်ခြင်း ဒေါ်စိန်စိန်(၀၂၂၉၆-မြဲ)လှိုင်ရတနာပုံနှိပ်
တိုက်၊ ၃၇/ဘိုကလေးဈေးလမ်း၊ရန်ကုန်မြို့။

၁၄၇၇၅

## မျက်နှာဖုံးပုံ သရုပ်ဖော်၊

နာမ်ခါတ်+ရုပ်ခါတ်နှစ်ပါးတို့တွင် တပါးပါးသော ပရမတ္တခါတ် သဘာဝကို ဝိပဿနာဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဟူ၍ လက္ခဏာရေးသုံးပါး ဖြင့် ပိုင်းခြား ဝေဘန် ပွား များအားထုတ် သည် ရှိသော်၊

ထိုသို့ အားထုတ် နေဆဲ အခိုက် အတန့် ၌ လောကီဉာဏ် ဖြင့် ထိုး ထွင်း သိမြင် ရ သော သစ္စာလေးပါး တို့မှ လောကုတ္တရာ ဉာဏ်ဖြင့် ထိုးထွင်း သိမြင်ရသော သစ္စာလေးပါး တည်းဟူသော ရောင်ခြည်သည် ပေါ်ထွန်း၍ လာရကြောင်း ကို သရုပ်ဖော် ထား ခြင်း ဖြစ် ပါသည်။

# မာတိကာစဉ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | သီလဝိသုဒ္ဓိ အကျင့်သီလစင်ကြယ်ခြင်း | နိဒါန်း |
| | စာရေးသူ၏ ပန်ကြားချက် | |
| | အမှားပြင်ဆင်ချက် | |
| ၁။ | အရှင်ကောသလ္လ(ပြည်) အကြောင်းပြစကား | ၁၇ |
| ၂။ | စိတ္တဝိသုဒ္ဓိ | ၂၂ |
| ၃။ | ဝိပဿနာဘာဝနာ၏အကျိုးကျေးဇူး | ၂၅ |
| ၄။ | ဝိပဿနာအခြေခံ | ၄၀ |
| ၅။ | "ခန္ဓာ" သုံးမျိုးသုံးစားကို ခွဲခြား၍ မြင်ခြင်း | ၃၁ |
| ၆။ | ဒုက္ခသစ္စာသည် ဒုက္ခမမည် | ၃၉ |
| ၇။ | ပညတ်သိ ရုပ်နာမ် | ၄၅ |
| ၈။ | ပရမတ် ရုပ်နာမ် | ၄၇ |
| ၉။ | ပဋိသမ္ဘိဒါမဂ် အာနာပါနကထာ | ၇၁ |
| ၁၀။ | ပရမတ်နာမ်တရားကိုပြဆိုခြင်း | ၇၅ |
| ၁၁။ | ပရမတ်ရုပ်တရားကိုပြဆိုခြင်း | ၈၈ |
| ၁၂။ | နာမ်ရုပ်တရားနှစ်ပါးကိုပြဆိုခြင်း | ၉၆ |
| ၁၃။ | ပရမတ္ထသစ္စာနှင့် သမုတိသစ္စာတို့၏ စွမ်းအင်ကိုပြဆိုခြင်း | ၁၀၈ |
| ၁၄။ | ပရမတ္ထသစ္စာအပေါ် မူတည်၍ သမုတိသစ္စာ ဖြစ်ပေါ်လာပုံကို ပြဆိုခြင်း | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | လောကဝေါဟာရ အလိုအားဖြင့်အသက်ရှင်သည်၊ သေသည် စသည်တို့ကိုပြဆိုခြင်း | ၁၂၂ |
| ၁၆။ | သမုတိသစ္စာနှင့်ပရမတ္ထသစ္စာတို့ကို နှိုင်းယှဉ်၍ပြခြင်း | ၁၂၄ |
| ၁၇။ | သက္ကာယနှင့်ဒိဋ္ဌိကို ပိုင်းခြားဝေဘန်၍ပြခြင်း | ၁၃၁ |
| ၁၈။ | လေသဘောတရား၏အကြောင်းတရားများကို ပြဆိုခြင်း | ၁၄၂ |
| ၁၉။ | စိတ်သဘောတရား၏အကြောင်းတရားများကို ပြဆိုခြင်း | ၁၄၄ |
| ၂၀။ | ပဋိစ္စသမုပ္ပါဒ်ကိုသိမြင်သောဉာဏ်ကိုပြဆိုခြင်း | ၁၄၉ |
| ၂၁။ | နည်းလေးပါးဖြင့် ဝေဘန်ခြင်း | ၁၅၀ |
| ၂၂။ | သမ္မသနဉာဏ် | ၁၅၈ |
| ၂၃။ | ဆီမီးလျှံဥပမာ | ၁၆၇ |
| ၂၄။ | ဉာဏ်တွေ့ ဉာဏ်မြင် အနိစ္စလက္ခဏာ | ၁၇၃ |
| ၂၅။ | ကိုယ်တွေ့ မျက်မြင် သမုတိအနိစ္စ | ၁၇၇ |
| ၂၆။ | လျှပ်စစ်မီးရောင်ဥပမာ | ၁၈၁ |
| ၂၇။ | ချောင်းရေ ဥပမာ | ၁၈၉ |
| ၂၈။ | ပရွက်ဆိပ် ဥပမာ | ၁၉၁ |
| ၂၉။ | မြစ်ရေ ဥပမာ | ၁၉၃ |
| ၃၀။ | ရုပ်ရှင် ဥပမာ | ၁၉၅ |
| ၃၁။ | ဥဒယဗ္ဗယဉာဏ် | ၂၀၅ |
| ၃၂။ | ဘင်္ဂဉာဏ် | ၂၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | အမောဟကို ဝိပဿနာရှုရမည် | ၂၂၅ |
| ၃၄။ | ဘယဉာဏ် | ၂၂၈ |
| ၃၅။ | သန္တိပဒဉာဏ် | ၂၃၁ |
| ၃၆။ | ဘယဉာဏ်သည့် ကြောက်သလော မကြောက်သလော၊ မကြောက် | ၂၃၃ |
| ၃၇။ | သစ္စာလေးပါး | ၂၃၅ |
| ၃၈။ | တပေါင်းတည်းသောအနိစ္စ၊ဒုက္ခ၊အနတ္တနှံ့ပဿနာ | ၂၃၇ |
| ၃၉။ | နောက်ဆက်တွဲသက္ကာယဒိဋ္ဌိရှုဘွယ် | ၂၄၃ |
| ၄၀။ | အတ္တနုဒိဋ္ဌိ(ဝါ)သက္ကာယဒိဋ္ဌိ | ၂၄၅ |
| ၄၁။ | သက္ကာယဒိဋ္ဌိဖြစ်ပေါ်လာပုံ | ၂၄၈ |
| ၄၂။ | အမေးပုစ္ဆာအပိုဒ်(၃) | ၂၅၉ |
| ၄၃။ | အမေးပုစ္ဆာအပိုဒ်(၄) | ၂၇၃ |
| ၄၄။ | တဏှာဂါ-မာနဂါ-ဒိဋ္ဌိဂါ | ၂၈၀ |
| ၄၅။ | ဒိဋ္ဌိဝိပလ္လာသ-သညာဝိပလ္လာသ-စိတ္တဝိပလ္လာသ | ၂၈၂ |

ပထမအကြိမ်၊


၄၀၀၀

၁၃၃၂-ခု၊

ဒုတိယအကြိမ်၊ ပြန်လည် ဖြည့်စွက်ရိုက်နှိပ်ခြင်း၊

၄၀၀၀

၁၃၄၁-ခု၊



ရိုးကုတ်မြို့၊ သတိပဋ္ဌာန်ကျောင်း
ဆရာတော်ဦးပဏ္ဍဝ
သက်တော်(၈၃) ဝါတော်(၆၂)ဝါရပုံ၊

# နိဒါန်း

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ပဉ္စဂုဏံ အဟံ ဝန္ဒာမိ
## အာနာပါန ဝိပဿနာ ပွားများအားထုတ်နည်း
## သီလဝိသုဒ္ဓိ အကျင့်သီလ စင်ကြယ်ခြင်း

သီလခန်းကို အရှင်နန္ဒမာလ ရေးသား ပြန်ဆို တော်မူအပ်သော မြန်မာဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမှကောက်နုတ်၍တင်ပြပါမည်။

ရင်းအခန်းတွင် ကွင်းဖွင့်+ကွင်းပိတ် အတွင်း၌ ပါရှိသော စာတန်းများမှာ စာရေးသူ၏ အာဘော်များ သာလျှင် ဖြစ်ပါသည်။

(နှာ-၁၂+၁၃) သီလဟူသည်ကား-

သူ့အသက်ကိုသတ်ခြင်း အစရှိသည်ကိုကြဉ်ရှောင်သောသူ၏ ၎င်း၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သော သူ၏၎င်း၊ စေတနာ အစရှိသော တရားတို့သည် သီလမည်၏။

(နှာ-၂၂) (ရဟန်း သံဃာတော် များမှာ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသ နိနိဿိတသီလ တည်းဟူသော စတုပါရိသုဒ္ဓိသီလနှင့်ပြည့်စုံပြီးဖြစ် သဖြင့်၊ အထူးဖော်ပြဘွယ်မလိုတော့ပါ။)

(လူတို့အတွက်မှာမူကား-နှာ ၃၃ ၌)

ဥပါသကာ ယောကျ်ား ဥပါသိကာ မိန်းမ တို့မှာ အမြဲ နိစ္စ စောင့်ထိမ်းအပ်သည်၏ အစွမ်းဖြင့် ငါး ပါး သော သိက္ခာပုဒ် တို့ကို၎င်း၊ (ငါးပါးသီလကို၎င်း၊) အားထုတ်ကြိုးစား၍ စောင့် ခြင်းငှာ တတ်နိုင်ခဲ့သော် ဆယ်ပါးသောသီလတို့ကို၎င်း၊ ဥပုသ်

[Hlaing A]

# နိဒါန်း

အင်္ဂါ၏အစွမ်းဖြင့် ရှစ်ပါးသီလ ကိုဋင်း စောင့်ထိန်းအပ်၏။ ဤသီလသည် (လူ့အကျင့်သီလ)=ဂဟဋ္ဌသီလမည်၏။

(ဋင်းသီလတို့တွင် နှာ-၉၂ နှင့် နှာ-၂၂၌)

ပါဏာတိပါတ အစရှိသည် တို့ကို ပယ်သည်၏ အစွမ်းဖြင့် အနက်သဘောကိုသိအပ်လေ၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဆိုသည်မှာ-
သီလတို့သည် ငါးပါးအပြား ရှိကုန်၏။

## (သိက္ခာပုဒ် အမှတ်စဉ်-၁)

(က) သူ၏အသက်ကိုသတ်ခြင်းကိုပယ်ခြင်းသည်(ပဟာန) သီလမည်။

(ခ) သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ဝိရတိသည် (ဝိရတိသီလ-ဝါ-ဝေရမဏီသီလ) မည်၏။

(ဂ) သူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည်၊ (စေတနာသီလမည်၏။)

(ဃ) သူ၏အသက်ကို သတ်ခြင်းမှ စောင့်စည်းပိတ်ဆို့ခြင်း သံဝရသည်(သံဝရ)သီလမည်၏။

(င) သူ၏အသက်ကိုသတ်ခြင်းတည်းဟူသော အကုသိုလ်မှုကို မလွန်ကျူးခြင်းသည်၊ (အဝိတိက္ကမ) သီလမည်၏။

(သိက္ခာပုဒ်အမှတ်စဉ်-၂)သူ၏ ဥစ္စာကိုခိုးယူခြင်းကို
( ။ ။ ၃)သူ့သားအိမ်ရာကို မှားသောအားဖြင့် လွန်ကျူးခြင်းကို

## နိဒါန်း

(သိက္ခာပုဒ်အမှတ်စဉ်-၄) မဟုတ်မလျား မုသားပြောဆို ခြင်းကို
( ။ ။ ၅)သူနှစ်ယောက်တို့ အချစ်ပျက် အောင် ဂုံးတိုက်ခြင်းကို
( ။ ။ ၆)ကြမ်းတမ်းသော စကားပြောဆို ခြင်းကို
( ။ ။ ၇)ပြိန်ဖျင်းသော စကား ပြောဆို ခြင်းကို
( ။ ။ ၈)သူတပါး စည်းစိမ်ကို လိုချင်တပ် မက်ခြင်း=အဘိဇ္ဈာကို
( ။ ။ ၉)သူတပါးအား ပျက်စီး စေလိုခြင်း =ဗျာပါဒကို
( ။ ။ ၁၀)မှားသော အယူကို စွဲယူခြင်း= မိစ္ဆာဒိဋ္ဌိကို

(အထက်ပါသိက္ခာပုဒ်အမှတ်စဉ် ၁=ပါဏာတိပါတနည်းတူ မဟာနသီလ၊ စေတနာသီလ စသည်ဖြင့် သီလ ငါးမျိုးစီ ခွဲ၍ ယူလေ၊)

(အပိုဒ်(ဃ)၌ လာရှိသော စောင့်စည်းပိတ်ဆို့ခြင်း=သံဝရ သီလဆိုသည်မှာ-

(နှာ-၁၃)ပါတိမောက္ခသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တိသံဝရ၊ ဝီရိယသံဝရ ဟူ၍ ငါးပါးအပြားရှိ၏။

(၁) (ပါတိမောက္ခသံဝရသည်ရဟန်းသံဃာတော်များနှင့်သာ သက်ဆိုင်သောသီလဖြစ်၍ အထူး ဖော်ပြဘွယ်မလိုပါ။)

# နိဒါန်း

( ၂ ) (သတိသံဝရဟူသည်မှာ၊ စက္ခု၊ သောတ စသော ဒွါရခြောက်ပါးတို့၌ ကျရောက် ဖြစ်ပေါ်လာသော အာရုံတို့အပေါ်တွင် ကိလေသာများ ဖြစ်ခွင့်မရှိရလေအောင် သတိဖြင့် စောင့်စည်းပိတ်ဆို့ခြင်းသည် သတိသံဝရမည်၏။)

( ၃ ) (ဒွါရခြောက်ပါး တို့အပေါ်၌ ထိပါးမှုကြောင့် ဖြစ်ပေါ်လာသောအာရုံနှင့် အာရမ္မဏိကတို့အပေါ်တွင် ဝိပဿနာဉာဏ် ဖြစ်ပေါ်စေခြင်း အားဖြင့် စောင့်စည်းပိတ်ဆို့ခြင်းသည် ဉာဏသံဝရသီလ မည်၏။)

( ၄ ) ဒွါရခြောက်ပါးတို့ အပေါ်၌ ထိခိုက် ဖြစ်ပေါ်လာသောသတ္တဝါတို့ပြုသောအမှု၌၊ သည်းခံခြင်း၊ အချမ်းအပူ စသော အနိဋ္ဌာရမ္မ တို့၌ သည်းခံခြင်း၊ ဤသို့ သည်းခံခြင်းနှစ်မျိုးသည် ခန္တိသံဝရမည်၏။

လယ်တီဆရာတော်၏ ဥတ္တမပုရိသဒီပနီကျမ်း (နှာ-၁၈)မှ

( ၅ ) (သမထ+ဝိပဿနာနှစ်ပါး ရှိရာတွင် တပါး,ပါးကို ပွားများအားထုတ်ခြင်း၊ ဝီရိယဖြင့် စောင့်စည်းပိတ်ဆို့ခြင်းသည် ဝီရိယသံဝရသီလမည်၏။)

(၎င်းသံဝရ သီလ ဆောက်တည်ပုံ ဆောက် တည် နည်း ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပ-တွဲ၊ (နှာ-၄၃) ၌ အောက်ပါအတိုင်း ရေးသားဖော်ပြတော်မူခဲ့ပါသည်။)

ထိုရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊ ခြေလက်အင်္ဂါစသော အနုဗျဉ္ဇနကိုယူသည်မဖြစ်၊ အကြင် စက္ခုန္ဒြေကို စောင့်ခြင်းကြောင့် အဘိဇ္ဈာ+ဒေါမနဿဟု

# နိဒါန်း

ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည်၊ မဖြစ်ကြကုန်။ ထိုစက္ခုန္ဒြေ၌စောင့်စည်းပိတ်ဆို့ခြင်းသို့ရောက်၏။

နားဖြင့် အသံကိုကြား၍ …. …. …. …. (လ)
နှာခေါင်းဖြင့် အနံ့ကိုနမ်းရှူမိ၍ … …. (လ်)
လျှာဖြင့် အရသာကိုလျက်၍ …. …. …. (လ)
ကိုယ်ကာယဖြင့်ဖေါဋ္ဌဗ္ဗာရုံကိုတွေ့ထိ၍ (လ)

မနိန္ဒြေ၌စောင့်စည်းပိတ်ဆို့ခြင်းသို့ရောက်၏။

ဟူ၍ ဣန္ဒြိယသံဝရသီလကို ဟောတော်မူအပ်၏။

(ဂင်းပြင် မြန်မာဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ နှာ ၄၆ ၌)

အကြင်အခါ၌ ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်၏။ ထိုအခါ ဘဝင်နှစ်ကြိမ်ဖြစ်၍ ချုပ်သည်ရှိသော်

ကြိယာမနောဓါတ်၊ စိတ်သည်ဆင်ခြင်ခြင်းအာဝဇ္ဇန်းကိစ္စကို ပြီးစေလျက်ဖြစ်၍၊ ချုပ်၏။

ထို့နောက် စက္ခုဝိညာဏ်စိတ်သည် မြင်ခြင်းကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။

ထို့နောက် ဝိပါတ်မနောဓါတ် = စိတ်သည် လက်ခံခြင်း= သမ္ပဋိစ္ဆနကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။

ထို့နောက် အဟိတ်ဝိပါတ်မနောဝိညာဏဓါတ်သည် စုံစမ်းခြင်း=သန္တီရဏကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။

ထို့နောက် ကြိယာ အဟိတ်မနောဝိညာဏ်ဓါတ်သည် မှတ်သားခြင်း=ဝုဋ္ဌောကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။

ထိုဝုဋ္ဌောချုပ်သည်၏ အခြားမဲ့၌ ဇောသည်ဖြစ်လေ၏။

ထိုသို့ ဝိထိစိတ်အစဉ်ဖြစ်ရာဝယ် ဘဝင်စိတ် ဖြစ်သောအခါ

## နိဒါန်း

ကာလ၌ စောင့်စည်းမှု=သံဝရသည်ငှင်း+မစောင့်စည်းမှု=အသံဝရသည်ငှင်း မဖြစ်သေးချေ။

ထို့အတူ အာဝဇ္ဇာန်းစိတ်၊ စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ် ဖြစ်သော အခါ တို့၌ လည်း သံဝရ+အသံဝရဟူ၍ မဖြစ်သေးချေ။

ဇောစိတ်ဖြစ်ပေါ်သောအခါ ကာလ၌ မူကား ဒုသီလ၏အဖြစ်၊ သတိကင်းလွတ်သော သူ၏အဖြစ်၊ အသိဉာဏ် ကင်းမဲ့သောသူ၏အဖြစ်၊ သည်းမခံသောသူ၏အဖြစ်၊ ပျင်းရိသောသူ၏အဖြစ်တို့သည် ဖြစ်ကုန်၏။ မစောင့်စည်းခြင်းမည်သည် ဖြစ်လေ၏။ ဤသို့ ဇောစိတ်ခဏကာလ၌ဖြစ်သော ထိုမစောင့်စည်းခြင်းကိုပင် စက္ခုန္ဒြေကို မစောင့်စည်းခြင်း ဟူ၍ ဆိုအပ်၏။ အဘယ်ကြောင့်ဆိုသော် ထိုမစောင့်စည်းခြင်း=အသံဝရ အမှု တို့သည် ဇောခဏ၌ရှိခဲ့သော် စက္ခုပသာဒ အစရှိသော ဝိထိစိတ်တို့သည်လည်း မလုံမခြုံ ဖြစ်ရလေ၏။ သို့ဖြစ်၍ ဇောစိတ်အခါကာလ၌ ဖြစ်သော မစောင့်စည်း မှုကို စက္ခုန္ဒြေကို မစောင့်စည်းမှုဟု ဆိုအပ်လေ၏။

(နှာ ၄၇) (ဤမှ ပြန်သောအားဖြင့်) ထိုဇောစိတ်၌ သီလ အစရှိသော ကုသိုလ်တရားတို့ဖြစ်ခဲ့သည်ရှိသော်

ဒွါရကိုလည်းလုံခြုံစေအပ်၏၊ ဘဝင်+အာဝဇ္ဇန်းအစရှိသော ဝိထိစိတ် တို့ကိုလည်း လုံခြုံစေအပ်၏။ ထို့ကြောင့် ဇောခဏ၌ ဖြစ်သော စောင့်စည်းခြင်းကို စက္ခုန္ဒြိယသံဝရ ဟူ၍ ဆိုအပ်၏။

နားဖြင့်အသံကိုကြား၍အစရှိသည်တို့၌လည်း ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင် သိအပ်၏။

# နိဒါန်း

ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း အကျဉ်းအားဖြင့် ရှုပ်ပါရုံ အစရှိသည်တို့၌ ကိလေသာအစဉ်လိုက်၍ နိမိတ်စသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိသော ဤသီလကို ဣန္ဒြိယသံဝရသီလ ဟူ၍ သိအပ်၏။

(နှာ ၆၄) ဣန္ဒြိယသံဝရ သီလ သည် ကား သ တိ ကြောင့် ပြီးပြည့်စုံနိုင်လေ၏။

**ဝါရိတ္တသီလ ဆိုသည်မှာ–**

(နှာ-၂၃ ၅) ဤအရာကို မပြုကျင့်အပ်ဟု ပယ်မြစ်တော်မူအပ်သောအရာကို မပြုကျင့်ဘဲနေခြင်း၊ ရှောင်ကြဉ်ခြင်း (ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်များကို ရိုသေစွာလိုက်နာကျင့်သုံးခြင်း) သည် ဝါရိတ္တသီလ မည်၏။

**စာရိတ္တသီလဟူသည်မှာ–**

ဤအရာကို ပြုကျင့် အပ်၏ဟု ပ ညတ် သော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်၏။

(ထို့ ကြောင့် ပြု သင့် ပြု ထိုက်+ကျင့် သင့် ကျင့် ထိုက် သော အမှုတို့ကို ပြုကျင့်ရွက်ဆောင်ခြင်းသည် စာရိတ္တသီလ မည်၏။)

(ထိုမှပြန်သောအားဖြင့် ပြုသင့်ပြုထိုက်+ကျင့်သင့်ကျင့်ထိုက် သည်တို့ကို မပြုကျင့် မရွက်ဆောင်ခြင်းသည် စာရိတ္တသီလ ပျက် သည်မည်၏။)

(တနည်းအားဖြင့် နှာ ၂၃ ၅)

(က) ထိုသီလသည် ဖြည့်ကျင့်ခြင်းကို ပြု လေ့ ရှိ သည် ၏ အဖြစ်ဖြင့် ဖြစ် တတ် သော ကြောင့် စာရိတ္တ သီလ

မည်၏။ ထိုစာရိတ္တ သီလသည် သဒ္ဓါ=ဝိရိယ တို့ဖြင့် ပြီးစေအပ်၏။

(ခ) တားမြစ်အပ်သောအမှုတို့ကို မပြုမကျင့်မလွန်မကျူး မှု၍ စောင့်စည်းသောကြောင့် ဝါရိတ္တသီလ မည်၏။ ထိုဝါရိတ္တသီလသည် သဒ္ဓါဖြင့် ပြီးစေအပ်၏။

(ဤသို့လျှင် စာရိတ္တသီလ=ဝါရိတ္တသီလ ဟူ၍ နှစ်ပါးအပြား ရှိ၏၊)

ငါးပါးသီလ၊ ဆယ်ပါးသီလ အစရှိသည် တို့သည် ဝါရိတ္တ သီလမည်၏။ ၎င်းသီလ သိက္ခာပုဒ် တို့အပေါ်တွင် ရှောင်ကြဉ် ထိန်းသိမ်းနည်းကို အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားစီရင်တော်မူ အပ်သော ပရိတ်ကြီး နိဿယသစ်၊ နှာ ၁၂၈ ၌ အောက်ပါ အတိုင်း စီရင်ရေးသားတော်မူခဲ့ပါသည်။

ဝိရတိ=အထူးသဖြင့် ရှောင်ကြဉ်ခြင်း၊ ကိုယ်နှုတ်ဖြင့် ရှောင် ကြဉ်ခြင်းသည် ဝိရတိမည်၏။

၎င်းဝိရတိ၌ ရှောင်ကြဉ်ပုံသုံးမျိုး အဋ္ဌကထာ၌ပြ၏။

(၁) သမ္ပတ္တဝိရတိ=သမ္ပတ္တ=ကြုံကြိုက် လာ တိုက် ဆိုင် လာ သောဝိတ္တုမှု၊ ဝိရတိ=ရှောင်ကြဉ်ခြင်း။

သိက္ခာပုဒ် ဆောက်တည်ထားသည် မဟုတ်ဘဲ၊ မိမိ၏ဇာတ်၊ အမျိုး၊ အရွယ်၊ ဗဟုသုတ စသောဂုဏ်ကို ဆင်ခြင်ပြီးလျှင်၊ ငါလို လူ ဤအမှုမျိုးကို မလုပ်ထိုက်ဟု ရှောင်ကြဉ်ခြင်းမျိုးတည်း။

(၂) သမာဒါန ဝိရတိ=သိ က္ခာ ပုဒ် ဆောက် တည် လျက် ရှောင်ကြဉ်ခြင်း။

## နိဒါန်း

( ၃ ) သမုစ္ဆေဒဝိရတိ=သည်ကား မဂ်နှင့်ယှဉ်သောဝိရတိ တည်း။

ထိုဝိရတိ ဖြစ်ပြီးသော အရိယာတို့မှာ=သူ့အသက်သတ်မည် ဟု စိတ်မျှပင်မဖြစ်ပေ။ ငါးပါးသီလပါ=ပါဏာတိပါတ စသော ဘေးရန်ငါးမျိုးငြိမ်းလေပြီ။

(ဤသို့လျှင် ပရိတ်ကြီးနိဿယသစ်နှင့်တကွ မြန်မာဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာနှင့်အညီ သီလတို့၏အပြားကိုဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်တို့သည် ဝိပဿနာဘာဝနာကို အားမထုတ်မီ ရှေးဦးစွာ ဘုရား၊ တရား၊ သံဃာ၊ မိဘ ဆိုးဘွား၊ ဆရာသမား တို့အား ရှိခိုးခြင်း၊ မိမိ၏ ခန္ဓာနာမ်+ရုပ်ကို မြတ်စွာဘုရားသခင် အလျှင် ကိုယ်တော်မြတ်ကြီးအား ပိုင်ပိုင်နိုင်နိုင်ကြီး ဆက်ကပ် လှူဒါန်း ခြင်း မေတ္တာပို့ခြင်း အစရှိသော ယောဂီတို့ ပြုလုပ်သင့် ပြုလုပ် အပ်သော ပရိမ္မကအလုပ်ကို ပြုလုပ်ဆောင်ရွက်ပြီးလျှင်၊ ငါးပါး သီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ အရှိစသော သီလအမျိုးမျိုး တို့တွင် မိမိတို့နှစ်သက်ရာဖြစ်သော တမျိုးမျိုးသောသီလကို ခံယူ ဆောက်တည်ရမည်။

၎င်း သီလ တို့ သည် သမ္မာဓိမဂ်ဉာဏ် + ဖိုလ်ဉာဏ် ရရာ ရကြောင်း၊ အကြောင်းတရားတပါးအဖြစ်ဖြင့် ပါဝင်ကြောင်း ကို အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် တ-တွဲ (နှာ-၁၆၆)သမ္မာဓိ သုတ်၌ ဟောတော်မူခဲ့ပါသည်။ ၎င်းသုတ်၌၊

ငါ့သျှင်တို့ နောက်တမျိုးကား - ရဟန်းသည်သီလရှိ၏။ ပါတိ မောက္ခသံဝရသီလကိုစောင့်ရှောက်လျက်နေ၏၊အကျင့်=အာစရ၊

## နိဒါန်း

ကျက်စားရာ=ဂေါစရနှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟုရှုလေ့ရှိကာ သိက္ခာပုဒ်တို့၌ဆောက်တည်၍ ကျင့်၏။

ငါ့သျှင်တို့၊ ဤကား သမ္မောဓိမဂ်ဉာဏ်၏ အသင်းအပင်း၌ဖြစ်ကုန်သောတရား တို့ကို ပွားများရန် ဒုတိယ မှီရာအကြောင်းတည်း။

(ဤပါဠိတော်အရ သီလတော်မြတ်ကို ခံယူ ဆောက်တည်ရမည်။ ထို့နောက်မှ ဝိပဿနာဘာဝနာကို ပွားများအားထုတ်ပါ။ ဤသို့ အားထုတ်နေဆဲ အခိုက်အတန့်၌ အမျိုးမျိုးသော အာရုံဝိတက် တို့သည် အား ထုတ် နေ သော ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်၍ လာတတ်ကြပေသည်၊ ဤသို့ အားထုတ်နေဆဲခဏ၌ ရာဂစိတ်ဖြစ်ပေါ်လာလျှင်-

''ရာဂ''ကို ပယ်ရန် အသုဘကို ပွားများရမည်။

ဗျာပါဒကို ပယ်ရန် မေတ္တာကို ပွားများရမည်။

ဝိတက်ကိုဖြတ်ရန် အာနာပါနဿတိကို ပွားများရမည်။

ငါဖြစ်၏ ဟူသော အသ္မိမာနကို ပယ်ရန် အနိစ္စ သညာကို ပွားများရမည်။

ဟု ဂုင်းသမ္ဗောဓိသုတ်မှာပင် ဟောတော်မူခဲ့ပါသည်။

(ဤနည်းအတိုင်း အားထုတ်ခြင်းအားဖြင့် စိတ်တည်ကြည်မှု (ဝါ)စိတ်၏ စင်ကြယ်ခြင်း စိတ္တဝိသုဒ္ဓိသည် ဖြစ်ပေါ်၍ လာပေလိမ့်မည်။)

**သီလဝိသုဒ္ဓိခဏ်း ဤတွင်ပြီး၏။**

## စာရှုသူပုဂ္ဂိုလ်အပေါင်းတို့အား ပန်ကြားချက်

ငှင်းစာအုပ်ကိုရိုက်နှိပ်ရာတွင် လက်နှိပ်စက်စာမူမှရိုက်ကူးခြင်း ဖြစ်ပါသဖြင့် အချို့အချို့သောနေရာများ၌ စာလုံးများသည် စာမူတွင် မပီမပြင်ရှိသည်ကတကြောင်း၊

ပုံနှိပ်တိုက်မှ အစမ်းရိုက်နှိပ်ထားသော စာမူကို ကိုယ်တိုင် သွားရောက်ကြည့်ရှုပြင်ဆင်ခြင်းမပြုနိုင်သည်ကတကြောင်း၊

ထိုအကြောင်းများကြောင့် အမှားပြင်ဆင်ချက် တော်တော် များများ ပါရှိသွားပါသည်။

ငှင်းကိုသည်းခံ၍ အမှားပြင်ဆင်ချက်များကို မိမိတို့ကိုယ်တိုင် မြင်ပြီးမှသာလျှင် ဘတ်ရှုကြပါရန် ပန်ကြားအပ်ပါသည်။

"ပရမတ္တ" ဟူသော စာလုံးတိုင်းကို အမှားပြင်ဆင်ချက်တွင် ဖေါ်ပြခြင်း မပြုနိုင်သည့်အတွက် ငှင်း "ပရမတ္တ" ကို "ပဂမ္မတ္ထ" ဟူ၍ ပြင်ဆင်ဘတ်ရှုကြပါရန်။

ထိုနည်းတူစွာ "ဤသို့လျင်" နှင့် "သာလျင်" ကိုလည်း "ဤသို့လျှင်" "သာလျှင်" ဟူ၍ ပြင်ဆင် ဘတ် ရှု ကြ ပါ ရန် ပန်ကြားအပ်ပါသည်။

ဦးကောင်း
မြို့မရပ်
မိုးကုတ်မြို့

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇ | ၁ | အာနာပါဏ | အာနာပါန |
| ၁၈ | ၁၂ | ကဲ့သို့ | ကဲ့သို့သော |
| ၂၃ | ၁၅ | ရှုစမှုဆုံးအထိ | ရှုစမှုရှုဆုံးအထိ |
| ၂၄ | ၂၀ | ဖြစ်စေပါသည် | ဖြစ်နေပါသည် |
| ၂၅ | ၁၆ | ဓါတ်ခွဲ | ဓါတ်ခွဲ၍ |
| ၂၆ | ၁၈ | မရဏ | မရဏာ |
| ၂၇ | ၁၆ | ဖြစ်ပေါ်ခွင် | ဖြစ်ပေါ်ခွင့် |
| ၂၈ | ၂၀ | လှုပ်ရှားနေသော | လှုပ်ရှား၍နေသော |
| ၃၀ | ၁၈+၂၀ | ပညတ္တိ | ပညတ္တိံ |
| ၃၃ | ၂၀ | နေကြသည် | နေကြရသည် |
| ၃၆ | ၁၅ | ကာမူပါဒါန် | ကာမုပါဒါန် |
| ၃၆ | ၁၅ | သံလဗ္ဗတုပါဒါန် | သီလဗ္ဗတုပါဒါန် |
| ၃၆ | ၁၅ | အတ္တ(ဝါ)ဒုပါဒါန် | အတ္တဝါဒုပါဒါန် |
| ၃၇ | ၁၆ | နိဒ္ဒေသမိုင်း | နိဒ္ဒေသပိုင်း |
| ၃၇ | ၁၇ | ယောဝိသည် | ယောဂီသည် |
| ၃၈ | ၁၉ | ဝါပညတ်တောမူ၏ | ငါပညတ်တော်မူ၏ |
| ၃၉ | ၁၀ | လောကဒုက္ခ | လောကီဒုက္ခ |
| ၄၀ | ၁၀ | ဤစကားသည်လည်း | ဤစကားကိုလည်း |
| ၄၂ | ၃ | ဖေါ်ပြပါသည် | ဖေါ်ပြထားသည် |
| ၄၄ | ၃ | ဘယထု | ဘယတု |
| ၄၄ | ၁၀ | လာကြပေသည် | လာတတ်ကြပေသည် |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၄ | ၁၁ | အရှုခံ | အရှု့ခံ |
| ၄၄ | ၁၃ | ထိုကဲ့သို့သော | ထိုသို့ကဲ့သော |
| ၄၄ | ၁၇ | ဖြစ်ပေါ်မှုမျိုးမရှိ | ဖြစ်ပေါ်မှုမရှိ |
| ၄၅ | ၁၈ | အဘို့ဓမ္မ | အဘိဓမ္မာ |
| ၅၁ | ၁ | တို့အပေါ်ဖြင့် | ဘို့ဖြင့် |
| ၅၂ | ၁၇ | ထိုနေရာ၌ | ဤနေရာ၌ |
| ၅၃ | ၂ | အာရုံဟူ၍ရှင်းမပြဲသည် | အာရုံသည်မပြဲဟူ၍ရှင်း |
| ၅၃ | ၁၅ | ယှဉ်သော် | ယှဉ်သော |
| ၅၆ | ၂၀ | ဤသို့ | ထိုသို့ |
| ၅၇ | ၆ | ဆင်ခြင်ခြင်းသည်သမ္ပဇဉ် | ဆင်ခြင်ခြင်းသမ္ပဇဉ် |
| ၅၇ | ၁၈ | ဖြစ်၏ဟုငါမဆို | ဖြစ်၏ဟုငါဆို၏ |
| ၆၁ | ၁၂ | စိန္တာမယဉာဏ်သည် | စိန္တာမယဉာဏ်+ |
| ၆၂ | ၁၅ | သက္ကဋ္ဌာန | သတ္တဋ္ဌာန |
| ၆၄ | ၂၀ | မတ်ဟုဟု | မဟုတ်ဟု |
| ၆၆ | ၄ | သက္ကဋ္ဌာန | သတ္တဋ္ဌာန |
| ၆၆ | ၂၀ | အမူအရာကိုပြုခြင်း | အမူအရာကိုပြုချင် |
| ၆၇ | ၁၆ | သဘာဝသက်သက် | ဓါတ်သဘာဝသက်သက် |
| ၆၈ | ၇ | သက္ကဋ္ဌာန | သတ္တဋ္ဌာန |
| ၆၉ | ၅ | ရှချင်တဲ့စိတ် | ရှုချင်တဲ့စိတ် |
| ၇၇ | ၆ | အိန္ဒြေ | ပညိန္ဒြေ |
| ၇၇ | ၇ | ဤမှအတက်၌ | ဤမှအထက်၌ |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈၁ | ၁၅ | စေတနာသည် | စိတ်စေတနာသည် |
| ၈၅ | ၅ | လွှတ်မြောက်၍ | လွှန်မြောက်၍ |
| ၈၇ | ၁၀ | ပညတ်သည်လျှင် | ပညတ်သည်သာလျှင် |
| ၈၈ | ၂ | ပရမတ်သဘောကို | သည်ပရမတ်သဘောကို |
| ၉၀ | ၁၇ | သေသည် | လေသည် |
| ၉၃ | ၁၆ | ဟိုက်ဒရိုဂျင်ဓါတ် | ဟိုက်ဒရိုဂျင်ဓါတ်သည် |
| ၉၇ | ၃ | လာပေသည် | လာရပေသည် |
| ၉၈ | ၁ | ဖြစ်ပေါ်စေသော | ဖြစ်ပေါ်စေခြင်း |
| ၉၈ | ၇ | ထေသဘော | လေသဘော |
| ၉၉ | ၁၅ | ယင်းရုပ်နာမ် | ယင်းနာမ်ရုပ် |
| ၁၀၁ | ၁၃ | လျေင်းတယ် | လျောင်းတယ် |
| ၁၀၂ | ၃ | ထိုထင်ရှား | ထိုသို့ထင်ရှား |
| ၁၀၂ | ၉ | ဤပြုလိုသော | ဤလိုပြုလိုသော |
| ၁၀၅ | ၁၀ | တဘယ်ကြောင့် | အဘယ်ကြောင့် |
| ၁၀၆ | ၂၂ | ကစ္စာနဂေါတ္တ | ကစ္စာနဂေါတ္တ |
| ၁၀၇ | ၉ | တရားတော်ဟောတော် | တရားဟောတော် |
| ၁၀၉ | ၁၅ | ရုပ်နာမ်မှုကို | ရုပ်နာမ်မျှကို |
| ၁၀၉ | ၁၀ | ဤသို့မေး၏ | ဤသို့မေး |
| ၁၀၉ | ၁၉ | ရုပ်နာမ်မှုကို | ရုပ်နာမ်မျှကို |
| ၁၁၀ | ၇ | ရုပ်သတ္တဝါ | ရုပ်ကိုသတ္တဝါ |
| ၁၁၁ | ၉ | အထိုအားဖြင့် | အလိုအားဖြင့် |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၁၄ | ၂၀ | အုဋ္ဋ | အုဋ္ဌ |
| ၁၁၅ | ၁+၄+၅+၇+၁၂ | အုဋ္ဋ | အုဋ္ဌ |
| ၁၁၅ | ၁၄ | ရှိကုန်၏ | မှိကြကုန်၏ |
| ၁၂၀ | ၂၀ | တည်းဖြစ်ပါသည် | တည်းဟုထင်ရပါသည် |
| ၁၂၁ | ၈ | ဝိပါတ် | ဝိပါက် |
| ၁၂၂ | ၃ | ကာမဝစန | ကာမဝစရ |
| ၁၂၈ | ၁ | ချုပ်ငြိမ်းပြီး | ချုပ်ငြိမ်းပြီ |
| ၁၂၉ | ၃ | ပြဒုံးမည် | ပြပါဒုံးမည် |
| ၁၂၉ | ၈ | ဟောတော်မှ | ဟောတော်မူ |
| ၁၃၃ | ၁၃ | အတည်ခံ | အထည်ခံ |
| ၁၃၃ | ၂၁ | သက္ကာဒိဋ္ဌိ | သက္ကာယဒိဋ္ဌိ |
| ၁၃၄ | ၂၂ | ပတ်သတ်နိုင် | ပယ်သတ်နိုင် |
| ၁၃၅ | ၃+၅ | ပတ်သတ်နိုင် | ပယ်သတ်နိုင် |
| ၁၃၅ | ၁၀ | မသင့်အတင့် | မသင့်မတင့် |
| ၁၃၆ | ၄ | စွဲယူသောသက္ကာယဒိဋ္ဌိသည် | စွဲယူသောအစွဲသည် |
| ၁၃၆ | ၂၁ | အတ္တနဒိဋ္ဌိ | အတ္တနုဒိဋ္ဌိ |
| ၁၃၇ | ၅ | သဠယဘာန | သဠာယတန |
| ၁၃၇ | ၆ | ဉာတိဒက္က | ဉာတိဒတ္တ |
| ၁၃၈ | ၂၀ | သက္ကာယဒိဋ္ဌိမစင် | သက္ကာယဒိဋ္ဌိမှစင် |
| ၁၃၉ | ၁ | နာမ်ရုပ် | နာမ် + ရုပ် |
| ၁၄၀ | ၁၆ | သညာနက္ခန္ဓာ | သညာက္ခန္ဓာ |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၅၉ | ၁၉ | (ဥဒယ၀) | (ဥဒယ၀ယ) |
| ၁၆၅ | ၂ | ချုပ်ရာကို | ချုပ်ရာသို့ |
| ၁၆၆ | ၁ | ရုပ်၏အဖြစ်+ပျက် | ရုပ်၏ဖြစ်+ပျက် |
| ၁၆၈ | ၇ | ဘင်္ဂါဝစ္ဆန္တု | ဘင်္ဂါဂစ္ဆန္တို |
| ၁၆၇ | ၇ | အာယန္တိ | အာယန္တိ |
| ၁၆၇ | ၁၀ | မမြင်အပ်သည်သော | မမြင်အပ်သည်၏ |
| ၁၆၇ | ၁၆ | စွဲလျက် | စွဲ၍ |
| ၁၆၉ | ၈ | အကြောင်းအကျိုးဟုစုံ | အကြောင်းအကျိုးတူစုံ |
| ၁၇၄ | ၁၅ | အသစ်အသန့် | အသစ်အသစ် |
| ၁၇၅ | ၈ | ခေါ်အပ်သော | ခေါ်ဆိုအပ်သော |
| ၁၈၈ | ၁၆ | ဤစိတ်ဓါတ် | ဤစိတ်ဓါတ်သည် |
| ၁၉၁ | ၁၉ | ရှိ၍ရ၍ | ရှိ၍ရှိ၍ |
| ၁၉၂ | ၁၄ | လေထည် | လေသည် |
| ၁၉၄ | ၁၆ | ဖြင်ပြီးလျှင် | ဖြစ်ပြီးလျှင် |
| ၁၉၄ | ၁၉ | အာရုံပြုဆဲ | အာရုံပြု၍ |
| ၂၀၁ | ၂ | တသသိမ့်သိမ့် | တသိမ့်သိမ့် |
| ၂၀၁ | ၃ | တို့၏ | တို့၌ |



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော်အရှင်ကောသလ္လ (ပြည်)

ပဥ္စနိကာယ သာသနပိမာန် ကျောင်း၊ ရန်ကင်း၊ ရန်ကုန်မြို့။

# အာနာပါဏ ဝိပဿနာဘာဝနာနှင့် သက္ကာယဒိဋ္ဌိရှုဘွယ်ဆိုင်ရာ အကြောင်းပြစကား

## ဧဟိပဿိကဂုဏ်တော်ပူဇော်ပေါ်ပြသဘာဝကား

ဧဟိပဿိကော။ ရှုကြပါ၊ ကျင့်ကြပါ၊အဆင့်မှာအထက်တန်းကျကြသဖြင့် မျက်နှာပန်းလှဂုဏ်တွေရှိသဖြင့် စုံပြည့်သဒ္ဓါ ဆွေသဟာတွေကို စိတ်ကျေစရာ စရိုက်ညွန်း အစဉ်ပြုပြီး တိုက်တွန်းချင်စွ ဂုဏ်နှင့်ပြည့်စုံတော်မူငြား မြတ်တရားပါတကား။

တရားတော်ဂုဏ်အင်္ဂါ ၆ ဖြာတို့တွင် ဧဟိပဿိက ဂုဏ်တော်အရ၊ တရားအားထုတ်၍ ဘာဝနာမယဉာဏ် ရင့်သန်ကြီးထွားသူတော်ကောင်းများသည် မိမိတို့သိသလို လက်လှမ်းမှီရာ ပုဂ္ဂိုလ်များကို သိစေ၊ ကျင့်စေ၊ အားထုတ်စေချင်သည်မှာ ဓမ္မသဘာဝပင်ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းစာ ရေးသား တင်ပြသူသည် ပရိယတ္တိဝန်ဆောင် သာသနာဘောင်နေသူမဟုတ်မူလည်း၊ သူသိရ၊ တွေ့ရ၊ တရားအရသာ ခံစားရသလို အများပြည်သူကိုလည်း သိစေချင်၊ တွေ့စေချင်၊ ခံစားစေချင်သဖြင့် ပင်ပမ်းခက်ခဲစွာ၊ ဆရာသမား ကမ္မဋ္ဌာနာစရိယများ၏ တရားတော်ကို မှတ်သား ဗုဒ္ဓ၏ဒေသနာတော် ပရိယတ် ပိဋ္ဌက မြန်မာပြန်များကို ဖန်ဖန်စေ့ငု ကြည့်ရှုမှတ်သားကာ ဖြစ်လာကြောင်းသိရသည်။

[Hlaing 2 ]

ရင်သတ်ရှုမော အံ့ဩဖွယ်ဝမ်းသာ ဂုဏ်ပြုပါသည်။

အရဇကေနရဂေါ် အစ္ဆရိယော= ခဝါသည်တို့၏ရောင်သွေး ပြည့်ဖြိုး ဆေးဆိုးခြင်းသည် အံ့ဘွယ်မရှိ။ ခဝါသည်မဟုတ်သူ ပကတိလူတို့၏ ဆေးဆိုးခြင်းသည်သာ အံ့ဘွယ်ဖြစ်သည်။

သဗ္ဗညုဗုဒ္ဓါနံ မဟာပညော အနစ္ဆရိယော=ဘုရားဖြစ်တော်မူမှ ပညာကြီးခြင်းသည် အံ့ဘွယ်မရှိ။ ဘုရားမဟုတ်သူ မဟောသဓ သုခမိန်၊ သေနကသုခမိန်တို့၏ ပညာရှိန်မြင့်မောက်ခြင်းသာ အံ့လောက်ဘွယ်ရာ ဖြစ်သည်ဟူသော အလင်္ကာရနီတိ ရှိသည်နှင့် အညီ အလုပ်ခွင်သို့ပြန်ကြည့်ကာ၊ စေတနာရှိရှိ သဒ္ဓါအပြည့်ဖြင့် ရေးသားသော ဤကျမ်းစာကား၊ အားထုတ်လိုသူများအတွက် အားတက်ဖွယ်ရာအတိ အပြည့်ပင်ပါရှိရာ မင်္ဂလာဖြစ်မှု၊ ဂုဏ်ပြု ချီးမြှင့်စကား ဤသို့ပင် ရေးသားသင့်ပေသည်။

တေယေဝ ပဋိဘာဝေန္တော သောဝဂန္တော သဝိမှယော

ယေန တောသေဿိ ဝိညူယေ ပိဋကေ ဝိဟိတာဒရာ

ပိဋကေ ပါဠိအဋ္ဌကထာ ဋီကာအစုံ ပိဋကသုံးပုံ၌ အဝိဟိတာဒရာ ရှိသေလေးစား မသင်ဘူးကုန်သော ယေ ဝတ်ကြောင်ဝတ်ကာ၊ ကျမ်းစာရေးသူ အကြင်လူတို့သည် ယေန သမာဓိ ပညာ တဖြာသီလ ဖေါ်ပြရေးစွမ်း အကြင်ကျမ်းဖြင့်ဝိညူပိဋကသုံးထွေ နှစ်သိမ့်စေကုန်၏။ တေယေဝ ဝတ်ကြောင်ဝတ်ကာ ကျမ်းစာရေးသူ ထိုလူတို့သည်သာလျှင် ပဋိဘာဝေန္တော၊ သာသနာဝယ်၊ ဖြာဖြာကျေးဇူး၊ ဉာဏ်ပညာထူးကြကုန်၏။

သော ၀ဂ ဋ္ဌော သမာဓိ၊ ပညာ၊ တဖြာသီလ၊ ဖေါ်ပြ ရေးစွမ်း၊ ထိုကျမ်း သည်သာလျှင် သ ၀ိ မှ ယော အံ့ဩ ဘွယ်ရာ ဖြာဖြာ လောက်လုံ ပြည့်စုံပါတော့သတည်း။

## လုပ်ခွင်ကိုသိ ပရိယတ္တိမည်ရာ မြတ်သာသနာ

**ပရိယတ္တိ=အသိသာသနာ**
**ပဋိပတ္တိ=အကျင့်သာသနာ**
**ပဋိဝေဒ=အမြင်သာသနာ**

ဤသုံးဖြာတွင် ဆရာမြတ်တို့ထံ နည်းခံ၍ အမှန်လုပ်ခွင်ကို ပီပီ ပြင်ပြင် သိမြင်ပါလျှင် (ပိဋကတော်ကို အောက်ခြေမှစ၍ ပဆစ် ဒူးကျရိုတုပ်ကွလျက် ကျနသင်ယူ ပိဋကတ္တယပါရဂူမဖြစ်မူလည်း) မဂ်ဖိုလ်နိဗ္ဗာန် အမြင်မှန်ရရေး ကျေးဇူးများသော လုပ်ငန်းခွင် အဘို့ရာ ပရိယတ္တိမှာ သင့်ရာပြီဟုဆိုနိုင်ပါသည်။

ထို့ကြောင့် အလုပ်မှန်ကိုလုပ်ရန်သာလိုကြောင်း

ယောဂါဝစရာယတောဘူရိ ဘိက္ခုချစ်သားပေါဋ္ဌိလ ရဟန်း ယောဂါ အားထုတ်ခြင်းကြောင့် ဘူရိ အသိပညာသည် ဝေ စင်စစ် ဇာယတေ၊ ဖြစ်၏ဟု အရှင်ပေါဋ္ဌိလ အား မြတ် ဘု ရား မိန့်ကြားတိုက်တွန်းခဲ့သည်။

ဘာဝနာ မယဉာဏ်အမြင်မှန်မရမှီဘုရား (၇)ဆူတိုင်အောင် ပရိယတ်ကိုဆောင်လာသော တိပိဋကဓရ ပေါဋ္ဌိလ အရှင်မြတ်၏ ဉာဏ်သည် သာမဏေဘရားမပြက ပရမတ်ကိုသိသော ဉာဏ်ဖြစ် မလာပေ၊ သာမဏေဘရားပြ၍ အားထုတ်လိုက်မှသာ မဂ်ဖိုလ် ထိအပ် ပရမတ်ကို တပ်ဘပ်ထင်ထင် အရှိကိုအရှိအတိုင်း အမှန် သိမြင်ပါတော့သည်။

ဤစကားအစဉ်ဖြင့် မှန်ကန်သောလုပ်ငန်းခွင်ကို ပီပီပြင်ပြင် သိမြင်သူတို့၏ သွန်သင်ရေးသား စကားများသည် လေးစားထိုက် ကြောင်း။ ခန္ဓာကိုယ်ဟူသော သတိပဋ္ဌာန် ရုပ်နာမ် ပရမတ်ဝယ် ပရမတ္ထသဘာဝအမှန်ကို အမှန်အတိုင်း အရှိကိုအရှိအတိုင်း အား ထုတ်ရန်သာလိုအပ်ကြောင်း သိသာပေသည်။

## သာသနာတွင်း ပျင်းရှိမဖြစ် ကြိုးစားသစ်လော

မိမိအကျိုးလိုလျှင် မပျင်းအပ်၊ ပျင်းလျှင် မိမိစိတ်သည် အကု သိုလ်နှင့်ရောနှောကာ အကျိုးဆုတ်ယုတ်မည်။ ပျင်းသူများ အရ ဟတ္တဖိုလ် မရနိုင်။ အမြတ်ဆုံးအရဟတ္တဖိုလ်ကို ဝီရိယရှိသူတို့သာ ရနိုင်သည်။ ထို့ကြောင့် ချစ်သားတို့ အားထုတ်ကြဟု နိဒါနဝဂ္ဂ သံယုတ်ဒသဗလသုတ်၌ ဟောတော်မူသည်ကို အဋ္ဌကထာဆရာက

၁။ ဤသာသနာတော်၌ ပျင်းသူသည် ဆင်းရဲ ပင်ပမ်းစွာ နေရ၏။

၂။ သာသနာပြင်ပဝယ် တိတ္ထိဂိုဏ်းသား ပျင်းသူများသည် ချမ်းသာစွာနေရ၏။

၃။ သာသနာတော်၌ အလုပ်လုပ်သူသည် လောကသံသရာ ချမ်းသာစွာနေရ၏။

၄။ သာသနာပြင်ပဝယ် ရေငုတ်၊ မီးလှုံ၊ တုံးခုံ၊ ဇယ်ချ၊ ငါး ဝအပူ၊ ကိုယ်မူညှင်းပမ်း၊ ညှင်းပမ်း နှိပ်စက်ခန်းဖြင့်၊ ဘရမ်းလတာ ဥာဏ်ကင်းသူ တိတ္ထိဂိုဏ်းသား ဟူသမျှ သည် လောကသံသရာ ဆင်းရဲစွာနေရ၏ဟု လေးချက်

ထား၍ မိန့်ကြားတော်မူရာ ကမ္ဘာပေါ်တွင် သာသနာ ကျင့်သုံး အကောင်းဆုံး ကံရှိသူများဖြစ်လာအောင် အနု ရုဒ္ဓါ ထေရ်ဆရာ၏ ဂါထာကိုညွှန်း တိုက်တွန်း အပ်ပါ သတည်း။

**ဘာဝေတဗ္ဗံ ပနိစ္စဝံ၊ ဘာဝနာ ဒွယမုတ္တမံ**

**ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေနသာသနေ**

**ပန၊** တိုက်တွန်း လိုက်ပါဦးအံ့။ သာသနေ၊ ဘုရားမြတ်စွာ သာသနာ၌။ ပဋိပတ္တိရသဿာဒံ၊ ပတိပတ်အရသာ သာယာဘွယ် မှန် မြတ်နိဗ္ဗာန်ကို။ ပတ္ထယန္တေန၊ လိုလားသူ များပြည်သူသည်။ ဧဝံ၊ ဤစွဝံ။ကျမ်းလာထုတ်ဆင် ဤအစီအစဉ်ဖြင့်၊ ဥတ္တမံ၊ မြတ်သော ဘာဝနာဒွယံ၊ အာနာပါန တင်ပြတဲ့ ရှုဘွယ် သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိကျမ်းရှိ ၂-ဖြာဘာဝနာကို။ ဘာဝေတဗ္ဗံ၊ မိမိစိတ်စဉ် ဥာဏ် ဇောဝင်အောင် ဆင်ခြင်သုံးသပ် ပွားများအပ်ပေသတည်း။

အရှင် ကောသလ္လ (ပြည်)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ပဥ္စနိကာယ သာသနဗိမာန်၊ ရန်ကင်း၊ ရန်ကုန်မြို့၊

[ဖုံး-၆၁၀၇၆]

၁၄၃၃၅

# စိတ္တာဝိသုဒ္ဓိ

## အမှတ်စဉ် (၁-က)

မိမိစိတ်ကိုနှာသီးဖျားတွင် ထင်သောသတိ၊ တည်ကြည်သော သမာဓိ တို့ဖြင့် တည်ငြိမ်စွာထား၍ လေရှူထုတ်တိုင်း ထုတ်တိုင်း၊ လေရှူမှန်းသိစေ၍၊ လေရှိုက်သွင်းတာကို လေရှိုက်သွင်းမှန်း သိစေပြီးလျှင်၊ "ရှူတယ် ရှိုက်တယ်" ဟု အားထုတ်ပါ။

## အမှတ်စဉ် (၁-ခ)

ထွက်လေ ရှည်ရှည် ရှူထုတ်လျှင်
ရှည်ရှည်ရှူထုတ်သည့်အတိုင်းသိရမည်။
ထွက်လေ တိုတိုရှူထုတ်လျှင်
တိုတိုရှူထုတ်သည့်အတိုင်း သိရမည်။
ဝင်လေ ရှည်ရှည်ရှိုက်သွင်းလျှင်
ရှည်ရှည်ရှိုက်သွင်းသည့်အတိုင်း သိရမည်။
ဝင်လေတိုတိုရှိုက်သွင်းလျှင်
တိုတိုရှိုက်သွင်းသည့်အတိုင်း သိရမည်။

## အမှတ်စဉ် (၁-ဂ)

ထွက်လေ၏အစ၊ အလယ်၊ အဆုံး အကုန်လုံးကို ထင်ရှားလာအောင် သတိ သမာဓိ တို့ဖြင့် စူးစိုက်၍ အားထုတ်ရမည်။

ဝင်လေ၏ အစ၊ အလယ်၊ အဆုံး၊ အကုန်လုံးကို ထင်ရှားလာအောင် သတိ သမာဓိ တို့ဖြင့် စူးစိုက် အားထုတ်ရမည်။

## အမှတ်စဉ် (၁-ဃ)

အမှတ်စဉ် (၁-ဃ)ကို ၎င်းနည်းအတိုင်းအားထုတ်လျှင်၊ မိမိတို့၏စိတ်ကို အထက်၌ဖော်ပြခဲ့ပြီးဖြစ်သော အမှတ်စဉ် (၁-ဂ) ကဲ့သို့ "လေ" ၏နောက်သို့မလိုက်ပါစေဘဲ၊နှာသီးဖျားတွင် သတိသမာဓိတို့ဖြင့် တည်ငြိမ်စွာ၊ ပြန်လည်ထားရှိရပေမည်။ ဤသို့စိတ်ကို နှာသီးဖျားတွင်ထားရှိပြီးသည့်နောက်၊ ရှူမှု ရှိုက်မှု ပြုရာတွင်—

ကြမ်းတမ်းသော ထွက်လေဝင်လေတို့သည် ဖြစ်ပေါ်၍ နေသည်ရှိသော် "ကြမ်းတမ်းသောလေ"၏အခြင်းအရာကို သိနေစေရမည်။

ကြမ်းတမ်းသော ထွက်လေ ဝင်လေတို့သည် နူးညံ့သိမ်မွေ့၍ သွားလျှင် "နူးညံ့သိမ်မွေ့သောလေ" ဖြစ်ပေါ်နေသည်ကို သိနေစေရမည်။

## အမှတ်စဉ် (၁-င)

လေရှူစမှ ဆုံးအထိ တကြိမ်တည်းတွင် တဆက်တည်းမဟုတ်ဘဲ၊ ရှူမှုအသစ်အသစ် ဖြစ်ပေါ်၍နေသည်ကို ထိုးထွင်း သိမြင်၍ လာနိုင်ကြစေရန်—

အခုရှူတယ် အခုရှူတယ် အခုရှူတယ်

အခုရှိုက်တယ် အခုရှိုက်တယ် အခုရှိုက်တယ်

ဟု အနည်းဆုံးသုံးပိုင်းစီပိုင်းခြား၍ ထင်မြင်လာသည့်တိုင်အောင် အားထုတ်ပါ။

"အခုရှူတယ် အခုရှိုက်တယ်" ဟု သည်မှာ ယခုရှူသော အမှုအရာသည် ယခုမှဖြစ်သော အမှုအရာအသစ်ပင်ဖြစ်ပါသည်။ ယခု

ရှိုက်သောအမှုအရာသည် လွန်ခဲ့ပြီးသော အတိတ်ကာလက ရှိုက်သောအမှုအရာမဟုတ်။ ယခုမှ အသစ်ဖြစ်သောအမှုအရာပင် ဖြစ်ပါသည်။ ဤသို့လျှင် ရှူမှုသည် အသစ်အသစ် ဖြစ်ပေါ်၍ နေပါသည်။ ထိုနည်းတူစွာရှိုက်မှုသည်လည်း အသစ်အသစ် ဖြစ်ပေါ်၍ နေရပါသည်။ ဤရှူမှုရှိုက်မှုစသော အမှုအရာတို့၏ အသစ်အသစ်ဖြစ်ပေါ်၍နေမှုကို သိမြင်သော ဉာဏ်သည်၊ ဝိပဿနာဉာဏ်မဟုတ်ပေ။ ပညတ်အာရုံမျှသာလျှင် ဖြစ်ပါသည်။ ထိုရှူတယ်၊ ရှိုက်တယ်၊ စသည်တို့သည် ပညတ်အာရုံများ ဖြစ်ခြင်းကြောင့်၊ ဝိပဿနာဉာဏ်အရာမဟုတ်။ ထိုရှူမှု ရှိုက်မှု အပေါ်တွင် ထိုရှူမှု ရှိုက်မှုတို့၏ အတွင်းခေါက်သား ဖြစ်သော ပရမတ္ထ သဘာဝကို ထိုးထွင်း သိမြင်မှုသာလျှင်း ဝိပဿနာဉာဏ် အစစ်အမှန်ဖြစ်ပေသည်။ ထိုသို့ ထိုးထွင်းသိမြင်နိုင်ကြစေရန် ပရမတ် နာမ်တရားကို ပြဆိုခြင်းနှင့် ပရမတ်ရုပ်တရားကို ပြဆိုခြင်း အခဏ်းတို့တွင် ရှင်းလင်း ဖေါ်ပြထားပါသည်။ ဆက်လက်၍ ရှုတော်မူကြပါ။

ဤသို့ အားထုတ်နေဆဲ အခိုက်အတန့်၌ ရှူမှုရှိုက်မှုအပေါ်တွင် စိတ်ဘည်၍နေခြင်းကြောင့် လောဘကိလေသာ၊ ဒေါသကိလေသာများ လုံးဝဖြစ်ခွင့်မရှိ။ အကုသိုလ်နှင့်သက်ဆိုင်သော ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုတို့ကို၊ လုံခြုံစွာ စောင့်သိန်းပြီး ဖြစ်ပါသဖြင့် မိမိတို့၏ စိတ်သန္တာန်၌ အကျင့်သိက္ခာစင်ကြယ်ခြင်း=သီလဝိသုဒ္ဓိ ဖြစ်စေပါသည်။

၎င်းအပြင်အားထုတ်နေဆဲခဏ၌ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ တည်းဟူသော နီဝရဏငါးပါး ငြိမ်းအေးခြင်းကြောင့် စိတ်

တည်ကြည်မှုသမာဓိကိုရရှိသဖြင့် စိတ်၏စင်ကြယ်ခြင်း စိတ္တဝိသုဒ္ဓိလည်း ဖြစ်ပါသည်။

ဤသို့အားထုတ်နေဆဲအခိုက်အတန့်၌ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ထိုဝိသုဒ္ဓိနှစ်ပါးနှင့် ပြည့်စုံလေတော့၏။

ဤတွင် စိတ္တဝိသုဒ္ဓိဟု ခေါ်ဆိုအပ်သော သမာဓိခဏ်းပြီး၏။

---

# ဝိပဿနာဘာဝနာ၏ အကျိုးကျေးဇူး

ဝိပဿနာ ဆိုသည်မှာ၊ ထူးထူးခြားခြား သိမြင်လာအောင် ပွားများအားထုတ်မှုကို ဆိုလိုပါသည်။

ကျွန်ုပ်တို့သည် လူတယောက်ကို တွေ့မြင်ကြရာ၌ ထိုလူကို လူတယောက်အနေအားဖြင့်“လူ”ဟူ၍သာအသိအမြင်မျိုးဖြစ်ပေါ်ခဲ့ပါလျှင် ထို“လူ”နှင့်ပတ်သက်၍ ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာတို့တွင် တပါးပါးသော ကိလေသာသည် ဖြစ်ပေါ်၍လာကြရစမြဲပင် ဖြစ်ပါသည်။ ထိုသို့ ကိလေသာများ ဖြစ်ပေါ်လာခွင့် မရှိရလေအောင် ထို “လူ” အပေါ်၌ ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ရှုကြည့်သောအတတ်ပညာသည် ဝိပဿနာဉာဏ်ပညာပင်ဖြစ်ပါသည်။ ထို“လူ”ကို ခွဲခြမ်းစိတ်ဖြာ၍ ရှုကြည့်သောအခါတွင်“လူ”ဟူသည်မှာ နာမ်ဓါတ်နှင့်ရုပ်ဓါတ်နှစ်ပါးပင်ဖြစ်ပါသည်။ ထိုနာမ်ဓါတ်၊ ရုပ်ဓါတ်တို့၏ မမြဲ၊ ဆင်းရဲ၊ အစိုးမရသောအခြင်းအရာကို လက္ခဏာအားဖြင့် ဉာဏ်တွင်ပိုင်းခြားစွာ ထိုးထွင်း သိမြင်နေသော အခိုက်အတန့်၌ ထိုကိလေသာတို့သည် ဖြစ်ပေါ်နိုင်ခွင့် မရှိတော့ပေ။ ချုပ်ငြိမ်း၍နေရပေသည်။

ဥပမာ၊ အာရုံဝတ္ထုတခုခုကို တွေ့မြင်ကြရာ၌

(၁) ထိုအာရုံသည် သာယာအပ်၊ နှစ်သက်အပ်သောဣဋ္ဌာရုံ ဖြစ်ခဲ့ပါလျှင် ထိုအာရုံအပေါ်၌ တပ်မက်မှုတဏှာသည် ဖြစ်ပေါ်၍လာရပေသည်။ ထိုသို့အာရုံအပေါ်၌ ဆာလောင်မွတ်သိပ်သော တဏှာဖြစ်ခြင်းကြောင့် မိမိတို့၏စိတ်သန္တာန်၌ ရာဂ ါနုသယသည် ကိန်းဝပ်၍သွားရပေသည်။

၂။ ထိုအာရုံသည်အနိဋ္ဌာရုံဖြစ်ခဲ့ပါလျှင် ထိုအနိဋ္ဌာရုံကြောင့် ဒေါသ၊ ဒေါမနဿတို့သည် ဖြစ်ပေါ်၍ လာရပေသည်။ ထိုသို့ ဖြစ်ပေါ်၍လာခဲ့သည်ရှိသော် မိမိတို့၏စိတ်သန္တာန်၌ ပဋိဃာနုသယသည် ကိန်းဝပ်၍သွားရပေသည်။

၃။ ထိုသို့တွေ့မြင်ကြရသော အာရုံအပေါ်၌ ထိုအာရုံသည် ဣဋ္ဌာရုံလည်းမဟုတ်၊ အနိဋ္ဌာရုံလည်းမဟုတ်ခဲ့ပါလျှင်၊ ထိုအာရုံအပေါ်၌ လျစ်လျူရှုခြင်းအားဖြင့် သာမန်သိရုံမျှသာ ဖြစ်သော စိတ်သည်သာလျှင် ဖြစ်ပါသည်။ တနည်းအားဖြင့် ဥပေက္ခာစိတ်သည်သာလျှင် ဖြစ်ပါသည်။ ထိုသို့လျစ်လျူရှုသော ဥပက္ခာစိတ် ဖြစ်ခြင်းကြောင့်၊ အဝိဇ္ဇာနုသယသည် မိမိတို့၏ စိတ်သန္တာန်၌၊ ကိန်းဝပ်၍သွားရပေသည်။

သေခါနီးဖြစ်သော မရဏာသန္နဇော ခဏကာလအတွင်း၌ ထို လောဘကိလေသာသည် ဖြစ်ပေါ်၍ လာခဲ့သည်ရှိသော်၊ ယင်း လောဘကိလေသာကြောင့်၊ ပြိတ္တာဘုံဘဝသို့ ရောက်ရှိကြရ ပေသည်။

ဒေါသကိလေသာသည် ဖြစ်ပေါ်၍လာခဲ့သည်ရှိသော်၊ ယင်း ဒေါသကိလေသာကြောင့် ငရဲဘုံဘဝသို့ ရောက်ရှိကြရပေသည်။

မောဟကိလေသာသည် ဖြစ်ပေါ်၍ လာခဲ့သည်ရှိသော် ထို မောဟကိလေသာကြောင့် တိရစ္ဆာန်ဘုံဘဝသို့ ရောက်ရှိကြရပေသည်၊

ဤသို့လျှင် အာရုံဝတ္ထုတခုခုကို တွေ့မြင်ကြရာတွင် ထိုသို့တွေ့မြင်ဆဲခဏတိုင်းခဏတိုင်းတို့၌ ဝိပဿနာဉာဏ် ဖြစ်ပေါ်မှုမရှိခဲ့ပါလျှင် မောဟကိလေသာသည် အစဉ်ထာဝရ အမြဲပင် ဖြစ်ပေါ်လျက် ရှိနေရပေသည်။ ထိုမှ နောက်၌ လောဘကိလေသာသည်၎င်း၊ သို့မဟုတ်၊ ဒေါသကိလေသာသည်၎င်း၊ တပါးပါးသော ကိလေသာသည် ယှဉ်တွဲဖြစ်ပေါ်၍ လာကြရစမြဲ ဓမ္မတာပင်ဖြစ်ပါသည်။ မောဟကိလေသာသည် အလုံးစုံသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေခြင်း အကြောင်းရင်းအမြစ် မူလပင် ဖြစ်ပါသည်။

ဟောတုပစ္စည်း၌၊ ဟိတ်ခြောက်ပါးတို့တွင် တပါး အပါအဝင်ဖြစ်သော မောဟသည် အဘိဓမ္မာ သင်္ဂြိုဟ် နည်းအရ အလုံးစုံသော အကုသိုလ်တရားတို့၌ ပါဝင်ယှဉ်တွဲလျက် ရှိပါသည်။ ထိုကြောင့် ထိုမောဟကိလေသာကို ဖြစ်ပေါ်ခွင့်မရှိစေရန်နှင့် လောဘ၊ ဒေါသကိလေသာများကို တဖြည်းဖြည်း ခေါင်းပါး၍ခေါင်းပါး၍ သွားစေခြင်းအလို့ငှာ ယင်းကိလေသာများကို ဖြစ်ခွင့်မပေးသောအတတ်ပညာကို တတ်ထားကြရန် အလွန်အရေးကြီးပါသည်။ ထိုအတတ်ပညာကို ကြိုးစား၊ ပွားများ၊ အားထုတ်၍နေခြင်းသည်ပင် ဝိပဿနာ ဘာဝနာအလုပ်ဟု ခေါ်ဆိုပါသည်။ ယင်းဝိပဿနာ ဘာဝနာ အလုပ်မှတပါး မောဟကိလေသာကို ပယ်သတ်နိုင်သော အခြားအခြားသော အတတ်ပညာ ဘာဝနာလုပ်ငန်းသည်မရှိပေ။

## ထိုအတတ်ပညာသည်ကား

ရှုခြင်းအမှု၊ ရှိုက်ခြင်းအမှု၊ သွားခြင်းအမှု၊ ရပ်ခြင်းအမှု၊ ထိုင်ခြင်းအမှု၊ လျောင်းခြင်းအမှု၊ ကွေးခြင်းအမှု၊ ဆန့်ခြင်းအမှု၊ စသည်တို့အပေါ်၌ ထိုရှုမှု ရှိုက်မှု စသည်တို့ကိုပင် ငါရှုသည်၊ ငါရှိုက်သည်ဟုထင်လျှင် ထိုသို့ ထင်မြင်နေမှုသည် နာမ်၊ ရုပ်တို့အပေါ်၌ တွေဝေသော မောဟပင်ဖြစ်ပါသည်။ ထိုတွေဝေမှု မောဟသည်ကား လောဘကိလေသာဖြစ်လျှင်လည်း သူပါရှိပေသည်။ ဒေါသကိလေသာ ဖြစ်ပေါ်လာလျှင်လည်း သူပါရှိပေသည်။ လောဘ၊ ဒေါသ ဖြစ်ပေါ်မှုမရှိသော အခိုက်အတန့်တွင်လည်း မောဟသည် ဖြစ်ပေါ်လျက်ပင် ရှိပါသည်။ ထင်ရှားရှိသော နာမ်၏ပရမတ္တ၊ ရုပ်၏ပရမတ္တတို့အပေါ်၌ ထင်ရှားရှိသည့်အတိုင်း မသိမမြင်နိုင်အောင် တွေဝေခြင်းသည် မောဟကိလေသာပင်ဖြစ်ပါသည်။ ထိုမောဟကိလေသာ ကင်းစင်စေရန် ငါရှုသည်၊ ငါရှိုက်သည်၊ ငါသွားလာလှုပ်ရှား၍နေသည် စသည့် ထိုထိုအပြုအမူတို့အပေါ်၌သော်၎င်း၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်တို့အပေါ်၌သော်၎င်း၊ ထိုသို့ထင်မှတ်မှုအခြင်းအရာတို့အပေါ်၌ ဉာဏ်ဖြင့် ခွဲခြမ်း၍ ရှုကြည့်ရပေမည်။

ဥပမာအားဖြင့်၊ လောကဓါတ်သိပ္ပံဆရာကြီးများသည် အရာဝတ္ထုဟူသမျှတို့ကို ခွဲခြမ်း၍ကြည့်ရှုသကဲ့သို့ ရှုကြည့်ရပေမည်။ ဤသို့ သွားလာလှုပ်ရှားနေသော အပြုအမူ၊ အမူအရာအားလုံးတို့အပေါ်၌၎င်း၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်တို့ကို၎င်း၊ ဉာဏ်ဖြင့် ခွဲခြမ်း၍ကြည့်ရှုလျှင်

ထိုရှုမှု၊ ရှိုက်မှု၊ သွားလာလှုပ်ရှားမှု စသည်တို့သည် ထိုထို

အမူအရာတို့ကို ပြုလုပ်လိုသော ပြုလိုမှု စိတ်သဘာဝနှင့် ထိုစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓါတ်ခေါ် လေတို့ကိုသာလျှင် မိမိတို့၏ဉာဏ်ဖြင့် ထင်ထင်ရှားရှား တွေ့ထိ သိမြင်ကြရပါသည်။ ထိုစိတ်နှင့်လေဖြစ်ခြင်းကြောင့်သာလျှင် သွားလာလှုပ်ရှားသော အမူအရာတို့သည် ဖြစ်ပေါ်၍လာရပေသည်။ ထိုထိုအပြုအမူ၊အမူအရာတို့ကို ဖြစ်ပေါ်လာစေသော အကြောင်းတရားများမှာ ထိုအပြုအမူ၊ အမူအရာကိုပြုလုပ်လိုသော ပြုလိုမှု၊ စိတ်သဘာဝနှင့် ထိုစိတ်ကြောင့်ဖြစ်သော လေသဘာဝတို့ပင် ဖြစ်ပါသည်။ ထို့ကြောင့်ထိုထိုအပြုအမူတို့ကိုပြုလုပ်ဆဲပြုလုပ်ဆဲခဏတိုင်းခဏတိုင်းတို့၌ ထင်ရှားရှိသော အဟုတ်ရှိသော အမှန်ရှိသော သဘောမှာ စိတ်နှင့်လေပင်ဖြစ်ပါသည်။

ဤကဲ့သို့ ဉာဏ်ပညာဖြင့် ဓါတ်ခွဲ၍ ရှုကြည့်ခြင်းကြောင့် ထိုစိတ်နှင့်လေတို့ကို ထိုးထွင်း သိမြင်ကြရသဖြင့် ထိုသို့ သိမြင်နေဆဲအခိုက်အတန့်၌ မောဟကိလေသာသည် လုံးဝချုပ်ငြိမ်း၍ နေရပေသည်။ ထိုသို့မောဟချုပ်ငြိမ်းခြင်းကြောင့် လောဘကိလေသာလည်း လုံးဝဖြစ်ခွင့်မရှိတော့ပေ။ ထိုနည်းတူစွာ ဒေါသကိလေသာလည်း လုံးဝဖြစ်ခွင့်မရှိတော့ပေ။ ထိုသို့ သိမြင်နေဆဲခဏ၌၊ ထိုစိတ်နှင့်လေတို့အပေါ်တွင် ထိုစိတ်နှင့် လေတို့သည် ငါမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ယောကျ်ားမိန်းမမဟုတ်။ ထိုစိတ်နှင့်လေထဲ၌ငါမရှိ။ ပုဂ္ဂိုလ်သတ္တဝါမရှိ။ ရှူမှု၊ ရှိုက်မှုမရှိ။ သွားလာလှုပ်ရှားမှုမရှိ။ ငါဟူသည်ရင်း၊ရှူမှုရှိုက်မှု သွားလာလှုပ်ရှားမှုဟူသမျှသည်ရင်း၊ ပညတ်များသာလျှင်ဖြစ်ကြပါသည်။ ထင်ရှားရှိသော ပရမတ္ထသဘောမှာ စိတ်နှင့်လေပင်ဖြစ်ပါသည်။ စိတ်သည် နာမ်တရားဖြစ်၍၊ လေသည် ရုပ်တရားဖြစ်ပါသည်။ ဤသို့ နာမ်နှင့်ရုပ်

တို့ကို ပိုင်းပိုင်း ခြားခြား သိမြင်သော ဉာဏ်သည် နာမ၊ ရူပ၊ ပရိစ္ဆေဒဉာဏ်ဟု ခေါ်ဆိုပါသည်။ ဤသို့ ဉာဏ်ဖြင့် ရှုကြည့်ခြင်း ကြောင့် ခါတ်ကွဲ၍သွားပြီးဖြစ်သော နာမ်ဓါတ်၊ ရုပ်ဓါတ်တို့ကို ထိုးထွင်းသိမြင်၍လာလျှင် မောဟကိလေသာ အစရှိသော ကိလေ သာတို့သည် တဒင်္ဂအားဖြင့် ချုပ်ငြိမ်း ကွယ်ပျောက်၍ သွားရပေ သည်။ ၎င်းနာမ၊ရူပ၊ ပရိစ္ဆေဒဉာဏ်ကိုအခြေခံ၍ ကိလေသာငြိမ်း အေးသော အတတ်ပညာကို တတ်မြောက်ရန်။ တနည်းအားဖြင့် မောဟကိလေသာ၊ လောဘကိလေသာ၊ ဒေါသကိလေသာတို့ ငြိမ်းအေး၍၊ အထက်ဉာဏ်စဉ်များ ဖြစ်ပေါ်၍ လာကြစေရန် ဝိပဿနာကိုကြိုးစား ပွားများ အားထုတ်သင့်လှပေသတည်း။

# ဝိပဿနာအခြေခံ

ဝိပဿနာကိုအားမထုတ်မီ ရှေးဦးစွာ ပညတ်နှင့်ပရမတ်တို့ကို ပိုင်းခြား၍ သိထားရပေမည်။ သို့မှသာလျှင် ပညတ်ကိုပယ်ခွါ ပေါက်ထွင်းပြီး ပရမတ်ကို ထိုးထွင်းသိမြင်နိုင်ပါလိမ့်မည်။

ထို့ကြောင့်-

ဒီပဲရင်းဆရာတော်ဘုရားကြီးက ပရမတ္ထစက္ခုကျမ်း (စာမျက် နှာ-၂၅၅)၌

ပညတ္တိံထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာဟု ဝိပဿ နာ၏ဝိဂ္ဂဟ်ကို ဖေါ်ပြတော်မူခဲ့ပါသည်။

ပညတ္တိ၊ အပေါ်ရံအမှေးအကာ ပညတ်လွှာကို၊ ထပေတွာ၊ ခွါလှန်ဖယ်ထား၍၊ ဝိသေသေန၊ သိနေကြ ပညတ်ဉာဏ်ထက် ထူးသောအားဖြင့်၊ ပဿတိ၊ အကြောင်းအကျိုးဖြစ်သော ရုပ်

အစစ်၊ နာမ်အစစ်ကိုမြင်တတ်၏။ ဉာတိတသ္မာ၊ ထို့ကြောင့်၊ ဝိပဿနာ ဝိပဿနာမည်၏။

ဤဝိဂြိုဟ်အရ၊ ဝိပဿနာဉာဏ် ဆိုသည်မှာ လူတိုင်းလူတိုင်း နေ့စဉ်သိနေကျ မြင်နေကျဖြစ်သော ပုံဟန်အမူအရာ၊ သဏ္ဌာန်နိမိတ်၊ အမည်နာမအစရှိသော အလုံးစုံသောပညတ်တို့ကို ဖယ်ခွါ ဖေါက်ထွင်း၍ ယင်းပညတ်တို့၏ အတွင်းဓါတ်သားဖြစ်သော ရုပ်အစစ်၊ နာမ်အစစ်၊ ပရမတ္ထဓါတ်သားအစစ်တို့ကို ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်သောဉာဏ်ကို ခေါ်ပါသည်။

ထိုပညတ်တို့တွင် ခန္ဓာဟူသော ဝေါဟာရပညတ်တို့၌ ခန္ဓာသည် သုံးမျိုးသုံးစားရှိပါသည်။ ၎င်းတို့မှာ–

၁။ ခန္ဓာအတ္တဘော။

၂။ ခန္ဓာငါးပါး။

၃။ ဉပါဒါနက္ခန္ဓာတို့ပင် ဖြစ်ကြပါသည်။

## (၁) ခန္ဓာအတ္တဘော ဆိုသည်မှာ

အရှင်နန္ဒမာလာရေးသားစီရင်တော်မူအပ်သောမြန်မာဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ဒုတွဲ၊ နှာ ၄၇၇ ၌လာရှိသော ရုပ်အတ္တဘောကြီးကိုပင် ရုပ်တရားဟူ၍ထင်မှတ်ခြင်းသည် ကိုယ်ခန္ဓာအတ္တဘောကြီးကို ရုပ်ဟူ၍မှတ်ထင်စွဲယူသည်မည်၏။ ယင်းကိုယ်ကောင်အတ္တဘောကြီးကိုပင် (သုတ်သွေးကြောင့်ဖြစ်သော ခန္ဓာကိုယ်=ကရဇကာယ) ဟူ၍ခေါ်ဆိုပါသည်။ တိပိဋကမြန်မာအဘိဓါန်၊ အတွဲ ၅၊ က-ဝဂ်၊ နှာ–၃၈၈) ဤသို့သုတ်သွေးမှအစပြု၍ ကံ၊ စိတ်

ဥတု၊ အဟာရကြောင့် ကြီးထွား တိုးပွားလာသော ခန္ဓာအတ္တဘောတည်းဟူသော ကိုယ်ကောင်ကြီးကိုရုပ်တရားအနေအားဖြင့် သိမြင်မှုမျိုးသည် လူမျိုးတိုင်းလူမျိုးတိုင်းတို့၏ အသိအမြင်မျိုးပင် ဖြစ်ပါသည်။ အနောက်တိုင်း အဘိဓမ္မာတို့၌လည်း တလံမျှလောက်အတိုင်း အရှည်ရှိသော ယင်းခန္ဓာ အတ္တဘောကြီးကိုပင် ရုပ်တရားဟူ၍ရေးသားဖေါ်ပြကြပါသည်။ ယင်းခန္ဓာအတ္တဘောကြီးသည် လူတိုင်းလူတိုင်းသိမြင်ကြရသော သမုတိရုပ်ပင် ဖြစ်ပါသည်။ ပညတ်ရုပ်ပင်ဖြစ်ပါသည်။

ဤတလံမျှလောက်သော ကိုယ်ကောင် အတ္တဘောကြီးသည် သူ့ဟာသူအလိုအလျောက်သွားလာလှုပ်ရှားခြင်းမပြုလုပ်နိုင်ပါ။ စိတ်တည်းဟူသော နာမ်တရားနှင့် စိတ္တဇဝါယောဓါတ်တည်းဟူသောလေဓါတ်။ ထိုစိတ်နှင့်လေတို့၏ ဖြစ်ပေါ်မှုရှိမှသာလျှင် သွားလာလှုပ်ရှားနိုင်ပါသည်။

ဥပမာ၊ လှည်းသွားသည်၊ လှည်းရပ်သည်ဟူရာ၌ လှည်းသည် သူ့ဟာသူအလိုအလျောက် သွားခြင်း၊ ရပ်ခြင်းတို့ကို မပြုလုပ်နိုင်ပါ။ နွားနှင့်လှည်းမောင်းသူတို့ရှိမှသာလျှင် ထိုလှည်းသည် သွားခြင်း၊ ရပ်ခြင်းအမှုတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဤဥပမာ၌၊ လှည်းနှင့် ခန္ဓာအတ္တဘောတည်းဟူသော ကိုယ်ကောင်ကြီးသည်တူပါသည်၊

လှည်းမောင်းသူနှင့် စိတ်သည် တူပါသည်။

နွားနှင့်စိတ္တဇဝါယောဓါတ်ခေါ် လေနှင့်တူပါသည်။

ထိုစိတ်နှင့်လေ ဖြစ် ခြင်း ကြောင့် သာ လျှင် ၎င်းခန္ဓာကိုယ်ကောင်အတ္တဘောရုပ်သည် သွားလာလှုပ်ရှားနိုင်ပါသည်။ ဥပမာ တနည်းအားဖြင့်

မျက်စိမမြင်သောသူနှင့် ခြေကျိုး၍နေသောသူနှစ်ယောက်တို့သည် ရှိကြပါသည်။ ခြေကျိုးနေသောသူသည် သူ့ဟာသူ အလိုအလျောက် မသွားနိုင်ပါ။ မျက်စိမမြင်သောသူသည်ကား၊ သွားတော့သွားတတ်ပါ၏။ သို့သော်လည်းမိမိရောက်လိုသော တခြားတပါးသော မြို့ရွာဌာနသို့ ရောက်စေခြင်းငှာ မတတ်စွမ်းနိုင်ပါ။ ထိုအခါ၌ ထိုသူနှစ်ယောက်တို့သည် ညီညီညွတ်ညွတ် တိုင်ပင်ကြကုန်သည်ဖြစ်၍ မျက်စိမမြင်သောသူက ခြေကျိုးသူကို ပခုံးပေါ်တွင် ခွစီးစေ၍ လမ်းကိုညွှန်ပြစေပါသည်။ မျက်မမြင်က ခြေကျိုးသူကိုသယ်ပိုး၍ ထိုကျိုးသူကညွှန်ပြသောလမ်းခရီးအတိုင်းထိုခရီးကိုသွားကြပါသည်။ ဤသို့ ထိုသူနှစ်ယောက်တို့သည် ပေါင်းစပ်၍သွားကြခြင်းကြောင့် မိမိတို့၏အလိုရှိရာ တရပ်တပါး၊ တဌာနသို့ ရောက်ရှိကြရပေသည်။

ထိုနည်းတူစွာ

စိတ်နှင့်ထိုစိတ်ကြောင့်ဖြစ်တဲ့ လေတို့၏ ပေါင်းစည်းဖြစ်ပေါ်မှုရှိမှသာလျှင် ခန္ဓာကိုယ် အတ္တဘောတည်းဟူသော သမုတိရုပ်ကြီးသည် သွားလာလှုပ်ရှားနိုင်ပါသည်။ ခန္ဓာကိုယ် အတ္တဘောတည်းဟူသော သမုတိရုပ်သည် ထိုစိတ်နှင့်လေတို့မှကင်း၍ သူ့အလိုအလျောက် သွားလာလှုပ်ရှားခြင်း မပြုလုပ်နိုင်ပါ။ ထိုစိတ်နှင့် လေတို့ရှိခြင်းကြောင့်သာလျှင် ခန္ဓာကိုယ် အတ္တဘောရုပ်ကြီးသည် သွားလာလှုပ်ရှား၍နေကြသည်ကို လူမျိုးတိုင်းလူမျိုးတိုင်း သိရှိကြရပါသည်။ ထိုအသိအမြင်မျိုးသည် စိတ်တည်းဟူသော သမုတိနာမ်နှင့် လေတည်းဟူသော သမုတိရုပ်တို့ကို သိမြင်ကြရသော အသိအမြင်မျိုးပင် ဖြစ်ပါသည်။ တနည်းအားဖြင့် စိတ်၏

ခြင်းကြောင့် စိတ်ကြောင့်ဖြစ်သောလေသည် ဖြစ်ပေါ်၍လာရပေသည်။ ထိုစိတ်နှင့် လေဖြစ်ခြင်းကြောင့် ခန္ဓာအတ္တဘောဟုခေါ်ဆိုအပ်သော ယင်းခန္ဓာကိုယ်ကောင် သမုတိရုပ်သည် သွားလာ လှုပ်ရှား၍ နေရပါသည်။ ထိုသမုတိနာမ်၊ သမုတိရုပ်တို့၏အခြင်းအရာကို ဤကား စိတ်၊ ဤကား လေ၊ ဟူ၍၎င်း။ (၀၁) ဤကားနာမ်၊ ဤကားရုပ်ဟူ၍၎င်း၊ လူမျိုးတိုင်းလူမျိုးတိုင်း သိရှိကြရပါသည်။ ဤအသိအမြင်မျိုးသည် စင်ကြယ်သော ဝိပဿနာဉာဏ်မဟုတ်ပေ။ နိုင်ငံခြားအဘိဓမ္မာတို့၌လည်း ဤနာမ်၊ ရုပ်တို့ကိုပင်မူတည်၍ နာမ်၊ ရုပ်ဟူ၍ ရေးသားဖော်ပြကြပါသည်။ ဤသို့ မျက်မြင်ဖြစ်သော ခန္ဓာအတ္တဘောဟုခေါ်ဆိုအပ်သော ခန္ဓာကိုယ် ရုပ်ဘုရားသည် သမုတိပညတ်ဖြစ်၍ ဝိပဿနာ မရှုအပ်။ ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ရသော ပရမတ္ထရုပ် (ပရမတ္ထနာမ်)ကိုသာလျှင် ဝိပဿနာ ရှုအပ်၏ဟု တောင်လေးလုံး ဆရာတော်ဘုရားကြီးက စတုဂိရိကျမ်း၊ ပ-တွဲ၊ နှာ ၁၃ ၌ စီရင်ရေးသားတော်မူခဲ့ပါသည်။

ယံ-အကြင်၊ ဣတ္ထိ၊ ပုရိသ စသောပညတ်ကို၊ ပဿတိ-ပသာဒစက္ခုဖြင့်မြင်၏။ တံ-ထိုပသာဒစက္ခုဖြင့်မြင်သော ဣတ္ထိ၊ ပုရိသပညတ်ကို၊ နဒိဋ္ဌံ ပညာစက္ခုဖြင့် ကာယဟုမရှုအပ်။ (မျက်မြင်ဖြစ်သော ဣတ္ထိ ပုရိသစသောပညတ်ရုပ်ကို ပညာစက္ခုဖြင့် ဝိပဿနာမရှုအပ်ဟုဆိုလိုပါသည်။) ယံ-အကြင်ကေသာ၊ လောမာစသောဘူတရုပ်တို့၏အပေါင်းကို၊ ဒိဋ္ဌ-ပညာစက္ခုဖြင့် ကာယဟု ရှုအပ်၏။ တံ၊ ထိုပညာစက္ခုဖြင့် ကာယဟုရှုအပ်သောကေသာ၊ လော

မှာ စသော ဘူတရုပ်တို့၏အပေါင်းကို နပဿတိ၊ ပသာဒစက္ခု ဖြင့် မမြင်အပ်။

(ပညာစက္ခုဖြင့်မြင်အပ်သော ဘူတရုပ်ကာယ တည်းဟူသော ထင်ရှားရှိသော ရုပ်အပေါင်းကို မျက်စိဖြင့်မမြင်အပ်။ ဉာဏ်ဖြင့် သာလျှင် ထင်ထင်ရှားရှားတွေ့ထိသိမြင်ရသည်ဟုဆိုလိုပါသည်။) ထို့ကြောင့်၊မျက်မြင်ဖြစ်သောတလံမျှလောက်သော ဤကိုယ်ကောင် ခန္ဓာအတ္တဘောရုပ်တရားသည် ပညတ်ဖြစ်၍ ဝိပဿနာ မရှုအပ်။

## (၂) ခန္ဓာငါးပါးဆိုသည်မှာ

လောကဝေါဟာရအလိုအားဖြင့် မိမိတို့၏သန္တာန်သည် ခန္ဓာ ငါးပါးအစုပင် ဖြစ်ပါသည်။ သူတပါးတို့၏ သန္တာန်သည်လည်း ခန္ဓာငါးပါးအစုပင်ဖြစ်ပါသည်။ အဝေး၌ရှိကြကုန်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ သန္တာန်သည်၎င်း၊ သတ္တလောက တလောကလုံး၌ ရှိရှိသမျှကုန်သော လူ၊ နတ်၊ ရူပဗြဟ္မာ၊ ပုဂ္ဂိုလ် သတ္တဝါတို့သည် ၎င်း၊ ခန္ဓာငါးပါးအစုပင်ဖြစ်ပါသည်။

အလှန့်အလှန်ဝေးကွာသော အရပ်တို့၌ ရှိကြကုန်သော ထို ခန္ဓာငါးပါးတို့ကို မိမိကိုယ်တိုင်က အာရုံမပြု နှလုံးမသွင်း၊ သို့ပင် နှလုံးမသွင်းသော်ငြားလည်း ထိုခန္ဓာငါးပါးတို့သည် ဖြစ်ပေါ် လျက်ရှိကြကုန်၏။ ထိုခန္ဓာငါးပါးတို့သည် သမုတိ ခန္ဓာငါးပါး မည်၏။

ထိုတွင်–

အကျဉ်းအားဖြင့်–

၁။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဓါတ်ကြီးလေးပါးတို့သည် ရူပက္ခန္ဓာမည်၏။
၂။ အာရုံကို ခံစားတတ်သောသဘောသည် ဝေဒနာက္ခန္ဓာမည်၏။
၃။ (အာရုံကို) မှတ်သားမှု သဘောသည် သညာက္ခန္ဓာမည်၏။
၄။ (အာရုံအပေါ်၌) စေ့ဆော်ခြင်း၊ နှိုးဆော်တိုက်တွန်းခြင်း သဘောသည် သင်္ခါရက္ခန္ဓာမည်၏။
၅။ (အာရုံ၌) သိမှုသဘောသည် ဝိညာဏက္ခန္ဓာမည်၏။

## (၃) ဝိပဿနာရှုပွါးရမည့် ဥပါဒါနက္ခန္ဓာဆိုသည်မှာ

အကြင်ခန္ဓာငါးပါးတို့သည် မိမိတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေအပ်၏၊ သာယာစေအပ်၏၊ နှစ်သက်စေအပ်၏၊ စွဲမက်စေအပ်၏၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တ (ဝါ) ဒုပါဒါန်တည်းဟူသောလေးပါးသော ဥပါဒါန်တို့ကို ဖြစ်ပေါ်စေနိုင်၏။ ထိုခန္ဓာငါးပါးတို့သည် ဥပါဒါနက္ခန္ဓာမည်၏။

ထိုဥပါဒါနက္ခန္ဓာဟုဆိုအပ်သော ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏ်တို့အပေါ်၌ ကပ်ငြိမှု၊ စွဲမက်မှုသည်ရှိ၏။ ထိုကပ်ငြိစွဲမက်မှုသည် ဥပါဒါန်မည်၏။ ယင်းဥပါဒါနက္ခန္ဓာတို့အပေါ်၌ ကပ်ငြိ

မှု၊ စွဲလန်းမှု ဥပါဒါန်ကင်းပြတ် ချုပ်ငြိမ်းစေရန် ဝိပဿနာရှုပွား ရပေမည်။

ယင်းဥပါဒါနက္ခန္ဓာသည် မိမိ၏ခန္ဓာကိုယ်အတ္တဘောကို အမှီပြု၍သာလျှင် ဖြစ်ပေါ်၍နေရပေသည်။ ၎င်း"ခန္ဓာကိုယ် အတ္တဘော"နှင့် ထိုခန္ဓာကိုယ်အတ္တဘော၌ ထင်ရှားဖြစ်ပေါ်လျက်ရှိသော "ဥပါဒါနက္ခန္ဓာငါးပါး" တို့ကို ပိုင်းခြား၍ သိထားရပေမည်။

ထို့ကြောင့်-

မြန်မာဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတ-တွဲ၊ နှာ-၂၃၅ ၌၊ ဤအတ္တဘော၌ စက္ခုဓါတ်ရှိ၏။ (လ) မနောဝိညာဏဓါတ်ရှိ၏ဟု လာရှိပါသည်။ ၎င်းအဋ္ဌကထာ၌ "အတ္တဘော"နှင့် "စက္ခုဓါတ်မနောဝိညာဏဓါတ်"တို့ကိုခွဲခြား၍ ဖော်ပြထားပါသည်။ 'စက္ခုဓါတ်' စသည်တို့ကိုသာလျှင် ဝိပဿနာရှုရပေမည်။ "အတ္တဘော"သည် ပညတ်ဖြစ်၍ ဝိပဿနာမရှုအပ်။

၎င်းပြင်- ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန် အရှင် နန္ဒမာလာ တတိယတွဲ (နှာ ၄၉၅) ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသမိုင်း၌-

ယောဝိသည်လည်း ဘဝ၊ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တဝါသတို့၏ ဟိုမှာဘက်ကမ်းသဖွယ် ဖြစ်၍ဖြစ်သောနိဗ္ဗာန်၌ ညွတ်လိုသည်ဖြစ်၍ ဥဒယဗ္ဗယဝိပဿနာဉာဏ် အစရှိသည်ဟုဆိုအပ်သော လျင်မြန်သောအဟုန်ဖြင့် ပြေးလတ်၍ "အတ္တဘော" တည်းဟူသော သစ်ကိုင်း၌ဖွဲ့ချည်၍ ဆွဲကိုင်အပ်သော "ရုပ်"ဟူသော ကြိုးကို၎င်း၊ "ဝေဒနာ" စသည်တို့တွင် တပါးပါးသော နာမ်လုံတံ

ကိုင်၊ အနိစ္စ ဒုက္ခ အနတ္တ ဤသို့အနုလောမ၏ အာ၁ဝဇ္ဇန်းဖြင့် ကိုင်၍ဟုလာရှိပါသည်။

ၐင်းအဋ္ဌကထာတွင် "သစ်ကိုင်း" နှင့် "ကြိုးလှံတံ" ကို ခွဲခြား၍ ဖေါ်ပြထားပါသည်။

ခန္ဓာအတ္တဘောသည် "သစ်ကိုင်း" နှင့်တူ၏။

ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်တို့သည် "ကြိုး" "လှံတံ" နှင့် တူ၏။

ၐင်းအဋ္ဌကထာအရ ခန္ဓာအတ္တဘောကို ဝိပဿနာမတင်၊ ယင်း ခန္ဓာအတ္တဘောကို မှီ၍ ဖြစ်ပေါ်နေသော ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တို့ကိုသာလျှင် အနိစ္စဒုက္ခအနတ္တဟူ၍ ရှုပွါးရပေသည်။

ၐင်းပြင်၊

သဂ္ဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်ရောဟိတဿသုတ် (နှာ-၅၉)၌ အချင်းနတ်သားစင်စစ်အားဖြင့် သညာလည်းရှိ၍ စိတ်လည်းရှိသောတလံမျှလောက်သော၊ ဤ "ခန္ဓာကိုယ်" ၌လော က(ဒုက္ခသစ္စာ)ကိုၐင်း၊ လောက၏ ဖြစ်ပေါ်ကြောင်း သမုဒယ သစ္စာကိုၐင်း၊လောက၏ချုပ်ရာနိဗ္ဗာန် နိရောဓသစ္စာကိုၐင်း လော က၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မဂ္ဂသစ္စာကိုၐင်း ဝါ ပညတ်တော်မူ၏။

တလံမျှလောက်သော ဤခန္ဓာကိုယ်ဆိုသည်မှာ "ကိုယ်ခန္ဓာ အတ္တဘော" ပင်ဖြစ်ပါသည်။

"လောက" ဟူသည်မှာ ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်တို့ကို ပင် လောကဟူ၍ခေါ်ဆိုပါသည်။

ထိုလောကဟု ခေါ်ဆိုအပ်သော ရုပ်ဝေဒနာ စသည်တို့သည် ဒုက္ခသစ္စာပင်ဖြစ်ပါသည်။ဤသုတ်၌လည်း 'ခန္ဓာကိုယ်အတ္တဘော' နှင့် 'လောက'ကို ခွဲခြား၍ဖော်ပြထားပါသည်။

ခန္ဓာကိုယ်အတ္တဘောကို ဝိပဿနာမရှုဘဲ လောက တည်းဟူသော ဥပါဒါနက္ခန္ဓငါးပါး တို့ကိုသာလျှင် ဒုက္ခသစ္စာ ထင်မြင်လာအောင် ဝိပဿနာရှုရပေမည်။

ဤနေရာ၌ ဒုက္ခနှင့်ဒုက္ခသစ္စာတို့ကို ခွဲခြားဝေဘန်၍ ဖော်ပြပါအုံးမည်။ ဒုက္ခဆိုသည်မှာ- လောကတိုသားတို့သည် ပရိယေသန ဝမ်းစာအတွက် ရှာရ၊ ဖွေရ၊ သွားရ၊ လာရခြင်းသည် လောကဒုက္ခသာလျှင် ဖြစ်ပေသည်၊

အိုမင်းရင့်ရော်ခြင်းဇရာသည်လည်း ဇရာဒုက္ခပင်ဖြစ်ပါသည်။

နာကျင်ကိုက်ခဲ ဖျားနာရခြင်းသည်လည်း ဗျာဓိဒုက္ခပင် ဖြစ်ပါသည်။

ယင်းဒုက္ခအားလုံးတို့သည် လူမျိုးတိုင်း လူမျိုးတိုင်း တွေ့ထိသိမြင်ခံစားရသော ဓမ္မတာ ဒုက္ခများသာလျှင် ဖြစ်ကြပါသည်။ ၎င်းဒုက္ခအားလုံးတို့အပေါ်၌ ဝိပဿနာဥာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ထိုးထွင်းသိမြင်နိုင်သောဥာဏ်အမြင်ရှိမှသာလျှင် ဒုက္ခသစ္စာ အနေအားဖြင့် သိမြင်နိုင်ပါလိမ့်မည်၊ သို့မဟုတ်လျှင်မူကား-ထို ဓမ္မတာဒုက္ခကိုပင် ဒုက္ခအနေအားဖြင့် သိမြင်၍နေပေလိမ့်မည်။

ဒုက္ခသစ္စာသည်ကား-

ဥပါဒါနက္ခန္ဓာငါးပါးတို့အပေါ်၌ ထိုဥပါဒါနက္ခန္ဓာတို့သည်
(၁) ပီဠနဋ္ဌော = အသစ်အသစ်ဖြစ်ခြင်းအားဖြင့် ကပ်

ရှ် ကပ်၍ နှိပ်စက်နေသော အခြင်းအရာသည်ငင်း၊

(၂) သင်္ခတဒွေ = အကြောင်းတရား တို့သည် ပြုပြင်ဖန်တီးအပ်သောသင်္ခါရတို့၏အမြဲမရှိသော အခြင်းအရာသည်ငင်း၊

(၃) သန္တာပဒွေ = ငြိမ်းအေးသောမဂ်ဖိုလ်နိဗ္ဗာန်ကိုအာရုံပြုခြင်းငှာမစွမ်းနိုင်လောက်အောင် ထို သဘောတရား တို့သည် အသစ်အသစ် ဖြစ်ခြင်းအားဖြင့် ပူလောင်စေမှုကိုဖြစ်ပေါ်စေသော အခြင်းအရာသည်ငင်း၊

(၄) ဝိပရိဏာမဒွေ = ထိုသဘောတရားတို့သည် တည်တန့်ခိုင်မြဲမှုမရှိ။ ဖြစ်ခြင်း+ပျက်ခြင်း တို့ဖြင့် အစဉ်မပြတ် ဖေါက်ပြန်၍ နေသောအခြင်းအရာသည်ငင်း၊

ဤသို့သော ဒုက္ခသစ္စာ၏ အနက်လေးချက်ဖြင့်ပြီးသော ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာမည်၏။ ထိုဥပါဒါနက္ခန္ဓာငါးပါး= သဘောတရား တို့သည် အထက်၌ပြဆိုခဲ့ပြီးသော အခြင်းအရာလေးပါး တို့ဖြင့် အသစ်အသစ် ဖြစ်ပေါ်၍နေ မှု-ဒုက္ခ၊ အသစ်အသစ်ဖြစ်ခြင်းအားဖြင့် ကပ်၍ကပ်၍နှိပ်စက်နေမှု-ဒုက္ခ၊ ထိုဒုက္ခတို့ကို ထိုးထွင်းသိမြင်သောဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြားစွာ သိမြင်သောဉာဏ်မည်၏။ ဤသို့ ထိုးထွင်းသိမြင်မှသာလျှင် သုခဝေဒနာ+သောမနဿဝေဒနာ+ဥပေက္ခာဝေဒနာ၊ ထို

ဝေဒနာအားလုံးတို့အပေါ်၌ ဒုက္ခသစ္စာအနေအားဖြင့် ထိုးထွင်းသိမြင်၍ လာရပေသည်။ သုခဝေဒနာ+ဒုက္ခဝေဒနာ+ဥပေက္ခာဝေဒနာတည်းဟူသော ထိုဝေဒနာအားလုံးတို့သည် သင်္ခါရဒုက္ခသာလျှင်ဖြစ်ခြင်းကြောင့် ထိုဝေဒနာတို့ အပေါ်၌ ဒုက္ခသစ္စာအနေအားဖြင့် ထင်မြင်လာအောင် ရှုပွါးနည်းကိုသဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊မြန်မာပြန်၊ရဟောဂတသုတ်၊ (နှာ-၄၁၀၌)

ရဟန်း-သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဟူ၍ ဝေဒနာသုံးမျိုး တို့ကို ငါဟောထားအပ်ကုန်၏။ ဤဝေဒနာသုံးမျိုးတို့ကို ငါဟောပြီး၍ ဝေဒနာဟူသမျှသည် ဆင်းရဲဒုက္ခမည်၏ဟူသော ဤစကားသည်လည်း ငါဘုရား ဟောတော်မူပြန်၏။

ရဟန်း-ဝေဒနာဟူသမျှသည် ဆင်းရဲဒုက္ခမည်၏ဟူသော ထိုစကားကို * ပြုပြင်ဖန်တီးအပ်သော သင်္ခါရတို့၏အမြဲမရှိခြင်းကိုသာလျှင်ရည်ရွယ်၍ * ငါဟောတော်မူ၏။

ရဟန်း-ဝေဒနာဟူသမျှသည် ဆင်းရဲဒုက္ခတည်းဟူသော ဤစကားကို * ပြုပြင်ဖန်တီးအပ်သော သင်္ခါရ တို့၏ ကုန်ခြင်းသဘောရှိခြင်း၊ ပျက်ခြင်းသဘော ရှိခြင်း၊ စွဲမက်မှု ကင်းခြင်းသဘောရှိခြင်း၊ ချုပ်ခြင်းသဘောရှိခြင်း၊ ဖေါက်ပြန်ပြောင်းလဲခြင်းသဘောရှိခြင်းကို ရည်ရွယ်၍ ငါဘုရား ဟောတော်မူ၏ဟူ၍ ဒုက္ခသစ္စာကို ထင်မြင်၍လာနိုင်ကြစေရန် ဟောကြားတော်မူခဲ့ပါသည်။

၎င်းဒုက္ခသစ္စာကို ထင်မြင်လာအောင် ရှုပွါးပုံ ရှုပွါးနည်းကို ဘာယဉာဏ်ပိုင်းတွင် ရှင်းလင်းဖေါ်ပြထားပါသည်။

ယင်းဒုက္ခနှင့်ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိမြင်နိုင်ကြစေရန် ယမိုက်အရကောက် အရှင်နန္ဒမေဓါ၏ သစ္စာယမိုက်(နှာ-၂၀၉)၌ အောက်ပါအတိုင်း ဖေါ်ပြပါသည်။

ကာယိကဖြစ်သော ဒုက္ခကိုငင်း၊ စေတသိကဖြစ်သောဒုက္ခကိုငင်း၊ ထားရှုကြွင်းသောတရားသည်ဒုက္ခသစ္စာမည်၏။ ဒုက္ခမမည်။ (ဤသစ္စာယမိုက်ကျမ်းအရ ဒုက္ခသစ္စာသည်ဒုက္ခမဟုတ်ပေ။)

ကာယိကဖြစ်သော ဒုက္ခကိုငင်း၊ **စေတသိကဖြစ်သောဒုက္ခကို**ငင်း၊ ဒုက္ခလည်းမည်၏။ ဒုက္ခသစ္စာလည်းမည်၏။

ယင်း ကာယိကဒုက္ခ စေတသိက ဒုက္ခသည်ကား ဒုက္ခလည်းမည်၏။ ယင်းဒုက္ခအပေါ်၌ ဒုက္ခသစ္စာ၏အခြင်းအရာကို ထိုးထွင်းသိမြင်နိုင်သော ဝိပဿနာ ဉာဏ်အလင်းရောင်ဖြင့် ထိုးထွင်း၍ကြည့်မှသာလျှင် ဒုက္ခသစ္စာ၏ ပီဠနဋ္ဌ အစရှိသောလေးပါးသောအခြင်းအရာကိုသိမြင်ရပေမည်။ သို့မဟုတ်လျှင် ဓမ္မတာဒုက္ခကိုပင်ဒုက္ခသစ္စာအစစ်အမှန်ဟု ထင်မြင်၍နေပေလိမ့်မည်။

ဤယမိုက်ပါဠိတော်အရ ဒုက္ခသစ္စာသည်ဒုက္ခမမည်။ ဟူသောအချက်ကို သတိပြုရပေမည်။ ထို့ကြောင့် ဒုက္ခနှင့် ဒုက္ခသစ္စာကိုပညာဖြင့်ပိုင်းခြား၍ သိရှိထားရန်လိုအပ်လှပေသည်။

နာကျင်ခြင်း ကိုက်ခဲခြင်း အစရှိသော ဓမ္မတာဒုက္ခသည်ကြမ်းတမ်း၏၊ ပေါ်လွင်၏၊ ထင်ရှား၏၊ သိလွယ်မြင်လွယ်၏။

ဒုက္ခသစ္စာသည်ကား

သိမ်မွေ့၏၊နက်နဲ၏၊ထင်နိုင်မြင်နိုင်ခဲ၏။

ငင်းပြင်-

ဓမ္မသင်္ဂဏီပါဠိတော် (မြန်မာပြန်) (နှာ-အက္ခရာစဉ် အမှတ်ခေါ်)ဒုတိယစာကြောင်း၌

သမ္မာဒိဋ္ဌိသည် ရံခါသုခဝေဒနာ၊ ရံခါဥပေက္ခာ ဝေဒနာနှင့်ယှဉ်တွဲ၏။ (ဒုက္ခဝေဒနာနှင့်မယှဉ်မတွဲ)

၎င်းဒုက္ခသစ္စာကို ပိုင်းခြားစွာ သိမြင်နိုင်သော ဉာဏ်အမြင်သည် သမ္မာဒိဋ္ဌိဉာဏ်ပင် ဖြစ်ပါသည်။ ယင်းသမ္မာဒိဋ္ဌိသည် ဒုက္ခဝေဒနာနှင့် မယှဉ်မတွဲကြောင်းကို ဤဓမ္မသင်္ဂဏီပါဠိတော်အရ သိရှိရပေသည်။

၎င်းသမ္မာဒိဋ္ဌိဉာဏ်ဟု ခေါ်ဆိုအပ်သော ဒုက္ခသစ္စာကို ထိုးထွင်းသိမြင်သောဉာဏ်အမြင်သည်ဒုက္ခနှင့်မယှဉ်မတွဲခြင်းကြောင့် ဒုက္ခ မဟုတ်ပေ။

ဒုက္ခသစ္စာသည် အကယ်၍ ဒုက္ခသာလျှင်ဖြစ်ခဲ့ငြားအံ့၊ ဘယဉာဏ်ဖြစ်ပေါ်ဆဲခဏ၌၊ ထိုယောဂီသည် ဒုက္ခသစ္စာအစစ်အမှန်မဟုတ်သော ဒုက္ခကိုပင် ဒုက္ခသစ္စာ ဟူ၍ ရှုမြင်ခြင်းကြောင့် ကြောက်ရွံ့ဘွယ်ကောင်းသော အခြင်းအရာသည် ဖြစ်ပေါ်၍လာရပေသည်။ စစ်မှန်သော ဒုက္ခသစ္စာသည်ကား၊ ဤကဲ့သို့သော ကြောက်ရွံ့မှုမျိုးသည် ဖြစ်ပေါ်လာခြင်းမရှိပေ။လောဘ၊ ဒေါသ၊ မောဟငြိမ်းအေးသော တရားဖြစ်ခြင်းကြောင့် ရုပ်၊ နာမ်၊ ခန္ဓာသင်္ခါရ တရားတို့အပေါ်၌ ဘေးအားဖြင့် ထင်မြင်မှုသည် ဉာဏ်ဖြင့်သာလျှင်ထင်၏။

ထို့ကြောင့် မြန်မာဝိသုဒ္ဓိမဂ္ဂ အဌကထာ အရှင် နန္ဒမာလာ တတိယတွဲ(နှာ-၄၁၇)၌

ဘယထုပဋ္ဌာနဥာဏ်သည် ကြောက်သလော၊ မကြောက်သလော၊ မကြောက်၊ ဥာဏ်၏ကြောက်သော အခြင်းအရာအားဖြင့် မဖြစ်ခြင်းကြောင့်တည်း။ ထိုစကားမှန်၏။ ဘယထုပဋ္ဌာနဥာဏ်သည် အတိတ်ဖြစ်သော သင်္ခါရ တို့သည်ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတို့သည် ချုပ်ကုန်ဆဲ။ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန်လတ္တံ့ဟူ၍ ဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။ ဤဘယဥာဏ်ပိုင်း၌ ပညတ်အာရုံများ မကင်းစင်ခဲ့ပါလျှင် ထိုဥာဏ်ဖြစ်ပေါ်ဆဲခဏ၌ ကြောက်မက်ဖွယ်ကောင်းသော ဘေးရန်တည်း ဟု ထင်မြင်၍ နေခြင်း၊ ပြင်းမုန်း ငြီးငွေ့ခြင်း၊ စိတ်ဓါတ်ကျဆင်း၍ နေခြင်း စသည်တို့သည် ဖြစ်ပေါ်လာကြပေသည်။ ဤသို့ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းမှာ၊ အရှုခံ သဘောတရားသည် ပညတ်အာရုံများနှင့် ရောယှက်၍ နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

စစ်မှန်သော ဘယဥာဏ်သည်ကား ထိုကဲ့သို့သော ကြောက်လန့်ခြင်းမျိုးသည်မဖြစ်ပေါ်ပေ။အကြောင်းမှာမူကား၊စိတ်ဓါတ်ကျဆင်းခြင်း၊ ငြီးငွေ့ခြင်း၊ ကြောက်လန့်ခြင်း စသည်တို့သည် ဆုတ်နစ်သောဒေါသပင်ဖြစ်ပါသည်။စစ်မှန်သောဝိပဿနာဥာဏ်သည်ကား လောဘဖြစ်ပေါ်မှုမျိုးမရှိ၊ဒေါသဖြစ်ပေါ်မှုမျိုးမရှိ၊ မောဟမဖြစ်၊ လောဘ၊ ဒေါသ၊ မောဟမဖြစ်ခြင်းကြောင့် ငြိမ်းအေးမှုကိုရ၏။

ထို့ကြောင့် ဘယဥာဏ်သည် ပရမတ္ထရုပ်အစစ်၊ ပရမတ္ထနာမ်အစစ်တို့ကို အရှုခံထား၍ ပွါးများအားထုတ်ခြင်းကြောင့် ဥာဏ်၌သာလျှင် ဘေးအားဖြင့် ထင်မြင်လာသော ဥာဏ်ဖြစ်ပါသည်။

ၚင်းပြင်-

အလုံးစုံသော ပညတ်အာရုံများမှကင်းစင်သော ပရမတ္ထရုပ်အစစ်၊ ပရမတ္ထနာမ်အစစ်နှင့် လူတိုင်းသိမြင်ကြရသော သမုတိရုပ်-နာမ်တို့ကို ခွဲခြားဝေဘန်၍၊ ဖော်ပြပါအံ့မည်။

ရုပ်နာမ်သည် ပညတ်အာရုံများနှင့် ရောယှက်နေခဲ့ပါလျှင်၊ ပညတ်သိ ရုပ်နာမ်ဟူ၍ ခေါ်ဆိုပါသည်။

ရုပ်အစစ်-နာမ်အစစ် ပရမတ္ထသဘာဝ အစစ်ကို သိမြင်သော အသိအမြင်မျိုးသည်၊ ပရမတ်သိ ရုပ်နာမ်ဖြစ်ပါသည်။

ဤသို့လျှင် ရုပ်နာမ်တို့အပေါ်တွင် သိမြင်ရာ၌ ပညတ်သိနှင့် ပရမတ်သိ ဟူ၍ အသိအမြင် နှစ်မျိုးနှစ်စားပေါ်ထွက်လာရပေသည်။

ရုပ်နာမ်တို့အပေါ်၌ ပညတ်သိဆိုသည်မှာ-

ခန္ဓာကိုယ်သည် ရုပ်တရားဟူ၍ၚင်း၊

ယင်းခန္ဓာကိုယ်တွင်း၌ရှိသော စိတ်ဝိဉာဏ်သည်'နာမ်တရား' ဟူ၍ၚင်း၊

ထိုသို့ထင်မြင်နေမှုသည် ပညတ်သိမည်၏။ ထိုအသိအမြင်မျိုးသည် လူမျိုးတိုင်းလူမျိုးတိုင်းပင် သိမြင်ကြရပါသည်။ အနောက်တိုင်းနိုင်ငံသားတို့၏ အဘိဓမ္မာ၌လည်း ထိုနာမ်ရုပ်တို့ကိုပင် ရေးသား ဖော်ပြခဲ့ကြပါသည်။

ၚင်းပြင် ပရမတ်နာမ်ရုပ်နှင့် နီးစပ်သည့် ပညတ်သိနာမ်ရုပ်တို့သည်လည်း ရှိကြပါသေးသည်။ ခန္ဓာကိုယ်သည် ရုပ်တရား-စိတ်သည် နာမ်တရားဟူ၍ၚင်း၊ ရုပ်(၂၈)ပါးတို့သည် ရုပ်တရား-စိတ်(၈၉)ပါးတို့သည် နာမ်တရား၊ ခန္ဓာအတ္တဘောသည် ရုပ်တရား

ရာဂစိတ်၊ ဒေါသစိတ် စသည်တို့သည် နာမ်တရားဟူ၍ရင်း၊ စသည်ဖြင့် ထိုနာမ်ရုပ်တို့ အပေါ်၌ ဤသို့ သိမြင်၍ နေကြရခြင်းသည် သမုတိနာမ်ရုပ်တို့ကို သိသည်မည်၏။ တနည်းအားဖြင့် ဝိဇ္ဇာမာန ပညတ်တို့ကို သိသည်မည်၏။

ဝိပဿနာရှုပွါးရာတွင် ယင်းပညတ်သိမျိုးကို မလိုလားအပ်ပေ၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင်'ပရမတ်သိ' (၀၁) ပရမတ္ထနာမ်-ပရမတ္ထ ရုပ်တို့ကို သိမြင်ဖို့ရာသာ လိုရင်းဖြစ်ပါသည်။ သို့မှသာလျှင် သဋ္ဌာယတနသံယုတ် ပါဠိတော် မြန်မာပြန် အဘိညာပရိညာပဟာန သုတ်(နှာ-၂၄၀)နှင့်ကိုက်ညီပေမည်။

ရဟန်းတို့ စိတ်ကိုအထူးသိ၍ ပိုင်းခြားသိ၍ ပယ်ရမည်။

သဘောတရားတို့ကို အထူးသိ၍ ပိုင်းခြားသိ၍ပယ်ရမည်။ ဟု ဟောတော်မူပါသည်။

အထူးသိခြင်း ပိုင်းခြား၍သိခြင်းဆိုသည်မှာ၊ ပရမတ္ထသဘော တရားတို့အပေါ်၌ ဖုံးကွယ်၍ထားအပ်သော အပေါ်ယံပညတ်များကိုဖေါက်ထွင်း၍ ထိုသဘောတရားတို့ကို ပိုင်းပိုင်းခြားခြား အထူးသဖြင့် ထိုထွင်းသိမြင်သောဉာဏ်အမြင်ကို ဆိုလိုပါသည်။

ဥပမာ

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ပဥ္စမတွဲ အဘိညာသုတ်(နှာ-၅၈၃)၌ ရဟန်းတို့ဉာဏ်ဖြင့်သိ၍ ပိုင်းခြားသိထိုက်သော တရားဟူသည်အဘယ်နည်း၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့တည်းဟု ဟောတော်မူခဲ့ပါသည်။

မှတ်ချက်။ ။နာမ်တရား၊ ရုပ်တရား၊ ခန္ဓာငါးပါး တရားတို့သည် သဘာဝတရားများသာလျှင် ဖြစ်ကြပါသည်။ သို့ဖြစ်၍ ရှေ့တွင် အချို့ နေရာများ၌ ၎င်းနာမ်ရုပ် ခန္ဓာငါးပါး တရားတို့ကို "သဘော တရား" ဟူ၍သာလျှင် ရေးသားဖော်ပြသွားပါမည်။

သဘောတရားဟုဆိုလျှင် ရုပ်တရားလည်း ဖြစ်နိုင်သည်၊ ဝေဒနာသညာ စသည်တို့လည်း ဖြစ်နိုင်ပါသည်။ ဝိညာဏ်လည်းဖြစ်နိုင်ပါသည်။ နာမ်တရားလည်းဖြစ်နိုင်ပါသည်။ လိုအပ်သလို အကျယ်ချဲ့၍ ရှုတော်မူကြပါကုန်။

ထို့ကြောင့်-

ဉာဏ်ဖြင့်ပိုင်းခြား၍သိထိုက်သော ပရမတ္ထတရားဆိုသည်မှာ-

အာရုံပြုဆဲ၊ ရှုကြည့်ဆဲ၊ တွေ့ထိဆဲ၊ ဆင်ခြင်ဆဲ အခိုက်အတန့်၌ ရုပ်တရားသော်၎င်း၊ နာမ်တရားသော်၎င်း၊ အကြင်သဘော တရားတခုခုသည်ထင်ရှားရှိ၏။ ထိုထင်ရှားရှိဆဲဖြစ်သော သဘော တရားသည် ပရမတ္ထမည်၏။

ထိုအရှခံ သဘောတရားသည် ရှုကြည့်ဆဲခဏ၌ အဟုတ်ရှိ၏။ အမှန်ရှိ၏၊ ထင်ရှားရှိ၏၊ ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် ဘူတသုတ်(နှာ ၂၆၇ )၌ ဤသည်ကားခန္ဓာငါးပါး တည်းဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့်ရှု၏ ဟူ၍ သာရှိပါသည်။

ဤကဲ့သို့ ဟုတ်မှန်သော ထင်ရှားရှိသော သဘောတရားကို ထင်ရှားရှိသည့်အတိုင်း ဉာဏ်ပညာဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် ပရမတ္ထသဘောတရားကို သိမြင်သည်မည်၏။ တနည်းအားဖြင့် အာရုံပြုဆဲအခိုက်အတန့်၌ အဟုတ်ရှိ၊ အမှန်ရှိ၊ ထင်ရှားရှိသောသဘောတရားကို ထင်ရှားရှိသည့်အတိုင်းထိုးထွင်း၍ သိမြင်နေခြင်းသည် ပရမတ္ထသဘာဝကို ထိုးထွင်း သိမြင်သည်မည်၏။ ယင်းသို့ထင်ရှားရှိသော သဘောတရားကိုပင်လျှင်၊ ထိုသဘောတရားအပေါ်၌ အမည်နာမ ပုံဟန်အမူအရာ အမျိုးမျိုးတို့ဖြင့် တင်စား၍ခေါ်ဝေါ်သမုတ်ထားခြင်းသည် ပညတ်များသာလျှင် ဖြစ်ကြပါသည်။

ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် မြန်မာပြန် အဘိဓာနသုတ် (နှာ-၂၂)၌ ရဟန်းတို့ ရုပ်ကိုအထူးသိသည်ရှိသော်၊ ပိုင်းခြားသိသည်ရှိသော်၊ စွဲမက်မှုကင်းသည်ရှိသော်၊ ပယ်စွန့်သည်ရှိသော်၊ ဆင်းရဲကုန်ခြင်းငှာထိုက်၏ဟု မိန့်တော်မူ၏။

အထူးသိခြင်း၊ ပိုင်းခြားသိခြင်း ဟူသည်မှာ သာမာန်အနေအားဖြင့် နာမ်ရုပ်တို့ကို သိသော အသိအမြင်မျိုးမဟုတ်ကြောင်းမှာထင်ရှားပေသည်။

ဤသို့ အထက်၌ ဖော်ပြခဲ့ပြီး ဖြစ်သော ပညတ်သိ နာမ်ရုပ်အပေါ်တွင် ဝိဇ္ဇာမာနပညတ်ဟု ခေါ်ဆိုအပ်သော အပေါ်ယံပညတ်အလွှာကို ခွာလှန်ဖယ်ရှား၍ အာရုံပြုဆဲခဏတွင် ထင်ရှားရှိသောသဘောကို ထင်ရှားရှိသည့်အတိုင်း ထိုးထွင်း သိမြင်ခြင်းသည် ပရမတ္ထကို သိမြင်သည်မည်၏။

ဤသို့လျှင် "ထင်ရှားရှိသော သဘောတရား" တို့ အပေါ်၌ "ထိုသဘောတရား"တို့ကိုပင် (ရုပ် နာမ် စိတ် စေတသိက် စသည်တို့ဖြင့်၎င်း၊ ပုဂ္ဂိုလ် သတ္တဝါ စသည်တို့ဖြင့်၎င်း) ဒြပ်သဏ္ဌာန်၊ ပုံဟန်အမူအရာအားဖြင့်၎င်း၊ မည်ကဲ့သို့သော အခေါ်အဝေါ် အမျိုးမျိုး၊ အမည်နာမ အမျိုးမျိုး တို့ဖြင့် တင်စား၍ ခေါ်ဝေါ် ပြောဆိုထင်မှတ်စေကာမူ ထိုခေါ်ဝေါ်သမုတ်မှု မှန်သမျှသည် သမုတိသစ္စာများသာလျှင် ဖြစ်ကြပါသည်။

ထိုထင်ရှားရှိသော သဘောတရားအပေါ်၌ထိုသဘောတရားတို့ကိုပင် အနည်နာမအမျိုးမျိုးပုံပန်းသဏ္ဌာန်အမူအရာအမျိုးမျိုးတို့ဖြင့် တင်စား၍ မည်ကဲ့သို့ပင် ပညတ်စေကာမူ ထိုပညတ်မှု မှန်သမျှအားလုံးတို့သည် ပညတ်များသာလျှင် ဖြစ်ကြပါသည်။

အာရုံပြုဆဲ ရှုကြည့်ဆဲ ခဏ၌ ထင်ရှားရှိသော၊ ထိုးထွင်းသိမြင်ရသော သဘောတရားသည်သာလျှင် ပရမတ်ဖြစ်ပါသည်။ ပရမတ္ထ ဟူ၍လည်း ခေါ်ဆိုပါသည်။

ထို့ကြောင့် ပရမတ်ဆတ်ဆတ်ကို ပြောပြပါဆိုလျှင် ဘာမှမပြောဘဲ နှုတ်ပိတ်နေရုံသာ ရှိတော့သည်ဟု ရှေးဆရာတော်ကြီးများက မိန့်တော်မူခဲ့ပါသည်။ အဘယ်ကြောင့်နည်း ဟူမူကား အာရုံပြုဆဲအခိုက်အတန့်၌ ထိုအရှုခံသဘောတရားသည် ထင်ရှားရှိပါသည်။ ဤသို့ ထင်ရှားရှိပင် ရှိငြားသော်လည်း ထိုထင်ရှားရှိသော သဘောတရားအပေါ်၌ တင်စား၍ ခေါ်ဝေါ် ပြောဆိုလိုက်လျှင် သမုတိ+ပညတ်ဖြစ်၍ သွားရပေသည်။

ဤသို့ ပညတ်နှင့်ပရမတ်တို့ကိုရင်း၊ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ကိုရင်း၊ ပညာဖြင့် ပိုင်းခြား၍ သိအပ်ပေသည်။

ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော် မြန်မာပြန် ပရိညေယျသုတ် (နှာ-၁၂၁) ၌

"ရုပ်သည် ပိုင်းခြား၍ သိအပ်သော တရားတည်း။ ဝိညာဏ်သည် ပိုင်းခြား၍ သိအပ်သော တရားတည်း"

ဟု ဟောတော်မူခဲ့ပါသည်။

ထို့ကြောင့်-

လူသာမန်တို့၏ အသိအမြင်ထက် လွန်ကဲထူးခြားစွာ သိမြင်လာအောင် ပွားများ အားထုတ်ခြင်းကို ဝိပဿနာ ဟူ၍ ဆိုလိုပါသည်။

ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော် မြန်မာ ပြန် သတ္တဋ္ဌာနသုတ် (နှာ-၄၉) ၌

"ရုပ်ကိုသိ၏။
ဝိညာဏ်ကိုသိ၏" ဟု ဟောတော်မူပါသည်။

ရုပ်ကိုလူတိုင်းပင် သိကြပါသည်။ ဝိဉာဏ်ဟူသော သိစိတ်ကိုလည်း လူတိုင်းပင် သိကြပါသည်။ ထိုအသိမျိုးကို ရည်ညွှန်း၍ ဟောတော်မူခဲ့ခြင်းမဟုတ်ပါ။ ရုပ်တည်းဟူသောထင်ရှားရှိသော သဘောတရားတို့ အပေါ်၌ ထိုသဘောတရားတို့ကို ထိုးထွင်း သိမြင်မှု၊ အထူးသိမြင်မှု ပိုင်းခြား၍ သိမြင်မှုကို ရည်ညွှန်းတော်မူခဲ့ပါသည်။ သို့မှသာလျှင် သဘောတရားတို့ အပေါ်၌ ပညတ်

အမျိုးမျိုးတို့အပေါ်ဖြင့် စွဲယူမှုမရှိ။ စွဲယူခြင်းမှကင်းစင်သော၊ ဉာဏ်အမြင်စင်ကြယ်သော "ဒိဋ္ဌိဝိသုဒ္ဓိ"ဖြစ်ပါသည်။သုဋ္ဌာယတန ဝဂ္ဂ သံယုတ်ပါဠိတော် မြန်မာပြန် ဥပသေန အာသီဝိသသုတ် (နှာ-၂၆၀)၌ ငါသည် "စိတ်"ဟူ၍၎င်း၊ "ငါ၏စိတ်ဟူ၍၎င်း၊ ငါ့အားဤကဲ့သို့ ထင်မြင်မှုမျိုးမရှိ၊ ငါ့သျှင်သာရိပုတြာ ထိုထင်မြင်မှုမျိုးမရှိသော ငါ့အား ကိုယ်ဖေါက်ပြန်ခြင်းသည်၎င်း၊ဣန္ဒြေတို့၏ဖေါက်ပြန်ခြင်းသည်၎င်း၊ အဘယ်မှာဖြစ်နိုင်မည်နည်းဟု မိန့်တော်မူ၏။

ဝိပဿနာလုပ်ငန်းတွင်အရှူခံဖြစ်သော ရုပ်နာမ် ခန္ဓာငါးပါး သဘောတရားတို့အပေါ်တွင် ထိုသဘောတရားတို့အပေါ်၌ စွဲယူမှု ဝိဇ္ဇာမာနပညတ်၊ အဝိဇ္ဇမာနပညတ်၊ သဏ္ဌာနပညတ် စသော အလုံးစုံသောပညတ်တို့မှ ကင်းစင်သန့်ရှင်းစေရန် အလွန်အရေးကြီးလှပေသည်။

အရှူခံသဘောတရားသည် ပညက်မစင်ကြယ်ခဲ့ပါလျှင် လိုရာမပြီး ခရီးမရောက်ဖြစ်တတ်ပါသည်။ ပညတ်အာရုံတို့၏ နှောက်ယှက်မှုကြောင့် သမာဓိပျက်ပြား၍ စိတ်ဖေါက်ပြန်သွားတတ်ပါသည်။ အချို့အချို့သော ပုဂ္ဂိုလ်တို့သည် တရားအားထုတ်ပြီး ကမ္မဋ္ဌာန်းခွင်မှ မိမိတို့၏အိမ်သို့ ပြန်လည်ရောက်ရှိလာကြရာတွင် မိမိတို့၏လူ့လောကပတ်ဝန်းကျင်နှင့်လည်း မရောနှော မဆက်ဆံလို၊ ငြီးငွေ့ပြီးစိတ်ဓါတ်ကျဆင်းနေတတ်ကြပါသည်။ ဤသို့ စိတ်ဓါတ်ကျဆင်းခြင်းသည် ဒေါသနှစ်မျိုးရှိရာတွင် ဆုတ်နှစ်သော ဒေါသပင် ဖြစ်ပါသည်၊ တနည်းအားဖြင့် ဒေါမနဿပင် ဖြစ်ပါသည်။

ဤကဲ့သို့သောဖြစ်ရပ်များသည် အရှုခံတရားအပေါ်၌ ပညာတ် မစင်ကြယ်ခြင်းကြောင့်သာလျှင် ဖြစ်ပါသည်။

အရှုခံသဘောတရားသည် ပညတ် ကင်းစင်ခဲ့ပါလျှင် ၎င်း သဘောတရားအပေါ်၌ပွားများအားထုတ်သည်နှင့်အမျှ ထိုခဏ ၌ လောဘငြိမ်းရပေမည်။ ဒေါသငြိမ်းရပေမည်။ မောဟငြိမ်းရ ပေမည်။ ဒေါမနဿလည်းငြိမ်းရပေမည်။ ထိုလောဘ၊ ဒေါသ မောဟငြိမ်းလျှင် ထိုငြိမ်းအေးမှုကြောင့် နှစ်သက်မှုပီတိ၊ ကိုယ် စိတ်ငြိမ်းအေးခြင်း ပဿဒ္ဓိတို့သည် ဖြစ်ပေါ်၍လာရပေသည်။ ထို ပဿဒ္ဓိကြောင့် ချမ်းသာမှုသုခ၊ ထိုသုခကြောင့် စိတ်တည်ငြိမ်မှု သမာဓိ၊ စိတ်တည်ငြိမ်မှုသမာဓိကြောင့် ဟုတ်မှန်သော ခန္ဓာငါး ပါး သဘောတရားတို့ကို ဟုတ်မှန်သောအတိုင်း ထိုးထွင်းသိမြင် လာသော ပညာသည် ဖြစ်ပေါ်၍ လာရပေသည်။

ဤသို့လျှင် တရားစစ် တရားမှန်ကို ပွားများအားထုတ်ခြင်း ကြောင့် ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပဌမ ဈာန်စိတ်သည် ဝိပဿနာဉာဏ်နှင့်ယှဉ်၍ ဖြစ်ပေါ်လာရသည်မှာ ဓမ္မာပင်ဖြစ်ပါ သည်။

ထိုနေရာ၌ ဝိပဿနာ ဉာဏ်နှင့်ယှဉ်သော ပဌမ ဈာန်အင်္ဂါ ငါးပါးဟူသည်မှာ-

၁။ ဝိတက်သည် ရုပ်အာရုံကိုသော်၎င်း၊ နာမ်အာရုံကိုသော် ၎င်း၊ အရှုခံဖြစ်သော ပရမတ်အာရုံကို အသစ်အသစ် တင်ပေးခြင်းလက္ခဏာရှိ၏။

၂။ ဝိစာရသည် ထိုဝိတက်ကတင်ပေးသော ပရမတ်အာရုံကို ထိုပရမတ်အာရုံဟူ၍၎င်း၊ မမြဲသည် ဆင်းရဲဟူ၍၎င်း၊ အစိုးမရဟူ၍၎င်း၊ ဆင်ခြင်သုံးသပ်ခြင်း လက္ခဏာရှိ၏။

၃။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မြန်မာပြန် ဓမ္မနာနတ္တဉာဏ် အကျယ်ပြခြင်း(နှာ-၁၁၀)၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်းပီတိဖြစ်၏။ (ပီတိသည် အာရုံအပေါ်၌ နှစ်သက်ခြင်းလက္ခဏာရှိ၏။)

၄။ နှစ်သက်သောစိတ်ရှိသူ၏ကိုယ်သည် ငြိမ်းချမ်း၏။ ငြိမ်းချမ်းသောကိုယ်ရှိသူသည် ချမ်းသာကိုခံစားရ၏။ (ဤသည်ကား သုခပင်တည်း။)

၅။ ချမ်းသာနှင့် ပြည့်စုံသောသူ၏စိတ်သည် တည်ကြည်၏။ (တခုတည်းသောပရမတ်အာရုံအပေါ်၌စိတ်သည် တည်တန့်၏။ ဤသည်ကား ဧကဂ္ဂတာပင်တည်း။)

ဤသို့ ပဥ္စမဈာန်အင်္ဂါငါးပါးနှင့်ယှဉ်သော ဝိပဿနာဉာဏ်ဖြစ်ခြင်းကြောင့် ထိုဉာဏ်သည် ဟုတ်မှန်သောနာမ်ရုပ်တို့အပေါ်၌ ထိုနာမ်ရုပ်တို့ကို ဟုတ်မှန်သည့်အတိုင်း ပိုင်းပိုင်းခြားခြား ထိုးထွင်းသိမြင်၍ လာရပေသည်။

ရင်းပြင်-

ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် သဠာယတနဝိဘင်္ဂသုတ် (နှာ-၂၆၃)၌

ရူပါရုံတို့၏သာလျှင် မမြဲသည်၏အဖြစ်ကို၊ဖေါက်ပြန်ခြင်းကို၊ ရာဂကင်းခြင်းကို ချုပ်ခြင်းကို၊ သိ၍ ရှေး၌၎င်း ယခု၎င်း အလုံးစုံသော ရူပါရုံတို့သည်အမြဲမရှိကုန်၊ ဆင်းရဲကုန်၏။ ဖေါက်ပြန်ခြင်း သဘောရှိကုန်၏။ဟု ဤသို့ ထိုရူပါရုံကိုဟုတ်မှန်စွာကောင်းသော ပညာဖြင့် ရှုသောပုဂ္ဂိုလ်အား သောမနဿသည်ဖြစ်၏၊ ဤသို့ သဘောရှိသော သောမနဿကို ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကိုမှီသော သောမနဿဟူ၍ဆိုရ၏။

ဤသို့လျှင် ရုပ်အစစ် နာမ်အစစ် တို့ကို ဝိပဿနာရှုပွါးခြင်း အားဖြင့် စိတ်ရွှင်လန်းမှု သောမနဿသည် ဖြစ်ပေါ်၍ လာရပေသည်။ ဤသောမနဿသည်ပင်လျှင် ကာမဘုံမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းကောင်းလမ်းမြတ်ပေတည်း။

ထို့ကြောင့်-

ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန် သမ္ဗဟုလဘိက္ခုဝတ္ထု(နှာ-၆၂)အပုဒ်၃၇၄၌ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း၊ သုံးသပ်ဆင်ခြင်တိုင်း နှစ် သက် မှု ပီ တိ ဝမ်းမြောက်မှု ပါမောဇ္ဇကိုရ၏။ ထိုနှစ်သက်ဝမ်းမြောက်မှု သည်ပင် တရားမှန်ကိုသိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်း ပင်တည်း။

၎င်းပြင်-

မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်ဗောဓိရာဇကုမာရသုတ်(နှာ-၂၀၇)၌လာရှိသော ဗောဓိရာဇကုမာရမင်းသား၏အယူကို ကောက်နုတ်၍ဖေါ်ပြပါအံ့းမည်။

ဗောဓိမင်းသားသည် မြတ်စွာဘုရားအား "အသျှင်ဘုရား" "အကျွန်ုပ်အားချမ်းသာနှင့်ရင်နှီးသဖြင့်ချမ်းသာကိုမရနိုင်၊ဆင်းရဲဒုက္ခနှင့်ရင်းနှီးမှသာ သုခကိုရနိုင်၏ဟု၊ ဤသို့သော အကြံဖြစ်ပါသည်" ဟူ၍လျှောက်၏။

(နှာ-၂၉၅)မင်းသား ထိုငါ့အား- အားထုတ်ခြင်းကြောင့်ဖြစ်ကုန်သော ကြီးမားကြမ်းတမ်းစပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားခဲ့ကုန်သော် သမဏဗြာဟ္မဏ အားလုံး တို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်၏။ ဤခံစားခြင်းထက် မပိုလွန်။ ငါသည် ဤစပ်ရှားသော ပြုနိုင်ခဲသောအမှုကို ပြုကျင့်ခြင်း (ဒုက္ကရစရိယအကျင့်ကို ကျင့်ခြင်း)ဖြင့် လူတို့၏ ကုသိုလ်ကမ္မပထတရားထက်လွန်သော အရိယာဖြစ်ရန်စွမ်းနိုင်သော ဉာဏ်အမြင်အထူးကိုမရခဲ့။ သစ္စာလေးပါးကိုသိရန် အခြားလမ်းစဉ်ရှိသေးသလော ဟူ၍ ဤအကြံသည်ဖြစ်၏။ မင်းသား ထိုငါ့အား "ငါသည်ဖခမည်းတော်သကျမင်း၏လယ်ထွန်မင်္ဂလာအမှု၌အေးသောသပြေပင်ရိပ်ဝယ်ထိုင်လျက် ကာမဂုဏ်တို့မှကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' 'သုံးသပ်ခြင်း' 'ဝိစာရ' နှင့် တကွ ဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' 'ချမ်းသာခြင်း' 'သုခ' ရှိသော ပဌမစျာန်ကိုပြည့်စုံစေ၍ နေဘူးသည်ကိုအမှတ်ရ၏။ ဤပဌမစျာန်သည် သစ္စာလေးပါးတို့ကို သိခြင်းငှါ လမ်းစဉ်ဖြစ်တန်ရာ၏။" ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထိုငါ့အား "ဤသည်ပင်လျှင် သစ္စာလေးပါးတို့ကိုသိခြင်းငှါလမ်းစဉ်တည်း" ဟုအောက်မေ့ခြင်းသို့ အစဉ်လိုက်သောစိတ်သည်ဖြစ်၏။

ဤသုတ်တော်အရ မိမိကိုယ်၏ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်သော အတ္တကိလမထာနုယောဂ အကျင့်ကို ပယ်လျက် ချမ်းသာစွာ ကျင့်ခြင်းအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ရရှိစေနိုင်ပါသည်။

ၔင်းနောက်- သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန် ပေါဋ္ဌပါဒသုတ်(နှာ-၂၀၃)၌

(ငါဟောသည့်အတိုင်း ကျင့်လတ်သော် သင်တို့အား ညစ်ညူးစေတတ်သော ကိလေသာတရားတို့သည် ကင်းကုန်လတ္တံ့။ ဖြူစင်စေတတ်သော သမထဝိပဿနာတရားတို့သည်တိုးပွါးကုန်လတ္တံ့။ ပညာ၏ပြည့်စုံခြင်း၊ ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက်ရောက်၍ နေရကုန်လတ္တံ့။ဟု ငါဟော၏။

ပေါဋ္ဌပါဒသင့်အား ဤသို့သောအကြံသည် ဖြစ်သော်လည်း ဖြစ်ရာ၏။ ဟောသည့်အတိုင်း ကျင့်လတ်သော် ညစ်ညူးစေတတ်သော ကိလေသာတရားတို့သည် ကင်းကုန်လတ္တံ့။ ဖြူစင်စေတတ်သောသမထဝိပဿနာတရားတို့သည် တိုးပွါးကုန်လတ္တံ့။ ပညာ၏ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေရလတ္တံ့။ သို့ရာတွင် နေရခြင်းသည်ကား ဆင်းရဲသည်ဖြစ်လတ္တံ့ဟု ဖြစ်ရာ၏။

ပေါဋ္ဌပါဒဤအရာကိုဤသို့မမှတ်အပ်၊ ဤသို့ကျင့်လတ်သော် ညစ်ညူးစေတတ်သော ကိလေသာတရားတို့သည်လည်း ကင်းကုန်

လတ္တံ့။ ဖြူစင်စေတတ်သော သမထဝိပဿနာတရားတို့သည်လည်း တိုးပွါးကုန်လတ္တံ့။ ပညာ၏ပြည့်စုံခြင်း ပြန့်ပြောခြင်း ကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေရလတ္တံ့။ **ဝမ်းမြောက်ခြင်း ပါမောဇ္ဇသည်၎င်း နှစ်သိမ့်ခြင်းပီတိသည်၎င်း၊ ငြိမ်းအေးခြင်းပဿဒ္ဓိသည်၎င်း အောက်မေ့ခြင်းသတိသည်၎င်း ဆင်ခြင်ခြင်းသည် သမ္ပဇဉ်သည်၎င်း၊ ချမ်းသာစွာနေရခြင်းသုခ စသည်၎င်း ဖြစ်လတ္တံ့။**

ဤသုတ်တော်အရ စစ်မှန်သော ဝိပဿနာတရားကို ပွါးများ အားထုတ်၍နေရခြင်းအားဖြင့် စိတ်ဓါတ်ကျမှု ငြီးငွေ့မှု စိတ်ဆင်းရဲမှုမရှိကြောင်း ထင်ရှားပေသည်။

ဝမ်းမြောက်မှုပါမောဇ္ဇနှစ်သိမ့်ခြင်း ပီတိ စသည်တို့သည်သာလျှင် ဖြစ်ပေါ်၍လာရပေသည်။

၎င်းပြင် မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်သစ္စသတသုတ် (နှာ-၃၈၂)၌

အရိယသစ္စာလေးပါးသိမှုကို ဆင်းရဲခြင်း နှလုံးမသာယာခြင်း နှင့်တကွ ဖြစ်၏ဟုငါမဆို။

ရဟန်းတို့ စင်စစ်သော်ကား အရိယာသစ္စာလေးပါး သိမှုကို ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်၏ဟုငါမဆို။

၎င်းသုတ်များကိုထောက်ထား၍ စစ်မှန်သောဝိပဿနာ ဘာဝနာကို ပွါးများအားထုတ်ခြင်းကြောင့် နှစ်သိမ့်မှု ပီတိ ဝမ်းမြောက်မှုပါမောဇ္ဇတို့သည် ထိုယောဂီပုဂ္ဂိုလ်၏သန္တာန်၌ အစဉ်

ကိန်းအောင်းလျက်ရှိနေပါသည်။ထိုယောဂီသည် ဝိပဿနာတရား ကိုသတိရပြီးသည်နှင့် တပြိုင်နက် ပီတိပါမောဇ္ဇတို့သည် ဖြစ်ပေါ်၍ လာရပါသည်။ ထူးမြတ်သော တရားအရသာကိုလည်း သုံးဆောင်ရပါသည်။

၎င်းအချက်အလက်နှင့် ပတ်သက်၍ ကန်နီမြို့ ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး၏ သစ္စာပါရဂူကျမ်း(နှာ-၄၀၆)၌မှ ထုတ်နုတ်၍ဖော်ပြပါဦးမည်။

အခါတပါး၌ ပေါက္ခါပြည်ဝယ် နာဂုဏ်ငယ် မည်သော ရဟန်းက နာဂုဏ်ကြီးအား ရှေးပရိပိုက်မှု၌ တွေ့ဘူးသော အရိယပုဂ္ဂိုလ်ပုဂ္ဂိုလ်ကို လျှောက်ထား မေးမြန်းလေ၏။

နံပတ်(၁)ပုဂ္ဂိုလ်၏မူရင်းမှာ-အမောင်သောတာပန် အမောင်သည် ကေန်နိဗ္ဗာန်ကိုမြင်ဘူး၏ဟုဆိုသော် တပါးသော အရသာကို မြင်၍ တပါးသောအရသာကို စားရပါ၏လော။

နာဂုဏ်ကြီးပြောကြားအမိန့်ရှိလိုက်သည်၊ တပည့်နာဂုဏ်ငယ် နိဗ္ဗာန်ကိုမြင်သောသူသည် သေက္ခပုဂ္ဂိုလ်အား ဓမ္မရသ၊ အသေက္ခပုဂ္ဂိုလ်အား ဝိမုတ္တိရသကိုစားရမည်ငါ့ရှင်။

၎င်းပုဂ္ဂိုလ်၏ အဖြေအရ ကျင့်ဆဲပုဂ္ဂိုလ်သည် ဓမ္မအရသာကို သုံးဆောင်ရ၍ ပြုကျင့်ဘွယ်ကိစ္စ ပြီးဆုံးပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့မှာ ဓမ္မရသနှင့် ဝိမုတ္တိရသကိုပါ သုံးဆောင်တော်မူကြရပါသည်။ သောတာပန်ပုဂ္ဂိုလ် စသည့် အရိယာ ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့၏အဆင့်အတန်းအလျောက် ဓမ္မရသနှင့် ဝိမုတ္တိရသ

ကိုခံစား စံစားကြရပါသည်။ ဤသို့ သောတာပန် အစရှိသော အရိယာပုဂ္ဂိုလ်တို့သည် ဓမ္မရသဝိမုတ္တိရသနှစ်ပါးလုံးကိုအသီးသီး ခံစား စံစားရကြောင်းကို ရတနသုတ် ယေသုပ္ပယုတ္တာ မနသာ ဒဠှေနအပိုဒ်ကို ထောက်ရှုခြင်းအားဖြင့်သိရှိရပေသည်။

ဤသို့ ဝိပဿနာ အစစ်အမှန်ကို ပွါးများ အားထုတ်သော ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့သည် ဓမ္မရသကို သုံးဆောင်ရသည်မှာ ကေန်မလွဲပေ။ တရားဂုဏ်တော် (၆)ပါးတွင်လည်း ဓမ္မရသကို ကိုယ်တွေ့ လက်တွေ့ ခံစားစံစားရသော သန္ဒိဋ္ဌိကဂုဏ် ပညာရှိ သူ တော်ကောင်းတို့သည် အသီးအသီး မိမိတို့သဏ္ဍာန်၌ ချမ်းသာ သုခကို ထင်ထင်ရှားရှားခံစားသိမြင်နိုင်သော ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဂုဏ် ၄င်းဂုဏ်တော်နှစ်ပါး ပါရှိပါသည်။ ထိုတရားဂုဏ် တော်ခြောက်ပါးတို့နှင့်အတူတကွ ဓမ္မရသနှင့်ပြည့်စုံသော စစ်မှန် သောဝိပဿနာတရားတော်မြတ်ကို ကိုယ်တွေ့လက်တွေ့ လေ့လာ ပွါးများအားထုတ်သင့်လှပေသည်။

ဥပမာ—

ဆားအိုးထဲမှ "ဆား" နှင့် စာအုပ်ထဲတွင် ရေးသားထားသော "ဆား" ထိုဆားသည် ငံသောအရသာရှိ၏ဟု သိထားသော လူ တယောက်။

"ဆား"ကို ကိုယ်တိုင် လျက်ကြည့်သဖြင့် ငံသောအရသာကို ကိုယ်တွေ့လက်တွေ့ သိရသောလူတယောက်။

ထိုလူနှစ်ယောက်တို့သည် 'ဆား'၏ငံသောအရသာကို သိမြင် ရာ၌ အသိခြင်းမတူနိုင်သကဲ့သို့-

ထို့အတူ—

စာပေဗဟုသုတကို သင်အံ့ လေ့လာ ကျက်မှတ်၍ ထားသော ပညတ်အာရုံ မကင်းစင်သည့် သမုတိသစ္စာအသိနှင့်၊
ကိုယ်တိုင်ပွါးများအားထုတ်၍သိရသော ပရမတ္ထသစ္စာအသိ။
ထိုအသိနှစ်မျိုးသည်မတူညီနိုင်၊အသိမတူခြင်းကြောင့် အကျိုးသက်ရောက်မှုလည်းမတူနိုင်၊ထို့ကြောင့် သင်အံ့ကျက်မှတ်၍ထားခြင်းကြောင့် သိမြင်သောအသိအမြင်တွင် ရပ်တန့်၍မနေဘဲ ဆက်လက်၍ ဝိပဿနာတရားကိုအားထုတ်သင့်ပေသည်။
ဤသို့ ဝိပဿနာဘာဝနာကို ပွါးများအားထုတ်ရာတွင် နည်းမှန်လမ်းမှန်ဖြစ်စေရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန် ဒုတိယတွဲ (နှာ-၃၂၂၃) စိန္တာမယပညာ၊ သုတမယပညာ၊ ဘာဝနာမယပညာ၊ ဟူ၍ ပညာသုံးပါးကို ဟောထားတော်မူခဲ့ပါသည်။

ယင်းပညာသုံးပါးတွင်—

စိန္တာမယပညာနှင့် သုတမယပညာတို့ကို ရှေ့တန်းတင်၍ထားတော်မူခဲ့ပါသည်။ငင်းပညာနှစ်ပါးနှင့် ပြည့်စုံပြီးသည့်နောက်တွင် ပွါးများအားထုတ်ရန် ဘာဝနာမယပညာကို ဟောတော်မူပါသည်။
ထို့ကြောင့် ဝိပဿနာဘာဝနာကို အားမထုတ်မီ ရှေးဦးစွာ စိန္တာမယဉာဏ် သုတမယဉာဏ်တို့ဖြင့် ပြည့်စုံရန် လိုအပ်ပေသည်။
စိန္တာမယဉာဏ်ဆိုသည်မှာ- ကြံစည်တွေးတောခြင်းကြောင့် သိမြင်လာသော ဉာဏ်ကိုခေါ်ပါသည်။
သုတမယဉာဏ်ဆိုသည်မှာ-သက်ဆိုင်ရာဗဟုသုတများကို ရှာ

ဖွေစုံဆောင်းခြင်းကြောင့် သိမြင်၍လာသောဉာဏ်ကို ခေါ်ပါသည်။

မိမိတို့၏စိန္တာမယဉာဏ်ဖြင့် ကြံစည်တွေးတော၍ သိမြင်ထားသောရုပ်သည်ရှင်း၊ နာမ်သည်ရှင်း၊ ထိုရုပ်နာမ်တို့သည် ပရမတ္တရုပ်နာမ်အစစ်ဟုတ်သည် မဟုတ်သည်တို့ကို စစ်ဆေးဝေဘန်သုံးသပ်နိုင်ရန် သုတမယဉာဏ်ရှိရပေမည်။

ရှင်းသုတမယဉာဏ်နှင့် ပြည့်စုံနိုင်စေရန် စာပေကျမ်းဂန်များကို ကြည့်ရှုလေ့လာခြင်း။ တရားနာခြင်း၊ မသိလျှင် မေးမြန်းခြင်း ဗဟုသုတကို ရှာဖွေဆည်းပူးခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်ရပေမည်။ ဤသို့ပြုလုပ်ခြင်းကြောင့် သုတမယဉာဏ်သည် ပြည့်စုံ၍လာရပေမည်။

ဤစိန္တာမယဉာဏ်သည်၊ သုတမယဉာဏ်နှစ်ပါးတို့ဖြင့်ပြည့်စုံခြင်းကြောင့် သဏ္ဍာန်နိမိတ်၊ ပုံဟန်၊ အမူအရာ၊ အမည်နာမပညတ်တို့မှကင်းစင်သော ရုပ်အစစ်၊ နာမ်အစစ်၊ ပရမတ္တ အစစ်အမှန်ကို ထိုးထွင်းသိမြင်သော ဉာဏ်သည် ဖြစ်ပေါ်၍လာရပေသည်။ ဤသို့ပရမတ္တအစစ်အမှန်ကို ထိုးထွင်းသိမြင်၍ လာရခြင်းအကြောင်းမှာလည်း စိန္တာမယပညာ ၊သုတမယပညာတို့ကြောင့်ပင်ဖြစ်ပါသည်။

ရှင်းနောက် ဘာဝနာမယပညာဆိုသည်မှာ-

ရုပ်အစစ်၊ နာမ်အစစ်အပေါ်၌ ထိုရုပ်၊ နာမ်သဘောတရားတို့သည် မမြဲဆင်းရဲ အစိုးမရပါတကားဟု ရှုပွား၍နေခြင်းသည် ဘာဝနာမယပညာမည်၏။ ထိုဘာဝနာမယပညာကို ဆက်လက်၍ဖေါ်ပြသွားပါမည်။

ဘာဝနာမယပညာနှင့် ပတ်သက်၍ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် မဟာရာဟုလောဝါဒသုတ် (နှာ-၉၁)၌

ရာဟုလာ (၁) အတိတ် (၂) အနာဂါတ် (၃) ပစ္စုပ္ပန် လည်းဖြစ်သော (၄) အတွင်းအဇ္ဈတ္တသန္တာန်၌လည်းဖြစ်သော (၅) အပဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော၊ (၆) ရုန့်ရင်းကြမ်းသည်လည်း ဖြစ်သော၊ (၇) နူညံ့သိမ်မွေ့သည်လည်း ဖြစ်သော (၈) ယုတ်သည်လည်းဖြစ်သော (၉) မြတ်သည်လည်းဖြစ်သော (၁၀) ဝေးသည်လည်းဖြစ်သော (၁၁) နီးသည်လည်းဖြစ်သော အကြင်အလုံးစုံသောရုပ်သည်ရှိ၏။

**ထိုအလုံးစုံသောရုပ်သည် ငါပိုင်ဥစ္စာမဟုတ်။**

**ထိုအလုံးစုံသောရုပ်သည် ငါမဟုတ်။**

**ထိုအလုံးစုံသောရုပ်သည် မိမိကိုယ်အတ္တမဟုတ်ဟု** ဤသို့ထိုရုပ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုရမည်ဟု မိန့်တော်မူပါသည်။

ခန္ဓာဝဂ္ဂသံယုတ်သက္ကင္ဆာနသုတ်၌ လာရှိသည့်အတိုင်း "ရုပ်ကို သိ၏" ဟူရာ၌ "လေသည်ဝါယောဓါတ်ရုပ်တရား" ဟူ၍လူတိုင်း လူတိုင်းသိမြင်ကြပါသည်။ ၎င်းအသိအမြင်မျိုးထက် ကျော်လွန်၍ အဘိညာ ပရိညာပဟာနသုတ်၌ လာရှိသည့်အတိုင်း အထူးသိရန် ပိုင်းခြား၍ သိမြင်ရန်လိုအပ်ပေသည်။

**ဤကဲ့သို့ သိမြင်နိုင်ကြစေရန်-**

ဝါယောဓါတ် ရုပ်တရားကို အရှုခံထား၍ ရှုပွားရာတွင်

အတွင်းအဇ္ဈတ္တသန္တာန်ဟု ခေါ်ဆိုအပ်သော မိမိ၏နှာသီးဖျား တွင် တွေ့ထိ တိုးခတ် ရွေ့လျားနေသော လေသည် "လေဓါတ်" ပင်ဖြစ်ပါသည်။

အပဗဟိဒ္ဓသန္တာန်ဟု ခေါ်ဆိုအပ်သော အခြားအခြားသော ပုဂ္ဂိုလ် သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပေါ်၍နေသော လေသည် လည်း "လေဓါတ်"ပင်ဖြစ်ပါသည်။

ရှုန့်ရင်းကြမ်းတမ်းသောလေသည်လည်း "လေဓါတ်"ပင်ဖြစ် ပါသည်။

နူးညံ့သိမ်မွေ့သော လေသည်လည်း "လေဓါတ်" ပင်ဖြစ်ပါ သည်။

အဝေး၌ဖြစ်သော လေသည်လည်း "လေဓါတ်" ပင်ဖြစ်ပါ သည်။

အနီး၌ဖြစ်သော လေသည်လည်း "လေဓါတ်" ပင် ဖြစ်ပါ သည်။

၎င်းလေသည် မိမိ၏လေမဟုတ်၊ သူတပါး၏လေမဟုတ်၊ လေ ဓါတ်ခြင်း သဘောသဘာဝခြင်းအားဖြင့် ကွဲပြားခြားနားမှုမရှိ။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟု ခေါ်ဆိုအပ်သော သတ္တလောက တလောကလုံး၌ ရှိရှိသမျှကုန်သော ယင်းလေအားလုံးတို့သည် "လေဓါတ်" သဘာဝသာလျှင် ဖြစ်ပါသည်။

ထိုလေဓါတ်သည်ငါ့ဥစ္စာမဟုတ် ထိုလေဓါတ်သည်ငါမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာမဟုတ်၊ ထို "လေဓါတ်"သည်

ငါ၏ကိုယ်အတ္တမဟုတ်။ ထို "လေဓါတ်" ထဲ၌၊ ပုဂ္ဂိုလ် သတ္တဝါ ငါ စသည်တို့ကို စူးစမ်းရှာဖွေမရ။ ထိုကြောင့် ဤ "လေဓါတ်" ထဲ၌ ငါဟူသည်မရှိ။ ဤ "လေဓါတ်" ထဲ၌ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူသည်မရှိ။ ယင်း "လေဓါတ်"သည် အကြောင်းတရားတို့၏ ပြုပြင်စီရင်မှုကြောင့် ဖြစ်ပေါ်၍လာရသော ဓါတ်သဘာဝ သက်သက်သာတည်း။ ထိုကြောင့် "လေဓါတ်"သည် ငါမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်။

ထိုကြောင့်-

သဠာယတန သံယုတ် ပါဠိတော် မြန်မာပြန် ဆန္နသုတ် (နှာ-၂၇၆)၌-

ငါ့သျှင် ဆန္န စိတ်၌ မနောဝိညာဏ်၌ မနောဝိညာဏ်ဖြင့် သိအပ်သော တရား တို့၌ အဘယ်ကိုမြင်၍၊ အဘယ်ကိုအထူးသိ၍၊ စိတ်ကို မနောဝိညာဏ်ကို မနောဝိညာဏ်ဖြင့် သိအပ်သော တရား တို့ကို ဤကား ငါ့ဉစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ အတ္တမဟုတ်ဟု ရှုသနည်းဟုမေး၏။

ငါ့သျှင် သာရိပုတြာ စိတ်၌ မနောဝိညာဏ်၌ မနောဝိညာဏ်ဖြင့် သိအပ်သော တရား တို့၌ "ချုပ်မှု" ကို မြင်၍ "ချုပ်မှု" ကို အထူး သိ၍ စိတ်ကို မနောဝိညာဏ်ဖြင့် သိအပ်သော တရားတို့ကို ဤကား ငါ့ဉစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ အတ္တ မတ်ဟုဟု ရှုပါ၏ဟု လျှောက်၏။

ဋ္ဌင်းပါဠိတော်အရ ထို''လေဓါတ်''သည် အစဉ်မပြတ် ချုပ်ပျက်၍နေသော ဓါတ်သဘာဝ ဖြစ်ခြင်းကြောင့် ယင်း ''လေဓါတ်'' သည် ပုဂ္ဂိုလ်မဟုတ်နိုင်၊ သတ္တဝါမဟုတ်နိုင်၊ ငါမဟုတ်နိုင်၊ ပုဂ္ဂိုလ် သတ္တဝါမှ ကင်းသုံးသော ဓါတ်သဘာဝ သက်သက်သာလျှင် ဖြစ်၏။

ဓါတ်ဆိုသည်မှာ ''ဓါတု'' မှလာသော ပါဠိပျက်စကား ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမြန်မာပြန်ဒုတိယတွဲ (နှာ-၄၃၁) ၌ စီရင်တတ်သောကြောင့် ဓါတ်မည်၏။ မိမိတို့၏ အလိုသို့ဋ္ဌင်း၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏အလိုသို့ဋ္ဌင်း၊ လိုက်လျောခြင်းမရှိ။ အကြောင်းအားလျော်စွာ ပြုပြင်စီရင်ခြင်းကြောင့် ဖြစ်ပေါ်လာရသောသဘောတရားကို ဓါတုဓါတ်ဟုခေါ်ဆိုပါသည်။

ဤသို့မိမိတို့၏အသိဉာဏ်သည် ''လေ''တွင် ရပ်တန့်၍မနေဘဲ ''ဓါတ်'' သို့တိုင်အောင် ထိထိမိမိသိမြင်ရပေမည်။ ဤသို့ (၁၁) ဌာန၌ ဖြစ်ပေါ်၍နေသော အလုံးစုံသော လေတို့သည် ဓါတ်သဘာဝအားဖြင့် ကွဲပြားခြားနားမှုမရှိ၊ တသားတည်းသာလျှင် ဖြစ်၏။ တသဘောတည်းဖြစ်၏၊ ထို့ကြောင့် တလောကလုံး၌ ရှိရှိသမျှကုန်သော ထိုလေတို့ကို တပေါင်းတည်းပြု၍ 'လေဓါတ်' အနေအားဖြင့်ထိုးထွင်း၍သိမြင်ခြင်း၊ အထူးသိခြင်း၊ ပိုင်းခြား၍ သိခြင်းသည်သာလျှင် မိမိ၏လေ၊ သူတပါး၏လေ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ စသည်တို့၏သန္တာန်၌ ဖြစ်ပေါ်၍နေသော လေဟူ၍ 'လေဓါတ်' အပေါ်၌ စွဲယူမှတ်မှား၍နေသော အယူသည် ကင်းစင်၍သွားရပေသည်။

[ Hlaing 5 ]

ထို့ကြောင့် ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ၊စသည်တို့မှကင်းဆိပ်သော ထင်ရှားသောလေခါတ်အပေါ်၌ ထင်ရှားရှိသည့်အတိုင်း ဉာဏ်ပညာဖြင့်ထိုးထွင်း၍ သိအပ်ပေသည်။ ဤသို့သိမြင်ခြင်းသည်သာလျှင်"ရုပ်ကိုသိ၏" ဟူသောသက္ကဋ္ဌာနသုတ်နှင့် ကိုက်ညီပေသည်။ ဝါယောဓါတ်ရုပ်ပရမတ်ကို သိသည်လည်းမည်ပေသည်။

ထိုထင်ရှားရှိသော "လေခါတ်" အပေါ်၌ ထို "လေခါတ်" ကိုပင် လေခါတ်ဟူ၍၎င်း၊ ဝါယောဓါတ်ဟူ၍၎င်း၊ ပရမတ္တဟူ၍၎င်း၊ ပရမတ်ဟူ၍၎င်း၊ ရုပ်တရားဟူ၍၎င်း၊ ပညတ်၍ ထားအပ်သော အမည်နာမ အမျိုးမျိုးတို့သည် ဘုရား၊ ရဟန္တာ၊ အရိယာအသျှင်သူမြတ်တို့ တရားဟောပြောပြသရာတွင် ခေါ်ဝေါ်သုံးစွဲတော်မူကြသော စကားလုံးများပင်ဖြစ်ကြပါသည်။ ယင်းစကားလုံးတို့သည် ပရမတ္တသဘာဝကို ထိုးထွင်း၍ပြသရာတွင် ပရမတ္တနှင့်အနီးကပ်ဆုံးသော စကားလုံးများဖြစ်ခြင်းကြောင့် ဝိဇ္ဇမာနပညတ်ဟုခေါ်ပါသည်။

ထို"လေခါတ်"ကိုပင် ရှူတာငါဘဲ၊ ရှိုက်တာငါဘဲ ပုဂ္ဂိုလ်သတ္တဝါဘဲဟု ခေါ်ဝေါ်ပြောဆိုကြခြင်းသည် အဝိဇ္ဇမာနပညတ်များ ဖြစ်ကြပါသည်။

ဤ "ဝါယောလေခါတ်" ရုပ်ပရမတ်ကဲ့သို့ပင် ရှူခြင်း၊ ရှိုက်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျှောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ စသောအမူအရာတို့တွင်တခုခုသောအမူအရာကိုပြုခြင်းပြုချင်၍နေသော ပြုလိုမှု စေ့ဆော်မှု စေတနာ၊ သင်္ခါရက္ခန္ဓာသဘောတရားသည် အာရုံပြုဆဲအခိုက်အတန့်၌ ထင်ရှားရှိ၏။ ထို

ထင်ရှားရှိသော ပြုလိုမှု စေတနာ နာမ်တရားသည် ငါ၏နာမ် မဟုတ်၊ ငါ၏စိတ်မဟုတ်၊ သူတပါး၏ နာမ်မဟုတ်၊ သူတပါး၏ စိတ်မဟုတ်။

မိမိသန္တာန်၌ဖြစ်သော ပြုလိုမှုစေတနာသည် 'စေတနာဓါတ်' ပင်ဖြစ်၏။

သူတပါးသန္တာန်၌ ဖြစ်သော ပြုလိုမှု စေတနာသည်လည်း "စေတနာဓါတ်"ပင်ဖြစ်၏။ ယုတ်သောစေတနာသည်၎င်း၊ မြတ်သော စေတနာသည်၎င်း၊ ထိုစေတနာတို့သည်လည်း "စေတနာဓါတ်" ပင်ဖြစ်၏။ မဟာရာဟုလောဝါဒသုတ်နှင့်အညီ (၁၁) ဌာနတို့၌ ဖြစ်သော စေတနာ တို့သည်လည်း "စေတနာဓါတ်" သည်သာလျှင်ဖြစ်၏။ အလုံးစုံသော စေတနာသည် တပေါင်းတည်းဖြစ်၏။ "စေတနာဓါတ်" သဘာဝအနေအားဖြင့် ကွဲပြားခြားနားမှုမရှိ။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူသမျှ သတ္တလောက တလောကလုံး၌ ဖြစ်ပေါ်လျက် ရှိသော စေတနာဓါတ်သည် တသဘောတည်းသာလျှင် ဖြစ်၏။ ယင်း စေတနာ ဓါတ် သည် သဘာဝသက်သက်သာတည်း။ ယင်းစေတနာဓါတ်ကိုပင်ငါဟူ၍ စွဲယူနေကြ၏။ ငါဟုထင်မှတ်နေကြ၏။ ငါဟူ၍ခေါ်ဝေါ်ပြောဆိုနေကြရ၏။ ယင်း "စေတနာဓါတ်" အပေါ်၌ နက်နက်နဲနဲ စဉ်းစားဆင်ခြင်သည်ရှိသော် ယင်း"စေတနာ"သည် ငါမဟုတ်။ ငါ၏ဥစ္စာမဟုတ်၊ ငါ၏အတ္တမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ လူ၊ နတ်၊ ဗြဟ္မာ၊မဟုတ်။ ယင်းစေတနာဓါတ်ထဲ၌ငါမရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ငါဟူသည်၎င်း၊ ပုဂ္ဂိုလ် သတ္တဝါ ဟူသမျှတို့သည် ၎င်း၊ ထို "စေတနာဓါတ်" ထဲတွင် စူးစမ်းရှာဖွေ၍မရ၊ ယင်း

"စေတနာဓါတ်" သည် အကြောင်းတရားတို့၏ ပြုပြင် စီရင်မှုကြောင့်ဖြစ်ပေါ်၍လာရသော ဓါတ်သဘာဝဖြစ်၍ ဖြစ်ပြီးလျှင် ချုပ်ပျက်၍သွားသော သဘာဝမျှသာတည်း။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါစသည်တို့မှ ကင်းသုဉ်းသော သဘောတရားတို့သာတည်းဟု (၁၁) ဌာနတို့၌ဖြစ်ပေါ်၍နေသော စေတနာ အားလုံးကို တပေါင်းတည်းပြု၍ "စေတနာဓါတ်" အနေအားဖြင့် ထိုးထွင်း သိမြင်ခြင်းသည် သက္ကဌာနသုတ်၌ လာရှိသည့်အတိုင်း "သင်္ခါရ" ကိုသိ၏ ဟူသော ပါဠိတော်နှင့် ကိုက်ညီပေသည်။

ဤသို့ အာရုံပြုဆဲခဏ၌ ထင်ရှားရှိသော "ပြုလိုမှု စေတနာသင်္ခါရက္ခန္ဓာဓါတ်" ကိုထင်ရှားရှိသည့်အတိုင်း မိမိတို့၏ဉာဏ်ဖြင့် ထိုးထွင်း သိမြင်ခြင်းသည် ပရမတ္ထ နာမ်တရားကို သိမြင်သည်မည်၏။

ထိုထင်ရှားရှိသော "ပြုလိုမှုစေတနာဓါတ်" အပေါ်၌ ထိုသဘောတရားကိုပင် ပြုလိုမှုသဘောတရားဟူ၍၎င်း၊ စေတနာဓါတ်ဟူ၍၎င်း၊ သင်္ခါရက္ခန္ဓာ ဟူ၍၎င်း၊ နာမ်တရားဟူ၍၎င်း၊ ပရမတ္ထဟူ၍၎င်း၊ ခေါ်ဝေါ်သမုတ်ခြင်းသည် ဝိဇ္ဇမာနပညတ်များဖြစ်ကြပါသည်။ ဝိဇ္ဇမာန ပညတ်ဟူသည်မှာ ထင်ရှားရှိသော ပရမတ်တရားတို့၏အပေါ်၌ တင်စား၍ ခေါ်ဝေါ်ထားအပ်သော အမည်များပင် ဖြစ်ပါသည်။ ယင်းဝိဇ္ဇမာနပညတ်သည် ပရမတ္ထအစစ်အမှန်ကို ထိုးထွင်း၍ပြဆိုရာ၌ ပရမတ္ထနှင့်အနီးကပ်ဆုံး ပရမတ္ထကိုသိမြင်နိုင်စေရန် အလွယ်ကူဆုံးသော စကား

လုံးများ ဖြစ်ကြပါသည်။ ထို့ကြောင့် တစ္ဆာပညတ်ဟူ၍လည်း ခေါ်ဆိုပါသည်။ တစ္ဆာပညတ်ဟူသည်မှာ ပရမတ် သဘော အားလျော်စွာဖြစ်လျက်၊ ပရမတ်သဘောကို သိစေတတ်သော ကြောင့် တစ္ဆာပညတ်ဟုခေါ်ပါသည်။

ထိုထင်ရှားရှိသော ပြုလိုမှုစေတနာကိုပင် ရှုချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်၊ သွားချင်တဲ့စိတ်၊ ရပ်ချင်တဲ့စိတ်၊ ထိုင်ချင်တဲ့စိတ်၊ လျောင်းချင်တဲ့စိတ်၊ သူ့စိတ်၊ ငါ့စိတ်၊ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန် စသည်တို့၏ စိတ်ဟု ခေါ်ဝေါ်ပြောဆိုသုံးစွဲ၍ နေကြခြင်းသည် အဝိဇ္ဇမာန ပညတ်များ ဖြစ်ကြပါသည်။

ဤသို့လျှင်-

၁။ အာရုံပြု၍ ရှုကြည့်ဆဲ ခဏတွင် ထင်ရှားရှိသော လေ သဘောတရားအပေါ်၌ သိမြင်သောဉာဏ်သည်၊ မိမိ၏ လေ သဘောတရားတွင် ရပ်တန့်၍မနေဘဲ၊ မဟာရာဟုလော ဝါဒသုတ် ၌လာရှိသည့်အတိုင်း (၁၁) ဌာနဖြစ်သော လေတို့ကို တပေါင်း တည်းပြု၍ "လေခေါ်" သဘာဝအနေအားဖြင့်ရှင်း။

၂။ ပွားများအားထုတ်ဆဲခဏတွင် ထင်ရှားရှိသော ပြုလိုမှု စေတနာအပေါ်၌သိမြင်၍နေသော ဉာဏ်သည်လည်း မိမိသန္တာန် ၌ ဖြစ်ပေါ်၍နေသော စေတနာတွင် ရပ်တန့်၍မနေဘဲ (၁၁) ဌာနတို့၌ဖြစ်ပေါ်၍နေသော စေတနာတို့ကို တပေါင်းတည်းပြု၍ "စေတနာခေါ်" အနေအားဖြင့်ရှင်း။

ဤသို့ "ဓါတ်" တိုင်အောင် ထိုးထွင်းသိမြင်ကြရန် လိုအပ်ပေသည်။ သာမန်အသိဖြစ်သော ရုပ်နာမ်ကိုသိမြင်သော အသိအမြင်ထက် လွန်ကဲထူးခြားစွာ ပရမတ္ထကို ထိုးထွင်းသိမြင်သောဉာဏ်၊ အထူးသိသောဉာဏ်၊ ပိုင်းခြား၍သိသောဉာဏ်၊ ထိုဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည်သာလျှင် စစ်မှန်သောဝိပဿနာဉာဏ်စဉ်များဖြစ်ပေါ်၍လာနိုင်ပေသည်။

ထို့ကြောင့် ဝိပဿနာတရားကို ပွားများ အားထုတ်ရာတွင် အရှုခံဖြစ်သော ရုပ်တရား နာမ်တရားတို့သည် အလုံးစုံသော ဝိဇ္ဇာမာနပညတ်၊ အဝိဇ္ဇမာနပညတ်၊ သဏ္ဌာနပညတ်၊ စသည်တို့မှ ကင်းစင်စေရန် အလွန်အရေးကြီးလှပေသည်။

ဤသို့ပညတ်အာရုံများမှ ကောင်းစွာစင်ကြယ်မှုရှိမှသာလျှင် အထက်၌ပြဆိုခဲ့ပြီးဖြစ်သော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်စိတ်သည် ဝိပဿနာဉာဏ်နှင့်ယှဉ်၍ ဖြစ်ပေါ်လာရပေသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်မြန်မာပြန် အာနာပါနဿတိကထာ သတောကာရိဉာဏ်အကျယ်ပြခြင်း(နှာ-၂၂၁)၌ဒုတိယ စတုက္ကနှင့် တတိယစတုက္က၌ ပီတိသုခဧကဂ္ဂတာကိလေသာမှလွတ်မြောက်သောစိတ် စသည်တို့၏ ဖြစ်ပေါ်လာရမှုကို ဟောတော်မူခဲ့ပါသည်။

၎င်းအာနာပါနဿတိကထာ၏မူရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ပဌမ စတုက္က

၁။ ထိုရဟန်းသည် သတိနှင့်ပြည့်စုံသည် ဖြစ်၍သာလျှင် ဝင်သက်ကိုရှူ၏။ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ထွက်သက်ကိုထုတ်၏။

၂။ ရှည်သောဝင်သက်ကိုမူလည်းရှူသည်ရှိသော် ရှည်သောဝင်သက်ကိုရှူ၏ဟုသိ၏။ ရှည်သောထွက်သက်ကိုမူလည်း ထုတ်သည်ရှိသော်ရှည်သောထွက်သက်ကိုထုတ်၏ဟုသိ၏။
တိုသောဝင်သက်ကို မူလည်း ရှူသည်ရှိသော် တိုသောဝင်သက်ကို ရှူ၏ဟု သိ၏။ တိုသော ထွက်သက်ကိုမူလည်း ထုတ်သည်ရှိသော် တိုသောထွက်သက်ကို ထုတ်၏ဟုသိ၏။

၃။ အလုံးစုံသောဝင်သက်"အဿာသကာယ"၏ အစ အလယ် အဆုံးကို ထင်ရှားအောင်ပြု၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏။
အလုံးစုံသော ထွက်သက် "ပဿာသကာယ"၏ အစ အလယ် အဆုံးကို ထင်ရှားအောင် ပြု၍ ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်၏။

၄။ ရုန့်ရင်းသော အဿာသဟုဆိုအပ်သော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊
ရုန့်ရင်းသော ပဿာသဟုဆိုအပ်သော ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။
(၎င်းပဌမစတုက္ကကို စိတ္တဝိသုဒ္ဓိတွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

## ဒုတိယစတုက္က

၁။ ပီတိကိုထင်ရှားအောင်ပြု၍။ ပ။

၂။ သုခကိုထင်ရှားအောင်ပြု၍။ ပ။

၃။ စိတ္တသင်္ခါရကိုထင်ရှားအောင်ပြု၍။

၄။ ရှုန့်ရင်းသောစိတ္တသင်္ခါရကိုငြိမ်းစေလျက်။

(၎င်းကို ပထမစျာန်နှင့်ယှဉ်သော ဝိပဿနာစိတ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

## တတိယ စတုက္က

၁။ စိတ်ကိုထင်ရှားအောင်ပြုသည်ဖြစ်၍၊

၂။ စိတ်ကိုအလွန်ဝမ်းမြောက်စေတတ်သည်ဖြစ်၍၊

၃။ စိတ်ကိုအာရုံ၌ကောင်းစွာထားသည်ဖြစ်၍၊

၄။ စိတ်ကိုလွှတ်စေသည်ဖြစ်၍၊

၎င်းတတိယစတုက္ကကို ရှင်းလင်းဖော်ပြပါအံ့မည်။

ဝိပဿနာတရားကို ပွါးများ အားထုတ်သောအခါတွင် ရုပ်နာမ်တို့၏မမြဲဆင်းရဲ အစိုးမရသောသဘောကို သိမြင်၍လာသော ဝိပဿနာဉာဏ်၊ ထိုဉာဏ်နှင့်ယှဉ်၍ဖြစ်သော 'သိစိတ်'သည် ထင်ရှားလာပါသည်။

ဤသို့ သိစိတ်သည် ထင်ရှားသည်နှင့်အမျှ ခုဒ္ဒကပါဠိတော် လာရှိသည့်အတိုင်း" နှစ်သက်မှုပီတိ၊ ဝမ်းမြောက်မှုပါမောဇ္ဇ" သည် ဖြစ်ပေါ်၍လာပါသည်။

ထိုနှစ်သက်မှု၊ ဝမ်းမြောက်မှုကြောင့်"စိတ်သည်" ဝိပဿနာ အာရုံ၌ ကောင်းစွာတည်ကြည်လာပါသည်။

ထိုသို့ သမာဓိရနေသည့်အခိုက်အတန့်၌ 'စိတ်သည်' နီဝရဏ တရားငါးပါးတို့မှရင်း၊ ကိလေသာတို့မှရင်း လွတ်မြောက်၍ နေ ပါသည်။

ဤသို့ သိမြင်လာအောင် ပွါးများ အားထုတ်၍နေခြင်းသည် တတိယစတုက္က နည်းကို ပွါးများအားထုတ်သည်မည်၏။

## စတုတ္ထ စတုက္က

၁။ အနိစ္စဟုအဖန်ဖန်ရှုသည်ဖြစ်၍၊

၂။ တပ်ခြင်းကင်းဖွယ်ဟု အဖန်ဖန်ရှုသည်ဖြစ်၍၊

၃။ ချုပ်ခြင်းကိုအဖန်ဖန်ရှုသည်ဖြစ်၍၊

၄။ တဖန် စွန့်ခြင်းကိုအဖန်ဖန်ရှုသည်ဖြစ်၍၊

ဝင်သက်ကိုရှုအံ့ဟု အားထုတ်၏။ တဖန်စွန့်ခြင်းကို အဖန်ဖန် ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟုအားထုတ်၏။

(၎င်းစတုတ္ထ စတုက္က အားထုတ်ပုံအားဆုတ်နည်းကို ရှေ့တွင် ဒိဿဝုဥပသကာသုတ်ဖြင့်ဖေါ်ပြထားပါသည်။ ရှေ့ဆက်လက်ပြီး ရှုစားတော်မူကြပါ။)

အထက်၌ ရေးသားဖေါ်ပြခဲ့ပြီးသည့်အတိုင်း သဘောတရားတို့အပေါ်တွင် 'ခါတ်'တိုင်အောင် ဉာဏ်ဖြင့် ထိထိမိမိထိုးထွင်းသိမြင်ပြီးသည့်နောက်တွင် မိမိအဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်၍နေသောသဘောတရားများအပေါ်၌ထင်ရှားရှိသောသဘောတရားတခုခုကိုမူတည်၍ ပွါးများ အားထုတ်ရပေမည်။ မိမိသန္တာန်၌ ထင်ရှားဖြစ်ပေါ်၍ နေသော "ပြုလိုမှုစေတနာ" ကို ရှုပွါးခြင်းအားဖြင့်(၁၁)ဌာနတို့၌ ဖြစ်ပေါ်၍နေသောစေတနာဓါတ်တို့ကို တပေါင်းတည်းပြု၍ စေတနာဓါတ်အနေအားဖြင့် အကြုံးဝင်ပြီး ဖြစ်ပါလိမ့်မည်။ အကြောင်းမှာမူကား–မိမိတို့၏ဉာဏ်ဖြင့် စေတနာကိုစေတနာဓါတ်တိုင်အောင် ထိထိမိမိ သိမြင်ထားပြီး သောကြောင့်ပင်တည်း။

အကယ်၍ ဗဟိဒ္ဓသဘောတရားတို့အပေါ်၌ ဉာဏ်မငုံမိသေးသည်ရှိသော်(ဝါ)အဇ္ဈတ္တနှင့်ဗဟိဒ္ဓသဘောတရားတို့ကို တပေါင်းတည်းပြု၍ ဝိပဿနာဉာဏ်၌ မထင်မြင်သေးသည်ရှိသော်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဥဒယဗ္ဗယဉာဏ်ပိုင်းတွင် **အဇ္ဈတ္တရုပ်နာမ်နှင့် ဗဟိဒ္ဓရုပ်နာမ်** တို့ကို တွဲ၍ တပေါင်းတည်းသော အခြင်းအရာအားဖြင့် ပွါးများ အားထုတ်နည်းကို ဖေါ်ပြထားပါသည်။

၎င်းနောက်၊

အာနာပါနအပေါ် မူတည်၍ ဝိပဿနာ ပွါးများ အားထုတ်ပုံအားထုတ်နည်းကို ဆက်လက်၍ ဖေါ်ပြသွားပါမည်။

## အားထုတ်နည်း အမှတ်စဉ် (၂)

# ဒိဋ္ဌိဝိသုဒ္ဓိ

ဝိပဿနာ ဉာဏ်စဉ် အမှတ်စဉ် ( ၁ )

နာမရူပပရိစ္ဆေဒဉာဏ်- နာမ်တရားနှင့် ရုပ်တရားကို

ပိုင်းခြား၍ သိသောဉာဏ်။

### ပရမတ်နာမ်တရားကို ပြဆိုခြင်း။

"ရှူမှုရှိုက်မှု" အပေါ်တွင် စူးစမ်းဆင်ခြင်ရာ၌ ရှူခြင်း၊ ရှိုက်ခြင်းအမှုတို့ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားမှာ ရှူလို ရှိုက်လိုသောစိတ် (ဝါ) ပြုလို၍ပြုလို၍နေသော စိတ်သဘော တရားပင်ဖြစ်ပါသည်။ ၎င်းစိတ်ကို ဉာဏ်၌ ထင်မြင်လာအောင် ဖမ်းယူပုံ ဖမ်းယူနည်းမှာ ရှူမှုရှိုက်မှုကို ပြုရာတွင်

ရှူပြီးလျှင် ရှိုက်ချင်သောစိတ်သည် ထင်ရှား ဖြစ်ပေါ်လာပါသည်။ ရှိုက်ပြီးလျှင် ရှူချင်သောစိတ်သည် ထင်ရှားဖြစ်ပေါ်လာပါသည်၊ အောင့်ထားလိုလျှင်လည်း အောင့်ထားလိုသောစိတ်သည် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် မည်ကဲ့သို့သော အပြုအမူ အနေအထားအမျိုးမျိုးတို့ပင် ဖြစ်စေကာမူ၊ ဤအပြုအမူကို

ဤလိုပြုလိုသော သဘောတရားသည် "စိတ် စိတ် စိတ်"ဟူ၍ ဆင်ခြင်ပါ။

ဤသို့ ထင်ရှားရှိသော စိတ်သဘောတရားကို ထင်ရှားရှိသည့်အတိုင်း မိမိတို့၏ဉာဏ်၌ ထိထိမိမိ တွေ့ထိသိမြင်၍ လာသည့်တိုင်အောင် ဆင်ခြင်ပါ။

ဤနေရာ၌ စိတ်ဟူ၍ ရေးသားဖော်ပြရခြင်းမှာ လူအများခေါ်ဝေါ် သုံးစွဲသည့်အတိုင်း "ပြုလိုမှုသဘော" ကိုပင် "ပြုလိုမှု စိတ်သဘောတရား" ဟူ၍၎င်း၊ ပြုလိုသောစိတ်ဟူ၍၎င်း၊ စိတ်ဟူ၍၎င်း၊ ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။ ဝိဉာဏ် ခြောက်ပါးနှင့် ဘဝင်စိတ်တို့ကို ဆိုလိုရင်းမဟုတ်ပါ။

ဤသို့ဆင်ခြင်ရာတွင် အတိတ်ကာလ၌ ဖြစ်ခဲ့ပြီးသော စိတ်သဘောတရားနှင့် အနာဂါတ်ကာလ၌ ဖြစ်လတံ့သော စိတ်သဘာဝကို အာရုံမပြုမူ၍ ပစ္စုပ္ပန်ခဏ၌ ရှိဆဲဖြစ်သော သဘောတရားကိုသာဆင်ခြင်ပါ။

ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် လောမသကင်္ဂိယဘဒ္ဒေကရတ္တ သုတ်( နှာ ၂၄၅ )ကို မှီငြမ်းပြုသည်။

ဤသို့ ထင်ရှားရှိသော စိတ်သဘာဝကို ထင်ရှားရှိသည့်အတိုင်း ထင်မြင်၍လာနိုင်စေရန်

အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန် အခိုက်အတန့်တွင် ထင်ရှားရှိဆဲဖြစ်သော ပြုလိုမှု စိတ်သဘောတရားအပေါ်၌ ထင်သောသတိ၊ ညှိစိုက်တည်ကြည်မှု သမာဓိ တို့ကို ဖြစ်စေလျက် ဤလိုပြုလို၍

ပြုလို၍ နေသော သဘောတရားသည် စိတ် စိတ် စိတ် ဟူ၍ ထင်ရှားရှိသော စိတ်သဘာဝကို ထင်ရှားရှိသည့်အတိုင်း၊ မိမိတို့၏ ဉာဏ်၌ ထင်မြင်လာသည့်တိုင်အောင် ဆင်ခြင်ပါ။

ဉာဏ်ဆိုသည်မှာ တွေ့ဝေမှုကင်းကွာလျက် အထူးထူးအပြားပြားအားဖြင့် ပိုင်းခြား၍ သိသောစိတ်၊ ထိုစိတ်နှင့်ယှဉ်၍ဖြစ်သောအိန္ဒြေစေတသိက်ကိုပင် ဉာဏ်ဟုခေါ်ဆိုပါသည်။

ဤမှအထက်၌ ဘာဝနာမယ ပညာခန်းတွင် ရှုချင်သောစိတ်၊ ရှိုက်ချင်သောစိတ်၊ အစရှိသော စိတ်များကို စုပေါင်း၍ ဤအမှုအရာ အပြုအမူတို့ကို ဤလိုပြုလိုသော "ပြုလိုမှု စိတ်သဘောတရား" ဟူ၍ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ရှုချင်သောစိတ်၊ ရှိုက်ချင်သောစိတ်၊ အောင့်ထားလိုသောစိတ်၊ သွားလိုသောစိတ်၊ ရပ်လိုသောစိတ်၊ ထိုင်လိုသောစိတ်၊ လျောင်းလိုသောစိတ်၊ ကွေးလိုသောစိတ်၊ ဆန့်လိုသောစိတ်၊ စသော အထူးထူးအပြားပြားသော အမှုအရာတို့ကို ပြုလုပ်လိုသော စိတ်တို့သည်များစွာရှိကြပါသည်။ ထိုဝေါဟာရစကားလုံးများသည် ထင်ရှားဖြစ်ပေါ်ဆဲဖြစ်သော နာမ်ဓါတ်အပေါ်၌ တင်စား၍ ခေါ်ဝေါ်သမုတ်ထားအပ်သော ပညတ်များပင် ဖြစ်ကြပါသည်။ ထိုစကားလုံးများသည် ထူးထွေ များပြားခြင်းကြောင့် ပရမတ္ထကို ပြဆိုရာတွင် ပရမတ္ထနှင့် အလှမ်းကွာဝေးနေသော စကားလုံးများအဖြစ်ဖြင့် တည်ရှိနေသကဲ့သို့ ဖြစ်နေကြရပါသည်။ ထို့ကြောင့် များပြားလှစွာသော ထိုဝေါဟာရ

စကားလုံးများကို သိမ်းရုံးစုစည်း၍ တပေါင်းတည်း တခုတည်းသော ဝေါဟာရစကားလုံးသို့ သက်ဝင်၍ လာနိုင်ကြစေရန် အောက်ပါအတိုင်း ဆင်ခြင်ပါ။

(က) အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ရှုဆဲခဏ ရှုချင်သောစိတ်သည် "စိတ်သဘောတရား" ပင် ဖြစ်ပါသည်။

(ခ) ရှိုက်ဆဲခဏ၌ ရှိုက်ချင်သော သဘောသတ္တိသည် "စိတ်သဘောတရား" ပင် ဖြစ်ပါသည်။

(ဂ) အာရုံပြုဆဲဖြစ်သော သွားဆဲခဏ၌ သွားချင်သော သဘောတရားသည် "စိတ်သဘောတရား" ပင် ဖြစ်ပါသည်။

(ဃ) ပစ္စုပ္ပန်ရပ်ဆဲ၊ ထိုင်ဆဲ၊ လျောင်းဆဲခဏ၌ ရပ်ချင်၊ ထိုင်ချင်၊ လျောင်းချင်သော သဘောသတ္တိသည် "စိတ်သဘောတရား" ပင် ဖြစ်ပါသည်။

(င) ကွေးဆဲ၊ ဆန့်ဆဲခဏ၌ ကွေးချင်၊ ဆန့် ချင် သော သဘောသတ္တိသည် "စိတ်သဘာဝ" ပင်ဖြစ်ပါသည်။

ဤသို့လျှင် ရှုချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်၊ သွားချင်တဲ့စိတ်၊ ရပ်ချင်တဲ့စိတ်၊ စသော ပညတ်တို့ကို ပဌမအဆင့် အနေအားဖြင့် ပယ်ခွါရပေမည်။

ရှုချင်၊ ရှိုက်ချင်၊ သွားချင်၊ ရပ်ချင်၊ ပြုလုပ်ချင်သော သဘောသတ္တိ တို့၏ အရင်းအမြစ် အကျဆုံးသော တပေါင်း

ဘည်း တခုတည်းသော ဝေါဟာရမှာ ဤအမှုကို ဤလိုပြုလို သော "ပြုလိုမှုစိတ်သဘောတရား"ပင် ဖြစ်ပါသည်။ ယင်း "စိတ် သဘောတရား" တည်းဟူသော ဝေါဟာရသည် သာလျှင် ပရမတ္ထကို ပြဆိုရာ၌ ယင်းပရမတ္ထနှင့် အနီးကပ်ဆုံးသော ဝေါ ဟာရပင် ဖြစ်ပါသည်။

ငင်းနောက်-

ယင်း "ပြုလိုမှု စိတ်သဘောတရား" ကိုပင် "သူ၏စိတ်" "ငါ၏စိတ်" ဟူသော အထင်ကို ဒုတိယ အဆင့်အနေနှင့် ထပ်၍ ပယ်ခွါရပေအုံးမည်။ ဤကဲ့သို့ ပယ်ခွါနိုင်အောင် အောက်ပါ အတိုင်း ဆင်ခြင်နိုင်မှသာလျှင် မိမိသန္တာန်၌ ဖြစ်ပေါ်နေသော "ပြုလိုမှု စိတ်သဘောတရား" ဟူ၍ငင်း၊ သူတပါး သန္တာန်၌ ဖြစ်ပေါ်နေသော "စိတ်သဘောတရား" ဟူ၍ငင်း၊ စွဲယူမှု ဒိဋ္ဌိ မှတ်မှားမှု သညာ သည် ကင်းကွာပေလိမ့်မည်။

ဤကဲ့သို့ စွဲယူမှုဒိဋ္ဌိ မှတ်မှားမှု သညာတို့မှ ကင်းစင်စေရန် မဟာရာဟုလော ဝါဒသုတ်နှင့်အညီ ဆင်ခြင်ရပေမည်။

ငင်းသုတ်၌-

အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ဆိုသည်မှာ ရှည်ရှည်ဝေးဝေး အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်၊ ကို ဆိုလိုရင်း မဟုတ်ပါ။ ယင်း ကာလသုံးပါးသည် အလှမ်းကွာဝေး၍နေခြင်းကြောင့် ဝိပဿနာ ရှုကွက်တွင် ပစ္စုပ္ပန်ခဏ၌ ထင်မြင်၍လာအောင် ရှုရန် မလွယ်ကူ ပါ။ မျက်စိတမှိတ် လျှပ်တပျက်အတွင်း၌ ဖြစ်ပေါ်၍နေသော

အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကို သိမြင်နိုင်မှသာလျှင် ဝိပဿနာ ဉာဏ်ဖြစ်ပေမည်။ ၎င်းကာလသုံးပါးကို ဆင်ခြင်သော ယောဂီသည် မျက်စိတမှိတ်အတွင်း၌ ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ခဏ၌ "ထင်ရှားရှိဆဲဖြစ်သော စိတ်သဘောတရား" ကို ထိုးထွင်းသိမြင်၍ နေရပေမည်။

ထိုသို့ ထိုးထွင်းသိမြင်နေဆဲခဏ၌ ထင်ရှားရှိဆဲစိတ်၏ မဖြစ်ပေါ်မီ ချုပ်ပျက်၍သွားသော ရှေးစိတ်သည် "အတိတ်စိတ်" ပင် ဖြစ်ပါသည်။

ထင်ရှားရှိဆဲစိတ်သည် "ပစ္စုပ္ပန်စိတ်" ပင်ဖြစ်ပါသည်။ ယင်းပစ္စုပ္ပန်စိတ်၏ ချုပ်လတံ့စိတ်သည် "အနာဂါတ်စိတ်" ပင် ဖြစ်ပါသည်။

ဤသို့ အတိတ်ကာလ၌ ဖြစ်ပြီးသောစိတ်သည်၎င်း၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်ဆဲစိတ်သည်၎င်း၊ အနာဂါတ်ကာလ၌ ချုပ်လတံ့သောစိတ်သည်၎င်း၊ ထိုစိတ်ဓါတ်သည် တမျိုးတစားတည်းသော "စိတ်ဓါတ်" သဘာဝမျှပင် ဖြစ်ပါသည်။

ဤသို့ ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲဖြစ်သောစိတ်ကို ထိုးထွင်းသိမြင်၍နေခြင်းအားဖြင့် ကာလသုံးပါးတို့တွင် ဖြစ်ပေါ်၍နေသောစိတ်သည် ထင်မြင်လာရပေသည်၊

ထို့ကြောင့်

၁။ အတိတ်စိတ်သည် "စိတ်ဓါတ် သဘာဝ" ပင် ဖြစ်ပါသည်၊

၂။ ပစ္စုပ္ပန်စိတ်နှင့်

၃။ အနာဂါတ်စိတ်တို့သည်လည်း "စိတ်ဓါတ်သဘာဝ"ပင် ဖြစ်ပါသည်။

၄။ မိမိသန္တာန်၌ ဖြစ်သော စိတ်သည်လည်း "စိတ်ဓါတ် သဘာဝ" ပင်ဖြစ်ပါသည်။

၅။ သူတပါးတို့၏သန္တာန် ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့၏ သန္တာန်၌ ဖြစ်သော စိတ်တို့သည်လည်း "စိတ်ဓါတ် သဘာဝ"ပင် ဖြစ်ပါသည်။

၆။ ကြမ်းကြမ်းတမ်းတမ်းကို ပူချင်သော စိတ်သည်လည်း "စိတ်ဓါတ်သဘာဝ" ပင်ဖြစ်ပါသည်။

၇။ ကောင်းမှုကုသိုလ် ပြုလုပ်လိုသော နူးညံ့သော စိတ်သည် လည်း "စိတ်ဓါတ်သဘာဝ" ပင်ဖြစ်ပါသည်။

၈။ ယုတ်ညံ့သော အကုသိုလ် စေတနာသည်လည်း "စိတ် ဓါတ်သဘာဝ" ပင်ဖြစ်ပါသည်။

၉။ ကုသိုလ်စိတ်၊ မဟာဂ္ဂုတ်ကုသိုလ်စိတ်၊ စသော မြင့်မြတ် သော စေတနာသည်လည်း "စိတ်ဓါတ်သဘာဝ" ပင် ဖြစ်ပါသည်။

၁၀။ အဝေး၌ရှိသော ပုဂ္ဂိုလ် သတ္တဝါ တို့၏ သန္တာန်၌ ဖြစ် ပေါ်နေသော ပူချင်သော စိတ်သဘောတရားသည် လည်း "စိတ်ဓါတ်သဘာဝ"ပင် ဖြစ်ပါသည်။

၁၁။ အနီး၌ရှိသော ပုဂ္ဂိုလ် သတ္တဝါတို့၏ သန္တာန်နှင့် မိမိ၏ သန္တာန်၌ဖြစ်သော ပူချင်၍နေသော သဘောသည် သည် "စိတ်ဓါတ်သဘာဝ"ပင် ဖြစ်ပါသည်။

ဤသို့ (၁၁) ဌာနၶ ဖြစ်ပေါ်၍နေသော "စိတ်သဘော တရား" တို့သည် အကြောင်းအားလျော်ညီစွာဖြစ်၍ ဖြစ်ပြီးလျှင် ချုပ်ပျက်၍နေသော ဓါတ်သဘာဝသာလျှင် ဖြစ်ကြပါသည်။

မိမိ၏သန္တာန်၌ပင်ဖြစ်စေ၊ သူတပါးတို့၏ သန္တာန်၌ပင်ဖြစ်စေ ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့၏ သန္တာန်၌ပင်ဖြစ်စေ၊ ကုသိုလ်စိတ် ပင်ဖြစ်စေ၊ အကုသိုလ်စိတ်ပင်ဖြစ်စေ၊ ဖြစ်ပေါ်လာသော ပြုချင်မှု(ဝါ) ပြုလိုမှုစိတ်သဘာဝ သည် စိတ်ဓါတ်သဘာဝသက်သက်သာလျှင်ဖြစ်ပါသည်။ တလောကလုံး၌ ရှိရှိသမျှကုန်သော ပုဂ္ဂိုလ် သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ တို့၏သန္တာန်၌ ဖြစ်ပေါ်လျက်ရှိကြကုန်သော ထိုစိတ်ဓါတ်ကို ပေါင်းစုလိုက်ခြင်းအားဖြင့် နာမကာယဟုခေါ်ဆိုပါသည်။ ယင်းစိတ်ဓါတ်သည် တပေါင်းတည်း တစုတည်း၊ တမျိုးတစားတည်းသော စိတ်ဓါတ် သဘာဝပင် ဖြစ်ပါသည်။ ထိုစိတ်ဓါတ်သည် ဖြစ်ခြင်း၊ ပျက်ခြင်း၊ အခြင်းအရာတို့ဖြင့်သာလျှင် ပြီးသော ဓါတ်သဘာဝ ဖြစ်ခြင်းကြောင့် ထိုစိတ်ဓါတ်သည် ငါမဟုတ်နိုင်။ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်နိုင်။ ထိုစိတ်ဓါတ်သဘာဝထဲ၌ ငါကို ဖွေရှာ၍မရ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်တို့ကို ထိုစိတ်ဓါတ်ထဲ၌ စူးစမ်းရှာဖွေခြင်းအားဖြင့် မတွေ့မမြင်ရ။ စူးစမ်းရှာဖွေခြင်းအားဖြင့် တွေ့ထိသိမြင်ရသည်မှာ ထိုစိတ်ဓါတ်သည် ဖြစ်ပြီးလျှင် ချုပ်ပျက်၍နေသော အခြင်းအရာကိုသာလျှင် တွေ့မြင်ရပါသည်။ ဥပမာအားဖြင့်–

လောကဓါတ် သိပ္ပံနည်းအရ ရေကို ဓါတ်ခွဲကြည့်လိုက်လျှင် ထိုရေသည် ဟိုက်ဒရိုဂျင်နှင့်အောက်ဆီဂျင်ဓါတ်။ ထိုဓါတ်နှစ်မျိုး

ပင် ဖြစ်ပါသည်။ ရေကို ခါတ်ခွဲပြီးသည့်နောက်တွင် အောက်ဆီဂျင်ဓါတ် ဖြစ်၍သွားသောအခါ၌ ထိုအောက်ဆီဂျင်ဓါတ်သည် ရေမဟုတ်တော့ပေ။ ထိုအောက်ဆီဂျင်ဓါတ် ထဲ၌လည်း ရေကို ရှာဖွေ၍မရ။ထိုအောက်ဆီဂျင်ဓါက်သည် ရေမဟုတ်နိုင်တော့ပါ။

ထိုနည်းတူစွာ–

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်တို့ကို ဉာဏ်ပညာဖြင့် ဓါတ်ခွဲ၍ ရှုကြည့်ခြင်းကြောင့် နာမ်ဓါတ်၊ ရုပ်ဓါတ်၊ ထိုဓါတ်နှစ်ပါးတို့ကို ကွဲကွဲပြားပြား ပိုင်းခြားစွာ သိမြင်၍လာရပေသည်။ ထိုသို့ဉာဏ် ဖြင့် ထိုးထွင်း သိမြင်ပြီးသည့်နောက်တွင်–

အောက်ဆီဂျင်ဓါတ်သည် ရေမဟုတ်နိုင်ဘိသကဲ့သို့–

ထိုစိတ်ဓါတ်သည် ငါ မဟုတ်နိုင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်နိုင်။

အောက်ဆီဂျင်ဓါတ်ထဲ၌ ရေကိုရှာဖွေ၍မရဘိသကဲ့သို့

ထို·စိတ်ဓါတ်ထဲ၌ ငါ ကို ရှာဖွေ၍ မတွေ့မမြင်ရ။ ပုဂ္ဂိုလ်၊ သတ္တဝါတို့ကိုလည်း ထိုစိတ်ဓါတ်ထဲ၌ စူးစမ်းရှာဖွေခြင်းအားဖြင့် မတွေ့မမြင်ရ။

ထိုစိတ်ဓါတ်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်တို့မှ ကင်းဆိတ်သော စိတ်ဓါတ်သဘာဝသည်သာလျှင် ဖြစ်ပါသည်။

အောက်ဆီဂျင်ဓါတ်သည် အောက်ဆီဂျင်ဓါတ် သည်သာလျှင် ကေန်အမှန်ဖြစ်ဘိသကဲ့သို့၊ ထို စိတ်ဓါတ်သည် အမှန်စင်စစ် အားဖြင့် စိတ်ဓါတ်သည်သာလျှင်ဖြစ်ပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ ငါ၊ စသည်တို့ မဟုတ်နိုင်ပါ။

ဟိုက်ဒရိုဂျင်ဓါတ်သည်လည်း ဥပမာ ဥပမေယျ အားဖြင့် ၎င်းနည်းအတူပင်ဖြစ်ပါသည်။

ဤသို့လျှင် နာမ်ဓါတ်၊ ရုပ်ဓါတ်တို့အပေါ်၌ ထို နာမ်ဓါတ် ရုပ်ဓါတ်တို့သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ် ဟူသော အခြင်းအရာကို ဥပမာ ဥပမေယျတို့ဖြင့် မိမိတို့၏ဉာဏ်တွင် ပိုင်းပိုင်းခြားခြား ထိုးထွင်းသိမြင်ပြီးသည့်နောက်တွင်

မဟာရာဟု လောဝါဒသုတ်နှင့်အညီ ဆင်ခြင်ခြင်းအားဖြင့် (၁၁) ဌာနတို့၌ဖြစ်ပေါ်၍နေသော အလုံးစုံသော တရားတို့ကို စုပေါင်း၍ တပေါင်းတည်းသော တမျိုးတစားတည်းဖြစ်သော ဓါတ်သဘာဝ အနေအားဖြင့် ထိုးထွင်းသိမြင်၍ လာရပေသည်။

ထိုစိတ်ဓါတ်ကို ပေါင်းစုလိုက်ခြင်းအားဖြင့် နာမကာယဟု ခေါ်ဆိုပါသည်။ ယင်းစိတ်ဓါတ်သည် တပေါင်းတည်း၊ တစု တည်း၊ တမျိုးတစားတည်းသာ

ဤသို့ နတ်ပြဟ္မာ သတ္တဝါ ဟူသမျှ တလောကလုံး၌ ဖြစ်ပေါ်လျက်ရှိကြကုန်သော ပြုလို၍ပြုလို၍နေသော စိတ်သဘော တရားတို့ကို တပေါင်းတည်းသော "စိတ်ဓါတ်" သဘာဝအနေ အားဖြင့် ထိုးထွင်း သိမြင် ပြီးသည့် နောက်တွင် တတိယအဆင့် ဖြစ်သော "စိတ်ဓါတ်သဘာဝ" ဟူသော ဝိဇ္ဇမာန ပညတ်ကို ပယ်ခွါ ရပေအုံးမည်။

အာရုံပြုဆဲခဏ၌ ထို "စိတ်ဓါတ်" သဘာဝကို မိမိတို့ကိုယ်တိုင် မိမိတို့၏ဉာဏ်ဖြင့် ထင်ထင်ရှားရှား မျက်မှောက် ပြုနေကြရပါ

သည်။ ထိုးထွင်း သိမြင်၍ နေကြရပါသည်။ ထိုသို့ ထိုးထွင်း သိမြင်နေကြရသော ယင်းစိတ်ဓါတ်ကိုပင် "စိတ်ဓါတ်သဘာဝ" ဟူ၍ တင်စားပြီး ခေါ်ဝေါ် သမုတ်ကြရပါသည်။ ဤသို့ ခေါ်ဝေါ် သမုတ်ထားအပ်သော ဝေါဟာရပညတ်၊ ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ် တို့မှ လွတ်မြောက်၍ ထင်ရှားရှိသော စိတ်သဘာဝကို ထင်ရှားရှိသည့် အတိုင်း မိမိတို့၏ဉာဏ်ဖြင့် တွေ့ထိ သိမြင်၍ နေခြင်းသည် ပရမတ္ထ-"စိတ်ဓါတ်"ကို ထိုးထွင်း သိမြင်သည်မည်၏။ ထို"စိတ်ဓါတ်"သည် နာမ်ဓါတ် ဖြစ်ပါသည်။

ယင်း စိတ်ဓါတ်သဘာဝသည် အာရုံပြုဆဲ ခဏ၌ အဟုတ်ရှိ အမှန်ရှိသော သဘော၊ ဟုတ်မှန်သောသဘော ဖြစ်ခြင်းကြောင့် ပရမတ္ထ ဟူ၍၎င်း၊ ပရမတ္ထသစ္စာ ဟူ၍၎င်း၊ ထို စိတ် သဘော တရားသည် ထင်ရှားရှိခြင်းကြောင့် သဘာဝ ဟူ၍၎င်း ခေါ် ဆိုပါသည်။

ပရမတ္ထနှင့် သဘာဝမှာ စကားလုံးသာ ကွဲပြီး ဆိုလိုရင်း သဘောတရားမှာ အတူတူပင် ဖြစ်ပါသည်။ ပရမတ္ထတရားကိုပင် သဘာဝ ဟူ၍ ခေါ်ဆိုနိုင်ပါသည်။

ထိုထင်ရှားရှိသော စိတ်ဓါတ်သဘာဝကိုပင် ထင်ရှားရှိသည့် အတိုင်း ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နေခြင်းသည် ပရမတ္ထကို သိမြင်သည်မည်၏။

ထိုထင်ရှားရှိသော ပရမတ္ထ အပေါ်တွင် မည်ကဲ့သို့သော အမည်နာမ အမျိုးမျိုးတို့ဖြင့်ပင်ဖြစ်စေ၊ ထိုအမည်နာမအမျိုးမျိုး တို့ဖြင့် တင်စား၍ ခေါ်ဝေါ် သမုတ်သည်ရှိသော် ထိုသို့ ခေါ်

ဝေါသမုတ်မှု ဟူသမျှအားလုံးတို့သည် ပညတ် များဖြစ်၍သွား ရပေသည်။ ထို့ကြောင့် ရှေးဆရာတော်ကြီး များက ပရမတ် ဆတ်ဆတ်ပြောကြစို့ဟု ဆိုလျှင် ဘာမှမပြောဘဲ နှုတ်ပိတ်နေရုံ ပင် ရှိပါတော့သည်ဟု မိန့်တော်မူကြပါသည်။

အကြောင်းမူကား ထင်ရှားသိမြင်၍ နေရသော သဘော တရားတို့ အပေါ်၌ ထိုသဘောတရား တို့ကို အမည်နာမတပ်၍ ခေါ်ဝေါ်ပြောဆိုလိုက်လျှင် "ပညတ်" ဖြစ်၍ သွားခြင်းကြောင့် ပင်တည်း။ ထိုထင်ရှားရှိသော စိတ်ခေါ်အပေါ်၌ ထင်ရှားရှိ သည့်အတိုင်း မိမိတို့၏ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နေခြင်းသည် သာလျှင်" ပရမတ်ကို သိသည်မည်၏။ ဘူတသုတ်၌လာရှိသည့် အတိုင်း "ဤသည်ကား ခန္ဓာငါးပါးတည်းဟု ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် ရှုသည်မည်၏။ သတ္တင္ဂါနသုတ် ၌လာရှိသော- "သင်္ခါရကို သိ၏" ဟူသည်လည်း ဤအသိမျိုး ပင် ဖြစ်ပါသည်။

ဤသို့ ထင်ရှားရှိသော စိတ်ခေါ်ကို အရှုခံထား၍ ထိုစိတ် ခေါ်အပေါ်၌ ဝိပဿနာ ရှုပွားရပေမည်။ ဝိပဿနာ ရှုပွားရာ တွင် "စိတ်ခေါ်" ဟူ၍ အာရုံမပြုလျှင် မဖြစ် မခေါ်ဝေါ်လျှင် မဖြစ်ပေ။ ခေါ်ဝေါ် သုံးစွဲရပေမည်။

ဥပမာ- ရုပ်သေးဆရာသည် မိမိ၏ သစ်သားရုပ်များကို သစ် သားရုပ်မှန်း သိလျက်နှင့်ပင်၊ ဤကား မင်းသားရုပ်၊ ဤကား မင်းသမီးရုပ် စသည်ဖြင့် မခေါ်ဝေါ် မသုံးစွဲလျှင် လိုရာမပြီး ခရီးမရောက် ဖြစ်ဘတ်ပါသည်။ ထို့ကြောင့် ထိုဝေါဟာရများ ကို ခေါ်ဝေါ် သုံးစွဲရပေသည်။

ထိုနည်း တူစွာပင် ထင်ရှားရှိသော ပရမတ္တကို ထိုးထွင်း သိမြင်ပြီးသော ယောဂီသည် ထိုပရမတ် အပေါ်၌ ခေါ်ဝေါ် သမုတ်ထားအပ်သော ဝေါဟာရ များကို မသုံးစွဲလျှင် မဖြစ် တော့ပေ၊ ခေါ်ဝေါ် သုံးစွဲမှသာလျှင် မိမိအလိုအတိုင်း ပြီးစီး ရပေမည်။ ထိုသို့ ခေါ်ဝေါ်သုံးစွဲထားသော လောကဝေါဟာရ သည် ထင်ရှားရှိသော ပရမတ် အပေါ်၌ ခေါ်ဝေါ်ရုံမျှသာ လျှင် တင်စား၍ ခေါ်ဝေါ်သမုတ်ထားအပ်သော "ပညတ်"များ သာလျှင် ဖြစ်ကြောင်း သိထားရပေမည်။

ထိုပညတ် တို့တွင်–

(က) ထိုထင်ရှားရှိသော ပြုလိုမှု သဘောတရား အပေါ်၌ ထိုသဘောတရား ကိုပင် စွဲယူ၍ ထိုသဘောတရားကိုပင် ပြုလိုမှု သဘောတရား ဟူ၍၎င်း၊ ပရမတ္တ သစ္စာ ဟူ၍၎င်း၊ ပရမတ် ဟူ၍၎င်း၊ သဘောတရား ဟူ၍၎င်း၊ ပြုချင်တဲ့စိတ် ဟူ၍၎င်း၊ စိတ်သဘောတရား ဟူ၍၎င်း၊ နာမ်တရား ဟူ၍၎င်း၊ သင်္ခါရ တရားဟူ၍၎င်း၊ သဘာဝဓမ္မဟူ၍၎င်း၊ ဓါတ်ဟူ၍၎င်း၊ စသည် ဖြင့် ခေါ်ဝေါ် သမုတ်ထားခြင်းသည် ဝိဇ္ဇမာနပညတ်များ ဖြစ် ကြပါသည်။

ယင်း ဝိဇ္ဇမာန ပညတ် သည်လျှင် ပရမတ္တ သဘာဝကို ထိုး ထွင်း သိမြင်နိုင်ကြစေရန် ဟောပြောပြသရာ၌ ပရမတ်နှင့် အနီး ကပ်ဆုံးသော စကားလုံးများ ဖြစ်ကြပါသည်။ ဘုရား ရဟန္တာ အသျှင်သူမြတ် တို့သည် တရားဟောပြော ပြသ တော်မူကြရာ၌ ယင်းဝေါဟာရ များကို ခေါ်ဝေါ် သုံးစွဲတော်မူကြပါသည်။

ထို့ကြောင့် ဝိဇ္ဇမာန ပညတ်ဟု ခေါ်ပါသည်။ ယင်းပညတ် ပရမတ် သဘောကို ထိုးထွင်း၍ သိမြင် စေတတ်သောကြောင့် တဇ္ဇပညတ် ဟူ၍လည်း ခေါ်ဆိုပါသည်။

(ခ) အာရုံပြုဆဲ ဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှားမှုဆဲ ဖြစ်သော ပုလိုမှု သဘာဝတရား အပေါ်၌ ထိုသဘောတရားကိုပင် ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ငင်း၊ ယောကျ်ား၊ မိန်းမ၊ လူ နတ် ဗြဟ္မာ စသည်ဖြင့်ငင်း၊ ငါ ဟူ၍ငင်း စွဲယူမှု ထင်မှတ်မှု ခေါ်ဝေါ်ပြော ဆို သုံးစွဲမှု **အားလုံး တို့သည်** အဝိဇ္ဇမာန ပညတ်များ ဖြစ်ကြပါ သည်။

ငင်းဝိဇ္ဇာမာနပညတ်၊ **အဝိဇ္ဇာမာနပညတ်** ဝေါဟာရပညတ် များမှလွန်မြောက်၍ ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲဖြစ်သော (၁၁) ဌာန၌ ဖြစ်ပေါ်လျက်ရှိသော **ပုလိုမှု သဘောတရား** တို့ကို တပေါင်းတည်းပြု၍ ထင်ရှားရှိသည့်အတိုင်း ဉာဏ်ဖြင့် ထိုးထွင်း ၍ သိမြင်နေခြင်းသည် နာမ်၏ပရမတ္တကို သိခြင်းဖြစ်ပါသည်။ ယင်းဉာဏ်ကိုပင် နာမပရိစ္ဆေဒဉာဏ်ဟု ခေါ်ပါသည်။

## "ပရမတ်ရုပ်တရားကို ပြဆိုခြင်း"

ရှုမှုရှိက်မှုအပေါ်တွင် တဖန်ထပ်လောင်း၍ စူးစမ်း ဆင်ခြင် သည်ရှိသော်၊ ယင်းသို့ဆင်ခြင်သောခဏ၌ နှာသီးဖျားကို တိုးခတ် တွေ့ထိ၍နေသော ရွေ့လျားမှု သဘောတရားသည် ထင်ရှားရှိ ပါသည်။

ထိုရွေ့လျား၍နေသော သဘောတရားသည် "လေသဘော တရား" ပင်ဖြစ်ပါသည်။

ဤသို့ထင်ရှားရှိသော လေသဘောတရားကို ထင်ရှားရှိသည့်အတိုင်း မိမိတို့၏ဉာဏ်၌ ထိုးထွင်းသိမြင်၍ လာသည့်တိုင်အောင် ဆင်ခြင်ပါ။

ဤကဲ့သို့ ထင်မြင်၍ လာနိုင်ကြစေရန်-

အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်အခိုက်အတန့်တွင် ထင်ရှားရှိဆဲဖြစ်သော လေသဘောတရားအပေါ်၌ ထင်သော သတိ စူးစိုက်တည်ကြည်သော သမာဓိတို့ဖြင့် ပြည့်စုံစေလျက် တိုးခတ် တွေ့ထိခြင်းအားဖြင့် သိရသော ရွေ့လျားမှု သဘောတရားသည် လေ လေ-လေ ဟူ၍ ထင်ရှားရှိသောလေကို ထင်ရှားရှိသည့်အတိုင်း မိမိတို့၏ဉာဏ်၌ ထင်မြင်လာသည့်တိုင်အောင် ဆင်ခြင်ပါ။

ၑင်းပြင် ရှူတယ်၊ ရှိုက်တယ်၊ သွားတယ်၊ ရပ်တယ်၊ စသော ပညတ်များကို စုပေါင်း၍ တခုတည်းသော ဝေါဟာရအဖြစ်သို့ သက်ဝင်စေရန် အောက်တွင်ဖေါ်ပြထားသည့်အတိုင်း ဆက်လက်၍ ဆင်ခြင်ပါ။

(က) အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန် ရှူဆဲခဏ၌ နှာသီးဖျားကို တိုးခတ်၍သွားသော ရွေ့လျားမှု သဘောတရားသည် "လေသဘောတရား" ပင် ဖြစ်ပါသည်။

(ခ) ပစ္စုပ္ပန်ဖြစ်သော ရှိုက်ဆဲခဏ၌ နှာသီးဖျားကို တိုးခတ်၍ တိုးခတ်၍နေသော ရွေ့လျားမှုသဘောတရားသည် "လေသဘောတရား" ပင် ဖြစ်ပါသည်။

(ဂ) အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်သွားဆဲခဏ၌ တွန်းကန်သော သဘောသတ္တိသည် "လေသဘောတရား" ပင် ဖြစ်ပါသည်။

(ဃ) ရုပ်ဆဲ၊ ထိုင်ဆဲ၊ လျှောင်းဆဲခဏ၌ တောင့်ခံသော သဘောသတ္တိသည် "လေသဘောတရား" ပင်ဖြစ်ပါသည်။

(င) ပစ္စုပ္ပန်ဖြစ်သော ကွေးဆဲ၊ ဆန့်ဆဲခဏ၌ တွန်းကန်ရွေ့လျားသော . သဘောသတ္တိသည် "လေသဘောတရား" ပင်ဖြစ်ပါသည်။

ဤသို့ ရှုတယ်၊ ရှိုက်တယ်၊ သွားတယ်၊ ရပ်တယ်၊ စသော ဝေါဟာရ ပညတ်တို့သည် ရွေ့လျားမှု လေသဘောတရား၊ တောင့်ခံသော လေသဘောတရား၊ တွန်းကန်သော လေသဘောတရားတည်းဟူသော ဝေါဟာရသို့သက်ဝင်၍ လာကြရပါသည်။

ထိုရွေ့လျားမှု လေသဘောတရား၊ တွန်းကန်သော လေသဘောတရား၊ တောင့်ခံသော လေသဘောတရား၊ စသော ဝေါဟာရပညတ်တို့ကို ပဌမဦးစွာ ဖယ်ခွါရပေအုံးမည်။ ရွေ့လျားမှု လေသဘောတရားသည်လည်း "လေဓါတ်" ပင်ဖြစ်ပါသည်။ တွန်းကန်သော လေသဘောတရားသည်လည်း 'လေဓါတ်' ပင်ဖြစ်ပါသည်။ တောင့်ခံသော လေသဘောတရားသည်လည်း "လေဓါတ်" ပင်ဖြစ်ပါသည်။ ထို့ကြောင့် ရွေ့လျားမှု၊ တွန်းကန်မှု၊ တောင့်ခံမှု၊ ဟူသောအမည်နာမ ဝေါဟာရတို့၏ အရင်းအမြစ်အကျဆုံးသော ဝေါဟာရမှာ "လေဓါတ်"သည်သာလျှင် ဖြစ်ပါသည်။ ၎င်း "လေဓါတ်" ကိုပင် မှုတည်၍ ထိုလေဓါတ်" အပေါ်၌ အမည်နာမအမျိုးမျိုး ဖြစ်ပေါ်လာကြရပေသည်။

ဒုတိယအဆင့် အနေအားဖြင့် ထို "လေဓါတ်"ကိုပင် သူ၏ လေဓါတ်၊ ငါ၏လေဓါတ်ဟူသော အထင်အမြင်မျိုးမှ ကင်းပြတ် စေရန် မဟာရာဟုလောဝါဒသုတ်နှင့်အညီ ဆင်ခြင်ရပေမည်။

အတိတ်၊ အနာဂါတ်၊ပစ္စုပ္ပန်၊ ဆိုသည်မှာ ပစ္စုပ္ပန်တည့်တည့် ထင်ရှားရှိသော လေဓါတ်ကို ထိုးထွင်း သိမြင်နေခြင်းအားဖြင့်-

၁။ ထိုထင်ရှားရှိသော လေဓါတ်၏ ရှေး၌ ချုပ်သွားသော လေဓါတ်သည် "အတိတ်လေဓါတ်" ပင် ဖြစ်ပါသည်။

၂။ ထင်ရှားရှိဆဲဖြစ်သော လေဓါတ်သည် "ပစ္စုပ္ပန် လေ ဓါတ်" ပင်ဖြစ်ပါသည်။

၃။ ယင်းပစ္စုပ္ပန်ရှိဆဲ လေဓါတ်၏ ချုပ်လတံ့သည် "အနာ ဂါတ် လေဓါတ်" ပင်ဖြစ်ပါသည်။ အတိတ်ကာလ၌ ဖြစ်ပြီးခဲ့သော လေဓါတ်သည်ရင်း၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်ဆဲဖြစ်သော လေဓါတ်သည်ရင်း၊ အနာဂါတ်ကာလ ၌ ချုပ်လတံ့သော လေဓါတ်သည်ရင်း၊ ထိုလေဓါတ် တို့သည် တမျိုးတစားတည်းသော "လေဓါတ်"သဘာဝ ဓမ္မပင်ဖြစ်ပါသည်။

၄။ မိမိ၏ နှာသီးဖျား၌ ဖြစ်ပေါ်၍နေသော သေသည် လည်း "လေဓါတ်" သဘာဝပင်ဖြစ်ပါသည်။

၅။ သူတပါး၏သန္တာန်၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ တို့၏ သန္တာန်၌ ဖြစ်ပေါ်၍နေသော လေသည်လည်း "လေ ဓါတ်" သဘာဝပင် ဖြစ်ပါသည်။

၆။ ကြမ်းတမ်းသော လေသည်လည်း "လေဓါတ်"သဘာဝ ပင် ဖြစ်ပါသည်။

၇။ သိမ်မွေ့ နူးညံ့သော လေသည်လည်း "လေဓါတ်" သဘာဝပင် ဖြစ်ပါသည်။

၈။ မကောင်းသော အပုပ်နံ့ကို ဆောင်နှင်း၍ လာသော လေသည်လည်း "လေဓါတ်" ပင်ဖြစ်ပါသည်။

၉။ ကောင်းမြတ် မွှေးကြိုင်သောအနံ့တို့ကို သယ်ဆောင်၍ လာလောလေသည်လည်း "လေဓါတ်"ပင်ဖြစ်ပါသည်။

၁၀။ အဝေး၌ဖြစ်သော လေသည်လည်း "လေဓါတ်" ပင် ဖြစ်ပါသည်။

၁၁။ အနီး၌ဖြစ်သော လေသည်လည်း "လေဓါတ်"ပင် ဖြစ် ပါသည်။

ဤသို့ (၁၁)ဌာနတို့၌ ဖြစ်ပေါ်၍နေသော လေ သဘော တရားတို့သည် အကြောင်းတရားတို့၏ ပြုပြင်စီရင်မှုကြောင့် ဖြစ်ပေါ်လာရသော ဓါတ်သဘာဝပင် ဖြစ်ပါသည်။ ဖြစ်ပြီးလျှင် တည်တန့်ခိုင်မြဲမှုမရှိ။ ချုပ်ပျက်၍ ချုပ်ပျက်၍ နေကြရပါသည်။ ထိုသို့ ချုပ်ပျက်၍နေသော ဓါတ်သဘာဝ ဖြစ်ခြင်းကြောင့် ထို ဓါတ်သဘာဝသည် ငါမဟုတ်နိုင်။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်နိုင်။ ထိုဓါတ်သဘာဝ ထဲ၌ ငါ ကို ရှာဖွေ၍မရ။ ပုဂ္ဂိုလ် သတ္တဝါ တို့ကို ရှာဖွေ၍ မတွေ့မမြင်ရ။

ဤသို့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဟူသမျှ တလောကလုံး၌ ဖြစ်ပေါ်လျက် ရှိကြကုန်သော လေ သ ဘော တ ရား တို့ကို စုပေါင်း လိုက်ခြင်းအားဖြင့် ယင်း လေသဘောတရားကို ရူပ ကာယဟု ခေါ်ဆိုပါသည်။ ဤသို့ တစုတည်း၊ တပေါင်းတည်း သော၊ တမျိုးတစားတည်းသော **လေဓါတ်** အဖြစ်ဖြင့် ထိုးထွင်း သိမြင် ကြရပေမည်။ ဓါတ် တိုင် အောင် ဉာဏ်ဖြင့် ပိုင်းပိုင်း ခြားခြား ထိုးထွင်း သိမြင်ရပေမည်။

ထို**လေဓါတ်**သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ မဟုတ်ကြောင်း ကို ရှင်းလင်း ပြတ်သားစွာ ထင်မြင်နိုင်ကြစေရန် စိတ်ဓါတ် အခဏ်း၌ ပြဆိုခဲ့ပြီး ဖြစ်သော ရေကို ဓါတ်ခွဲ၍ ကြည့်သော ဥပမာကိုပင် ထပ်လောင်း၍ ပြဆိုရပေမည်။

**ရေကို ဓါတ်ခွဲ၍ ကြည့်လိုက်လျှင်-**

ထိုရေသည် ဟိုက်ဒရိုဂျင်ဓါတ်နှင့် အောက်ဆီဂျင် ဓါတ်သို့ ပြောင်းလဲ၍ သွားရပေသည်။

ထိုဟိုက်ဒရိုဂျင်ဓါတ်သည်ရေမဟုတ်။ထိုဟိုက်ဒရိုဂျင်ဓါတ်ထဲ၌ ရေကို ရှာဖွေ၍မရ။ ဟိုက်ဒရိုဂျင်ဓါတ်သည် ဟိုက်ဒရိုဂျင်ဓါတ် သာလျှင် ကေန်အမှန်ပင်ဖြစ်ပါသည်။ ထိုဟိုက်ဒရိုဂျင်ဓါတ်သည် ရေမဟုတ်နိုင်ကြောင်းကို မျက်ဝါးထင်ထင် သိမြင်ကြရပါသည်။

ထိုနည်းတူစွာ= ဟိုက်ဒရိုဂျင် ဓါတ် သည် ရေမဟုတ်နိုင်ဘိ သကဲ့သို့-

ထို လေ ဓါတ် သည် (ဝါ) ရုပ်ဓါတ်သည် ငါ မဟုတ်နိုင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်နိုင်။

ဟိုက်ဒရိုဂျင်ဓါတ်ထဲ၌ ရေကို ရှာဖွေ၍ မရဘိသကဲ့သို့-

ထိုလေဓါတ်ထဲ၌ ငါကိုရှာဖွေ၍မရ။ ပုဂ္ဂိုလ်သတ္တဝါ စသည်တို့ကိုလည်း ထိုလေဓါတ်ထဲ၌ စူးစမ်းရှာဖွေခြင်းအားဖြင့် မတွေ့မမြင်ရ။

ထိုလေဓါတ်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ စသည်တို့မှ ကင်းဆိတ်သော လေဓါတ် သဘာဝသည်သာလျှင် ကေန်အမှန်ပင်ဖြစ်ပါသည်။

ဟိုက်ဒရိုဂျင်ဓါတ်သည် ဟိုက်ဒရိုဂျင်ဓါတ် သည်သာလျှင် ကေန်အမှန် ဖြစ်ဘိသကဲ့သို့-

လေဓါတ်သည် အမှန်စင်စစ်အားဖြင့် လေဓါတ်သည်သာလျှင် ဖြစ်ပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ စသည်တို့ မဟုတ်နိုင်ပါ။

ဤသို့လျှင် နာမ်ဓါတ် + ရုပ်ဓါတ်တို့ အပေါ်၌၊ ထိုနာမ်ဓါတ်+ရုပ်ဓါတ်တို့သည် ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ် ငါ မဟုတ်ဟူသော အခြင်းအရာကို ဥပမာ+ဥပမေယျတို့ဖြင့် မိမိတို့၏ဉာဏ်တွင် ပိုင်းပိုင်းခြားခြား ထိုးထွင်း သိမြင်ပြီးသည့်နောက်တွင်-

တတိယအဆင့်အနေအားဖြင့်-

လေဓါတ် တည်းဟူသော ဝိဇ္ဇမာန ပညတ်ကို ပယ်ခွါ ရပေအံ့းမည်။

ထင်ရှားရှိသော လေဓါတ်ကို မိမိကိုယ်တိုင် မိမိတို့၏ဉာဏ်ဖြင့် ထင်ထင်ရှားရှား မျက်မှောက်ပြု နေရပါသည်။ ထိုးထွင်း

သိမြင်နေကြရပါသည်။ "လေဓါတ်" ဆိုသည်မှာ ထိုသို့ ထိုးထွင်း၍ သိမြင်နေကြရသော "ဓါတ်သဘာဝ" အပေါ်၌ ထို "ဓါတ်" ကိုပင် တင်စား၍ ခေါ်ဆိုထားသော ဝေါဟာရ ဖြစ်ပါသည်။

ယင်းဝေါဟာရကို မသုံးလျှင်မဖြစ် မခေါ်လျှင် မဖြစ်ခြင်းကြောင့် ခေါ်ဝေါ်ရုံမျှသာလျှင် ခေါ်ဝေါ် သုံးစွဲနေကြရပါသည်။ ထိုသို့ ခေါ်ဝေါ် သုံးစွဲမှု ဝေါဟာရ ပညတ် ဝိဇ္ဇမာန ပညတ် အဝိဇ္ဇမာန ပညတ် စသည့် တို့ကို ဖေါက်ထွင်း၍ ထင်ရှားရှိသော လေသဘောတရားကို ထင်ရှားရှိသည့်အတိုင်း မိမိ၏ဉာဏ်ဖြင့် တွေ့ထိ သိမြင်၍ နေခြင်းသည် "ပရမတ်လေဓါတ်" ကို သိမြင်သည် မည်၏။ ထိုလေဓါတ်သည် ရုပ်ဓါတ်ပင် ဖြစ်ပါသည်။

ယင်း လေသဘောတရားသည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ အ ဟုတ် ရှိ အမှန်ရှိသော သဘော ဖြစ် ခြင်း ကြောင့် ပရမတ္ထ ဟူ၍၎င်း၊ ပရမတ္ထသစ္စာ ဟူ၍၎င်း။

ထိုလေသဘောတရားသည် ထင်ရှားရှိခြင်းကြောင့် သက္ကာယ ဟူ၍ ခေါ်ဆိုပါသည်။

ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲဖြစ်သော လေသဘောတရားကိုပင် စွဲယူ၍ ထို လေသဘောတရား အပေါ်၌ အမည်နာမ အမျိုးမျိုး တို့ဖြင့် မည်ကဲ့သို့ပင် ခေါ်ဝေါ် ကြစေကာမူ- ထိုသို့ ခေါ်ဝေါ် သမုတ်ထားသည့် ဝေါဟာရ စကားလုံး မှန်သမျှ အားလုံးတို့သည် သမုတိသစ္စာများ သာလျှင် ဖြစ်ကြပါသည်။

ဝိဇ္ဇမာနပညတ် အဝိဇ္ဇမာနပညတ် စသည့်တို့ သည်လည်း ထိုထင်ရှားရှိဆဲ ဖြစ်သော "လေသဘောတရား" ကိုပင် စွဲယူ၍ ထို "လေသဘောတရား" အပေါ်၌ ပညတ်ထားသော ပညတ်များသာလျှင် ဖြစ်ကြပါသည်။

၎င်းပညတ်များကို လွန်မြောက်၍ ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲဖြစ်သော (၁၁)ဋ္ဌာန၌ ဖြစ်ပေါ်လျက်ရှိသော "ဝါယောဓါတ်" ရုပ်တရားကို ထင်ရှားရှိသည့်အတိုင်း ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နေခြင်းသည် ရုပ်၏ပရမတ္ထကို သိမြင်ခြင်းဖြစ်ပါသဖြင့် ရူပပရိစ္ဆေဒဉာဏ်ဟု ခေါ်ပါသည်။

## နာမ်ရုပ်တရား နှစ်ပါးကို တွဲ၍ ပြဆိုခြင်း

အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ရှူခြင်း ရှိုက်ခြင်း သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း စသော အလုံးစုံသော အမူအရာကြိယာတို့ အပေါ်၌ နက်နက်နဲနဲ စူးစမ်း ဆင်ခြင်သည့် ရှိသော်-

(၁) ဤအမူအရာကို ဤလိုပြုလိုသော ပြုချင်သော "**ပြုလိုမှုစိတ်သဘာဝ**" နှင့်

(၂) ယင်းပြုချင်သော စိတ်ကြောင့် ဖြစ်သော စိတ္တဇဝါယောဓါတ် တည်းဟူသော "**လေသဘာဝ**"။

ထိုသဘောတရားနှစ်ပါး တို့ကို ထိုးထွင်း သိမြင်၍ လာရပေသည်။

ယင်း "စိတ်နှင့်လေ" သဘာဝ နှစ်ပါး တို့သည် ဖြစ်ခြင်းကြောင့်သာလျှင် သွားခြင်း ရပ်ခြင်း စသော အမူအရာကြိယာများ ဖြစ်ပေါ်၍လာပေသည်။ ထို့ကြောင့် သွားခြင်း ရပ်ခြင်း စသည့် အမူအရာကြိယာတို့ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများမှာ "စိတ်ဓါတ်နှင့် လေဓါတ်" များပင် ဖြစ်ကြပါသည်။

ဥပမာ–

မင်းသားရုပ်၊ မင်းသမီးရုပ်၊ စသော သစ်သားရုပ်တို့သည် အလိုအလျောက် ခြေလှုပ်ခြင်း၊ လက်လှုပ်ခြင်း၊ ကခြင်း စသည်တို့ကို မပြုလုပ်နိုင်ကြပါ။ ကြိုးဆွဲဆရာက ကြိုးများကို ဆွဲသောအခါ၌ခြေကကြိုးကိုဆွဲလျှင် ခြေလှုပ်ခြင်း၊ လက်ကကြိုးကိုဆွဲလျှင် လက်လှုပ်ခြင်း စသည့်အမူအရာတို့သည် ဖြစ်ပေါ်၍ လာကြရပေသည်။

ထိုနည်းတူစွာ သမုတိရုပ်ဖြစ်သော ခန္ဓာအတ္တဘောသည် သူ့ဟာသူ အလိုအလျောက် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ စသည်တို့ကို မပြုလုပ်နိုင်။ ကြိုးဆွဲဆရာနှင့်တူသော "သွားချင်သောစိတ်" ကလည်း ဖြစ်ရပေမည်။ ထိုစိတ်ကြောင့် ကြိုးနှင့်တူသော "လေ" သည်လည်း ဖြစ်ရပေအုံးမည်၊ ထိုသို့ "စိတ်နှင့်လေ" နှစ်ပါးစုံဖြစ်မှသာလျှင် သွားသောအမူအရာသည် ဖြစ်ပေါ်၍ လာရပေသည်။ ထို "သွားသော" အမူအရာသည် အကျိုးတရား သမုတိသစ္စာပညတ်ဖြစ်၍ ဝိပဿနာဉာဏ်၏ အရာမဟုတ်သဖြင့် ဖြစ်-ပျက် ဟူ၍ မရှုအပ်။ ထို "သွားတယ်" ဟူ

သော အမူအရာကို ဖြစ်ပေါ်စေသော အကြောင်းတရားဖြစ်သော "စိတ်နှင့်လေ" တို့ကိုသာလျှင် ဝိပဿနာ ရှုရပေမည်။ သွားဆဲခဏ၌ ထင်ရှားရှိသော ပရမတ္ထ သဘောတရားမှာ ဖြစ်ဆဲ "စိတ်နှင့်လေ" ပင်ဖြစ်ပါသည်။

၎င်းကိုအကျယ်ချဲ့၍ ရှင်းလင်းဖော်ပြပါအုံးမည်။

(က) ရှုဆဲ၊ ရှိုက်ဆဲ၊ ခဏ၌ ရှုလိုသောစိတ်၊ ရှိုက်လိုသောစိတ်ဖြစ်ခြင်းကြောင့် "ရွေ့လျားမှု ထေသဘောတရား ဖြစ်ပေါ်၍ လာရပါသည်"။ ယင်း "စိတ်" နှင့် "လေ" ဖြစ်ခြင်းကြောင့် ရှုသော ရှိုက်သောအမူအရာ ကြိယာတို့သည်၎င်း၊ ယင်းအမူအရာ ကြိယာတို့အပေါ်၌ ရှုတယ်၊ ရှိုက်တယ်ဟု ခေါ်ဝေါ်သမုတ်ထားအပ်သော ပညတ်သည်၎င်း၊ ဖြစ်ပေါ်၍လာရပါသည်။

(ခ) သွားဆဲခဏ၌ သွားလိုသောစိတ်ဖြစ်ခြင်းကြောင့် တွန်းကန်သောလေ ဖြစ်ပေါ်၍လာရပါသည်။ ယင်းစိတ်နှင့်လေ ဖြစ်ခြင်းကြောင့် သွားသောအမူအရာ ကြိယာသည်၎င်း၊ ယင်းအမူအရာ ကြိယာအပေါ်၌ "သွားတယ်" ဟုခေါ်ဝေါ် သမုတ်ထားအပ်သော သမုတိသစ္စာသည်၎င်း၊ ဖြစ်ပေါ်၍လာရပါသည်။

(ဂ) ထိုင်ဆဲခဏ၌ ထိုင်လိုသောစိတ် ဖြစ်ခြင်းကြောင့် တောင့်ခံသောလေ ဖြစ်ပေါ်၍လာရပါသည်။ ယင်းစိတ်နှင့်လေ ဖြစ်ခြင်းကြောင့် "ထိုင်သော" အမူအရာ ကြိယာသည်၎င်း၊ ယင်းအမူအရာ ကြိယာအပေါ်၌ "ထိုင်တယ်" ဟု ခေါ်ဝေါ် သမုတ်ထားအပ်သော သမုတိသစ္စာပညတ်သည်၎င်း၊ ဖြစ်ပေါ်လာရပါသည်။

(ဃ) ထိုနည်းတူစွာပင် ကွေးဆဲ၊ ဆန့်ဆဲခဏ၌၊ ကွေးလို ဆန့်လိုသော စိတ်ဖြစ်ခြင်းကြောင့် တွန်းကန်ရွေ့လျားသောလေ ဖြစ်ပေါ် လာရပါသည်။ ယင်းစိတ်နှင့်လေ ဖြစ်ခြင်းကြောင့် ကွေးသော၊ ဆန့်သော အမူအရာ ကြိယာတို့သည်၎င်း၊ ယင်းအမူ အရာ ကြိယာတို့အပေါ်၌ ကွေးတယ်၊ ဆန့်တယ်ဟု အမည်နာမ အားဖြင့် ပညတ်ထားအပ်သော ပညတ်တို့သည်၎င်း၊ ဖြစ်ပေါ်၍ လာကြရပါသည်။

ထို့ကြောင့် အာရုံပြုဆဲ ပစ္စုပ္ပန်ခဏ၌—

(က) ပြုလိုမှုစိတ်သဘာဝနှင့် လေသဘာဝ နှစ်ပါးတို့၏ ဖြစ်ခြင်းကိုပင်လျှင် "ရှုတယ်" ဟူ၍၎င်း။

(ခ) ယင်း "စိတ်သဘာဝနှင့်လေသဘာဝ" တို့၏ဖြစ်ခြင်း ကိုပင်လျှင် ရှိုက်တယ်ဟူ၍၎င်း။

(ဂ) ယင်း "စိတ်သဘောတရားနှင့် လေသဘောတရား" တို့၏ဖြစ်ခြင်းကိုပင်လျှင် "သွားတယ်" ဟူ၍၎င်း။

(ဃ) ယင်း "ရုပ်နာမ်တရားနှစ်ပါး" တို့၏ ဖြစ်ခြင်းကိုပင် လျှင် "ထိုင်တယ်" ဟူ၍၎င်း။

(င) ယင်း "နာမ်ဓါတ်၊ ရုပ်ဓါတ်" နှစ်ပါးတို့၏ဖြစ်ခြင်းကို ပင်လျှင် "ရပ်တယ်" ဟူ၍၎င်း။

(စ) ယင်း "စိတ်နှင့် လေ" တို့၏ ဖြစ်ခြင်း ကိုပင်လျှင် "လျောင်းတယ်" ဟူ၍၎င်း။

(ဆ) ယင်း "စိတ်နှင့်လေ" တို့၏ဖြစ်ခြင်းကိုပင်လျှင် "ကွေး တယ်" ဟူ၍၎င်း။

(ဇ) ယင်း "စိတ်နှင့်လေ" တို့၏ ဖြစ်ခြင်းကိုပင်လျှင် "ဆန့် တယ်" ဟူ၍၎င်း၊ စသည်ဖြင့် အမူအရာ ကြိယာအမျိုး မျိုးတို့နှင့်တကွ ယင်းအမူအရာ ကြိယာ တို့အပေါ်၌ ခေါ်ဝေါ် သုံးစွဲ ထားအပ်သော အထူးထူးသော သမုတိသစ္စာ ပညတ်များသည် ဖြစ်ပေါ်၍ လာကြရ ပါသည်။

ထို 'စိတ်နှင့်လေ' တို့၏ အသစ်အသစ် အစဉ်မပြတ် ဖြစ်ပေါ် နေမှုတို့ကို ဉာဏ်ပညာဖြင့် ထိုးထွင်း၍ မသိမမြင်ခြင်းကြောင့်-

(က) 'ရှုချင်လို့ရှုတယ်' ဟူ၍၎င်း။

(ခ) 'ရှိုက်ချင်လို့ရှိုက်တယ်'ဟူ၍၎င်း။

(ဂ) 'သွားချင်လို့သွားတယ်' ဟူ၍၎င်း။

(ဃ) 'ရပ်ချင်လို့ရပ်တယ်' ဟူ၍၎င်း။

(င) 'ငါရှုတယ်' 'ငါရှိုက်တယ်' ဟူ၍၎င်း။

(စ) 'ငါသွားတယ်' 'ငါရပ်တယ်' ဟူ၍၎င်း၊

(ဆ) 'ငါထိုင်တယ်' 'ငါလျောင်းတယ်' ဟူ၍၎င်း။

(ဇ) 'ငါကွေးတယ်၊ ငါဆန့်တယ်' ဟူ၍၎င်း။

(ဈ) 'သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်' ဟူ၍၎င်း။ စသည်ဖြင့် ထင်မှတ်မှား၍နေကြရပါသည်။

စိတ်အသစ်အသစ်၊ လေအသစ်အသစ် အစဉ်မပြတ် ဖြစ်ပေါ် နေမှုတို့ကို ဉာဏ်ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိမြင်၍ နေသည်ရှိသော်-

(က) 'ရှုချင်လို့ရှုတယ်' ဟူသော မှတ်မှားမှု သညာသည် အလိုအလျောက် ကင်းစင်လွင့်ပျောက်၍ သွားရပေမည်။

(ခ) 'ရှိုက်ချင်လို့ ရှိုက်တယ်' ဟူသော မှတ်မှားမှုသညာသည်၎င်း၊

(ဂ) 'သွားချင်လို့သွားတယ်' ဟူသော မှတ်မှားမှုသညာသည်၎င်း၊

(ဃ) 'ငါရှူတယ်၊ ငါရှိုက်တယ်၊ ငါကွေးတယ်၊ ငါဆန့်တယ်' ဟူသော မှတ်မှားမှုသညာသည်၎င်း၊

(င) 'ငါထိုင်တယ်၊ ငါလျှောင်းတယ်၊ ငါကွေးတယ်၊ ငါဆန့်တယ်' စသော မှတ်မှားမှု သညာတို့သည်၎င်း၊

(စ) 'သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်' စသည်ဖြင့် မှတ်မှားမှုသညာတို့သည်၎င်း၊

ဤအလုံးစုံကုန်သော မှတ်မှားမှု သညာတို့သည် အလိုအလျောက် ကင်းစင်လွင့်ပျောက်၍ သွားရပေသည်။

အမှန်စင်စစ်အားဖြင့် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌၊ အဟုတ်ရှိ အမှန်ရှိ ဘကယ်ထင်ရှားရှိသော သဘောတရားမှာ

**'စိတ်နှင့်လေ'** တို့၏ အစဉ်မပြတ် အသစ်အသစ် ဖြစ်ပေါ်မှုသည် သာလျှင် ဖြစ်ပါသည်။

ထိုထင်ရှားရှိသော 'စိတ်နှင့်လေ' တို့၏အသစ်အသစ် ဖြစ်ပေါ်မှုအပေါ်၌ ထိုသဘောတရားတို့ကိုပင်၊ ရပ်တယ်၊ ထိုင်တယ်၊ လျှောင်းတယ်၊ ရှုတယ်၊ ရှိုက်တယ်၊ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲ၍ နေကြရပါသည်။ သို့ဖြစ်၍ ထိုအမူအရာ ကြိယာအားလုံးတို့အပေါ်တွင် နက်နက်နဲနဲ စူးစမ်းဆင်ခြင်သည်ရှိသော် ထင်ရှားရှိသော သဘောတရားများမှာ-

၁။ ဤအမူကို ဤပြုလိုသော စိတ်ဓါတ်သဘာဝ၏ ဖြစ်ပေါ်မှုနှင့်၊

၂။ ယင်းစိတ်ကြောင့်ဖြစ်သော လေသဘာဝ၏ ဖြစ်ပေါ်မှု (ဝါ) စိတ်နှင့်လေ ဖြစ်ခြင်းသည်သာလျှင် အမှန်ရှိသော သဘော၊ ထင်ရှားရှိသော ပရမတ္ထ သဘောတရားပင် ဖြစ်ပါသည်။

၎င်းကိုပင် ထပ်လောင်း၍ ဖေါ်ပြပါဦးမည်။

(က) ရှုလိုမှု၊ ရှိုက်လိုမှု၊ သွားလိုမှု၊ ရပ်လိုမှု၊ ကွေးလိုမှု၊ ဆန့်လိုမှုစသည့် အထူးထူးအပြားပြားသော ပြုလိုမှု၊ စိတ်သဘာဝတို့သည် ထင်ရှားရှိကြပါသည်။

(ခ) ထိုအထူးထူးအပြားပြားသော စိတ်သဘာဝတို့၏ ဖြစ်ခြင်းကြောင့် အထူးထူးအပြားပြားသော လေသဘာဝတို့သည်ဖြစ်ပေါ်၍ လာကြရပါသည်။

(ဂ) ထိုအထူးထူးအပြားပြားသော လေသဘာဝတရားတို့၏ ဖြစ်ပေါ်လာမှုကြောင့် အထူးထူး အပြားပြားသော အမူအရာကြိယာတို့သည် ဖြစ်ပေါ်၍လာကြရပါသည်။

(ဃ) ထိုအထူးထူးအပြားပြားသော အမူအရာ ကြိယာတို့၏ ဖြစ်ပေါ်မှုကြောင့် ယင်းအမူအရာကြိယာတို့အပေါ်၌ ခေါ်ဝေါ် သမုတ်ထားအပ်သော အထူးထူး အပြားပြားသော သမုတိသစ္စာသည်၎င်း၊ အမည်နာမ အားဖြင့် ပညတ်၍ ထားအပ်သော ပညတ်တို့သည်၎င်း၊ ယင်းသမုတ်သစ္စာပညတ်တို့သည် ဖြစ်ပေါ်၍ လာကြရပါသည်။

သို့ဖြစ်၍ အလုံးစုံကုန်သော ကြိယာပုတ်တို့၏ ဖြစ်ပေါ်မှုကိစ္စကို ပိုင်းခြားဝေဘန်သည်ရှိသော်-

(က) ရှုခြင်း၊ ရှိုက်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ကိုယ်အင်္ဂါ ကြီးငယ် လှုပ်ရှားခြင်းစသည့် အလုံးစုံသော အမူအရာကြိယာ ဟူသမျှတို့သည် ပညတ် အာရုံများသာလျှင် ဖြစ်ကြပါသည်။

(ခ) အမှန်စင်စစ်အားဖြင့် ထင်ရှားရှိသော သဘောတရားမှာ ပဓာနခကာ၌ ဤအမူအရာကို ဤလိုပြုလိုသော 'ပြုလိုမှုစိတ်သဘောတရား' နှင့် ထိုစိတ်ကြောင့်ဖြစ်သော 'လေသဘောတရား' တို့ပင် ဖြစ်ပါသည်။ ၎င်း 'ပြုလိုမှု

သဘောတရားနှင့် လေသဘောတရား’ တို့ကိုပင်လျှင် အာရုံပြုဆဲ ဖြစ်သော ပစ္စုပ္ပန်ခဏ၌၊ အမှန်ရှိသော သဘောတရား ဖြစ်ခြင်းကြောင့် ပရမတ္ထ ဟူ၍၎င်း၊ ပရမတ္ထသစ္စာ ဟူ၍၎င်း၊

ထိုသဘောတရားသည် ထင်ရှားရှိခြင်းကြောင့် သက္ကာယဟူ၍ ၎င်း၊ ခေါ်ပါသည်။

(က) ထိုပရမတ္ထ သဘောတရားသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ မဟုတ်ပင် မဟုတ်ငြားသော်လည်း၊ ထိုသို့ ထင်ရှားရှိသော ‘ပရမတ္ထ သဘောတရား’ အပေါ်၌ ထိုသဘောတရားကိုပင် ငါဟူ၍ ၎င်း၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဟူ၍၎င်း ခေါ်ဝေါ် သုံးစွဲနေကြရပါသည်။ ဤသို့ခေါ်ဝေါ် သုံးစွဲကြခြင်းသည် လောကဝေါဟာရ အလိုအားဖြင့် လိမ်လည်ပြောဆိုမှုမဖြစ်၊ အများပင် ခေါ်ဝေါ် သမုတ်ထားသည်မှာ မှန်ကန်ခြင်းကြောင့် သမုတိသစ္စာ ခေါ်ပါသည်၊ ယင်းသမုတိသစ္စာသည် ထင်ရှားရှိသော ပရမတ္ထသဘော တရားအပေါ်၌ ထိုသဘောတရားကိုပင် တင်စား၍ ခေါ်ဝေါ်ရုံ မျှသာလျှင် ခေါ်ဝေါ် သမုတ်ထားအပ်သော ဝေါဟာရများ ဖြစ်ကြောင်းကိုလည်း သိရှိထားရပေမည်။

(ခ) ပရမတ္ထ သဘောတရားသည် ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ အဘယ်ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်သနည်း ဟူမူ ပရမတ္ထ သဘောတရားတို့သည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၍ ဖြစ်ပြီးလျှင် တည်တန့်မှုမရှိ။ ချုပ်ပျက်၍နေကြ ရသော သဘောတရားများ ဖြစ်ခြင်းကြောင့်ပင်တည်း။ ထိုသို့

ချုပ်ပျက်၍နေကြရသော သဘာဝဓမ္မတို့အပေါ် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်တို့ကို စူးစမ်း ရှာဖွေခြင်းအားဖြင့် မတွေ့မမြင်ရ။ ထင်ရှားရှိသော စိတ်ဓါတ်နှင့် လေဓါတ် ပရမတ္ထတရား နှစ်ပါးကိုသာလျှင် မိမိတို့၏ဉာဏ်ဖြင့် တွေ့ထိ သိမြင်ရပါသည်။

ဥပမာ-ရောဝတီမြစ်ဟူ၍ ခေါ်ဝေါ် သမုတ်ထားအပ်သော ထိုမြစ်သို့ သွားရောက်ကြည့်ရှုရာတွင် ရောဝတီမြစ်ကို မတွေ့မမြင်ရပါ။ ထင်ရှားရှိသော ပထဝီအနေအထားနှင့် ရေစီးနေမှုကိုသာလျှင် တွေ့မြင်ကြရပါသည်။ အကယ်၍ ရောဝတီမြစ်ဟူ၍ ခေါ်ဝေါ် သမုတ်ထားအပ်သော ဝေါဟာရသည် ခေါ်ဝေါ်ထားသည့်အတိုင်း အမှန်တကယ် ရှိခဲ့ငြားအံ့။ ယင်းသို့အမှန်တကယ်ရှိခဲ့လျှင် အကြင်သူဘဦးတယောက်သည် ရောဝတီမြစ်ကို တွေ့လည်းမတွေ့ဘူး၊ ကြားလည်းမကြားဘူး၊ အကြားအမြင် ဗဟုသုတလည်းမရှိ။ ထိုသူသည် ၎င်းမြစ်သို့ ရောက်ရှိသည်နှင့် တပြိုင်နက် ဤကား ရောဝတီမြစ်ဟူ၍ လျင်မြန်စွာသိနိုင်ရာ၏၊ ပြောဆိုနိုင်ရာ၏။ ထိုသို့ကား မသိမမြင်နိုင်၊ မပြောဆိုနိုင်ပေ။ ထိုသူသည် သိမြင်၍နေရသည်မှာကား ထင်ရှားရှိသော ပထဝီအနေအထားနှင့် ရေစီးနေမှုပင် ဖြစ်ပါသည်။

တဘယ်ကြောင့်မသိနိုင်၊ မပြောဆိုနိုင်သနည်းဟူမူ၊ 'ရောဝတီမြစ်' ဟူသည်မှာ ထင်ရှားမရှိ၊ ထိုပထဝီအနေအထားနှင့် ရေစီးနေမှုသည်သာလျှင် ထင်ရှားရှိ၏။ ထိုထင်ရှားရှိသော ပထဝီအနေအထားနှင့် ရေစီးနေမှုကိုပင် ရောဝတီမြစ်ဟူ၍ တင်စားပြီး ခေါ်ဝေါ် သမုတ်ထားအပ်သော လောကဝေါဟာရ ဖြစ်ခြင်းကြောင့်ပင်တည်း။

ဤဥပမာကဲ့သို့ပင် အကြားအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ ဟူသမျှတို့သည် ပရမတ္ထ သဘောတရားထဲတွင်မရှိ။ ယင်းပရမတ္ထသဘောတရားတို့ကိုပင် တင်စား၍ ခေါ်ဝေါ်ရုံမျှ ခေါ်ဝေါ် သမုတ်ထားအပ်သော သမုတိသစ္စာ သာလျှင်ဖြစ်၏။

ထင်ရှားရှိသော ဟုတ်မှန်သော သဘောတရားများမှာ 'စိတ် စေတသိက်နှင့်လေစေတ်' သဘာဝဓမ္မသာလျှင် ဖြစ်၏။ ထိုထင်ရှားရှိသော သဘာဝဓမ္မသည်သာလျှင် ထင်ရှားရှိသော သဘောတရားဖြစ်ခြင်းကြောင့် ပရမတ္ထသစ္စာမည်၏ဟု သမုတိသစ္စာနှင့် ပရမတ္ထသစ္စာကို မရောမယှက်မူ၍ သူ့နေရာနှင့်သူ၊ သူ့နယ်ပယ်နှင့်သူ၊ သီးသန့်ပိုင်းခြား၍ သိမြင်ရပေမည်။ သမုတိသစ္စာကို သမုတိသစ္စာအလျောက် သိမြင်ရပေမည်၊ ပရမတ္ထသစ္စာကိုလည်း ပရမတ္ထ သစ္စာအနေအားဖြင့် သိမြင်ရပေမည်။

ဤသို့ နှစ်ဘက်မြင် မြင်သော အမြင်သည်သာလျှင် စစ်မှန်သော သမ္မာဒိဋ္ဌိအမြင် ဖြစ်ပါသည်။ ဤကဲ့သို့သော အသိအမြင်မျိုး မရရှိခဲ့ပါလျှင် "ပုဂ္ဂိုလ်သတ္တဝါမရှိ" ဟူသော တဘက်အစွန်းသို့ ရောက်၍ လောကီနှင့်ကင်းကွာပြီး လွတ်၍ သွားတတ်ပေသည်။

"ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏"ဟု တထစ်ချ စွဲယူထားပြန်လျှင်လည်း သက္ကာယဒိဋ္ဌိဖြစ်၍ သံသရာမှမလွတ်နိုင်။

ထို့ကြောင့်–

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ မြန်မာပြန် ကစ္စာနဂေါတ္တသုတ် (နှာ–၂၄၂) ၌

အသျှင်ဘုရား အဘယ်မျှဖြင့် မှန်သော အမြင်သမ္မာဒိဋ္ဌိ ဖြစ်ပါသနည်း ဟု ဤစကားကိုလျှောက်၏။

ကစ္စာန ဤသတ္တဝါအပေါင်းသည် များ သော အား ဖြင့် "ရှိသည်၏အဖြစ်"ကိုငင်း၊ "မရှိသည်၏အဖြစ်"ကိုငင်း၊ နှစ်ပါးကိုမှီ၏။ ကစ္စာန "အလုံးစုံသည်ရှိ၏" ဟူသော ဤအယူအဆသည် တခုသော အစွန်းပေတည်း။ "အလုံးစုံသည်မရှိ" ဟူသော ဤအယူသည်လည်း နှစ်ခုမြောက် ဖြစ်သော အစွန်းပေတည်း။ ကစ္စာန ဤနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် မြတ်စွာဘုရားသည် တရားတော် ဟောတော်မူ၏။ အဝိဇ္ဇာ အကြောင်းခံကြောင့် ပုဉ်စီရင်မှု သင်္ခါရတို့ ဖြစ်ကုန်၏။

ဤသို့လျှင် အစွန်းနှစ်ဘက်သို့ မကပ်ရောက်မူ၍ အပေါ်ယံပညတ်တို့ကို ခွါလှန်ဖေါက်ထွင်းပြီး ထင်ရှားရှိသော "ပြုစီရင်မှု သင်္ခါရက္ခန္ဓာခေါ်တ် နှင့် ရူပက္ခန္ဓာဖြစ်သော လေခေါ်တ်" တို့ကို ထင်ရှားရှိသည့်အတိုင်း သိမြင်ရန် အရေးကြီးပါသည်။ ထို "သင်္ခါရက္ခန္ဓာခေါ်တ်နှင့် ရူပက္ခန္ဓာခေါ်တ်"တို့သည်သာလျှင် ပရမတ္ထသစ္စာ ဟု ခေါ်ပါသည်။ ထိုထင်ရှားရှိသော ပရမတ္ထ အပေါ်၌ မည်ကဲ့သို့ပင် ဝေါဟာရအမျိုးမျိုးတို့ဖြင့် ခေါ်ဝေါ် သုံးစွဲစေကာမူ ထိုခေါ်ဝေါ်သုံးစွဲမှုအားလုံးတို့သည် သမုတိသစ္စာ ဖြစ်ပါသည်။ ဝိဇ္ဇမာန ပညတ် အဝိဇ္ဇမာန ပညတ် စသည်တို့ သည်လည်း ထိုထင်ရှားရှိဆဲ ဖြစ်သော ပရမတ္ထကိုပင် စွဲယူ၍ ထိုသဘောတရားအပေါ်၌ ဘင်စားပြီး ခေါ်ဝေါ်ထားအပ်သော ပညတ်များသာ ဖြစ်ကြပါသည်။

## ပရမတ္ထသစ္စာနှင့် သမုတိသစ္စာတို့၏ စွမ်းအင်ကိုပြဆိုခြင်း

က။ (၁) ပြုလိုမှုစိတ် သဘောတရားသည်ဝှင်း၊

(၂) လေ သဘောတရားသည်ဝှင်း။

ယင်းသဘောတရား နှစ်ပါးတို့တွင် တပါးပါးသော သဘောတရားသည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်အခိုက်အတန့်၌ အမှန်ရှိသော သဘောတရားပင် ဖြစ်ပါသည်။ ထိုသဘောတရားသည် အမှန်ရှိသော သဘောဖြစ်ခြင်းကြောင့် "ပရမတ္ထသစ္စာ" ဟူ၍ ခေါ်ဆိုပါသည်။

ခ။ အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်အခိုက်အတန့်တွင် ထိုအမှန်ရှိဆဲဖြစ်သော သဘောတရားအပေါ်၌ ထိုသဘောတရား ကိုပင် "ငါ"ဟူ၍ဝှင်း၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ဝှင်း စသည်ဖြင့် မည်ကဲ့သို့ အခေါ်အဝေါ် အသုံးအစွဲ အမျိုးမျိုးတို့ဖြင့် တင်စား ခေါ်ဝေါ် သုံးစွဲစေကာမူ ထိုခေါ်ဝေါ်သုံးစွဲမှုဟူသမျှ အားလုံးတို့သည် "သမုတိသစ္စာ" ဖြစ်ပါသည်။ ပညတ်ဟူ၍လည်း ခေါ်ဝေါ်ပါသည်။

ထိုခဏ၌ အမှန်ရှိသောသဘောတရားသည်သာလျှင်"ပရမတ္ထ" သစ္စာ ဖြစ်ပါသည်။ ထိုထင်ရှား ရှိဆဲဖြစ်သော သဘောတရားအပေါ်၌ ထိုသဘောတရားကိုပင် ထင်ရှားရှိသည့်အတိုင်း ဉာဏ်ဖြင့် ထိုးထွင်း သိမြင်၍နေခြင်းသည် "ပရမတ္ထသစ္စာ" ကို သိမြင်နေခြင်းပင် ဖြစ်ပါသည်။

ဤသို့"ပရမတ္ထသစ္စာ"ကို ထိုးထွင်း၍ သိမြင်သောဉာဏ်သည် သာလျှင် ဝိပဿနာဉာဏ်အရာ၌ အဓိက လိုရင်းအကျဆုံးသော

ဉာဏ်ပင်ဖြစ်ပါသည်။ အထက်ဉာဏ်စဉ်များကိုလည်း ဖြစ်ပေါ်၍ လာစေနိုင်ပါသည်။ ဤကား ပရမတ္ထ သစ္စာကို ထိုးထွင်းသိမြင် ရခြင်းကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်ပင် ဖြစ်ပါသည်။

ပရမတ္ထသစ္စာ အပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါမရှိ ဟူသော အသိဉာဏ်သည်ဖြစ်ပေါ်၍ လာပင်လာငြားသော်လည်း သမုတိသစ္စာ ကိုမူကား မပယ်စွန့်သေးပေ။ ထိုပရမတ္ထ သဘောတရားအပေါ်၌ ထိုသဘောတရား ကိုပင် လူ နတ် ဗြဟ္မာ သတ္တဝါစသည့် အမည်နာမ အမျိုးမျိုးတို့ဖြင့် ခေါ်ဝေါ် သမုတ်ထားခြင်းကြောင့် သမုတိသစ္စာနယ်ပယ်၌ ပုဂ္ဂိုလ်ရှိကြောင်း သတ္တဝါရှိကြောင်း တို့ကိုလည်း သတိပြုရပေမည်။

ထို့ကြောင့်–

တောင်လေးလုံး ဆရာတော်က စတုဂိရိရှုဘွယ်ကျမ်း ပဥ္စမတွဲ (နှာ-၃၅၂) ၌

လောက ဝေါဟာရအားဖြင့်ကား ခန္ဓာပဥ္စက ရုပ်နာမ် မှုကို ပုဂ္ဂလ သတ္တ ဇီဝ ပုရိသ ဟု ဆိုအပ်မည်လော? မဆိုအပ်မည်လော?

ဤသို့မေး၏-

အကယ်၍တည်း ခန္ဓာပဥ္စက ရုပ်နာမ် မှုကို ပုဂ္ဂလ သတ္တ ဇီဝ ပုရိသ ဟူသော လောကဝေါဟာရပင်တည်း မဆိုအပ်၊ မဆိုထိုက်၊ ဆိုတုံငြားအံ့၊ ထိုသူကို သာသနာတော်၌ ဧကန္တဗာလမတ္တကဟုမှတ်။

ခန္ဓာပဥ္စက ရုပ်နာမ်မျှပင် ဖြစ်ငြားသော်လည်း ဝေါဟာရ အားဖြင့် ပုဂ္ဂလ သတ္တ ဇီဝ ပုရိသ ဆိုထိုက်၏၊ ဆိုအပ်၏၊ ခေါ် ဝေါ်ထိုက်၏ဟု ဖြေဆိုကုန်အံ့- သာဓုခေါ်။

၎င်းပြင်-

ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် အနုရာဓသုတ်(နှာ-၉၁)၌

ရုပ်သတ္တဝါဟု ရှုသလော? မရှုပါ အသျှင်ဘုရား၊

ရုပ်၌ သတ္တဝါဟု ရှုသလော? မရှုပါ အသျှင်ဘုရား။

ရုပ်မှ တခြား၌သတ္တဝါဟု ရှုသလော? မရှုပါအသျှင်ဘုရား။

ရုပ်သည်သတ္တဝါဟု ရှုသလော? မရှုပါ အသျှင်ဘုရား။

ဤသတ္တဝါသည် ရုပ်မရှိ ဟု ရှုသလော? မရှုပါ အသျှင် ဘုရား။

၎င်းပါဠိတော်၌ ရုပ်ကိုသတ္တဝါဟု မရှု၊ ရုပ်၌ သတ္တဝါဟု မရှု၊ ရုပ်မှတခြား၌ သတ္တဝါဟုမရှု၊ ရုပ်သည် သတ္တဝါဟု မရှု။

ထိုသို့ မရှုပင် မရှုငြားသော်လည်း "ဤသတ္တဝါသည် ရုပ်မရှိ ဟု ရှုသလော" ဟူသော အမေးပြဿနာ၌-

ဤသတ္တဝါသည် ရုပ်မရှိဟု မရှုကြောင်း ဖြေဆို လျှောက် ထားသည်မှာ ထင်ရှားပါသည်။

ဤသို့ သမုတိသစ္စာနယ်ပယ်၌ 'ပရမတ္ထရုပ်' ကိုပင် 'သတ္တဝါ' ဟုတင်စား၍ ခေါ်ဝေါ် သမုတ်ထားကြရပါသည်။

၎င်းပြင်-

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် မြန်မာပြန် ဝဇိရာသုတ် (နှာ-၁၃၁)၌

မရ်နတ် သင်သည် အဘယ်ကို သတ္တဝါဟူ၍ ယုံကြည်ဘိသနည်း။ သင့်အား မကောင်းသောအမြင်သည် အစဉ်လိုက်၏။ ဤသတ္တဝါဟူသည် သင်္ခါရ အစုသက်သက်သာတည်း။ ဤသင်္ခါရအစု၌ သဘောအားဖြင့် သတ္တဝါဟူသည်ကို မရအပ်၊ အစိတ်အပိုင်း အဆောက်အဦရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ်ပြောဆိုသောအသံသည် ဖြစ်သကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါးတို့ ထင်ရှားရှိကုန်လတ်သော် သတ္တဝါဟူ၍ သမုတ်ခြင်းဖြစ်၏။

ဤသုတ်တော်အရ ထင်ရှားရှိသော ပရမတ္ထခန္ဓာငါးပါးတို့ကိုပင် သမုတိသစ္စာ အထိုအားဖြင့် သတ္တဝါဟူ၍ ခေါ်ဝေါ်သုံးစွဲနေကြရပါသည်။ ထို့ကြောင့် ယင်းသမုတိသစ္စာကို ပယ်စွန့်ခြင်းငှာ မတတ်ကောင်းပေ။

ဥပမာ

ရုပ်သေးဆရာသည် မိမိ၏သစ်သားရုပ်များကို သစ်သားရုပ်တွေမှန်း သိပင်သိငြားသော်လည်း ဤကားမင်းသား၊ ဤကားမင်းသမီး၊ ဤကားဆင်၊ ဤကားမြင်း၊ စသည်ဖြင့် မခေါ်ဝေါ်မသုံးစွဲလျှင် မိမိတို့၏ကိစ္စမပြီး၊ အလိုရှိရာသို့ မရောက်နိုင် ဖြစ်တတ်ပါသည်။ ထို့ကြောင့် ဤကားမင်းသား၊ ဤကားမင်းသမီး၊ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲရလေသည်။

ထိုနည်းတူစွာ ပရမတ္ထသဘာဝကို ဉာဏ်ပညာဖြင့်ကောင်းစွာထိုးထွင်း သိမြင်ပြီးဖြစ်သော ပုဂ္ဂိုလ်တို့သည် ထိုပရမတ္ထသဘောတရားတို့အပေါ်၌ ထိုသဘောတရားတို့ကိုပင် လောကဝေါဟာရအရအားဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ စသည်

ဖြင့် မခေါ်လျှင်မပြီး၊ မသုံးလျှင်မဖြစ်သောကြောင့် ခေါ်ဝေါ် ပြောဆိုကြရပါသည်။ ယင်းသို့ ခေါ်ဝေါ် ပြောဆိုကြခြင်းသည် လောက၌ လိမ်လည်မှု၊ မုသာဝါဒမဖြစ်၊ ခေါ်ဝေါ်သမုတ်ထားခြင်းမှာ အမှန်ပင်ဖြစ်ခြင်းကြောင့် သမုတိသစ္စာဟူ၍ ခေါ်ဆိုပါသည်။

ဤသို့လျှင် ပရမတ္ထသစ္စာနှင့် သမုတိသစ္စာတို့ကို သူ့နေရာနှင့်သူ သူ့နယ်ပယ်နှင့်သူ ပိုင်းခြား၍ သိမြင်ရခြင်း သည်သာလျှင် မှန်ကန်သော သမ္မာဒိဋ္ဌိအမြင် ဖြစ်ပါသည်။

လိုက်လျောညီထွေ ကျင့်တတ်စေ ဟူသော စကားအရ–

ပရမတ္ထသစ္စာနယ်ပယ်သို့ ရောက်လျှင် (ဝါ)တရားအားထုတ်လျှင် ပညတ်အာရုံများကို အာရုံမပြုရ၊ ပညတ်အာရုံများ လုံးဝ မဝင်စေရ။

လောကသမုတိ သစ္စာနယ်ပယ်သို့ ရောက်လျှင် သမုတိသစ္စာ နယ်ပယ်အလိုက် နေတတ်၊ ထိုင်တတ်၊ ပြောဆိုတတ်ကြရမည်။

ဘုရား၊ ရဟန္တာ အသျှင်မြတ်တို့သည် သမုတိသစ္စာကို ပယ်တော်မမူကြပါ။ ညီတော် အာနန္ဒာဟူ၍၎င်း၊ သားတော် ရာဟုလာ ဟူ၍၎င်း၊ ခေါ်ဝေါ်ကာမျှသာလျှင် ခေါ်ဝေါ်သုံးစွဲတော်မူကြပါသည်။ ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း ပုဂ္ဂိုလ်၊ သတ္တဝါ ဟူသော စွဲယူမှုဒိဋ္ဌိသည် အကြွင်းအကျန်မရှိတော့ပါ။ မဂ်ဉာဏ်ဖြင့် လုံးဝပယ်သတ်ပြီးဖြစ်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ခေါ်ဝေါ်သုံးစွဲမှု သမုတိသစ္စာ ဖြစ်သော ပညတ်ကိုလွန်မြောက်၍ သက္ကာယတည်းဟူသော ပရမတ္ထ

သစ္စာဖြစ်သော နာမ်တရား၊ ရုပ်တရားတို့ကို ထိုးထွင်း၍ မသိမမြင်နိုင်ကြပါ။ ခေါ်ဝေါ် သုံးစွဲသည့်အတိုင်းပင် စွဲယူမှု ဒိဋ္ဌိသည် ထိုပုဂ္ဂိုလ်တို့၏ စိတ်သန္တာန်၌ အလွန်ပြင်းထန်လှပါသည်။

ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာမူကား သွားဆဲ၊ ရပ်ဆဲ၊ ထိုင်ဆဲ၊ လျောင်းဆဲ၊ ဣရိယာပုတ်လေးပါးတို့၌၎င်း၊ ရှုဆဲ၊ ရှိုက်ဆဲ၊ ကွေးဆဲ၊ ဆန့်ဆဲ၊ ရှေ့သို့တက်ဆဲ၊ နောက်သို့ဆုတ်ဆဲ၊ မျက်တောင်ခတ်ဆဲ၊ စသည်တို့၌၎င်း၊ ထိုသို့ ကိုယ်အင်္ဂါကြီးငယ်တို့ကို လှုပ်ရှားခြင်းစသည့် အလုံးစုံသော အမူအရာတို့အပေါ်၌ ထိုအမူအရာအားလုံးတို့သည် ပညတ်အာရုံများသာလျှင် ဖြစ်ကြကုန်၏။ ယင်းအမူအရာအားလုံးတို့သည် ပြုလိုမှုစိတ်သဘာဝနှင့် ထိုပြုလိုမှုစိတ်သဘာဝကြောင့်ဖြစ်သော စိတ္တဇ ဝါယောဓါတ်တည်း ဟူသော "လေသဘာဝ" တို့ဖြစ်ခြင်းကြောင့်သာလျှင် ဖြစ်၏။ သွားသည်၊ ရပ်သည်မဟုတ်၊ငါမဟုတ်၊ အမှန်စင်စစ်အားဖြင့် ထင်ရှားရှိသော သဘောမှာ အာရုံပြုဆဲဖြစ်သော၊ ပစ္စုပ္ပန်ခဏ၌ဖြစ်ဆဲဖြစ်သော၊ ပြုလိုမှု စိတ်သဘာဝနှင့် လေသဘာဝတို့သည်သာလျှင် ဖြစ်၏ဟု ဤသို့သိပါသည်။

ဤကဲ့သို့ ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည်သာလျှင် နာမ်၏ပရမတ္ထ၊ ရုပ်၏ပရမတ္ထကို သိမြင်ခြင်းပင် ဖြစ်ပါသည်။ ဤသို့လျှင် သမုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်ပါးရှိရာတွင်—

(က) ပရမတ္ထသစ္စာသည် ဝိပဿနာတရားကို ပွားများ အားထုတ်ရာတွင် ယင်းပရမတ်ကို ထိုးထွင်းသိမြင်ရန် အဓိကလိုရင်း အကျဆုံးသော သစ္စာဖြစ်ပါသည်။ သို့မှသာ

လျှင် ဝိပဿနာဉာဏ်စဉ်များသည် ဖြစ်ပေါ်၍ လာစေနိုင်ပါသည်။

(ခ) သမုတိသစ္စာသည် ပယ်စွန့်၍ဖြစ်သော သစ္စာမဟုတ်ခြင်းကြောင့် ယင်းသမုတိသစ္စာကိုပင် အသုံးပြု၍ ခေါ်ဝေါ် သုံးစွဲနေရပါသည်။ သို့မှသာလျှင် လောကီကိစ္စ အဝဝတို့၌ မိမိတို့အလိုရှိရာ ပန်းတိုင်သို့ ရောက်ရှိနိုင်ပါလိမ့်မည်။ ဤသည်ပင်လျှင် သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ စွမ်းအင်ဖြစ်ပါသည်။

**ထိုပရမတ္ထသစ္စာ အပေါ်၌ မူတည်၍**
**သမုတိသစ္စာ ဖြစ်ပေါ်လာပုံကို ပြဆိုခြင်း။**

(၁) ပရမတ္ထသစ္စာ ရှိခြင်းကြောင့်သာလျှင် သမုတိသစ္စာသည်ရှိ၏။

(၂) ပရမတ္ထသစ္စာနှင့် ကင်း၍ သမုတိသစ္စာသည် မရှိနိုင်ပါ။

(၃) ပရမတ္ထ သဘာဝမှ တပါး အခြားတပါး ၌လည်း သမုတိ သစ္စာသည် မရှိနိုင်ပါ။

(၄) ပရမတ္ထသစ္စာသည် သမုတိသစ္စာမဟုတ်နိုင်ပါ။

(၅) သမုတိသစ္စာသည် ပရမတ္ထသစ္စာနှင့်ဆက်စပ်လျက်ရှိ၏။

ဥပမာ–

(၁) မြေကြီး ရှိခြင်းကြောင့်သာလျှင်၊ ၎င်းမြေဖြင့် ပြုလုပ်ထားသော ရေအိုး အင်တုံ အုဋ္ဌ စသည်တို့သည် ရှိကုန်၏။

(၂) ၎င်းမြေနှင့် ကင်း၍ ရေအိုး အင်တုံ အုဋ္ဌ စသည်တို့သည် မရှိနိုင်ပါ။

(၃) ၎င်းမြေမှတပါး၊ အခြားတပါး၌လည်း ရေအိုး အင်တုံ အုဋ္ဌ စသည်တို့သည် မရှိနိုင်ပါ။

(၄) ၎င်းမြေသည် ရေအိုး အင်တုံ အုဋ္ဌ စသည်တို့သည် မဟုတ်ပါ။

(၅) ရေအိုး အင်တုံ အုဋ္ဌ စသည်တို့သည် မြေဖြင့် ပြုလုပ်ထားခြင်းကြောင့် ဖြစ်ပေါ်လာရသော ပုံသဏ္ဌာန်နိမိတ်နှင့် ယင်းပုံသဏ္ဌာန်နိမိတ်ကို အစွဲပြု၍ ခေါ်ဝေါ် သမုတ်ထားအပ်သော အမည်နာမ ပညတ်များသာလျှင် ဖြစ်ကြပါသည်။ ၎င်း သမုတိသစ္စာ ဖြစ်သော ရေအိုး အင်တုံ အုဋ္ဌ စသည်တို့သည် မြေဖြင့် ပြုလုပ်ထားသော ဝတ္ထုပစ္စည်းများဖြစ်ခြင်းကြောင့် မြေဖြင့် ဆက်စပ်လျက် ရှိကုန်၏။

၎င်းဥပမာ ဥပမေယျတို့ကို ဆက်စပ်၍ ဖော်ပြပါအံ့မည်။

၁။ ပဉ္စုပ္ပန်ခဏ၌ ထင်ရှားရှိသော နာမ်ဓါတ် ရုပ်ဓါတ် ပရမတ္ထ သဘာဝတို့၏ ရှိခြင်းကြောင့်သာလျှင် သမုတိသစ္စာ ဖြစ်သော ငါသည်ရှိ၏။ ယောကျ်ား မိန်းမရှိ၏။

၂။ ထိုနာမ်ဓါတ် ရုပ်ဓါတ်သဘာဝ တို့နှင့်ကင်း၍ တခြားတပါး၌လည်း ငါဟူသည်မရှိ ယောကျ်ား ဟူ၍မရှိ၊ မိန်းမဟူ၍မရှိ။

၃။ ထိုနာမ်ဓါတ် ရုပ်ဓါတ်သဘာဝမှတပါး အခြား တပါး ၌လည်း ငါဟူ၍မရှိ၊ ယောကျ်ားဟူ၍မရှိ၊ မိန်းမဟူ၍ မရှိ။

၄။ ထိုနာမ်ဓါတ် ရုပ်ဓါတ်တို့သည် ငါမဟုတ်၊ ယောကျ်ား မဟုတ်၊ မိန်းမ မဟုတ်။

၅။ ငါဟူသည်ရှင်း၊ ယောကျ်ား မိန်းမဟူသည်ရှင်း သမုတိ သစ္စာသာလျှင် ဖြစ်ကြကုန်၏။ ထိုသမုတိ သစ္စာသည် အမှန်ရှိဆဲ ဖြစ်သော နာမ်ဓါတ် ရုပ်ဓါတ် ဓါတ် သဘာဝမှ တို့အပေါ်၌ ထိုသဘာဝတရား တို့ကိုပင် ငါဟူ၍ရှင်း၊ ယောကျ်ား မိန်းမဟူ၍ရှင်း၊ ခေါ်ဝေါ် သမုတ်ထားခြင်း ဖြစ်ပါသဖြင့် ပရမတ္ထသစ္စာနှင့် ဆက် စပ်လျက် ရှိကြကုန်၏။

ထို့ကြောင့်-

(က) အစဉ်မပြတ် ဖြစ်ပျက်၍နေသော ထိုနာမ်ဓါတ် ရုပ် ဓါတ် ပရမတ္ထ သဘာဝ တို့အပေါ်၌ ထိုသဘောတရားတို့သည် ယခု ပစ္စက္ခဘဝ၌ အသစ်အသစ်ဖြစ်ပေါ်၍ နေခြင်းကိုပင်လျှင်၊ မည်သူမည်ဝါဖြင့် အသက်ရှင်၍ နေသေးသည်ဟူ၍ရှင်း။

(ခ) ထိုအစဉ်မပြတ် အသစ်အသစ် ဖြစ်ပေါ်၍ နေသော နာမ်ဓါတ် ရုပ်ဓါတ် သဘောတရားတို့သည် တဘဝ၏ အဆုံး၌ ချုပ်ငြိမ်းပြီး သည့်နောက် အသစ်တဖန် ထပ်မံ၍ ဖြစ်ပေါ်မှု

မရှိခြင်းကိုပင်လျှင် လောကဝေါဟာရအလိုအားဖြင့် သေသည်ဟူ၍၎င်း၊ စွဲယူထင်မှတ်၍ နေကြရခြင်းဖြစ်ပါသည်။

၎င်းပြင်–

(ဂ) လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် မိမိတို့၏ သက်တမ်းအလျောက် နှစ် အပိုင်းအခြား ကာလအပိုင်းအခြား အားဖြင့် အသက်ရှည်ကြရသည် ဟု စွဲယူတတ်ကြပါသည်။ ထိုသို့ စွဲယူထားခြင်းမှ ကင်းလွတ်စေရန် ဆက်လက်၍ ရှင်းလင်းဖော်ပြပါအုံးမည်။

နတ်ဗြဟ္မာတို့၏ သန္တာန်တို့၌၎င်း၊ လူတို့၏ သန္တာန်တို့၌၎င်း၊ သတ္တဝါတို့၏ သန္တာန်တို့၌၎င်း၊ ထိုထိုဘဝ ထိုထိုသန္တာန် တို့၌ ဘဝ၏အကြောင်းဖြစ်သော တနည်းအားဖြင့် ဘဝ၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော "ဘဝင်စိတ်"သည် ရှိ၏။ ထို"ဘဝင်စိတ်" ကိုပင် ဘဝ၏အစ၌ ပထမရှေးဦးစွာဖြစ်သောစိတ်ကို "ပဋိသန္ဓေဝိညာဏ်စိတ်"ဟူ၍၎င်း၊ တဘဝ၏အဆုံး၌ နောက်ဆုံးဖြစ်သောစိတ်ကို "စုတိစိတ်"ဟူ၍၎င်း၊ ယင်းပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်တိုင်အောင် ကြားကာလ၌ဖြစ်သော စိတ်များကို "ဘဝင်စိတ်"ဟူ၍၎င်း၊ အမည်နာမ သုံးမျိုးသုံးစား ခွဲခြား၍ ခေါ်ဝေါ်ထားအပ်ပါသည်။ ယင်းဘဝင်စိတ်သည် ရုပ်ခေါ်တ် နာမ်ခေါ်တ် နှစ်ပါးရှိရာတွင် နာမ်ခေါ်တ်ထဲတွင် အပါအဝင် ဖြစ်ပါသည်။

ထိုဘဝင်စိတ်သည် အစဉ်မပြတ် ဆက်စပ်၍စီးဆင်းနေသော မြစ်ရေအယဉ်ကဲ့သို့ (ဥပါဒ်+ဌီ+ဘင်) ဖြစ်+တည်+ပျက် တည်းဟူသော အခြင်းအရာအားဖြင့် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်+ပျက်နေပါသည်။

လောက ဝေါဟာရ အလိုအားဖြင့် အသက်ရှည်သော နတ်ပြဟ္မာ တို့၏ သန္တာန်၌၎င်း၊ အသက်တိုသော ခြ ဂျပိုး သန်းစသော သတ္တဝါတို့၏ သန္တာန်တို့၌၎င်း၊ ယင်း "ဘဝင်စိတ်" ၏ သက်တမ်းသည် ဥပါဒ်+ဌီ+ဘင် အားဖြင့် စိတ္တက္ခဏ တချက်သည်သာလျှင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ရှေ့ရေနှင့်နောက်ရေတို့သည် အလျှင်မပြတ် ဆက်စပ်၍ စီးဆင်းနေသော မြစ်ရေ အယဉ်ကဲ့သို့ တဘဝ၏အတွင်း၌ ယင်းသို့သော စိတ္တက္ခဏ အချက်ပေါင်းများစွာ တို့သည် အသစ်အသစ် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်၍ နေရပါသည်။ ယင်းသို့ ဖြစ်ပေါ်၍ နေမှုကိုပင် အသက်ရှင်နေသေးသည်ဟု ခေါ်ဆိုရပေသည်။

ထိုသို့ အစဉ်မပြတ် ဆက်စပ်၍ အသစ်အသစ် ဖြစ်ပေါ်နေသော အချိန်ကာလအပိုင်းအခြားကို သတ်မှတ်၍ ထိုထို ဤဤမည်သော ပုဂ္ဂိုလ် သတ္တဝါသည် မည်ရွေ့မည်မျှ "သက်တမ်းရှည်သည်" ဟု ခေါ်ဆိုရပေသည်။

ဆိုလိုရင်း အချုပ်မှာ-

ဘဝင်စိတ်၏ အသစ်အသစ်ဖြစ်ဆဲ ခဏသည် အသက်ရှင်ဆဲခဏပင်ဖြစ်ပါသည်။ ၎င်းကိုပင် မည်သူမည်ဝါဖြင့် အသက်ရှင်နေသေးသည်ဟု ခေါ်ဆိုရပါသည်။ တဘဝ၏ အဆုံး၌ ယင်းဘဝင်စိတ်ကိုပင် အမည်ပြောင်းလဲ၍ ခေါ်ဆိုထားအပ်သော "စုတိစိတ်" သည် ဖြစ်၍ ယင်းသို့ဖြစ်ပေါ်လာသော "စုတိစိတ်" သည် ချုပ်ဆုံး ကွယ်ပျောက်သွားပြီး သည့်နောက်တွင် နောက်ထပ်တဖန် ယခုဘဝ၌ အသစ်ထပ်မံ၍ မဖြစ်ခြင်းကိုပင် "သေ

သည်" ဟူ၍ ခေါ်ဆိုကြရပေသည်။ ယင်းသို့ နောက်ထပ်တဖန် အသစ်ထပ်မံ၍ မဖြစ်ခြင်းဆိုသည်မှာ-

မဖြစ်ပေါ်ခြင်းသည် နှစ်မျိုးနှစ်စား ရှိပါသည်။

(၁) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတည်းဟူသော အကြောင်းတရားတို့သည် လုံးဝချုပ်ဆုံး ကွယ်ပျောက်ခြင်းကြောင့် အကျိုးတရားဖြစ်သော "ဘဝင်စိတ်" ၏ အသစ်တဖန် ဖြစ်ပေါ်မှု လုံးဝ မရှိခြင်း "နိဗ္ဗာန်" နှင့်

(၂) ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ ဆက်လက်ပြီး အသက်ရှင်စေနိုင်သော အကြောင်းတရားများသည် ကုန်ဆုံးခြင်းကြောင့် အကျိုးတရားဖြစ်သော "ဘဝင်" စိတ်၏ အသစ်တဖန်ထပ်မံ၍ ဖြစ်ပေါ်မှုမရှိခြင်း၊ ဟူ၍ နှစ်မျိုး နှစ်စားရှိပါသည်။

၎င်းဒုတိယအမျိုးအစားမှာ အသစ်တဖန်ထပ်မံ၍ ဖြစ်ပေါ်မှု မရှိသည်မဟုတ်။ ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ ဘဝင်စိတ်သည် ဖြစ်ပေါ်မှု မရှိသော်ငြားလည်း အကြောင်းတရား တို့သည် ပြောင်းလဲ၍ သွားခြင်းကြောင့် အကျိုးတရားဖြစ်သော ဘဝင် စိတ်သည်လည်း တခြားတပါးသော ဘဝတို့၌ ကြားကာလအား ဖြင့် အပိုင်းအခြားမရှိ၊ မြစ်ရေအယဉ်ကဲ့သို့ ဆက်စပ်ပြီး ဖြစ်ပေါ် လာရပါသည်။ ၎င်းကိုပင် ဘဝတပါးသို့ ပြောင်းလဲသွားသည် မည်ပါသည်။

ဥပမာ–

'ယမ်းနီ' 'ယမ်းဝါ' တို့ကို အတန်းလိုက် ယမ်းနီတတန်း

၎င်း ယမ်းနီနှင့် ဆက်စပ်၍ ယမ်းဝါတတန်း၊ စသည်ဖြင့် အဘန်းလိုက်ဆက်စပ်၍ စုပုံထားရှိပါသည်။

၎င်းယမ်းနီ၏ အစကို မီးရှို့လိုက်လျှင် ယင်းယမ်းနီကြောင့် အနီရောင်မီးသည် ဖြစ်ပေါ်၍ လာရပါသည်။ ၎င်းမီးနီကြောင့် ထိုမီးနီ၏ ဘေးပတ်ဝန်းကျင်တွင် "မီးနီရောင်" သည် ထွန်းလင်းတောက်ပ၍ လာရပါသည်။

ထို'မီး' နှင့် 'မီးရောင်' တို့၏နီနေရခြင်းမှာ–

အကြောင်းတရားဖြစ်သော 'ယမ်း' ကအနီရောင် 'ယမ်းနီ' ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုအကြောင်းတရားဖြစ်သောယမ်းနီသည် ကုန်ဆုံးသွားသည်နှင့်တပြိုင်နက် အချိန်ကာလအားဖြင့် အပိုင်းအခြားမရှိ၊ ယမ်းဝါသို့ဆက်စပ်ပြီး တောက်လောင်နေပါသည်။

ယင်းသို့ အကြောင်းတရားသည် ပြောင်းလဲသွားပြီ ဖြစ်သောကြောင့် အကျိုးတရားဖြစ်သော 'မီး' နှင့် 'မီးရောင်' တို့သည်လည်း အဝါရောင်သို့ ပြောင်းလဲဖြစ်ပေါ်၍ လာရပါသည်။

ထို 'မီး' နှင့် 'မီးရောင်' တို့သည် အဝါရောင်သို့ကူးပြောင်းရာတွင် အချိန်ကာလအားဖြင့် အပိုင်းအခြားမရှိ တဆက်တည်း ဖြစ်ပါသည်။

ဤဥပမာကို ဥပမေယျနှင့်ဆက်စပ်၍ ဖေါ်ပြပါအုံးမည်။

☆ မီးသည် ပဋိသန္ဓေဝိညာဏ် ဘဝင်စိတ်နှင့်တူ၏။

---

* မီးရောင်သည် ကိုယ်ခန္ဓာအတ္တဘောနှင့်တူ၏။

* ယမ်းသည် အဝိဇ္ဇာ တဏှာ ဥပါဒါန်နှင့်တူ၏။

☆ ယမ်း၏ 'အနီအဝါ'စသည်တို့သည် 'ကံ'ကို ဝေဘန်ရာ၌ 'ကုသိုလ်ကံ''အကုသိုလ်ကံ' စသည်တို့နှင့်တူ၏။

☆ မီးရောင် 'အနီရောင်- အဝါရောင်' စသည်တို့သည် ကုသိုလ်ကံ အကုသိုလ်ကံ စသည်တို့၏ အကျိုးဝိပါတ် ခန္ဓာကိုယ်အတ္တဘောနှင့်တူ၏။

၎င်းဥပမာကိုပင် ယခုပစ္စုပ္ပန် မျက်မှောက်ဘဝနှင့်ယှဉ်၍ ဖေါ်ပြပါအုံးမည်။

'မီးနီ' သည် ယခုဘဝတွင် ရှိသော 'လူဝိညာဏ်' နှင့် တူ၏။ မီးနီ၏ 'အနီရောင်' သည် လူကိုယ်ခန္ဓာ အတ္တဘောနှင့်တူ၏။

* 'ယမ်း'+'နီ'သည် လူဖြစ်စေရန် အတိတ်အကြောင်းများ ဖြစ်ကြကုန်သော 'အဝိဇ္ဇာ တဏှာ ဥပါဒါန်'+'ကံ'တို့နှင့်တူ၏။

ယင်းသို့ လူဖြစ်စေရန် အကြောင်းတရားများ မကုန်ဆုံးသေးသမျှ ကာလပတ်လုံး လူဝိညာဏ် လူ့ဘဝင်စိတ်သည် အသစ်အသစ် ဖြစ်ပေါ်၍နေရပါသည်။

ယင်းသို့ ဘဝင်စိတ်သည် စုတိစိတ် ဖြစ်ဆဲတိုင်အောင် ဆက်လက်ဖြစ်ပေါ်၍နေပြီးသည့်နောက်တွင် စုတိစိတ် ချုပ်ဆဲ အခိုက်အတန့်၌-

'ယမ်း'သည် 'အဝိဇ္ဇာ တဏှာ ဥပါဒါန်' တို့နှင့်တူ၏။

'ယမ်း'+ 'ဝါ'သည် 'အဝိဇ္ဇာ တဏှာ ဥပါဒါန်'နှင့်+နတ်ဖြစ်စေရန် 'ကာမဝစနကုသိုလ်ကံ' နှင့်တူ၏။

၎င်းကာမဝစရ ကုသိုလ်ကံများကို ဆည်းပူးခဲ့ပြီးသည့်နောက်တွင် လူဖြစ်စေရန် အကြောင်းတရားများ ကုန်ဆုံးသောကာလ၌ ထိုအကြောင်းတရားများသည် ပြောင်းလဲ၍ သွားရပါသည်။

ထိုသို့ အကြောင်းတရားများ ပြောင်းလဲ သွားခြင်းကြောင့် အကျိုးတရားဖြစ်သော ဘဝင်စိတ်သည်လည်း ပြောင်းလဲ၍သွားရပါသည်။ ယင်းဘဝင်စိတ်သည် ပြောင်းလဲသွားခြင်းကြောင့် နတ်ဝိဉာဏ်နှင့် နတ်ခန္ဓာကိုယ် အတ္တဘောသည် ဖြစ်ပေါ်၍လာရပါသည်။

မီးဝါသည် နတ်ဝိဉာဏ် နတ်ဘဝင်စိတ်နှင့်တူ၏။

မီး၏ 'အဝါရောင်' သည် 'နတ်ကိုယ်ခန္ဓာ အတ္တဘော' နှင့်တူ၏။

ဤသို့ လူ့ဘဝမှနတ်ဘဝသို့ကူးပြောင်းသွားရာ၌ ကူးပြောင်းမှုသည် အချိန်ကာလအားဖြင့် အပိုင်းအခြားမရှိ။ လျင်မြန်စွာပြောင်းလဲ ဖြစ်ပေါ်မှုကြောင့် တဆက်တည်းဟု ထင်မှတ်ရလေသည်။

ပုံပမာအားဖြင့်–

ယခုထင်ရှားရှိသောစိတ်သည် ဖြစ်ပြီးလျှင်ပျက်၍၊ ပျက်ပြီးလျှင် နောက်ထပ်တဖန် အသစ်ဖြစ်ပေါ်လာဘိသကဲ့သို့။

နတ်ဝိညာဏ် နတ်ခန္ဓာအတ္တဘောသည် လျှင်မြန်စွာစွာ သန္တတိ အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်လာရပါသည်။

၎င်းကိုပင် သမုတိသစ္စာ အလိုအားဖြင့် ဘဝကူးသည်။ ဘဝတပါးသို့ ပြောင်းလဲသွားသည်ဟု ခေါ်ဆိုပါသည်။

ဤသို့ လောကဝေါဟာရ အလိုအားဖြင့် အသက်ရှင်ခြင်း၊ သေခြင်း စသည်တို့နှင့်ပတ်သက်၍-

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာဆရာက စာမျက်နှာ (၃၄၉)၌ အောက်ပါအတိုင်း ရေးသား ဖေါ်ပြတော် မူခဲ့ပါသည်။

အနိဗ္ဗတ္တေန နဇာတော ပစ္စုပ္ပန္နေန ဇီဝတိ၊

စိတ္တဘင်္ဂါမတော လောကော ပညတ္တိ ပရမတ္ထိယာ

ခဏတ္တယသို့ ရောက်ဆဲမဟုတ်သော စိတ်ဖြင့်ဖြစ်သော မည်သည်မဟုတ်။ ပစ္စုပ္ပန်စိတ်ဖြင့် အသက်ရှင်သည်မည်၏။ စိတ်၏ချုပ်ခြင်းကြောင့် သတ္တလောကသည် သေသည်မည်၏။ ဤသို့ဖြစ်သော်လည်း သန္တာနပညတ်သည် ပရမတ္ထနှင့်စပ်ခြင်း ရှိရကား ပရမတ္ထဖြစ်၍ဖြစ်၏။

၎င်းအဋ္ဌကထာကို ထောက်ထား၍ အလုံးစုံကုန်သော ပညတ်တို့သည် ပရမတ္ထ မတ္တနှင့်ဆက်စပ်လျက်ရှိကြကုန်၏၊ ၎င်းပရမတ္ထနှင့်ကင်း၍ ပညတ်တို့၏ ဖြစ်ပေါ်မှုသည် မရှိနိုင်ကြကုန်။ ပရမတ္ထသဘာဝ ဖြစ်ပေါ်လာခဲ့သည် ရှိသော် ယင်းပရမတ္ထ သဘောတရားတို့၏အပေါ်၌ ပထမဦးစွာ သဏ္ဍာန်နိမိတ်အားဖြင့်ထင်မှတ်မှု သဏ္ဍာနပညတ်သည် ထင်မြင်လာရပါသည်။

ငင်းသဏ္ဍာန် ပညတ်ကိုပင် အစွဲပြု၍ ထိုသဏ္ဍာန် အပေါ်၌ အမည်နာမတပ်၍ ခေါ်ဝေါ် သုံးစွဲသော သမုတိသစ္စာသည် ထပ်ဆင့် ပေါက်ဖွါး၍ လာရပါသည်။

ယင်းသို့ ပရမတ္ထသစ္စာအပေါ်၌ ထိုသမုတိသစ္စာ ဖြစ်ပေါ်၍ လာရပုံမှာ မိုဃ်းကြိုးခါတ်ထက်ပင် အလွန်လျင်မြန်လှပါသည်။

ထို့ကြောင့် သမုတိသစ္စာသည် ပရမတ္ထသစ္စာ အပေါ်၌သာလျင် မှုတည်၍ဖြစ်ပေါ်နေရသည်မှာ ထင်ရှားပါသည်။ ပရမတ္ထသစ္စာသည်သာလျှင် သမုတိသစ္စာ၏ အရင်းခံအမြစ် မူလဖြစ်ပါသည်။ ပရမတ္ထသစ္စာသည် အကြောင်းရင်း တရားဖြစ်၍၊ ထိုအကြောင်းရင်းတရားအပေါ်၌ ဝိပဿနာ ရှုပွားရပေမည်။ ဝိပဿနာ ရှုပွားခြင်း ဟူသည်မှာ ထိုအကြောင်းတရား အပေါ်၌သာယာမှု၊ နှစ်သက်မှု၊ စွဲလန်းမှု၊ ကင်းပြတ်စေရန် ပွားများအားထုတ်ခြင်းဖြစ်ပါသည်။ အကြောင်းတရားဖြစ်သော ပရမတ္ထသစ္စာအပေါ်၌ ထိုအကြောင်းတရားကို မီးပွတ်သော ယောကျ်ားကဲ့သို့ အမြဲတစေ ဝိပဿနာ ရှုပွားနေမှသာလျှင် ယင်းအကြောင်းတရားသည် ကင်းပြတ် ချုပ်ငြိမ်းရပေမည်။ ပရမတ္ထသစ္စာ ကင်းပြတ်ချုပ်ငြိမ်းလျှင် ပရမတ္ထသစ္စာ အပေါ်၌ ခေါ်ဝေါ် သမုတ်ထားအပ်သော သမုတိသစ္စာသည်လည်း ကေန်မုချ ကွယ်ပျောက်ရပေသည်။ ထို့ကြောင့် သွားတယ်၊ ရပ်တယ် စသော သမုတိသစ္စာအပေါ်၌ အနိစ္စ၊ ဒုက္ခဟူ၍ မရှုရပေ။ သွားမှု၊ ရပ်မှု စသည်တို့၏ အကြောင်းရင်းဖြစ်သော ပရမတ္ထသစ္စာ အပေါ်၌သာလျှင် ဝိပဿနာ ရှုရပေမည်။ ဥပမာ–

အကိုင်းအခက် ဝေဝေဆာဆာရှိသော သစ်ပင်ကြီးတပင်သည် ရှိ၏။ ထိုသစ်ပင်ကိုသေစေလိုသောယောကျာ်းသည် သစ်ပင်ပေါ်တက်၍ အကိုင်း အခက်များကို ခုတ်ထစ် ဖြတ်တောက်၍ ထား၏။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ၎င်းသစ်ပင်သည် မသေနိုင်ပေ။ နှစ်နှစ်၊ သုံးနှစ်အတွင်း၌ပင် ပြန်၍ စည်ကားတိုးပွားလာ၏။

အခြားယောကျာ်းတယောက်သည် ထိုသစ်ပင်၏ ရေသောက်မြစ် ဟူသမျှအားလုံးကို ဖြတ်တောက်လိုက်၏။ ရေသောက်မြစ်မရှိခြင်းကြောင့် ထိုသစ်ပင်သည် တဖြေးဖြေး ခြောက်သွေ့ ညှိုးနွမ်း၍သေသွားရပေမည်။

ဤဥပမာကဲ့သို့ပင် သမုတိသစ္စာ ပညတ်တရားတို့အပေါ်တွင် ဝိပဿနာရှုပွား၍ နေခြင်းသည် ထိုသစ်ပင်၏ အကိုင်းအခက်ကို ဖြတ်တောက်ပစ်သည်နှင့်တူ၏။

အကြောင်းရင်းဖြစ်သော ပရမတ္တ တရားအပေါ်၌ ဝိပဿနာ ရှုပွား၍ နေခြင်းသည် သစ်ပင်၏ ရေသောက်မြစ်များကို ဖြတ်တောက်ပစ်သည် နှင့်တူ၏။ သို့ဖြစ်၍ သမုတိသစ္စာ၏ အမြစ်မူလ အကြောင်းရင်းဖြစ်သော ပရမတ္တကို ဝိပဿနာရှုရပေမည်။

ထိုသမုတိသစ္စာနှင့် ပရမတ္တသစ္စာတို့ကို နှိုင်းယှဉ်၍ ဖော်ပြပါဦးမည်။

(က) ပရမတ္တ သစ္စာသည် ထင်ရှားရှိသော တရား ဖြစ်၏။ ထင်ရှားရှိခြင်းကြောင့် ဝိပဿနာ ရှုအပ်၏။

သမုတိသစ္စာသည် ထင်ရှားမရှိ၊ ပရမတ္တသစ္စာထဲ၌ ရှာဖွေ၍ မတွေ့ မမြင် ရသော တရားဖြစ်၏။ ထင်ရှား မရှိသောကြောင့် ဝိပဿနာမရှုအပ်။

(ခ) ပရမတ္ထ သစ္စာသည် ထင်ရှားရှိသော ရုပ်ဓါတ်၊ နာမ်ဓါတ် ခန္ဓာငါးပါး ဓါတ်သဘာဝဖြစ်၏။ ထိုခန္ဓာငါးပါး ဓါတ်သဘာဝတို့ကို ဟုတ်မှန်သောအတိုင်း ထိုးထွင်း သိမြင်လျှင်၊ လောဘငြိမ်း၏၊ ဒေါသငြိမ်း၏၊ မောဟငြိမ်း၏။ လောဘ၊ ဒေါသ မောဟငြိမ်းခြင်းကြောင့် ငြိမ်းမှုကိုရ၏။

သမုတိသစ္စာသည် ထင်ရှားရှိသော ရုပ်ဓါတ်၊ နာမ်ဓါတ်တို့ အပေါ်၌ ထိုရုပ်ဓါတ်၊ နာမ်ဓါတ်တို့ကိုပင် ခေါ်ဝေါ်ရုံမျှသာ လျှင် တင်စား၍ ခေါ်ဝေါ်ထားအပ်သော ဝေါဟာရ ပညတ် များသာလျှင် ဖြစ်၏။ ထိုသမုတိသစ္စာ ပညတ်များကို စွဲယူလျှင် ထိုသို့ စွဲယူထားခြင်းကြောင့် လောဘဖြစ်ရ၏။ ဒေါသဖြစ်ရ၏။ မောဟဖြစ်ရ၏။

(ဂ) ပရမတ္ထသစ္စာသည် ဥာဏ်လမ်းဖြစ်၏။ ထင်ရှားရှိသော ရုပ်ဓါတ်၊ နာမ်ဓါတ်တို့၏အပေါ်၌ ထိုသဘောတရားတို့သည်မမြဲ၊ ဆင်းရဲ၊ အစိုးမရဟု ဝိပဿနာရှုပွားလျှင် မဂ်ဥာဏ်၊ ဖိုလ်ဥာဏ် တို့ကိုရရှိစေနိုင်၏။ သံသရာမှ လွတ်မြောက်လမ်းကိုရ၏။

သမုတိသစ္စာသည် ကံလမ်းဖြစ်၏။ ထိုရုပ်ဓါတ်၊ နာမ်ဓါတ် တို့အပေါ်၌ ထိုသဘောတရားတို့ကို 'အတ္တ' အားဖြင့် စွဲယူမှုဖြစ် ပေါ်ခဲ့သည်ရှိသော် ဤကဲ့သို့သော 'အတ္တ'စွဲဖြင့် အကြင်အကြင် သူတို့သည် ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုကြကုန်၏။ အကြင် အကြင်သူတို့သည်၊ အကုသိုလ်အမှုတို့ကိုလည်း ပြုလုပ်ကြကုန်၏။ ထိုသူအားလုံးတို့သည် ကုသိုလ်ကံ အကုသိုလ်ကံကြောင့် သံသရာ ၌ ကြင်လည်ကြရ၏။ သံသရာမှ ထွက်မြောက်မှုကိုမရနိုင်။

ယင်းပရမတ္ထသစ္စာနှင့် သမုတိသစ္စာတို့သည် ပြဒါးတလမ်း၊ သံတလမ်းဖြစ်သော်လည်း ဉာဏ်လမ်းသို့ လိုက်သော ပုဂ္ဂိုလ်တို့သည် ကံလမ်းကို မပယ်စွန့်၊ ပယ်စွန့်ရှုလည်းမဖြစ်၊ ကံလမ်းနှင့် ဉာဏ်လမ်းတို့ကို ပိုင်းခြား၍ သိမြင်ပြီးသည့်နောက်တွင် ကောင်းမှုကုသိုလ် 'ကံ' ကိုလည်း ပွားများ အားထုတ်ရပေမည်။ ဉာဏ်လမ်းဖြစ်သော ဝိပဿနာ ဘာဝနာ ဉာဏ်ကိုလည်း ပွားများရပေမည်။

(ဃ) ပရမတ္ထသစ္စာသည် ဥပမာအားဖြင့် မီးနှင့်တူ၏။ သမုတိသစ္စာသည် ထိုမီး၏အရောင် အလင်းနှင့်တူ၏။ မီးဇာကုန် ဆီခမ်းခြောက်ခြင်းကြောင့် မီးငြိမ်းလျှင် ထိုမီး၌ရှိသော အရောင်အလင်းသည်လည်း ကွယ်ပျောက်ရ၏။ ထိုမီးနှင့်မီးရောင် ဥပမာကဲ့သို့ ထောက်ပံ့မှုအကြောင်းတရားများ ကင်းပြတ်ခြင်းကြောင့် အကျိုးတရားဖြစ်သော 'ရုပ်ဓါတ်၊ နာမ်ဓါတ်၊ ခန္ဓာငါးပါးဓါတ်သဘာဝ' များသည် ချုပ်ငြိမ်းရ၏။

ထိုသို့ ရုပ်ဓါတ်၊ နာမ်ဓါတ်တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ခန္ဓာအတ္တဘောဖြစ်သော သမုတိသစ္စာသည်လည်း ကွယ်ပျောက်ရ၏။

အကြောင်းတရားတို့သည် အကြွင်းမရှိ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရားဖြစ်သော ရုပ်ဓါတ်၊ နာမ်ဓါတ်တို့၏ လုံးဝချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်မည်၏။

ထိုရုပ်ဓါတ်၊ နာမ်ဓါတ်တို့၏ ချုပ်ငြိမ်းမှု နိဗ္ဗာန်အပေါ်၌ ဉာဏ်အမြင် မစင်ကြယ်ခြင်းကြောင့်၊ ဘုရား ရဟန္တာတို့၏ဘာဝ

သည် ပရိနိဗ္ဗာန် စံပြီးသည့်နောက်၊ ချုပ်ငြိမ်းပြီး ဘဝတဖန် ဖြစ်ခြင်းမရှိတော့ပြီဟု စွဲယူခဲ့ကြွေးအံ့၊ ထိုသို့စွဲယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။

အဘယ်ကြောင့်နည်းဟူမူကား–

ထင်ရှားရှိသော ရုပ်ဓါတ်၊ နာမ်ဓါတ်တို့ အပေါ်၌ 'ဘဝ' ဟူ၍ စွဲယူထားခြင်းကြောင့်ပင် ဖြစ်၏။ ထိုရုပ်ဓါတ်၊ နာမ်ဓါတ်တို့သည် 'ဘဝ' မဟုတ်၊ လူဘဝမဟုတ်၊ နတ်ဘဝမဟုတ်၊ အစဉ်မပြတ် ဖြစ်ပျက်၍နေသော ဓါတ်သဘာဝ သက်သက်သာလျှင် ဖြစ်၏။

လောက၌ ရုပ်ဓါတ်၊ နာမ်ဓါတ်တို့၏ အစဉ်မပြတ် အသစ်အသစ်ဖြစ်ပေါ်နေသော သံသရာနှင့် ထိုရုပ်ဓါတ်၊ နာမ်ဓါတ်တို့၏ ချုပ်ငြိမ်းခြင်း နိဗ္ဗာန်သည်သာလျှင်ရှိ၏။

ထိုရုပ်ဓါတ်၊ နာမ်ဓါတ်မှတပါး ပုဂ္ဂိုလ်၊ သတ္တဝါမရှိ၊ လူဘဝ၊ နတ်ဘဝ၊ တိရိစ္ဆာန်ဘဝဟူ၍မရှိ၊ ထိုရုပ်ဓါတ်၊ နာမ်ဓါတ်ထဲ၌လည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ လူဘဝ၊ နတ်ဘဝ၊ တိရိစ္ဆာန်ဘဝ၊ စသည်တို့ကိုရှာဖွေ၍ မတွေ့မမြင်ရ၊ ထိုရုပ်ဓါတ်၊ နာမ်ဓါတ်ထဲ၌ စူးစမ်းရှာဖွေ၍ တွေ့နိုင်သော အခြင်းအရာသည်ကား အစဉ်မပြတ် ဖြစ်ပျက်နေသော သဘာဝဓမ္မသာလျှင် ဖြစ်၏။ ထိုသဘာဝဓမ္မတို့သည် အစဉ်မပြတ် ဖြစ်ပျက်၍ နေသောကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ့ဘပါး၊ ယောကျ်ား၊ မိန်းမ၊ လူဘဝ၊ နတ်ဘဝ၊ စသည်တို့သည်မဖြစ်နိုင်၊ အစဉ်မပြတ် ဖြစ်ပျက်၍နေကြရသော သဘာဝဓမ္မ သက်သက်သာလျှင် ဖြစ်၏။

ယင်းသို့ ဘာဝပြတ်မှု= ဥစ္ဆေဒဒိဋ္ဌိနှင့် ပတ်သက်၍ ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော် မြန်မာပြန်၊ ယမကသုတ်(နှာ-၈၇)ကို ဖော်ပြအံ့မည်။

ငါ့သျှင် ယမက သင်သည် ဤမျက်မှောက် "ဘဝ" ၌ပင် အမှန်အားဖြင့် အဟုတ်အားဖြင့် သတ္တဝါဟု မရအပ်ပါဘဲလျက် အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏။ ပျောက်၏၊ သေသည်မှ နောက်၌ မဖြစ်ဟု ထိုသို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို ငါသိ၏ဟု ပြောခြင်းသည် သင့်လျော်ပါမည်လော။

ငါ့သျှင် သာရိပုတြာ တရားမနာမီ ရှေးအခါက မသိသည်ဖြစ်၍ ငါ့အား ထိုယုတ်မာသောအယူသည် ဖြစ်ခဲ့ပါ၏။ အသျှင်သာရိပုတြာ၏ ဤတရားဒေသနာကိုကြားနာရသောကြောင့် ထိုယုတ်မာသော အယူသည် ပျောက်ပါပြီ၊ ကျွန်ုပ်သည် တရားကိုလည်း ထိုးထွင်း၍ သိပါပြီဟု လျှောက်၏။

ဤသုတ်တော်၌ လာရှိသော "ရဟန်း-ခန္ဓာကိုယ်" စသည်တို့သည် သမုတိသစ္စာသာလျှင် ဖြစ်ပါသည်။ ၎င်း "ရဟန်း-ခန္ဓာကိုယ်"စသည်တို့တွင် အမှန်ကေန် စစ်မှန်သော အဟုတ်ရှိ အမှန်ရှိသော သဘောတရားမှာ- ရုပ်ဓါတ် နာမ်ဓါတ် ပရမတ္ထသစ္စာသာလျှင် ဖြစ်ပါသည်။

ဤသို့လျှင် "ပရမတ္ထသစ္စာ" နှင့် "သမုတိသစ္စာ"တို့ကို မရောယှက်မူ၍ ပိုင်းခြားစွာသိမြင်သော ဉာဏ်သည်သာလျှင် အမှန်တရားကို သိမြင်သော ဉာဏ်ဖြစ်ပါသည်။

[ Hlaing 9 ]

ငှင်း သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ တရား နှစ်ပါး တို့တွင် တပါးပါးသည် ထင်ရှားစွာ ဖြစ်ပေါ်၍လာခဲ့သည်ရှိသော် ကျန် တပါးမှာ ကင်းစင်လွင့်ပျောက်၍ သွားရပေသည်။

ဆိုလိုရင်းမှာ ဝိပဿနာတရားကို ပွားများ အားထုတ်နေဆဲ အခိုက်အတန့်၌ ဝိပဿနာဉာဏ် ဖြစ်ပေါ်၍ လာလျှင် သမုတိ သစ္စာဖြစ်သော ပညတ် များကို အာရုံပြုသော စိတ်သည် ကင်း စင်လွင့်ပျောက်၍ သွားရပေမည်။ ဝိပဿနာအာရုံကို လွတ်လိုက် သည်နှင့်တပြိုင်တည်း ပညတ် အာရုံများဖြစ်သော သမုတိသစ္စာ ကို အာရုံပြုသောစိတ်သည် ဖုံးလွှမ်းမြဲဖုံးလွှမ်း၍ လာရပေသည်။

ဥပမာအားဖြင့် မှောင်နေသော တိုက်ခန်းအတွင်း၌ မီးထွန်း လိုက်သည်ရှိသော်၊ အမှောင်ခွင်း၍ အလင်းရောင်ဖြစ်ပေါ်လာ ဘိကဲ့သို့ ဖြစ်ပါသည်။

မီးပိတ်လိုက်လျှင် အမှောင်ထုသည် ပြန်၍ ဖုံးလွှမ်းမြဲဖုံးလွှမ်း ရပေသည်။

မီးထွန်းခြင်းနှင့် တူသော ဝိပဿနာအာရုံကို ဝင်စားလိုက် သည်ရှိသော် အမှောင်နှင့်တူသော သမုတိသစ္စာ ပညတ် များကို အာရုံပြုသော စိတ်သည် ကင်း စင် လွင့် ပျောက် ၍ ပရမတ္ထ သဘာဝကို အာရုံပြုခြင်းအားဖြင့် ဖြစ်ပေါ်လာသော ဝိပဿ နာ ဉာဏ်အလင်းရောင်သည် ပေါ်ထွန်း၍လာရပေသည်။

ဤကဲ့သို့ သမုတိသစ္စာ ပညတ်များကို ဖယ်ရှားနိုင်၍ အာရုံ ပြုဆဲ ဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲ ဖြစ်သော ပြုလိုမှု သဘောတရား နှင့် လေသဘောတရား နှစ်ပါး တို့ကို ထင်ရှား

ရှိသည့်အတိုင်း ဉာဏ်ဖြင့် ပိုင်းခြားစွာ သိမြင်ခြင်းသည် နာမ်၏ ပရမတ္ထ ရုပ်၏ ပရမတ္ထကို ထိုးထွင်း သိမြင်ခြင်း ဖြစ်ပါသဖြင့် နာမရူပပရိစ္ဆေဒဉာဏ် ခေါ်ပါသည်။

## "သက္ကာယနှင့် ဒိဋ္ဌိကို ပိုင်းခြား ဝေဖန်၍ ပြခြင်း"

နာမ်တရားနှင့် ရုပ်တရား နှစ်ပါး အပေါ်၌ သက္ကာဒိဋ္ဌိ ဖြစ်ပုံကို ရှင်းလင်းဖော်ပြပါအံ့မည်။

က။ ပြုလိုမှု စိတ်သဘောတရားသည်ရှင်း။

ခ။ လေ သဘောတရားသည်ရှင်း။

ယင်း သဘောတရား နှစ်ပါး တို့တွင် တပါးပါးသော သဘောတရားသည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်အခိုက်အတန့်၌ အမှန်ရှိဆဲ သဘောတရားပင် ဖြစ်ပါသည်။

ထို သဘောတရားသည် အမှန်ရှိသော သဘော ဖြစ်ခြင်းကြောင့် ပရမတ္ထ သဘာဝပင် ဖြစ်ပါသည်။ ပရမတ္ထသစ္စာ ဟူ၍လည်း ခေါ်ဝေါ်ပါသည်။

ထိုသဘောတရားသည် ထင်ရှားရှိသော သဘောတရား ဖြစ်ခြင်းကြောင့် "သက္ကာယ" ဟူ၍လည်း ခေါ်ပါသည်။

သက္ကာယ၏ အဓိပ္ပါယ်မှာ ထင်ရှားရှိသော အပေါင်းအစု (သို့မဟုတ်) ထင်ရှားရှိသော သဘောတရား ဖြစ်၍ "ဒိဋ္ဌိ"၏ အဓိပ္ပါယ်မှာ စွဲယူမှု ဖြစ်ပါသည်။

အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏတွင် ထင်ရှားရှိဆဲဖြစ်သော

သဘောတရားအပေါ်၌ ထိုသဘောတရားကိုပင် "အတ္တ" ဟူ၍ စွဲယူမှုသည်"သက္ကာယဒိဋ္ဌိ"ဖြစ်ပါသည်။

"အတ္တ" သည် "အနတ္တ" ၏ ဆန့်ကျင်ဘက် တရား ဖြစ်ပါသည်။

"အတ္တဒိဋ္ဌိ" သို့မဟုတ် "သက္ကာယဒိဋ္ဌိ" ဆိုသည်မှာ-

ရှုကြည့်ဆဲခဏတွင် ထင်ရှားရှိသော သဘောတရားအပေါ်၌ ထိုသဘောတရားသည်-

၁။ အနှစ်အသားအထည်ခံ အမာခံဖြစ်၏။ ပျက်စီးခြင်းမရှိ။ ခိုင်မြဲ၏။ တည်ဘန့်၏။ တဆက်တည်း တည်နေ၏ ဟု စွဲယူထားခြင်း။

၂။ ထင်ရှားရှိသော သဘောတရား အပေါ်၌ အစိုးရသူ ဖန်ဆင်းသူ အုပ်စိုးသူ ပိုင်ဆိုင်သူ ရှိ၏ဟု စွဲယူခြင်း။

၃။ ထိုသဘောတရားသည် မိမိ၏အလိုအတိုင်း ပြီး၏။ မိမိ၏ အလိုသို့ လိုက်ပါ၏ဟု စွဲယူထားခြင်း။

၄။ ထိုသဘောတရားသည် အသက်လိပ်ပြာရှိ၏။ ဇီဝအတ္တ ရှိ၏ဟု စွဲယူထားခြင်း၊ ထိုသဘောတရားသည် ပင်လျှင် အသက်လိပ်ပြာ ဇီဝအတ္တဟု စွဲယူထားခြင်း။

ထိုသို့ စွဲယူမှု အားလုံးတို့သည် "အတ္တ" စွဲများသာလျှင် ဖြစ်ကြပါသည်။

အတ္တဒိဋ္ဌိခေါ်သော အတ္တစွဲသည် ရုပ်တရားအပေါ်၌ စွဲယူမှု လေးချက်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တို့၏ အပေါ်၌ အသီးအသီး လေးချက်စီ စွဲယူထားရှိပါသည်။

ခန္ဓာငါးပါးအပေါ်၌ အတ္တဒိဋ္ဌိလေးချက်စီ စွဲယူထားခြင်းကြောင့် အတ္တဒိဋ္ဌိ(၂၀) ဖြစ်ပါသည်။ ယင်း အတ္တဒိဋ္ဌိသည်ပင်လျှင် သက္ကာယဒိဋ္ဌိ(၂၀)ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မြန်မာပြန်(နှာ-၁၉၀နှင့်၂၀၅)တွင် လာရှိပါသည်။

ထင်ရှားရှိသော ရုပ်အပေါ်၌ ၎င်း "ရုပ်ကိုအတ္တ"

ထင်ရှားရှိသော ရုပ်အပေါ်၌ ၎င်းရုပ်ကိုပင် "ရုပ်ရှိသောအတ္တ"

ထင်ရှားရှိသော ရုပ်အပေါ်၌ ၎င်းရုပ်ကိုပင် "အတ္တ၌ရုပ်"

ထင်ရှားရှိသော ရုပ်အပေါ်၌ ၎င်းရုပ်ကိုပင် "ရုပ်၌အတ္တ" ဟူ၍ စွဲယူမှု ဖြစ်ပါသည်။

၎င်းကို ထပ်၍ ရှင်းလင်းဖော်ပြပါအုံးမည်။

ထင်ရှားရှိသော ရုပ်အပေါ်၌ ထိုရုပ်သည် အနှစ်အသားအတည်ခံ အမာခံရှိ၏၊ ပျက်စီးခြင်းမရှိ၊ တည်တန့်ခိုင်မြဲ၏။

ထိုရုပ်ကို ဖန်ဆင်းသော ပုဂ္ဂိုလ်သည် ရှိ၏။

ထိုရုပ်သည် မိမိ၏ အလိုအတိုင်း ပြီး၏။ မိမိအလိုသို့ လိုက်၏။

ထိုရုပ်၌ အသက်လိပ်ပြာ ရှိ၏။

ဟု စွဲယူမှုမှန်သမျှ အားလုံးတို့သည် အတ္တစွဲများပင် ဖြစ်ပါသည်။

(ရုပ်)နေရာတွင် "ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်"တို့ကို ထည့်သွင်း၍ ယူလေ။

ဤသို့"အတ္တ"ဟူ၍ စွဲယူမှုကိုပင်လျှင် "ငါဟူ၍စွဲယူမှု"သက္ကာဒိဋ္ဌိဖြစ်ပါသည်ဆိုသည့် အချက်ကို ရှင်းလင်းဖော်ပြပါအုံးမည်။

"ငါ"သည် သုံးမျိုးသုံးစား ရှိပါသည်။
ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော် မြန်မာ ပြန် ရာဇသုတ်
(နှာ-၆၄) ၌
ငါဟု စွဲယူမှုဒိဋ္ဌိ၊
ငါ့ဉစ္စာဟု တပ်မက်မှုတဏှာ၊
ထောင်လွှားမှု မာနနှုသယ၊
ၚင်းပြင်-
ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော် ပိဏ္ဍောလျသုတ် (နှာ-၇၄)၌
ဤရုပ်သည် ငါ၏ဉစ္စာဖြစ်၏။
ဤရုပ်သည် ငါဖြစ်၏။
ဤရုပ်သည် ငါ၏ကိုယ်အတ္တတည်း၊
ဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော?
မသင့်လျော်ပါ အသျှင်ဘုရား ဟု လာရှိပါသည်။
ၚင်းသုတ်နှစ်ခုကို မှီငြမ်းပြု၍ ရှင်းလင်းဖော်ပြပါမည်။

၁။ ကာမဂုဏ် အာရုံငါးပါး တို့အပေါ်တွင် ဆာလောင်မွတ်သိပ်မှု တည်းဟူသော "တဏှာ ငါ"

၂။ ငါတည်းဟူသော "မာန ငါ"

၃။ ငါ၏ ကိုယ်အတ္တတည်း ဟု စွဲယူထားသော "ဒိဋ္ဌိ ငါ"

ထို ငါသုံးမျိုးသုံးစား ရှိသည်တွင် "ဒိဋ္ဌိ ငါ" ကိုသာလျှင် ငါဟူသော စွဲယူမှု "သက္ကာယဒိဋ္ဌိ" ဖြစ်ပါသည်။
ၚင်း သက္ကာယဒိဋ္ဌိစွဲ ငါကို သောတာပတ္တိ မဂ်ဉာဏ်က အကြွင်းမဲ့ ပယ်သတ်နိုင်ပါသည်။

ငါသား ငါ့မယား ငါ့စည်းစိမ်ဥစ္စာ ငါ၏ အခြွေအရံ အသင်းအပင်း စသည် "တဏှာစွဲ" "ငါ" ကို အနာဂါမိ မဂ် ဉာဏ်က ပတ်သက်နိုင်ပေသည်။

"မာန ငါ" ထိုမှုကား အရဟတ္တမဂ်ဉာဏ် က သာ လျှင် အကြွင်းမဲ့ ပတ်သက်နိုင်ပေသည်။

ယင်း "သက္ကာယ" ဒိဋ္ဌိ၏ ဖြစ်ပေါ်ကြောင်း၊ အကြောင်း တရား(၈)ပါး တို့တွင် အယောနိသောမနသိကာရ ဟု ခေါ်ဆို အပ်သော မသင့်မတင့် နှလုံးသွင်းခြင်းသည်လည်း အကြောင်း ရင်းတရားတပါးအဖြစ်ဖြင့် ပါဝင်ပါသည်။

မသင့်အတင့် နှလုံးသွင်း မိခြင်း ကြောင့် ဟုတ် မှန် သော သဘောတရားကို ဟုတ်မှန်သည့်အတိုင်း မမြင်။

ယင်းသို့ ဟုတ်မှန်သော ခန္ဓာငါးပါးတို့ကို ဟုတ်မှန်သော အတိုင်း မသိမမြင် ခြင်းကြောင့် ၎င်းခန္ဓာငါးပါး သဘော တရားတို့အပေါ်၌ အတ္တဟူ၍ စွဲယူမှုဖြစ်၏။

ထိုအတ္တမှ တဖန် ထပ်လောင်း၍ ထိုအတ္တအပေါ်၌ သဏ္ဌာန် ဒြပ်ပုံ ဟန် အမူအရာ အားဖြင့် စွဲယူမှု ဖြစ်၏။

ယင်းသို့ စွဲယူမှု ဖြစ်သည်ရှိသော် ထိုပုံ ဟန် သဏ္ဌာန် အမူ အရာ အပေါ်၌ မူတည်၍ ထိုပုံ ဟန် ဒြပ် သဏ္ဌာန် နိမိတ်ကိုပင် ပုဂ္ဂိုလ် သတ္တဝါ သူသူ ငါငါ ခွေး ဝက် ကြက် ငှက် စသည် ဖြင့် ထင်မှတ်မှု စွဲယူမှုတို့သည် ဖြစ်ပေါ်၍ လာရပေသည်။

ထို့ကြောင့် အတ္တစွဲသည်သာလျှင် (၆၂)ပါးသော ဒိဋ္ဌိတို့၏ ဖြစ်ပေါ်ကြောင်း အရင်းအမြစ်မူလအကျဆုံးသော အကြောင်း တရားပင် ဖြစ်ပါသည်။

က။ အတ္တစွဲသည်သာလျှင် တိကျမှန်ကန်သော သက္ကာယ ဒိဋ္ဌိစွဲပင် ဖြစ်သည်။

ခ။ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ ငါ စသည်ဖြင့် စွဲယူသော သက္ကာယဒိဋ္ဌိသည် တစိတ်တဒေသ အားဖြင့်သာလျှင် သက္ကာယဒိဋ္ဌိစွဲဟူ၍ ခေါ်ဆိုနိုင်ပါသည်။

အဘယ်ကြောင့်နည်းဟူမူကား- သောတာပတ္တိမဂ်ဉာဏ်သည် လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ငါ စသည်တို့ အပေါ်၌ တပ်မက်မှု-တဏှာ ငါနှင့် မာန ငါ တို့ကို မပယ်သတ်နိုင်သေးသောကြောင့်ပင်တည်း။ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိထားပြီးသော ဝိသာခါအနာထပိဏ်၊ အစရှိသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ တရားသဖြင့် ရရှိထားသော ငါးပါးအာရုံ ကာမဂုဏ်များကို ခံစားစံစားလျက်ပင် ရှိကြပေသည်။ အနာဂါမ် ပုဂ္ဂိုလ်တို့သည်ပင် ဗြဟ္မာဘဝကို လိုလားတောင့်တသော ရူပရာဂ၊ အရူပရာဂ ရှိကြသေးသည်ကို ထောက်ရှုကြပါလေ။

ထို့ကြောင့်-

လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ငါ စသည် တို့သည် တိကျမှန်ကန်သော သက္ကာယဒိဋ္ဌိ မဟုတ်ပေ။

ဤသို့လျှင် တိကျမှန်ကန်သော သက္ကာဒိဋ္ဌိနှင့် တစိတ်တဒေသအားဖြင့် ခေါ်ဆိုအပ်သော သက္ကာယဒိဋ္ဌိ၊ ၎င်းသက္ကာယဒိဋ္ဌိနှစ်မျိုးနှစ်စား တို့ကို ရှင်းလင်းဖေါ်ပြပြီးသည့်နောက်တွင် အတ္တစွဲ(ဝါ) အတ္တနုဒိဋ္ဌိဟု ခေါ်ဆိုအပ်သော သက္ကာယဒိဋ္ဌိကို မူတည်

၍ ဝင်းသင်္ခာရဒိဋ္ဌိ အပေါ်၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ ဖြစ်ပေါ်လာကြရပုံကို ရှင်းလင်းဖော်ပြပါအုံးမည်။

ဝင်းသင်္ခာရဒိဋ္ဌိဖြစ်ပေါ်လာခဲ့သည်ရှိသော် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အစရှိကုန်သော (၆၂)ပါးသော ဒိဋ္ဌိတို့သည် ဖြစ်ပေါ်၍ လာရကြောင်းကို သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်မြန်မာပြန် (နှာ-၄၇၃)ဒုတိယဗ္ဗတိဒက္ကသုတ်၌ လာရှိပါသည်။

ဤသုတ်ကို ထောက်ထား၍ (၆၂)ပါးသော ဒိဋ္ဌိတို့၏ ဖြစ်ပေါ်စေခြင်းအမြစ် မူလမှာ "သက္ကာယဒိဋ္ဌိ"ပင် ဖြစ်သည်။

ထင်ရှားရှိသော နာမ်ဓါတ် ရုပ်ဓါတ် သဘောတရားတို့ အပေါ်၌ ထိုသဘောတရားတို့ကိုပင် ပညတ်အစွဲဖြင့် "ငါ" ဟူ၍ ဝင်း "ငါ၏ဘာဝ" ဟူ၍ဝင်း စွဲယူမှုသက္ကာယဒိဋ္ဌိ ဖြစ်ပေါ်၍လာခဲ့သည်ရှိသော်-

၁။ ငါ ဘဝတဖန် ဖြစ်ရအုံးမည် ဟူသော သဿတဒိဋ္ဌိသည်ဝင်း။

၂။ ငါ၏ဘဝပြတ်ပြီ၊ နောင် ဘဝတဖန် မဖြစ်တော့ပြီဟု စွဲယူမှုဥစ္ဆေဒဒိဋ္ဌိသည်ဝင်း။

ယင်းမိစ္ဆာဒိဋ္ဌိ နှစ်ပါး တို့တွင် တပါးပါးသောဒိဋ္ဌိသည် ဖြစ်ပေါ်၍လာရပေသည်။ အမှန်ထင်ရှားရှိသော သဘောတရားမှာ ထိုခဏ၌ ဖြစ်ဆဲဖြစ်သော နာမ်ဓါတ် ရုပ်ဓါတ် တို့သည်သာလျှင် ဖြစ်ကြပါသည်။

ထိုနာမ်ဓါတ်၊ ရုပ်ဓါတ်၊ ပရမတ္ထ သဘာဝကို နာမ၊ ရူပ၊ ပရိစ္ဆေဒဉာဏ်ဖြင့် သိမြင်နေသည်ရှိသော် 'ငါ'ဟုစွဲယူမှု သက္ကာယ

ဒိဋ္ဌိ’သည် တဒင်္ဂအားဖြင့် ချုပ်ငြိမ်း၍သွားရပေသည်။ ဝိပဿနာ အာရုံမှ ကင်းလွတ်၍နေသော အခိုက်အတန့်များတွင် ‘သက္ကာယ ဒိဋ္ဌိ’ သည် ပြန်၍ ဖုံးလွှမ်းမြဲ ဖုံးလွှမ်းပြန်ပါသည်။

ဥပမာ-ရေကြည်ကို သောက်သုံးလိုသော ယောကျ်ားသည် ကြာပင်၊ မှော်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သောရေကန်၌ ထိုကြာပင်၊ မှော်ပင်တို့ကို လက်ဖြင့်ဖယ်ရှား၍ ရေကြည်ကို ခပ်ယူ သုံးဆောင်၏။ ထိုယောကျ်ား၏ လက်ကို ရုပ်သိမ်းလိုက်သည်ရှိ သော် ထို ကြာပင်၊ မှော်ပင်တို့သည် ဖုံးလွှမ်းမြဲဖုံးလွှမ်းပြန်ပါသည်။

ဤဥပမာ နည်းတူစွာ သက္ကာယဒိဋ္ဌိဖြင့် အစဉ် ဖုံးလွှမ်းနေသော ပုထုဇဉ် ပုဂ္ဂိုလ်သည် ဝိပဿနာ တရားကို ပွားများဆဲ အခိုက်အတန့်၌သာလျှင် သက္ကာယဒိဋ္ဌိသည် တဒင်္ဂ ချုပ်ငြိမ်းရပေသည်။ ဝိပဿနာအာရုံ လွတ်လိုက်သည်နှင့်တပြိုင်နက် သက္ကာယ ဒိဋ္ဌိသည် ပြန်လည်၍ ဖုံးလွှမ်းမြဲ ဖုံးလွှမ်းပြန်ပါသည်။ အကြိမ်ကြိမ် အဖန်ဖန် ပွားများ အားထုတ်သည်၏အဖြစ်ဖြင့် အသေဝန ပစ္စည်းကို ထုံစေအပ်မှသာလျှင် ဝိပဿနာဉာဏ် ထက်သန် ရင့်ကျက်၍ သောတာပတ္တိမဂ် စိတ်သည် ဖြစ်ပေါ် လာပြီးလျှင် သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သတ်နိုင်ပေမည်။

ထိုထင်ရှားရှိဆဲဖြစ်သော ရုပ်တရား၊ နာမ်တရားနှစ်ပါးတို့ကို ထင်ရှားရှိသည့်အတိုင်း ဉာဏ်ဖြင့် ပိုင်းခြားစွာ သိမြင်ခြင်းသည် အမှန်တရားကို သိမြင်ခြင်း ဖြစ်ပါသဖြင့် သက္ကာယဒိဋ္ဌိ မစင်ကြယ်ခြင်းကြောင့် အမြင်အထူး စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပါသည်။

နာမ်-ရုပ်တရားနှစ်ပါး တို့ကို အကျယ်ချဲ့လျှင် ရုပ်ခန္ဓာတပါးနှင့် နာမ်ခန္ဓာလေးပါး၊ ပေါင်းငါးပါး ဖြစ်ပါသည်။ ထိုတွင်-

၁။ ဝါယောဓါတ် လေသဘောတရားသည် ရူပက္ခန္ဓာမည်၏။

၂။ ရှုမှု၊ ရှိုက်မှု၌ ကောင်းသည်ဟူ၍၎င်း၊ မကောင်းဟူ၍၎င်း၊ ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်းမဟုတ်၊ လျစ်လျူရှုသောအားဖြင့် ခံစားမှုသည်၎င်း၊ ဤသုံးပါးသော ခံစားမှုသည် ဝေဒနာက္ခန္ဓာမည်၏။

၃။ ရှုမှု၊ ရှိုက်မှု၌ မှတ်သားမှုသည် သညာက္ခန္ဓာမည်၏။

၄။ ရှုလိုမှု၊ ရှိုက်လိုမှု သဘောသည် သင်္ခါရက္ခန္ဓာမည်၏။

၅။ ရှုမှု၊ ရှိုက်မှုကိုသိသော စိတ်သဘောတရားသည် ဝိညာဏက္ခန္ဓာမည်၏။

အကြင် ခန္ဓာငါးပါး သဘောတရားတို့သည် ထိုခန္ဓာငါးပါးသဘောတရားတို့အပေါ်၌ စွဲလန်းမှု ဥပါဒါန်ကို ဖြစ်ပေါ်စေ၏။ စွဲလန်းမှုနှင့်တကွ ယှဉ်သော ထိုခန္ဓာငါးပါးတို့သည် ဥပါဒါနက္ခန္ဓာမည်၏။

ဥပရိပဏ္ဏာသ ပါဠိတော်မြန်မာပြန် (နှာ-၇၀) မဟာပုဏ္ဏမသုတ်၌ ရဟန်းတို့ ထိုဥပါဒါန် သည်ပင်လျှင် ထိုငါးပါးသော ဥပါဒါနက္ခန္ဓာကို မဖြစ်ကုန်။ ဥပါဒါန်သည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့မှ ကင်း၍လည်း မဖြစ်ကုန်။ ရဟန်းတို့ ငါးပါး

သော ဥပါဒါနက္ခန္ဓာတို့၌ အကြင် လိုချင် တပ်မက်မှုသည် ရှိ၏။ ထိုလိုချင်တပ်မက်မှုသည် ထို ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့၌ ဥပါဒါန်ဖြစ်၏ဟု မိန့်တော်မူ၏။

ဤကား ဥပါဒါနက္ခန္ဓာတို့အပေါ်၌ 'စွဲလန်းမှုဥပါဒါန်' နှင့် ယင်း 'ဥပါဒါနက္ခန္ဓာ' တို့ကိုခွဲခြား၍ ပြဆိုထားခြင်းဖြစ်ပါသည်။

## 'သတိပဋ္ဌာန် လေးပါး'

၁။ ဖြစ်ဆဲ လေသဘောတရား အပေါ်၌ ထင်သော သတိ၊ တည်ကြည်သော သမာဓိတို့ကို ဖြစ်စေလျက် ဝိပဿနာ ရှုပွား၍ နေခြင်းသည် ကာယနုပဿနာ သတိပဋ္ဌာန် မည်၏။

၂။ ထင်ရှားရှိဆဲ ခံစားမှုဝေဒနာအပေါ်၌ အောက်မေ့မှု သတိ၊ တည်ကြည်သော သမာဓိ တို့ကို ဖြစ်စေလျက် ဝိပဿနာ ရှုပွားခြင်းသည် ဝေဒနာနုပဿနာ သတိ ပဋ္ဌာန် မည်၏။

၃။ ဖြစ်ဆဲ ပူလိုမှု သဘောတရား လေသဘောတရားတို့ အပေါ်၌ မှတ်သားမှု သညာနက္ခန္ဓာနှင့် ပူလိုသော စေတနာ သင်္ခါရက္ခန္ဓာတို့ကို ဝိပဿနာ ရှုပွား၍နေခြင်း သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏။

၄။ ဖြစ်ဆဲ ပူလိုမှု သဘောတရားနှင့် လေ သဘောတရား တို့ကိုသိသော စိတ်အပေါ်၌ သတိ သမာဓိတို့ကို ဖြစ်စေ လျက် ဝိပဿနာ ရှုပွား၍ နေခြင်းသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။

အားထုတ်နည်း အမှတ်စဉ် (၃)

ဝိပဿနာဉာဏ်စဉ် အမှတ် (၂)

# သင်္ခါရဝိတရဏာ ဝိသုဒ္ဓိ

## 'ပစ္စယ ပရိဂ္ဂဟ ဉာဏ်'

ပစ္စယ ပရိဂ္ဂဟ ဉာဏ် ဆိုသည်မှာ ရုပ်၊ နာမ်တို့၏ ဖြစ်ခြင်း အကြောင်းတရားတို့ကို သိမ်းဆည်း သိမြင်သော ဉာဏ်ဖြစ်ပါသည်။

ယင်းဉာဏ်သည်ပင်လျှင် အကြောင်းတရားနှင့် အကျိုးတရားတို့ကို သိမြင်နိုင်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ဉာဏ်ဟူ၍ ခေါ်ဝေါ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်ဉာဏ်၏ အဓိပ္ပါယ်မှာ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရား ဖြစ်ပေါ်မှုကို သုံးသပ် သိမြင်နိုင်သောဉာဏ်ဖြစ်ပါသည်။

ယင်းအကြောင်းတရားနှင့် အကျိုးတရားတို့ကို ထိုးထွင်း သိမြင်နိုင်ကြစေရန်-

၁။ ပစ္စုပ္ပန်ဖြစ်ဆဲ'လေသဘောတရား'သည်အခုစိတ်ကြောင့် ဖြစ်တဲ့လေ၊ အခုစိတ်ကြောင့် ဖြစ်တဲ့လေ၊ အခုစိတ်ကြောင့် ဖြစ်တဲ့လေ ဟူ၍ ဆင်ခြင်ပါ။

၂။ ပစ္စုပ္ပန်ခဏ၌ ဖြစ်ဆဲဖြစ်သော ပြုလိုမှုစိတ်သဘောတရားသည် ရှေးအတိတ်က ဆည်းပူးခဲ့ပြီးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့ကြောင့် ဖြစ်တဲ့ စိတ်ဟူ၍ ဆင်ခြင်ပါ။

## "လေ သဘောတရား၏ ဖြစ်ပေါ်မှု အကြောင်းတရားများကို ပြဆိုခြင်း"

လေသဘောတရား ဖြစ်ပေါ်လာရခြင်း၏ အကြောင်းတရားများမှာ ယင်းလေသဘောတရားသည်–

၁။ ကံ

၂။ စိတ်

၃။ ဥတု

၄။ အဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ပင်ဖြစ်ပါသည်။ ၎င်းအကြောင်းတရားလေးပါးတို့၏ ထောက်ပံ့ပုံ၊ ထောက်ပံ့နည်းမှာ–

အတိတ်ဘဝ အတိတ်ကာလ၌ ဆည်းပူးပြုလုပ်ခဲ့ပြီး ဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ တည်းဟူသော "ဇနက အကြောင်းကံ" သည် ယခု ပစ္စုပ္ပန်ဘဝ၌ စိတ်အသစ်အသစ် အစဉ်မပြတ် ဖြစ်ပေါ်မှုကို ရရှိစေနိုင်ပါသည်။

"ယင်း ကံနှင့်စိတ်" တည်းဟူသော အကြောင်းတရား နှစ်ပါးတို့၏ ထောက်ပံ့မှုကို ဆက်လက်၍ ရရှိတိုင်း ရရှိတိုင်းသော ခဏ၌ စိတ္တဇဝါယောဓါတ် တည်းဟူသော "လေသဘောတရား" သည် ဖြစ်ပေါ်လာရပါသည်။

ဤသို့ "ကံနှင့်စိတ်" ကြောင့် ဖြစ်ပေါ်လျက်ရှိသော "လေသဘောတရား" သည်ပင်လျှင် (၃)ဥတုနှင့် (၄)အာဟာရ တို့၏ပြုပြင် ပြောင်းလဲမှုကြောင့် ယင်း "လေသဘောတရား" သည်လည်း ပြောင်းလဲ၍နေရပါသည်။ ဤနေရာ၌ 'ဥတုနှင့်အာဟာရ' တို့သည် ဥပထမ္ဘက အထောက်အပံ့ အကြောင်းတရားများပင် ဖြစ်ကြပါသည်။

ထို့ကြောင့် ယင်း "လေသဘောတရား" သည် (၁) ကံ၊ (၂) စိတ်၊ (၃) ဥတု၊ (၄) အာဟာရ တည်းဟူသော "ဇနက အကြောင်း" "ဥပထမ္ဘကအကြောင်း" တရား တို့၏ ပြုပြင်စီရင်မှုကြောင့် ဖြစ်ပေါ်၍နေသော သဘာဝဓမ္မမျိုးပင် ဖြစ်ပါသည်။

"ဇနက အကြောင်း" ဆိုသည်မှာ ဖြစ်စေခြင်း အကြောင်းဖြစ်၍ "ဥပထမ္ဘက အကြောင်း" ဆိုသည်မှာ အထောက်အပံ့ အကြောင်းပင် ဖြစ်ပါသည်။

ဥပမာ- မိခင်ဖြစ်သော ဆင်မကြီးသည် ဆင်ငယ်ကလေးကို မွေးဖွါးရာတွင်-

* ထိုဆင်ငယ်ကလေးကို မွေးဖွါးပေးသော မိခင်ဆင်မကြီးသည် ဇနကအကြောင်းနှင့် တူပါသည်။
* ထိုဆင်ငယ်ကလေးကို ဆက်လက်၍ ဂရုတစိုက် ပြုစုစောင့်ရှောက်သော ဆင်ထိန်းမကြီးသည် ဥပထမ္ဘက အကြောင်းနှင့် တူပါသည်။
* ဆင်ငယ်ကလေးသည် ဤနေရာ၌ လေသဘောတရားနှင့် တူပါသည်။

ဤသို့ ရှင်းလင်း ဖော်ပြခဲ့ပြီးဖြစ်သော လေသဘောတရား အပေါ်၌ ထိုလေသဘောတရားကို ဝိပဿနာရှုပွားရာတွင် ထင်မြင်လွယ်စေခြင်းအလို့ငှါ အနီးဆုံးအကြောင်းတရား ဖြစ်သော စိတ်တခုကိုသာ ယူ၍ ယင်း "လေသဘောတရား" သည် "ပြုလိုမှုစိတ်သဘောတရား" ကြောင့်ဖြစ်တဲ့ "လေ" ဟူ၍ အထက်၌ ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

## "ပြုလိုမှု စိတ်သဘောတရား၏ ဖြစ်ပေါ်မှု အကြောင်းတရား များကို ပြဆိုခြင်း"

ပြုလိုမှုစိတ်သဘောတရားသည်ကား အတိတ်ကာလမှ ဆည်းပူးခဲ့ပြီး ဖြစ်သော "အဝိဇ္ဇာ" "တဏှာ" "ဥပါဒါန်" "ကံ" တို့ကြောင့်ပင် ဖြစ်ပါသည်။

"အဝိဇ္ဇာ" သည် သစ္စာလေးပါး အမှန်တရားကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းတတ်သောတရား ဖြစ်ပါသည်။

အမှန်တရားကို "မသိမှုအဝိဇ္ဇာ" အကြောင်းရင်းခံကြောင့် "လိုချင်တပ်မက်မှုတဏှာ" "စွဲလမ်းမှု ဥပါဒါန်" တို့သည် ဖြစ်ပေါ်၍ လာကြရပါသည်။

ထို လိုချင်မှု စွဲလမ်းမှုကြောင့် "ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရ" တည်းဟူသော "ကာမရူပကုသိုလ်ကံ အကုသိုလ်ကံ အရူပါဝစရကုသိုလ်စေတနာကံ" တို့ကို ပြုလုပ်ဆည်းပူးခဲ့သည်၊ ထိုသို့ ဆည်းပူးခဲ့ပြီးဖြစ်သောအကြောင်းတရားတို့ကြောင့် ဤ "ဤပြုလိုမှုစိတ်သဘောတရား" သည် ဖြစ်ပေါ်၍ လာရပါသည်။

၎င်း "အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ" တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ချုပ်ဆုံးပြီး ဖြစ်သော်လည်း ပစ္စုပ္ပန် စိတ်၏ ဖြစ်ပေါ်ခြင်းမှာ ၎င်းအကြောင်းတရားနှင့် မကင်းပေ။

ဥပမာအားဖြင့် အလင်းရောင်ရရှိစေရန် ထွန်းညှိထားသော ဖယောင်းတိုင်သည် ကုန်ဆုံးခါနီးကာလသို့ရောက်ရာ၏။ ထိုခဏ၌ ၎င်းဖယောင်းတိုင်မှ တောက်လောင်နေသော မီးတောက်ဖြင့် ဒုတိယအသစ်ဖြစ်သော ဖယောင်းတိုင်သို့ ကူးယူ ထွန်းညှိရာ၏။ ထွန်းညှိမှုကိစ္စပြီးဆုံးလျှင် ကုန်ခါနီးဖြစ်သော ပဌမ ဖယောင်းတိုင်မှ မီးတောက်သည်လည်း ချုပ်ငြိမ်းလေတော့သည်။

ဤကိစ္စကို ဆင်ခြင်ရာတွင်-

ဒုတိယဖယောင်းတိုင်မှ ရှိဆဲဖြစ်သော မီးတောက်သည် ချုပ်ငြိမ်းလေပြီးဖြစ်သော ပဌမဖယောင်းတိုင်၏ မီးတောက်မဟုတ်ပေ။ သို့ပင် မဟုတ်ငြားသော်လည်း ပဌမ ဖယောင်းတိုင်မှ မီးတောက်နှင့် အကြောင်းတရားခြင်း မကင်းပေ။ ပဌမ ဖယောင်းတိုင်မှ မီးတောက်သည် ဒုတိယဖယောင်းတိုင်မှ မီးတောက်အား စ၍ဖြစ်ပေါ်စေခြင်း "ဇနကအကြောင်း" ပင် ဖြစ်ပါသည်။

ယင်းသို့ ဖြစ်ပေါ်၍လာရသော ဒုတိယ ဖယောင်းတိုင်မှ မီးတောက်အား အသစ်အသစ် ဆက်လက်၍ ထွန်းလင်းတောက်ပနိုင်စေရန် လက်ရှိဖယောင်းတိုင်မှ ဖယောင်းဆီနှင့် မီးဇာသည် "ဥပထမ္ဘက" အထောက်အပံ့အကြောင်းပင် ဖြစ်ပါသည်။

[Hlaing 10 ]

ဤဥပမာ နည်းတူစွာပင်– ပစ္စုပ္ပန်ခဏ၌ ဖြစ်ဆဲ ဖြစ်သော "ပြုလိုမှုစိတ်သဘောတရား"သည် အတိတ်ကာလ၌ ပြုလုပ်ဆည်းပူးခဲ့ပြီးဖြစ်သော–

၁။ အဝိဇ္ဇာ။

၂။ တဏှာ။

၃။ ဥပါဒါန်။

၄။ ကံ တည်းဟူသော လေးပါးသော အကြောင်းတရားတို့နှင့် မကင်းပေ။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ–

၁။ အဝိဇ္ဇာ။

၂။ သင်္ခါရ။

၃။ တဏှာ။

၄။ ဥပါဒါန်။

၅။ ကမ္မဘဝတို့၏ အကြောင်းရင်းခံကြောင့် ဝိညာဏ် နာမ်ရုပ်တို့၏ဖြစ်ပေါ်မှု ဇာတိကိုရရှိစေနိုင်ပါသည်။ "သင်္ခါရနှင့် ကမ္မဘဝ" တို့သည် တရားကိုယ်အားဖြင့် "ကံ" တခုတည်းကိုသာလျှင် ကောက်ယူနိုင်ပါသည်။

ထို့ကြောင့်–

(က) အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ တည်းဟူသော အတိတ်ကံအကြောင်းတရားသည် "ပြုလိုမှု စိတ်သဘောတရား" ၏ ဖြစ်ပေါ်စေမှု "ဇနကအကြောင်း" ပင် ဖြစ်ပါသည်။ ယင်းဇနကကံသည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ပေးစေနိုင်ပါသည်။

(ခ) ယင်းအတိတ်ကံကြောင့် ဖြစ်ပေါ်၍လာရသော "စိတ်သဘောတရား" သည် ပစ္စုပ္ပန်အကြောင်း အထောက်အပံ့ဖြစ်သော "ဥပထမ္ဘကကံ" ၏ ပြုပြင် စီရင်မှုကြောင့် အစဉ်မပြတ် ပြောင်းလဲနေရပါသည်။

ဥပမာ– လောကဝေါဟာရအလိုအားဖြင့် အသက်ရှည်သည် ဆိုသည်မှာ-

လူတို့၏ သက်တမ်း ကုန်ဆုံးသည်အထိ တည်နေသမျှ ကာလပတ်လုံး ထိုသို့ တည်နေနိုင်စေရန် စိတ်အစဉ်သည် အစဉ်မပြတ် ဒလစပ် မရပ်မနား အသစ်အသစ် ဖြစ်ပေါ်၍ နေကြရပါသည်။ ထိုသို့အစဉ်မပြတ် ဒလစပ် ဖြစ်ပေါ်နေရခြင်းကိုပင်လျှင် 'အသက်ရှည်သည်' ဟု ခေါ်ဆိုကြရပါသည်။

ယင်းသို့ စိတ်အစဉ်သည် အစဉ်မပြတ် ဒလစပ် အသစ်အသစ် ဖြစ်ပေါ်၍နေနိုင်စေရန် ရှောင်ကြဉ်သင့်သော အစာအဟာရတို့ကို ရှောင်ကြဉ်ခြင်း၊ မှီဝဲသင့်သော ဆေးဝါးနှင့် အဟာရတို့ကို မှီဝဲခြင်း၊ ဥတုနှင့် သင့်တင့် လျောက်ပတ်အောင် အနေအထိုင် ဆင်ခြင်ခြင်း၊ ကျန်းမာရေးကို ဂရုစိုက်ခြင်း စသည်တို့သည် ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်မှုအကြောင်းကံများပင် ဖြစ်ပါသည်။ ထိုကံသည်ပင်လျှင် စိတ်၏အသစ်အသစ် အစဉ်မပြတ် ဖြစ်ပေါ်စေခြင်းငှာ (ဝါ) အသက်ရှည်စေခြင်းငှာ ဥပထမ္ဘက အကြောင်းကံများပင်ဖြစ်ပါသည်။ ကံဆိုသည်မှာ- ပါဠိပုဂ္ဂိုလ် စကားဖြစ်၍ ကမ္မမှလာသောကြောင့် ထိုကမ္မဟူသော ပါဠိ၏အဓိပ္ပါယ်မှာ 'ပြုလုပ်မှု' ပင် ဖြစ်ပါသည်။

ထို့ကြောင့်

(က) အတိတ်ဘဝမှ ပြုလုပ် ဆည်းပူးခဲ့ပြီးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံသည် ယခုလက်ရှိ ဘဝတွင် ဝိညာဏ်၊ နာမ်၊ ရုပ်တို့ကိုဖြစ်စေခြင်း၊ (ဝါ) ပဋိသန္ဓေ အကျိုး + ပဝတ္တိ အကျိုးတို့ကို ဖြစ်ပေါ် စေနိုင်ခြင်း ဇနက အကြောင်းဖြစ်၍၊

(ခ) ယခုဘဝ၌ သင့်လျော်သော အမှုတို့ကို ပြုလုပ်ခြင်း၊ မသင့်လျော်၍ မလျောက်ပတ်သော အမှုတို့ကို ရှောင်ကြဉ်ခြင်းစသည့်ပစ္စုပ္ပန်ကံသည် ဥပထမ္ဘက အထောက် အပံ့ အကြောင်းများပင်ဖြစ်ပါသည်။

ထို့ကြောင့်-

'ပြုလိုမှု စိတ်သဘောတရား'သည် ဆက်လက်၍ အသစ်အသစ် ဖြစ်ပေါ်စေမှု၏ ပဓါန လိုရင်းအကြောင်းတရားများမှာ၊

၁။ 'ဇနက အကြောင်းတည်းဟူသော 'အတိတ်ကံ'နှင့်၊

၂။ 'ဥပထမ္ဘက အကြောင်းတည်းဟူသော ပစ္စုပ္ပန်ကံ'။

ယင်း 'အကြောင်းကံ' နှစ်ပါးတို့ကြောင့်ပင် ဖြစ်ပါသည်။

ဤသို့လျှင်-

(က) 'လေသဘောတရား' သည် ပြုလိုမှု စိတ်သဘောတရား ကြောင့်ပင် ဖြစ်သည်ဟူ၍ရင်း၊

(ခ) 'ပြုလိုမှုစိတ်သဘောတရား' သည် 'အတိတ်ကံ+ပစ္စုပ္ပန် ကံ' စသည်တို့ကြောင့် ဖြစ်သည်ဟူ၍ရင်း၊

ဤသို့သော သဘောတရားတို့၏ ဖြစ်ခြင်းအကြောင်းတရားတို့ကို ထိုးထွင်း၍ သိမြင်သော ဉာဏ်သည် ပစ္စယ ပရိဂ္ဂဟဉာဏ်မည်၏။

ယင်း ပစ္စယပရိဂ္ဂဟ ဉာဏ်သည် အကြောင်း တရား တို့၏ ထောက်ပံ့မှုကြောင့် အကျိုးတရားဖြစ်ပေါ်မှုကို ထိုးထွင်း သိမြင်သောဉာဏ် ဖြစ်ပါသဖြင့် ထိုဉာဏ်ကိုပင်လျှင် ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ် သိမြင်သောဉာဏ်ဟူ၍ ခေါ်ဆိုနိုင်ပါသည်။ ၎င်းကို ထပ်လောင်း၍ ရှင်းလင်းဖော်ပြပါအုံးမည်။

ပဋိစ္စသမုပ္ပါဒ်ကို သိမြင်သော ဉာဏ် ဆိုသည်မှာ—

(က) 'ပြုလိုမှု စိတ်သဘောတရား' သည် 'ကံ' တည်းဟူသော အကြောင်းတရားတို့ကို စွဲ၍ ဖြစ်ပေါ်နေသော အကျိုးတရား သက်သက်မျှသာ တည်းဟု သိမြင်သောဉာဏ်ကို ခေါ်ပါသည်။

(ခ) ထိုကံကြောင့် ဖြစ်သော အကျိုးတရားဟု သမုတ်အပ်သော 'ပြုလိုမှု စိတ် သ ဘော တ ရား' သည်ပင်လျှင် အကြောင်းတရား ပြန်၍ ဖြစ်ရပြန်ပါသည်။ ယင်း အ ကြောင်း တ ရား ကြောင့် နာသီးဖျား၌ တိုးခတ်မှု 'လေသဘောတရား' တည်းဟူသော အကျိုးတရားသည် ဖြစ်ပေါ်၍လာရပြန်ပါသည်။

(ဂ) တဖန်ထို 'လေသဘောတရား' တည်းဟူသော အကျိုးတရားသည်ပင်လျှင် အကြောင်းတရား ပြန်ဖြစ်၍ ယင်း

အကြောင်းတရား ဖြစ်သော ထိုတိုးခတ်မှု ဓလေ့သဘော တရားကို တိုးခတ်တိုင်း တိုးခတ်တိုင်း သိ၍ သိ၍ နေသော 'စိတ်' တည်းဟူသော အကျိုးတရားသည် ဖြစ်ပေါ်၍ လာရပြန်ပါသည်။

ဥပမာအားဖြင့်-

မြေ၊ ရေ၊ ဥတုတို့၏ အထောက်အပံ့ကို ကောင်းမွန် ညီညွတ်စွာ ရရှိသောနေရာ၌ စိုက်ပျိုးထားအပ်သော မျိုးစေ့သည် ထိုမျိုးစေ့မှပင်စည်၊ ပင်စည်မှအကိုင်း၊ အကိုင်းမှအလက်၊ အရွက်၊ အသီး၊ အပွင့်တို့ ဖြစ်ပေါ်လာဘိသကဲ့သို့၊ အကြောင်းတရားတို့၏ ညီညွတ်စွာ ထောက်ပံ့မှုကြောင့် အကျိုးတရားဖြစ်ပေါ်မှုကိုရင်း၊ ထိုအကျိုးတရားသည်ပင်လျှင်အကြောင်းတရားပြန်ဖြစ်၍ အကျိုးတရား တဖန်ထပ်၍ ဖြစ်ပေါ်မှုကိုရင်း သိသောဉာဏ်သည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်သောဉာဏ် ဖြစ်ပါသည်။

## "ပဋိစ္စသမုပ္ပါဒ်ကို နည်းလေးပါးဖြင့် ဝေဘန်သုံးသပ်ခြင်း"

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန် အရှင်နန္ဒမာလာ တတိယတွဲ (နှာ-၂၄၄)ကို မှီငြမ်းပြုသည်။

၁။ အကြောင်းကြောင့် အကျိုးဖြစ်ခြင်း၊ သန္တာန်အားဖြင့် မပြတ်ဖြစ်ခြင်းသည် ဧကတ္တနည်း မည်၏။

'စိတ်' တည်းဟူသော အကြောင်းတရားကြောင့် 'လေ'တည်းဟူသော အကျိုးတရား ဖြစ်ပေါ်လာရ၏။ အကြောင်းတရားဖြစ်သော 'စိတ်' သည်လည်း အစဉ်မပြတ် ထောက်ပံ့၍နေ၏။

ထိုစိတ်ကြောင့်ဖြစ်သော 'လေ' သည်လည်း အစဉ်မပြတ် ဒလစပ် ဆက်စပ်၍ ဖြစ်ပေါ်နေရ၏။ ဤသို့သိမြင်ခြင်းသည် ဧကတ္တနည်း ကို သိမြင်သည်မည်၏။

ဧကတ္တနည်းကို အမှန်အားဖြင့် ရှုသောသူသည် အကြောင်း အကျိုးဆက်စပ်၍ အစဉ်မပြတ် ဖြစ်ပေါ်နေမှုကို ထိုးထွင်းသိမြင် ရ၏။ ထိုသို့ သိမြင်ရခြင်းကြောင့် အကြောင်း အကျိုး တရား နှစ်ပါးတို့အပေါ်၌ ထိုအကြောင်းအကျိုး တရားနှစ်ပါးတို့ကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ စွဲယူမှု ဖြစ်ပေါ်ခြင်းမရှိ။ ဤသို့စွဲယူမှု မဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ်၊ သတ္တဝါသည် သေပြီးသည့်နောက် ပြတ်၏။ ဘဝတဖန်မဖြစ်တော့ပြီဟူ၍ စွဲယူခြင်းငှာ မထိုက်တော့ ပြီ၊ ထိုသို့ စွဲယူမှုမရှိခြင်းကြောင့် ဤဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်သည် မည်၏။

ထိုအကြောင်းအကျိုးတရားနှစ်ပါးအပေါ်၌ ပုဂ္ဂိုလ်၊သတ္တဝါ ဟု ရှုသည်ရှိသော်၊ ထိုသတ္တဝါသည် သေပြီးသည့် နောက်တွင် ဘဝတဖန်ဖြစ်၏၊ တဘဝမှတဘဝသို့ ကျင်လည်ကျက်စား ပြေး လွှားရ၏ဟူသော သဿတ ဒိဋ္ဌိကို စွဲလန်း၏။

ထိုဥစ္ဆေဒ ဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ စသည့် (၆၂) ပါးသော ဒိဋ္ဌိ တို့သည် ထိုအကြောင်း အကျိုး တရား နှစ်ပါး အပေါ်တွင် အမှောက်မှောက် အမှားမှား သက္ကာယ ဒိဋ္ဌိအားဖြင့် စွဲယူခြင်း ကြောင့်သာလျှင် ဖြစ်ရပေသည်။ ထို့ကြောင့် ဒုတိယ ဂူတိဒတ္တ သုတ်၌ (၆၂) ပါးသောဒိဋ္ဌိတို့၏ ဖြစ်ပေါ်လာရခြင်းအကြောင်း ရင်း အမြစ်မူလမှာ သက္ကာယဒိဋ္ဌိပင် ဖြစ်၏ဟု ဟောတော်မူခဲ့ ပါသည်။

၂။ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါး တို့သည် တပါးနှင့်တပါးမတူ၊ ကွဲပြားခြားနားသည်၏အဖြစ်ကို သိသော ဉာဏ်သည် နာနာတ္တနည်းကို သိမြင်သောဉာဏ်မည်၏။

'စိတ်' တည်းဟူသော အကြောင်းတရား၏ သဘာဝလက္ခဏာ သည် 'လေ' တည်းဟူသော အကျိုးတရား၏ သဘာဝလက္ခဏာ နှင့် သဘာဝလက္ခဏာခြင်း မတူပေ။ တသီးတခြားစီသာလျှင် ဖြစ်၏။ ဤသို့သိမြင်ခြင်းသည် နာနာတ္တနည်းကို သိမြင်သည်မည် ၏။

နာနာတ္တ နည်းကို အမှန်အားဖြင့် ရှုသော သူသည် ထိုသို့ သဘောလက္ခဏာခြင်း မတူညီသောအကြောင်းတရားနှင့် အကျိုး တရားတို့အပေါ်၌ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှုခြင်းကြောင့် ထို ပုဂ္ဂိုလ်၊ သတ္တဝါ သေပြီးသည့်နောက်တွင် ဘဝတဖန် ဖြစ်၏ဟု စွဲယူသောသဿတဒိဋ္ဌိမဖြစ်တော့ပေ။ ထိုသဿတဒိဋ္ဌိကို ပယ်စွန့် ၏။

ထိုအကြောင်း အကျိုး သဘောတရားတို့အပေါ်၌ ပုဂ္ဂိုလ်၊ သတ္တဝါအားဖြင့် သုံးသပ် ထင်မြင်ခဲ့သည်ရှိသော်

တပါးသောသူသည်သေလေ၏။ အခြားတပါးသောသူသည် မွေးဖွား၏။

သတ္တဝါတပါးသည် ပြတ်၏။ သတ္တဝါတပါးသည် ဖြစ်၏ဟူ ၍၎င်း၊ ဒီဘဝ ဒီကိုယ်စံ၍ ဒီဘဝတွင် သေလျှင် ပြတ်၏။ ဟိုဘဝ ဟိုကိုယ်ခံလိမ့်မည် ဟူ၍၎င်း၊ ဤသို့သော အခြင်းအရာအားဖြင့် ဥစ္ဆေဒဒိဋ္ဌိကို စွဲလန်း၏။

ဤနေရာ၌

ဘဝတဖန်ဖြစ်၏ဟု စွဲယူလျှင်လည်း သဿတဒိဋ္ဌိဖြစ်၏။

ဘဝပြတ်ပီ၊ နောက်ထပ်တဖန် ဖြစ်ပေါ်မှု မရှိတော့ပြီဟု စွဲယူလျှင်လည်း ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

ဤသို့သော ပြဿနာနှစ်ရပ်သည် ဖြစ်ပေါ်လာ၏။

ဤသို့သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့သည် အဘယ်ကြောင့် ဖြစ်ရသနည်းဟူမူကား

အကြောင်းအကျိုးတရား နှစ်ပါးတို့အပေါ်၌ ထိုအကြောင်း အကျိုးတရားနှစ်ပါးတို့ကိုပင် 'ဘဝ' ဟူ၍၎င်း၊ လူ့ဘဝ၊ နတ်ဘဝဟူ၍၎င်း၊စွဲယူထားသည်ဖြစ်ခြင်းကြောင့် ဘဝတဖန်ဖြစ်ခြင်း ဟူသော သဿတဒိဋ္ဌိသည်၎င်း၊ ဘဝပြတ်ပြီဟူသော ဉပစ္ဆေဒ ဒိဋ္ဌိသည်၎င်း၊ ယင်းမိစ္ဆာဒိဋ္ဌိ နှစ်ပါးတို့တွင် တပါးပါးသည် ဖြစ် ပေါ် လာရပေသည်။ အမှန်စင်စစ်အားဖြင့် ထင်ရှား ရှိသော သဘောတရားမှာ အကြောင်းအကျိုး တရားနှစ်ပါးတို့ပင် ဖြစ်ပါ သည်။ ထိုပရမတ္ထဖြစ်သော အကြောင်းအကျိုးတရား နှစ်ပါးတို့ ကို ထိုးထွင်းသိမြင်၍နေသည်ရှိသော် 'ဘဝ' ဟူသော ဝေါဟာရ ပညတ်သည် ကင်းစင် လွင့်ပျောက်၍ သွားရပေသည်။

အကြောင်းအကျိုးတရား နှစ်ပါးတို့သည် အစဉ်မပြတ် ဆက် စပ်၍ အသစ်အသစ်ဖြစ်ပေါ်မှုကိုပင် သံသရာဟု ခေါ်ပါသည်။

အကြောင်းအကျိုးတရားနှစ်ပါးတို့အပေါ်၌ ထိုအကြောင်း အကျိုးတရား နှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းကို နိဗ္ဗာန်ဟု ခေါ်ပါ သည်။

အကြောင်းအကျိုးတရားနှစ်ပါးသည် အစဉ်မပြတ်ဆက်စပ်၍ ဖြစ်နေသည်ဟု ရှုမြင်လျှင် ထိုသို့ ရှုမြင်ခြင်းသည် သဿတဒိဋ္ဌိ မဟုတ်ပေ၊ သမ္မာဒိဋ္ဌိပင် ဖြစ်ပါသည်။

အကြောင်းတရား ချုပ်ငြိမ်းသည်ရှိသော် အကျိုးတရားသည်လည်း ကင်းပြတ် ချုပ်ငြိမ်းရ၏ဟု ရှုမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ မဟုတ်ပေ။ ယင်းသို့မြင်သော အမြင်သည်လည်း သမ္မာဒိဋ္ဌိပင် ဖြစ်ပါသည်။

ဤသို့ အကြောင်း အကျိုးတရားတို့၏ အစဉ်မပြတ် ဖြစ်ပေါ်နေမှုကို သံသရာဟူ၍၎င်း၊ ထိုအကြောင်း အကျိုး တရားတို့၏ ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်ဟူ၍၎င်း၊ ဤသို့သိမြင်ခြင်းသာလျှင် မှန်ကန်သော သမ္မာဒိဋ္ဌိအမြင် ဖြစ်ပေသည်။

၎င်းအကြောင်းအကျိုးတို့ အပေါ်၌ ထိုသဘောတရား တို့ကို ပင် ပုဂ္ဂိုလ်၊ သတ္တဝါဟု စွဲယူမှုသာလျှင် တစိတ်တဒေသအားဖြင့် ခေါ်ဝေါ် သမုတ်အပ်သော သက္ကာယဒိဋ္ဌိ မည်ပေသည်။ သက္ကာယဒိဋ္ဌိဖြစ်လျှင် သဿတဒိဋ္ဌိသည်၎င်း၊ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသည်၎င်း၊ ယင်းမိစ္ဆာဒိဋ္ဌိနှစ်ပါးတို့တွင် တပါးပါးသည် ကေန်မုချဖြစ်ရပေမည်။ (၆၂) ပါးသောဒိဋ္ဌိတို့သည်လည်း ထိုသက္ကာယဒိဋ္ဌိ အပေါ်တွင်မူတည်၍ ဖြစ်ကြရပါသည်။ သက္ကာယဒိဋ္ဌိ ပြုတ်လျှင် အလုံးစုံသော (၆၂) ပါးသော ဒိဋ္ဌိတို့သည်လည်း ပြုတ်ရပေသည်။

၃။ အကြောင်းတရားဖြစ်သော 'စိတ်သဘောတရား' သည် 'လေ' တည်းဟူသော အကျိုးတရားဖြစ်ပေါ်စေရန် အားထုတ်မှု၊ ကြောင့်ကျ ဗျာပါရစိုက်မှုမရှိ၊ ထို 'စိတ်' သည် 'လေ' အပေါ်၌

ကြောင့်ကျ ဗျာပါရ ကင်းသည်၏အဖြစ်ကို သိသော ဉာဏ်သည် အဗျာပါရနည်းကို သိမြင်သော ဉာဏ်မည်၏။

ဥပမာအားဖြင့် မြစ်ထဲချောင်းထဲ၌ စီးဆင်း၍နေသော ရေတို့သည် ရှိကြကုန်၏။ ထိုသို့ စီးဆင်းနေကြရာတွင် ရှေ့က စီးဆင်းသွားသောရေသည် နောက်၌ရှိသောရေအား သူ့နောက်လိုက်၍ စီးဆင်းရန်အားထုတ်မှု၊ ကြောင့်ကျဗျာပါရစိုက်ခြင်း မရှိပေ။

ထို့အတူ အကြောင်းတရားဖြစ်သော 'စိတ်' သဘာဝသည်လည်း 'လေ' ဖြစ်ပေါ်စေရန် ကြောင့်ကျ ဗျာပါရ စိုက်ခြင်းမရှိ။ သို့ပင်မရှိငြားသော်လည်း စိတ်ဖြစ်လျှင် လေသည် ဖြစ်ပေါ်၍ လာရသည်မှာ နိယာမသိဒ္ဓိပင် ဖြစ်ပါသည်။

အဗျာပါရနည်းကိုအမှန်အားဖြင့်ရှုသောသူသည်အကြောင်းတရားဖြစ်သော 'စိတ်ဓါတ်အပေါ်၌ ထိုစိတ်ဓါတ်သည် အကျိုးတရားဖြစ်ပေါ်စေရန် 'အတ္တ' 'ဇီဝ' တို့မှ ကင်းသည်းသည်ကို သိမြင်သဖြင့် 'အတ္တဒိဋ္ဌိ' ကိုပယ်စွန့်၏။

ထိုအကြောင်းတရား အပေါ်၌၊ ထိုအကြောင်းတရားသည် အကျိုးတရားဖြစ်ပေါ်စေရန် ကြောင့်ကျ ဗျာပါရစိုက်ခြင်း မရှိသည်ကို သိမြင်သဖြင့် ထိုအသိအမြင်ကိုပင် တထစ်ချစွဲယူထား၏။

ဤသို့ စွဲယူထားခြင်းကြောင့် အကြောင်းတရား အပေါ်၌ ပုဂ္ဂိုလ်၊ သတ္တဝါဟု သုံးသပ် ထင်မြင်ပြီးလျှင် ထိုပုဂ္ဂိုလ်၊ သတ္တဝါသည် ကုသိုလ်ကောင်းမှုကိုပင် ပြုသည်ဖြစ်စေ၊ အကုသိုလ်အမှုကိုပင် ပြုသည်ဖြစ်စေ၊ ထိုပြုလုပ်မှုဟူသမျှသည် အကျိုးတရား ဖြစ်ပေါ်စေရန် ကြောင့်ကျ ဗျာပါရ ကင်းခြင်းကြောင့် 'ပြုသည်

မမည်' ပေ။ ဤသို့သော အခြင်းအရာအားဖြင့် အကိရိယဒိဋ္ဌိကို စွဲလန်း၏။

(၄) ဤအကြောင်းကြောင့် သာလျှင် ဤအကျိုး ဖြစ်၍ အခြားတပါးသော အကျိုးတရားများ မဖြစ်ခြင်း။ "စိတ်" ကြောင့် "လေ" သာလျှင် ဖြစ်၍ လေမှတပါး အခြားတပါး သော အကျိုးမဖြစ်ဟု သိမြင်သောဉာဏ်သည် ဧဝံဓမ္မတာနည်း ကို သိမြင်သောဉာဏ်မည်၏။

ဤသို့ အကြောင်းအားလျော်စွာ အကျိုးဖြစ်ပေါ်မှုကို ထိုး ထွင်း သိမြင်ခြင်းကြောင့် အကျိုးတရားဖြစ်သော "လေဓါတ်" သည် အကြောင်းတရားမရှိဟု ယူသော 'အဟေတုကဒိဋ္ဌိ'ကိုရင်း၊ "အကြောင်းတရားဖြစ်သော စိတ်ဓါတ်" သည် အကျိုးကို ဖြစ် ပေါ်စေခြင်းငှါ မဘတ်စွမ်းနိုင်၊ ထိုစိတ်ဓါတ်သည် ဖြစ်ပေါ်ခဲ့ သည်ရှိသော် ဖြစ်ပေါ်ကာမျှ ပြုကာမျှပင်တည်း။ ဤသို့ပြုကာမျှ သည် ပြုသည်မမည်ပေဟု စွဲယူသော အကိရိယဒိဋ္ဌိ ကိုရင်း ပယ် စွန့်၏။

တကျိုးတရားကို တွေ့ထိ သိမြင်ရသည်ရှိသော် ထိုအကျိုး တရားကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရား တို့ကိုလည်း ထိုးထွင်း သိမြင်သာရ၏။ ဤသို့ ထိုးထွင်း သိမြင်ရခြင်းကြောင့် ထိုအသိအမြင်ကို တထစ်ချ စွဲယူထား၏။ ယင်း အသိအမြင်ကို အမှောက်မှောက်အမှားမှား ဖေါက်ပြန်သောအားဖြင့် ရှုသော သူသည် နိယတဝါဒကို ပြင်းစွာစွဲလမ်း၏။

ဤသို့-

အကြောင်းတရားနှင့် အကျိုးတရားတို့ အပေါ်တွင် နည်းလေးပါး တို့ဖြင့် ဆင်ခြင်ရာ၌ အမှောက်မှောက် အမှားမှား သုံးသပ်ဆင်ခြင်မိခြင်းကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အတ္တဒိဋ္ဌိ အကာရိယဒိဋ္ဌိ အဟေတုကဒိဋ္ဌိ နိယတဝါဒ အစရှိသော ဒိဋ္ဌိတို့သည် ဖြစ်ပေါ်၍လာတတ်ကြောင်း တွေ့ရှိရပါသည်။ ယင်းဒိဋ္ဌိတို့၏ ဖြစ်ပေါ်၍ လာရခြင်းအကြောင်းရင်းအမြစ် မူလကို စူးစမ်းရှာဖွေသည်ရှိသော် ဟုတ်မှန်သော "စိတ်ဓါတ်"နှင့် "လေဓါတ်" တို့ကို ဟုတ်မှန်သည့်အတိုင်း မသိမမြင် ခြင်းကြောင့်သာလျှင် ဖြစ်ရပေသည်။ စိတ်သဘောတရားနှင့် လေသဘောတရားတို့အပေါ်၌ ထိုသဘောတရားတို့သည် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်အတ္တမဟုတ် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ နာမ်ဓါတ်၊ ရုပ်ဓါတ် အကြောင်းတရားနှင့် အကျိုးတရားမျှသာဖြစ်ကြကုန်၏။ အကြောင်းတရား တို့၏ ပြုပြင် စီရင်မှုကြောင့် ဖြစ်ပေါ်၍ နေသော အကျိုးတရား သက်သက်မျှသာတည်းဟု အကြောင်းနှင့်အကျိုးကို ထိုးထွင်း သိမြင်၍နေလျှင် ထိုသို့ ထိုးထွင်း သိမြင်၍ နေခြင်းအားဖြင့် (၆၂) ပါးသော ဒိဋ္ဌိတို့သည် ပယ်ခွါ၍ သွားရပေသည်။ ဤသို့ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ထိုးထွင်းသိမြင်သောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

ယင်းပစ္စယပရိဂ္ဂဟဉာဏ်သည် ရုပ်နာမ်တို့၏အပေါ်၌ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်းကြောင့် ယုံမှားခြင်းကို လွန်

မြောက်သောဉာဏ် အထူး စင်ကြယ်ခြင်း ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဤဉာဏ်နှစ်ပါးသည် ပရိညာသုံးပါးတွင် အမှတ်စဉ်(၁) ဖြစ်သော ဉာတပရိညာမည်၏။

ပရိညာဆိုသည်မှာ ဉာဏ်၏ ပိုင်နိုင်ခြင်းပင်တည်း။

## အားထုတ်နည်း အမှတ်စဉ် (၄)

## ဝိပဿနာ ဉာဏ်စဉ် အမှတ် ( ၃ )

# မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ

## သမ္မသနဉာဏ်။

ကာလသုံးပါးတို့၌ အကြိမ်ကြိမ်အဖန်ဖန်သုံးသပ်သောဉာဏ်။

(က) အကြောင်းရုပ်တရား နာမ်တရားတို့သည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိ၏။ ထိုသို့ ထင်ရှားရှိဆဲသဘောတရားကို ထင်ရှားရှိသည့်အတိုင်း ဉာဏ်ပညာဖြင့် ပဌမဦးစွာ ဆိုးထွင်း သိမြင်ရပေမည်။

ထို့ကြောင့်-

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် ဘူဘသုတ်(နှာ-၂၆၇) ၌၊

ဤသည်ကား ခန္ဓာငါးပါးတည်းဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှု၏ဟု ဟောတော်မူခဲ့ပါသည်။

ဤသို့ ထင်ရှားရှိသော သဘောတရားကို ထင်ရှားရှိသည့် အတိုင်း ထိုးထွင်း သိမြင်ပြီးသည့်နောက်တွင်၊

(ခ) ဒုတိယအဆင့် အနေအားဖြင့် အောက်တွင်ဖော်ပြပါ ဝိသုဒ္ဓိမဂ္ဂအဌကထာအရ၊

"ပစ္စုပ္ပန်ခဏ၌ ရှိဆဲ ရုပ်သည်ဖြစ်ဆဲ"

ဟူသော သဘာဝဓမ္မ၏ မှုသေ တွက်ကိန်းကို သိထားရပေမည်။ ဝိသုဒ္ဓိမဂ္ဂအဌကထာ မြန်မာပြန် တတိယတွဲ(နှာ-၃၆၆)၌၊

ဇာတံ ရူပံ ပစ္စုပ္ပန္နံ တဿာဘိနိဗ္ဗတ္တိလက္ခဏံ ဥဒယော။

ဝိပရိဏာမလက္ခဏံ ဝယော အနုပဿနာဉာဏံ။

ဖြစ်ဆဲဖြစ်သော ရုပ်သည် ပစ္စုပ္ပန် မည်၏။

"ပစ္စုပ္ပန်ဖြစ်သော ရုပ်သည် ဖြစ်ဆဲ" ဖြစ်၍ ခဏငယ် သုံးပါး၌ အတွင်းဝင်သော ရုပ်ပေတည်း။

ထိုပစ္စုပ္ပန်ဖြစ်သော ရုပ်၏စ၍ ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သင်္ခါတ၏လက္ခဏာသည် ဖြစ်ခြင်း ဥဒယမည်၏။

ဖောက်ပြန်ခြင်းဟူ၍ မှတ်အပ်သော သင်္ခါတ၏လက္ခဏာသည် ပျက်ခြင်း ဝယ မည်၏။

အကြင်ဖြစ်ခြင်း ပျက်ခြင်း (ဥဒယဝ) ကို အဖန်တလဲလဲ ရှုသောပညာသည်ရှိ၏။ ထိုဥဒယ ဝယကို အဖန်တလဲလဲ ရှုသော ပညာသည် ဉာဏ်မည်၏။

ဤအဋ္ဌကထာအရ အလုံးစုံသော ရုပ် နာမ်ဓမ္မ သင်္ခါရ သဘောတရားတို့ကို ဆင်ခြင်ကြည့်လျှင် မည်ကဲ့သို့သောသဘော တရားများပင် ဖြစ်စေကာမူ၊

က။ အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ အကြင် သဘော တရားတခုခုသည် ထင်ရှားရှိ၏။

ခ။ ထိုထင်ရှားရှိဆဲ သဘောတရားသည် ဖြစ်ဆဲပင် ဖြစ်ပါ သည်။

ထိုသဘောတရား၏ ထင်ရှား ရှိ၍ရှိ၍ နေခြင်းသည် အသစ် တဖန်ဖြစ်ခြင်းကြောင့်သာလျှင် ဖြစ်ပါသည်။ အကယ်၍ အကြင် သဘောတရားသည် အသစ်တဖန် ဖြစ်ပေါ်မှု မရှိခဲ့ပါလျှင် ထို သဘောတရားသည် လုံးဝမရှိနိုင်တော့ပါ။ ထိုသဘောတရားတို့ သည် အသစ်အသစ် ဖြစ်၍ဖြစ်၍ နေခြင်းကြောင့်သာလျှင် ထင် ရှားရှိ၍ရှိ၍ နေရပါသည်။

ထို့ကြောင့် ဝိပဿနာဉာဏ်အရာနှင့်ပတ်သက်၍ အာရုံပြုဆဲ ဖြစ်သော ပစ္စုပ္ပန်ခဏ၌၊

"ရှိဆဲသဘောတရားသည် ဖြစ်ဆဲ"

ဟူသော သဘာဝဓမ္မ၏ မူရင်းကို ပိုင်နိုင်စွာသိထားရန် အ ရေးကြီးပါသည်။

၎င်းသဘာဝဓမ္မ၏မူကို ဆန်းစစ်ဝေဖန်၍ ကြည့်လျှင် တခုခု သော သဘောတရားသည် အာရုံပြုဆဲခဏ၌ ထင်ရှားရှိ၏။ ထို သဘောတရား၏ ထင်ရှားရှိ၍ရှိ၍နေရခြင်းသည် အသစ်အသစ် အစဉ်မပြတ်ဆက်စပ်၍ ဖြစ်ပေါ်နေမှုကြောင့်ပင်ဖြစ်ပါသည်။

ဤသို့ အသစ်အသစ် ဖြစ်ပေါ်၍ နေရခြင်းမှာလည်း အကြောင်းတရား တို့၏ အသစ်တဖန် ထပ်မံ၍ ထောက်ပံ့နေမှုကြောင့်ပင် ဖြစ်ပါသည်။

အကယ်၍ အကြောင်းတရားတို့သည် အသစ်တဖန် ထောက်ပံ့မှုမရှိဘဲ ချုပ်ငြိမ်း၍သွားသည်ရှိသော် အကျိုးတရားဖြစ်သော သဘောတရားသည်လည်း လုံးဝ မရှိနိုင်တော့ပါ။ ချုပ်ငြိမ်း၍ သွားရပေမည်။

အကြောင်းတရားသည် အသစ်အသစ် ထောက်ပံ့နေမှုကြောင့်သာလျှင် အကျိုးတရားဖြစ်သော သဘောတရားသည် အသစ်အသစ်ဖြစ်ပေါ်၍နေရပါသည်။

ထိုသို့ အသစ်အသစ် ဖြစ်ပေါ်နေသော သဘောတရားသည် ပင်လျှင် ထင်ရှားရှိဆဲဖြစ်ခြင်းကြောင့် ထို "ရှိဆဲသဘောတရားသည်ဖြစ်ဆဲ"ပင်တည်း။

နှာသီးဖျားတွင် အာရုံစူးစိုက်၍ ရှုကြည့်သောခဏ၌၊

က။ နှာသီးဖျားကို တိုးခတ်၍တိုးခတ်၍ သွားသော လေသဘောတရားသည် ထင်ရှားရှိပါသည်။

ခ။ ထိုထင်ရှားရှိဆဲဖြစ်သော လေသဘောတရားသည် ဖြစ်ဆဲသဘောတရားပင် ဖြစ်ပါသည်။

အကယ်၍ ဤလေသဘောတရားသည် ဖြစ်ဆဲ အခိုက်အတန့်မဟုတ်ခဲ့ပါလျှင် (ဝါ) အသစ်အသစ် ဖြစ်ပေါ်မှု မရှိခဲ့ပါလျှင် နှာသီးဖျား၌ တိုးခတ်မှု လေသဘောတရားသည်လည်း ရှိနိုင်

တော့မည် မဟုတ်တော့ပါ။ ထိုလေသဘောတရားသည် အသစ်အသစ်ဖြစ်နေခြင်းကြောင့်သာလျှင် ထင်ရှားရှိ၍ရှိ၍နေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လေသဘောတရား၏ အသစ်အသစ် ဖြစ်ပေါ်နေမှုအဖြစ်စွန်းကို ဉာဏ်ပညာဖြင့် ထိုးထွင်း၍ ကြည့်မှသာလျှင် ကောင်းစွာ သိမြင်နိုင်ပေသည်။

ဤသို့ ထိုးထွင်း၍ သိမြင်လာသည်ရှိသော် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌၊

"ရှိဆဲလေသဘောတရားသည် ဖြစ်ဆဲ" ဟူသော သဘာဝဓမ္မ၏မှုကို ကောင်းစွာယုံကြည်၍လာရပေသည်။

ထို့ကြောင့် ယင်း လေသဘောတရား၏ အသစ်အသစ် ဖြစ်ပေါ်နေသောအဖြစ်သဘောကို ဉာဏ်၌ ပိုင်းခြားစွာထင်မြင်၍ လာနိုင်စေရန် အရှုခံဖြစ်သောလေသဘောတရားအပေါ်၌ ထင်သောသတိ တည်ကြည်သောသမာဓိ တို့ကို ဖြစ်စေလျက်။

ဤလေ-

အခုဖြစ်တဲ့လေ၊ အခုဖြစ်တဲ့လေ၊ အခုဖြစ်တဲ့လေ၊

ဟု ပွါးများအားထုတ်ပါ။

ထိုနည်းတူစွာပင်၊

အာရုံစူးစိုက်၍ ရှုကြည့်သော အခိုက်အတန့်၌၊

က။ ပြုလိုမှုစိတ်သဘောတရားသည် ထင်ရှားရှိပါသည်။

ခ။ ထိုထင်ရှားရှိဆဲစိတ်သည် ဖြစ်ဆဲစိတ်ပင် ဖြစ်ပါသည်။

အကယ်၍ ထိုစိတ်သည် ဖြစ်ဆဲအခိုက်အတန့်မဟုတ်ခဲ့ပါလျှင် (ဝါ) အသစ်အသစ် ဖြစ်ပေါ်မှုမရှိခဲ့ပါလျှင် ထိုစိတ်သည် ချုပ်ငြိမ်း၍သွားရပေမည်။ အသစ်တဖန် ဖြစ်ပေါ်၍နေခြင်းကြောင့်သာလျှင် ထိုစိတ်သည် ထင်ရှားရှိ၍ရှိ၍ နေရပါသည်။

ထို့ကြောင့် ပြုလိုမှုစိတ်သဘောတရား၏ အသစ်အသစ် ဖြစ်ပေါ်နေမှုအဖြစ်စွန်းသည် ဉာဏ်ပညာဖြင့် ဆင်ခြင်၍ ကြည့်မှသာလျှင် ထင်ထင်ရှားရှားသိမြင်နိုင်ပေသည်။

ဤသို့ အဖြစ်စွန်းကို ဉာဏ်ပညာဖြင့် ထိုးထွင်း သိမြင်၍လာမှသာလျှင် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌၊

"ရှိဆဲစိတ်သဘောတရားသည်ဖြစ်ဆဲ"

ဟူသော အဖြစ်စွန်း အပေါ်၌ စွဲမြဲစွာ ယုံကြည်၍လာပေလိမ့်မည်။

ထို့ကြောင့်-

၎င်းစိတ်သဘောတရား၏ အသစ်အသစ် ဖြစ်ပေါ်နေသော အဖြစ်စွန်းကိုဉာဏ်၌ ကောင်းစွာထင်မြင်၍လာနိုင်စေရန် အရှုခံဖြစ်သော ပြုလိုမှု စိတ်သဘောတရား အပေါ်၌ ထင်သောသတိစိတ်ကိုတည်ငြိမ်စွာ ထားနိုင်မှုသမာဓိ တို့ဖြင့် ပြည့်စုံစေလျက်။

ဤစိတ်-

အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်၊

ဟု ပွါးများအားထုတ်ပါ။

ဤရုပ် နာမ် ဓမ္မ သင်္ခါရ သဘောတရားတို့သည် အကြောင်းအားလျော်ညီစွာ အစဉ်မပြတ် ဒလစပ် မရပ်မနား ဆက်ခါ

ဆက်ခါ အသစ်အသစ် ဖြစ်ပေါ်၍နေကြရသော သဘာဝဓမ္မများပင် ဖြစ်ကြပါသည်။

ထိုသို့သောတရားတို့သည် ဖြစ်ပြီးလျှင် တည်တန့်မှုမရှိ ခိုင်မြဲမှုမရှိ ခဏခြင်း ခဏခြင်း ချုပ်ပျက်၍ချုပ်ပျက်၍ နေကြရကုန်သော အနိစ္စဓမ္မမျိုးပင် ဖြစ်ကြပါသည်။ ယင်းသဘောတရားတို့အနက်မှ တခုခုသော အရှုံဖြစ်သော သဘောတရားအပေါ်၌ သတိ သမာဓိ တို့ဖြင့် ပြည့်စုံစေလျက် ထိုသဘောတရား၏အဖြစ်ဝှန်း ဥပါဒ်ဝှန်းကို ထင်မြင်လာသည့်တိုင်အောင် ပွါးများအားထုတ်ရပေမည်။ ဤသို့ အားထုတ်ခြင်းအားဖြင့် ထိုသဘောတရား၏ အစဉ်မပြတ် အသစ်အသစ်ဖြစ်ပေါ်နေသော သဘာဝဓမ္မကို ထိုသို့ ဖြစ်ပေါ်နေသည့်အတိုင်း ဉာဏ်၌ ပိုင်းခြားစွာသိမြင်၍ လာရပေသည်။

ဤသို့လျှင်—

၁။ ဖြစ်ဆဲဖြစ်သော သဘောတရားကိုၛင်း၊

၂။ ထိုသဘောတရား၏ ဖြစ်ခြင်းအကြောင်းတရားကိုၛင်း၊

ယင်းအင်္ဂါနှစ်ပါးတို့ကို ပိုင်နိုင်စွာ သိရှိနားလည်ထားရပေမည်။ သို့မှသာလျှင် ရှေ့အခဏ်းများတွင် ပါရှိသော သဘောတရားတို့၏ ဖြစ်ပျက်ကို ပွါးများအားထုတ်ရာတွင် ယုံမှားသံသယကင်းရှင်းစွာဖြင့် ဉာဏ်ကလက်ခံနိုင်ပါလိမ့်မည်။

ထို့ကြောင့်—

ခန္ဓာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန် ဝမျက်နှာ(၄၉) သတ္တဌာနသုတ်၌၊

ရဟန်းတို့ ဤလောက၌ ရဟန်းသည် ရုပ်ကိုသိ၏။ ရုပ်ဖြစ်ကြောင်းကို သိ၏။ ရုပ်၏ချုပ်ရာကို သိ၏။ ချုပ်ရာကို ရောက်ကြောင်း အကျင့်ကို သိ၏။ ရုပ်၏သာယာဘွယ်ကို သိ၏။ ရုပ်၏အပြစ်ကို သိ၏။ ရုပ်မှလွတ်မြောက်မှုကို သိ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခုနှစ်ဌာနတို့၌ လိမ္မာ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် သုံးမျိုးအားဖြင့် ရှုဆင်ခြင်သူ ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဓါတ်အားဖြင့် ရှု၏။ အာယတနအားဖြင့် ရှု၏။ ပဋိစ္စသမုပ္ပါဒ်အားဖြင့် ရှု၏။

ရဟန်းတို့ ဤသို့လျှင် သုံးမျိုးအားဖြင့် ဆင်ခြင်သူဖြစ်၏။

ရဟန်းတို့ ခုနှစ်ဌာနတို့၌ လိမ္မာသော သုံးမျိုးအားဖြင့် ရှုသော ရဟန်းကို ဤဓမ္မဝိနယသာသနာတော်၌ အလုံးစုံ ပြည့်စုံသူ ကျင့်သုံးပြီးသော ယောကျ်ားမြတ်ဟု ဆိုအပ်၏။

ဤသုတ်တော်၌ ရုပ်ကိုသိ၏ဟူသည်မှာ ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲဖြစ်သော ရုပ်သည်ဖြစ်ဆဲ ဟူ၍ သိခြင်းပင်ဖြစ်ပါသည်။

ရုပ်ဖြစ်ကြောင်းကို သိ၏ဟူရာ၌ ရုပ်၏ ဖြစ်ခြင်းအကြောင်းတရားတို့ကိုသိမှသာလျှင် ရုပ်၏အသစ်အသစ်ဖြစ်ပေါ်မှုကို ဉာဏ်က ယုံကြည်စွာဖြင့် လက်ခံနိုင်ပါလိမ့်မည်။ ဖြစ်ခြင်း အကြောင်းတရားများကို မသိမမြင် မသုံးသပ် နိုင်ခဲ့ပါလျှင် ရုပ်၏ အသစ်အသစ် ဖြစ်ပေါ်မှုအပေါ်၌ ဉာဏ်အမြင် စင်ကြယ်နိုင်လိမ့်မည်မဟုတ်ပါ၊ အသစ်အသစ်ဖြစ်ပေါ်မှုအပေါ်၌ ဉာဏ်အမြင် မစင်

ကြွယ်ခဲ့သည်ရှိသော် ရုပ်၏ အဖြစ်+ပျက်ကို ပွါးများ အားထုတ်သော ဥဒယဗ္ဗယဉာဏ်၌ ယုံကြည်မှုသဒ္ဓါ တည်းဟူသော သဒ္ဓိန္ဒြေသည် နှံ့နှေး၍ နေပေလိမ့်မည်။

သို့ဖြစ်၍ ပစ္စယပရိဂ္ဂဟဉာဏ်စခန်း၌ ပြဆိုခဲ့ပြီး ဖြစ်သော ရုပ်နာမ်တို့၏ ဖြစ်ခြင်းအကြောင်းတရား များကို ပိုင်နိုင်စွာ သိထားရပေမည်။ ဤကဲ့သို့ ပိုင်နိုင်စွာ သိထားမှသာလျှင် ရုပ်နာမ်တို့၏ အသစ်အသစ် ဖြစ်ပေါ်နေမှု အဖြစ်သဘောကို ဉာဏ်၌ ယုံကြည်စွဲမြဲစွာဖြင့် လက်ခံနိုင်ပေလိမ့်မည်။

ဤသို့ ရုပ်နာမ်တို့၏ အသစ်အသစ် ဖြစ်ပေါ်နေမှုအဖြစ် စွန်း (ဥပါဒ်စွန်း)ကို ဉာဏ်၌ ကြိမ်ဖန်များစွာ ထိုးထွင်း သိမြင်၍လာသည်ရှိသော်-

ထို အသစ်အသစ် ဖြစ်ပေါ်နေမှုကို ထောက်ရှုခြင်းအားဖြင့် ဖြစ်ပြီးသောသဘောတရားတို့သည် တခဏတာမျှ တည်တန့်ခိုင်မြဲမှုမရှိ။ ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍နေသော အပျက်စွန်း (ဘင်စွန်း)သည် ဉာဏ်၌ကောင်းစွာ ထင်မြင်၍ လာရပေသည်။

ထို့ကြောင့်-

ဥပရိပဏ္ဏာသ ပါဠိတော် (မြန်မာပြန်) စာမျက်နှာ (၇၉) အနုပဒသုတ်၌ ထိုသဘောတရားတို့သည် သာရိပုတ္တရာမှာ ထင်ထင်ရှားရှားဖြစ်ကုန်၏။ ထင်ထင်ရှားရှားတည်ကုန်၏။ ထင်ထင်ရှားရှားချုပ်ကုန်၏။ ဤသဘောတရားတို့သည် ရှေးက ထင်ထင်ရှားရှားမရှိဘဲ အသစ်အသစ် ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးလျှင်

ခဏတိုင်း ခဏတိုင်း ပျက်ကုန်၏ဟု သာရိပုတ္တရာသည် ဤသို့သိ၏။ ထိုသာရိပုတ္တရာသည် ထိုသဘောတရားတို့၌ ရာဂဖြင့် တပ်ခြင်းမရှိ။ ဒေါသဖြင့်ဖဲခြင်းမရှိ၊ တဏှာဒိဋ္ဌိတို့ဖြင့်မမှီ။ ဆန္ဒရာဂဖြင့်မဖွဲ့၊ ကာမရာဂမှ လွတ်၏ဟု ဟောတော်မူပါသည်။

တဖန် - ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ မြန်မာ ပြန် တ တိ ယ တွဲ (နှာ-၃၅၀)၌လည်း၊

အဒဿနတော-အာယန္တိ ဘဂ္ဂါဝစ္ဆန္တိ ဒဿနံ
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

မမြင်အပ်သည်မှ လာကုန်၏။ ပျက်ကုန် ပျက်ကုန်ပြီးသော သင်္ခါရတို့သည်လည်း မမြင်အပ်သည်သော အဖြစ်သို့ ရောက်ကုန်၏။ ကောင်းကင်၌ လျှပ်စီးပျက်သကဲ့သို့ ဖြစ်လည်း ဖြစ်ကုန်၏။ ပျက်လည်းပျက်ကုန်၏။ ဤသို့သောအနက်သည် ထင်ရှား၏။

ကောင်းကင်၌ အပူအအေးတည်း ဟူသော ဥတု၏ ဒါဏ်ချက်ကြောင့် ဖြစ်ပေါ်၍ လာရသော လျှပ်စီးရောင် ဥပမာကဲ့သို့ သဘောတရားတို့သည် ရှေးက ထင်ရှားမရှိကြကုန် ပါဘဲလျက် အကြောင်းတရားတို့ကို စွဲလျက် အသစ်အသစ် ဖြစ်ပေါ်လာကြကုန်၏။ ထိုဖြစ်တိုင်းဖြစ်တိုင်းသော သဘောတရားတို့သည်လည်း ဖြစ်ပြီးလျှင် ခဏချင်း ခဏချင်း ချုပ်ပျောက်ရလေကုန်တော့၏။

## "ဆီမီးလျှံ ဥပမာဖြင့်ပြဆိုခြင်း"

ထိုရုပ်ဓါတ် နာမ်ဓါတ်သဘောတရားတို့၏ ဖြစ်မှုပျက်မှုတို့ကို ဆီမီးတောက် ဆီမီးလျှံ ဥပမာဖြင့် ဆက်လက် ဖော်ပြပါအုံးမည်။

ဆီမီးခွက်ကို ထွန်းညှိ၍ ထားသည်ရှိသော်–

(က) ဆီမီးတောက် ဆီမီးလျှံသည် ထင်ထင်ရှားရှား ရှိ၍ရှိ၍ နေပေလိမ့်မည်။ ဤသို့ထင်ရှားရှိသော မီးလျှံကို ထင်ရှားရှိသည့်အတိုင်း ပဌမဦးစွာ သိရှိထားရပေမည်။

(ခ) ၎င်းနောက် ဒုတိယအဆင့်အနေအားဖြင့် ရှိဆဲသဘောတရားသည် ဖြစ်ဆဲဟူသော သဘာဝဓမ္မ၏မူအရ ထင်ရှားရှိဆဲဖြစ်သောမီးလျှံသည် ဖြစ်ဆဲမီးလျှံပင်ဖြစ်ပါသည်။ အကယ်၍ထိုမီးလျှံသည် အသစ်တဖန် ဖြစ်ပေါ်မှု မရှိခဲ့ပါလျှင် ယင်းမီးလျှံသည်လည်း မရှိနိုင်တော့ပါ။ ချုပ်ငြိမ်း ကွယ်ပျောက်၍ သွားရပေမည်။ အသစ်အသစ် ဖြစ်၍နေခြင်းကြောင့်သာလျှင် ထိုမီးလျှံသည် ရှိ၍ရှိ၍ နေရပါသည်၊ ထို့ကြောင့် "ရှိဆဲ မီးလျှံသည် ဖြစ်ဆဲ" ပင်ဖြစ်ပါသည်။ ထိုမီးလျှံ၏ အသစ်အသစ် ဖြစ်ပေါ်၍နေခြင်း အကြောင်းတရားများမှာ–

(၁) ဆီ၊ (၂) မီးဇာ၊ (၃) ထွန်းငြိမှု၊ (၄) လေငြိမ်မှု၊ စသည်တို့ပင်ဖြစ်ပါသည်။ ယင်းအကြောင်းတရားတို့သည် အစဉ်မပြတ် အသစ်အသစ် ထောက်ပံ့၍ ထောက်ပံ့၍ နေသမျှ ကာလပတ်လုံး ထိုမီးလျှံသည် ရှိ၍ ရှိ၍ နေရပါသည်။ အကယ်၍ အကြောင်းတရား တပါးပါးသည် ချို့ယွင်း၍ သွားခဲ့ပါလျှင် အကျိုးတရား ဖြစ်သော ထိုမီးလျှံသည်လည်း မရှိနိုင်တော့ပါ။ ချုပ်ငြိမ်း၍ သွားရပေမည်။ ဆီကုန်ခမ်း၍ သွားခြင်းကြောင့်လည်း ထိုမီးလျှံသည် ချုပ်ငြိမ်းနိုင်ပါသည်။ မီးဇာ ကုန်သွားခဲ့

လျှင်လည်း ထိုမီးလျှံသည် မရှိနိုင်တော့ပါ။ လေပြင်းတိုက်ခတ်လိုက်ခြင်းကြောင့်လည်း မီးငြိမ်းသွားနိုင်ပါသည်။ ထို့ကြောင့် ယခုရှိဆဲမီးလျှံသည် ယခုထောက်ပံ့ဆဲဖြစ်သော ဆီနှင့်မီးဇာတို့ကို လောင်ကျွမ်း၍ ဖြစ်ပေါ်လာရသော မီးလျှံပင် ဖြစ်ပါသည်။ ဆီနှင့်မီးဇာ စသည့် အကြောင်းတရားတို့ကလည်း ဆက်ခါဆက်ခါ အစဉ်မပြတ် ဒလစပ် ထောက်ပံ့၍ ထောက်ပံ့၍ နေကြရပါသည်။ ယင်းအကြောင်းတရားတို့၏ ထောက်ပံ့မှုကြောင့် ဖြစ်ပေါ်၍လာရသော မီးလျှံသည်လည်း အကြောင်း အကျိုးဟု=စုံတွဲ၍ အစဉ်မပြတ် ဒလစပ် မရပ်မနား ဆက်ခါဆက်ခါ အသစ်အသစ် ဖြစ်ပေါ်၍နေရသော သဘာဝမျှပင် ဖြစ်ပါသည်။ ထိုအသစ်အသစ် ဖြစ်တိုင်းသော မီးလျှံသည်လည်း ဖြစ်ပြီးလျှင် တည်တန့်မှုမရှိ၊ ရပ်တည်မှုမရှိ၊ ခိုင်မြဲမှုမရှိ၊ ခဏခြင်း ခဏခြင်း ချုပ်ဆုံးကွယ်ပျောက်၍ ကွယ်ပျောက်၍ နေသော မမြဲသော အနိစ္စဓမ္မမျိုးပင်ဖြစ်ပါသည်။

ဤသို့ အနိစ္စဓမ္မမျိုးပင် ဖြစ်ငြားသော်လည်း ထိုမီးလျှံသည် စထွန်းသည့် အချိန်ကာလမှစ၍ ငြိမ်းသတ်လိုက်သည့် အချိန်တိုင်အောင် ကြားကာလ၌ ယင်းမီးလျှံ၏ ချုပ်ပျက် ကွယ်ပျောက်မှုကို မတွေ့မမြင်ရပေ။ ထိုသို့မတွေ့မမြင်ရခြင်း အကြောင်းမှာ-

ဖြစ်ပေါ်၍လာသော မီးလျှံ၏ ချုပ်ဆုံးကွယ်ပျောက်၍ သွားသည့်နေရာတွင် နောက်ထပ် အသစ်အသစ်ဖြစ်ပေါ်မှုက လျှင်မြန်စွာ အစားထိုး၍ ထိုး၍ ဖြစ်ပေါ်နေမှုကြောင့်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ အစဉ်မပြတ် ဒလစပ် ဆက်ခါဆက်ခါ အသစ် အသစ်ဖြစ်

ပေါ်နေမှု (ဖြစ်စဉ်)က ဖုံးလွှမ်းထားခြင်းကြောင့် ထိုမီးလျှံသည် စထွန်းထားသည့် အချိန်ကာလမှစ၍ ငြိမ်းသတ်လိုက်သည့် အချိန်ကာလတိုင်အောင် ကြားကာလ၌ ချုပ်ပျက် ကွယ်ပျောက်မှုကို မတွေ့မမြင်ကြရပေ၊ ဤသို့ မတွေ့မမြင်ကြရသဖြင့် ဉာဏ်ပညာနုံ့နှေးသော ကလေးသူငယ်များမှာ မီးလျှံ စထွန်းထားသည့် အချိန်ကာလမှစ၍ ငြိမ်းသတ်လိုက်သည့် အချိန်ကာလတိုင်အောင် တဆက်တည်း တည်တန့်၍ နေပေသည်။ ငြိမ်းသတ်လိုက်သည့် အချိန်အခါကျမှပင် ချုပ်ငြိမ်း၍ သွားရပေသည်ဟု ထင်မှတ်တတ်ကြပေသည်။ အမှန်စင်စစ်မှာမူကား ထိုမီးလျှံသည် အစဉ်မပြတ် ဆက်ခါဆက်ခါ အသစ်ဖြစ်ပေါ်၍ ထိုဖြစ်တိုင်း ဖြစ်တိုင်းသော မီးလျှံသည် ဖြစ်ပြီးလျှင် ခဏခြင်းခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍နေသော သဘာဝဓမ္မပင်ဖြစ်ပါသည်။

ထို့ကြောင့်-

ထိုမီးလျှံ၏ ဖြစ်မှု ပျက်မှုကို ဆင်ခြင်ရာတွင်-

၁။ ဖြစ်မှု ပျက်မှုသဘောကို ဉာဏ်ပညာဖြင့် ဆင်ခြင်မှသာ သာလျှင် တွေ့ထိသိမြင်နိုင်သော "ဉာဏ်တွေ့"နှင့်

၂။ ဖြစ်မှု ပျက်မှု သဘောကို ကိုယ်တွေ့ မျက်မြင်အားဖြင့် ထင်ထင်ရှားရှား သိမြင်နိုင်သော "ကိုယ်တွေ့" ဟူ၍ အတွေ့အမြင် နှစ်မျိုးနှစ်စား ပေါ်ထွက်၍ လာရပေသည်။

(၁) မီးလျှံဖြစ်မှုပျက်မှုသဘောကို ဉာဏ်ပညာဖြင့် ဆင်ခြင်မှသာလျှင် တွေ့ထိ သိမြင်နိုင်သော "ဉာဏ်တွေ့ ဉာဏ်မြင်" ဆိုသည်မှာ-

ထိုမီးလျှံသည် တလင်းတည်းလင်းနေသော အခိုက်အတန့်၌ ကိုယ်တွေ့မျက်မြင်အားဖြင့် ယင်းမီးလျှံသည် လုံးဝမရှိတော့သည့် အခြင်းအရာကို မတွေ့မမြင်ကြရပါ။

(က) ထင်ရှား ရှိ၍ရှိ၍ နေသော မီးလျှံကိုသာ ထင်ရှားရှိသည့်အတိုင်း တွေ့မြင်ကြရပေသည်။

(ခ) ဤသို့ ထင်ရှားရှိ၍ရှိ၍နေခြင်းသည် အသစ်အသစ် ဖြစ်ပေါ်၍နေမှုကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့်-

'ရှိဆဲမီးလျှံသည် ဖြစ်ဆဲ' ဖြစ်ပါသည်။ ဤသို့ မီးလျှံ၏အသစ်အသစ် ဖြစ်ပေါ်နေမှုအဖြစ်စွန်း (ဥပါဒ်စွန်း) ကို အသိဉာဏ်ပညာဖြင့်သာလျှင် ထိုးထွင်းသိမြင်ရပေမည်။ ထိုသို့ ဉာဏ်ပညာဖြင့် အဖြစ်စွန်းကို ထိုးထွင်းသိမြင်၍ လာခဲ့သည်ရှိသော် ထိုဖြစ်ပြီးသော မီးလျှံသည် ဖြစ်ပြီးသည်နှင့် တပြိုင်နက် တည်တန့်မှုမရှိ၊ ခိုင်မြဲမှုမရှိ၊ ဖြစ်ပြီးလျှင် တခဏခြင်း တခဏခြင်း ချုပ်ငြိမ်း၍ ချုပ်ငြိမ်း၍နေသော အပျက်စွန်း (ဘင်စွန်း) ကိုလည်း ဉာဏ်ပညာဖြင့် ကောင်းစွာသိမြင်၍ လာရပေသည်။

တနည်းအားဖြင့်-

အစဉ်မပြတ် ဆက်ခါဆက်ခါ အသစ်အသစ် ဖြစ်ပေါ်၍ဖြစ်ပေါ်၍နေမှုကို ထောက်ရှုခြင်းအားဖြင့် ထိုဖြစ်ပြီးတိုင်း ဖြစ်ပြီး

တိုင်းသော မီးလျှံတို့သည် ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ချုပ်ဆုံး ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေကြောင်းကို ဉာဏ်တွင် ထင်ထင်ရှားရှား သိမြင်၍ လာရပေသည်။ ဤသို့ အနိစ္စဓမ္မမျိုး ဖြစ်သော မီးလျှံ၏ ချုပ်ဆုံး ကွယ်ပျောက်၍ နေသော မမြဲသော သဘောကို မမြဲသည့်အတိုင်း ဉာဏ်ပညာဖြင့် ထိုးထွင်း၍ သိမြင်နေခြင်းသည် "ဉာဏ်တွေ့ ဉာဏ်မြင်" ဖြစ်ပါသည်။

ရင်းဥပမာကို ဥပမေယျဖြင့် ဆက်စပ်၍ ဖော်ပြပါအုံးမည်။

ယင်းသို့ တလင်းတည်းလင်းနေသော မီးလျှံ၏ဖြစ်မှု ပျက်မှုတို့ကို ဉာဏ်ပညာဖြင့် သိမြင်သော အသိဉာဏ်သည် ဥပမေယျအားဖြင့် ထင်ထင်ရှားရှားရှိသောသဘောတရားတို့၏ ဖြစ်+ပျက်၍နေသော မမြဲသော အနိစ္စလက္ခဏာကို ထိုးထွင်း သိမြင်သော ဉာဏ်နှင့်တူပါသည်။ အနိစ္စလက္ခဏာ၏ အဓိပ္ပါယ်မှာ မမြဲသော သဘောကို ဉာဏ်ဖြင့်သိကြောင်း မှတ်ကြောင်း လက္ခဏာပင် ဖြစ်ပါသည်။

(၂) မီးလျှံ၏ ဖြစ်မှု ပျက်မှု သဘောကို ထင်ထင်ရှားရှား သိမြင်နိုင်သော ကိုယ်တွေ့မျက်မြင် ဆိုသည်မှာ—

ထိုရှိဆဲမီးလျှံကို ငြိမ်းသတ်လိုက်ခြင်းကြောင့် လုံးဝမရှိတော့သဖြင့် မရှိတော့ကြောင်း မမြဲသော အနိစ္စတရားပါတကားဟု သိမြင်ရသော အသိအမြင်မျိုးသည် ကလေးသူငယ်မှစ၍ သူသူငါငါ လူတိုင်းလူတိုင်းသိမြင်နိုင်သော 'ကိုယ်တွေ့အသိအမြင်'မျိုးပင် ဖြစ်ပါသည်။ ယင်းအသိအမြင်မျိုးသည် ဉာဏ်ပညာရှိရန် မလို

ပါ။ မီးလျှံက လင်းပြခြင်းကြောင့် လင်းမှန်း သိရပါသည်။ မီးလျှံက ငြိမ်းပြခြင်းကြောင့် ငြိမ်းမှန်း သိရပါသည်။ ဤကဲ့သို့သော အသိအမြင်မျိုးသည် ရုပ် နာမ် ခန္ဓာကဖြစ်ပြ၍ ဖြစ်မှန်းသိ၊ ခန္ဓာကပျက်၍ ပျက်မှန်းသိသော သမုတိ အနိစ္စကို သိမြင်သော အသိအမြင်မျိုးနှင့် တူပါသည်။

ထို့ကြောင့်-

(၁) ထင်ရှားရှိသော ရုပ် နာမ် ခန္ဓာ သဘောတရားတို့၏ ဖြစ်မှု ပျက်မှုတို့ကို ဉာဏ်ပညာဖြင့် ထိုးထွင်း သိမြင်နိုင်သော ဉာဏ်တွေ့ ဉာဏ်မြင် အနိစ္စလက္ခဏာနှင့်။

(၂) ရုပ် နာမ် ခန္ဓာတို့၏ ဖြစ်မှုပျက်မှုကို ထင်ထင်ရှားရှား သိမြင်နိုင်သော ကိုယ်တွေ့ သမုတိအနိစ္စ။ တို့ကို ခွဲခြားဝေဘန်၍ သိထားရပေမည်။

**(၁) သဘောတရားတို့၏ ဖြစ်မှု ပျက်မှုတို့ကို ထိုးထွင်း သိမြင်နိုင်သော ဉာဏ်တွေ့ အနိစ္စလက္ခဏာ ဆိုသည်မှာ**

ဖော်ပြခဲ့ပြီးဖြစ်သော မီးတောက်မီးလျှံ ဉပမာနှင့်၊

(က) လေသဘောတရားသည်ရင်း။

(ခ) ပြုလိုမှု စိတ်သဘောတရားသည်ပင်း။

ယင်း ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရ သဘောတရားတို့၏ ဖြစ်မှု ပျက်မှုသည် ထပ်တူထပ်မျှပင် တူညီကြကုန်၏။

(က) ထို ရုပ်တရား နာမ်တရားနှစ်ပါးတို့တွင် အရှုခံဖြစ်သော တခုခုသော သဘောတရားသည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိပါသည်။

(ခ) ဤသို့ ထင်ရှားရှိ၍ရှိ၍ နေရခြင်းမှာ ထိုသဘောတရားသည် အသစ်အသစ် ဖြစ်ပေါ်၍ နေခြင်းကြောင့်ပင် ဖြစ်ပါသည်၊

အကယ်၍ အကြင်သဘောတရားသည် အသစ်တဖန် ထပ်မံ၍ ဖြစ်ပေါ်မှုမရှိခဲ့ပါလျှင် ထိုသဘောတရားသည်လည်း လုံးဝ မရှိနိုင်တော့ပါ။ ချုပ်ငြိမ်း၍သွားရပေမည်။ အသစ်အသစ်ဖြစ်၍ ဖြစ်၍ နေခြင်းကြောင့်သာလျှင် ထိုအရှုခံ သဘောတရားသည် ထင်ထင်ရှားရှား ရှိ၍ရှိ၍ နေရပါသည်။

ထို့ကြောင့်–

"ရှိဆဲသဘောတရားသည်ဖြစ်ဆဲ"

ပင် ဖြစ်ရပါသည်။

ထိုသဘောတရားသည် ဆက်ခါဆက်ခါ အသစ်အသနှံ ဖြစ်ပေါ်၍ဖြစ်ပေါ်၍ နေရခြင်းမှာလည်း အကြောင်းတရား တို့၏ ထောက်ပံ့မှုကြောင့်ပင်ဖြစ်ပါသည်။ ဤသို့လျှင် သဘောတရား သည် သူ့အကြောင်းတရားနှင့် သူ့အကျိုးတရား၊ အကြောင်း အကျိုး တူစုံတွဲ၍ အစဉ်မပြတ် ဒလစပ် မရပ်မနား အသစ် အသစ်ဖြစ်ပေါ်၍ နေကြရသော သဘာဝမျှပင် ဖြစ်ပါသည်။ ထိုဖြစ်တိုင်း ဖြစ်တိုင်းသော သဘောတရား သည်လည်း ဖြစ်ပြီး လျှင် တည်တန့်ခိုင်မြဲမှုမရှိ၊ ချုပ်ငြိမ်း၍ချုပ်ငြိမ်း၍ သွားသော အနိစ္စမျှမျိုးပင် ဖြစ်ပါသည်။

ဤသို့ သဘောတရားတို့သည် အနိစ္စဓမ္မမျိုးပင်ဖြစ်ငြားသော်လည်း ထိုသဘောတရား၏ ချုပ်ပျက်မှုကို ဉာဏ်၌ မထင်မမြင်နိုင်ရခြင်း၏အကြောင်းမှာ၊ ဖြစ်ပေါ်၍လာသောသဘောတရား၏ ချုပ်ပျက်၍ချုပ်ပျက်၍ သွားသောနေရာတွင် အသစ်အသစ်ဖြစ်ပေါ်မှုက လျှင်မြန်စွာ အစားထိုး၍ထိုး၍ ဆက်ခါဆက်ခါ အစဉ်မပြတ် ဒလစပ် ဖြစ်ပေါ်၍ လာခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် အနိစ္စလက္ခဏာကို မသိမမြင် နိုင်ခြင်း၏အကြောင်းမှာ သန္တတိ အစဉ်ဟု ခေါ်အပ်သောဖြစ်စဉ်က ဖုံးလွှမ်းထားခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် သဘောတရား၏ ဖြစ်မှု ပျက်မှုကို ရှုပွားရာတွင် အာရုံပြုဆဲ ဖြစ်သောပစ္စုပ္ပန်ခဏ၌ သဘောတရားသည် လုံးဝမရှိတော့သည့် အခြင်းအရာကို တွေ့ထိ သိမြင်နိုင်မည် မဟုတ်ပါ။

က။ ထိုသဘောတရား၏ ထင်ရှားရှိသော သဘောကို ထင်ရှားရှိသည့်အတိုင်း တွေ့ထိ သိမြင်ရပေသည်။

ခ။ ယင်းသဘောတရား၏ ထင်ရှား ရှိ၍ရှိ၍ နေရခြင်းသည် အသစ်အသစ် ဖြစ်ပေါ်နေမှုကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် "ရှိဆဲသဘောတရားသည် ဖြစ်ဆဲသဘောတရား" ပင် ဖြစ်ပါသည်။

ဤသို့လျှင် အသစ်အသစ် ဖြစ်ပေါ်၍ နေသော သဘောတရား၏အဖြစ်စွန်း(ဥပါဒ်စွန်း)ကို ဉာဏ်ပညာဖြင့် ကောင်းစွာ ဆိုးထွင်း၍ သိမြင် လာသည်ရှိသော် အပျက်စွန်း= ဘင်စွန်းကိုလည်း ဉာဏ်၌ ထင်မြင်လာရပေတော့သည်။

ဆိုလိုရင်းမှာ အစဉ်မပြတ် အသစ်အသစ် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍နေမှုကို ထောက်ရှုခြင်းအားဖြင့် ဖြစ်ပြီးသော သဘောတရားတို့သည် ဖြစ်ပြီးလျှင် တခဏတာမျှ တည်တန့်ခိုင်မြဲမှုမရှိ၊ ခဏခြင်း ခဏခြင်း ချုပ်ပျက်၍ ချုပ်ပျက်၍ သွားနေကြောင်း ဉာဏ်တွင် ထင်ရှားလာရပေသည်။

ထို့ကြောင့်–

လယ်တီဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းကျမ်းကြီး (နှာ–၃၁၆) တွင် အောက်ပါအတိုင်း စီရင် ရေးသား တော်မူခဲ့ပါသည်။

မျက်စိအမြင် ဆိုသည်ကား ဋီခဏ ဋီခဏ ရောက်ဆဲကိုသာ မြင်၏။ ပျက်မှုအစွန်း ဖြစ်မှုအစွန်းတို့ကို မြင်ရိုးမဟုတ်၊ အစွန်းနှစ်ခုတို့၏ အကြား အာကာသပရိစ္ဆေဒကိုလည်း မြင်ရိုးမဟုတ်၊ အဟောင်းအသစ် ဋီအချင်းချင်းဖြင့်သာ စပ်ဆက်၍မြင်၏။

ဤကဲ့သို့ သဘောတရားတို့၏ ဖြစ်မှု ပျက်မှုတို့ကို ဉာဏ်ပညာဖြင့် ထိုးသွင်း သိမြင်၍နေခြင်းသည်သာလျှင် အနိစ္စလက္ခဏာကို သိမြင်ခြင်းဖြစ်သဖြင့် "ဉာဏ်တွေ့ ဉာဏ်မြင်" ဖြစ်ပါသည်။ ယင်းဉာဏ်သည်ပင် အားကြီးသော ထူးသောဉာဏ်ဖြင့် သိမြင်သော ဗလဝဝိပဿနာဉာဏ်ကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ဤဗလဝဝိပဿနာဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် များကို ရရှိစေနိုင်ပါသည်။

(၂) ရုပ် နာမ် ခန္ဓာ တို့၏ ဖြစ်မှု ပျက်မှု သဘော တို့ကို ထင်ထင်ရှားရှား သိမြင်နိုင်သော "သမုတိအနိစ္စ" ဆိုသည်မှာ-

ရှူဆဲခဏ၌ ထွက်လေ ဖြစ်ပြီးလျှင်၊ ရှူမှုပြီးဆုံးသောအခါ၌ ထွက်လေမရှိတော့သဖြင့် အနိစ္စ ဟူ၍ရင်း။

ရှိုက်ဆဲခဏ၌ ဝင်လေဖြစ်ပြီးလျှင်၊ ရှိုက်မှုပြီးဆုံးသောအခါ၌ ဝင်လေမရှိတော့သဖြင့် ပျက်ပြီ ဟူ၍ရင်း။

ရှူဆဲခဏ၌ ရှူမှုကိုသိသော စိတ်ဖြစ်၍၊ ရှူမှုပြီးဆုံးသောအခါ၌ ထိုသိစိတ်သည်လည်း မရှိတော့သဖြင့် အနိစ္စ ဟူ၍ရင်း။

ရှိုက်ဆဲခဏ၌ ရှိုက်မှုကိုသိသောစိတ်ဖြစ်ပေါ်၍၊ ရှိုက်မှုပြီးဆုံးသောအခါ၌ ထိုသိစိတ်သည်လည်းမရှိတော့သဖြင့် ထိုစိတ်သည် မမြဲပါတကား ဟူ၍ရင်း။

မြင်သိစိတ်သည် (ကြားသိစိတ် ဖြစ်သော အခိုက်အတန့်၌) ထိုမြင်သိစိတ်မရှိတော့သဖြင့် အနိစ္စ ဟူ၍ရင်း။

ဒုက္ခဝေဒနာဖြစ်ဆဲ၌ ဒုက္ခဝေဒနာဖြစ်သည်ကို သိ၍၊ ထိုဒုက္ခဝေဒနာ ချုပ်ငြိမ်းသောအခါ၌ ထို ဒုက္ခဝေဒနာ မရှိတော့သဖြင့် ထိုဝေဒနာသည် မမြဲဟုသိသော အသိအမြင်မျိုးသည် ထင်ထင်ရှားရှား"ကိုယ်တွေ့ လက်တွေ့"သိမြင်ရသော အသိအမြင်မျိုးပင် ဖြစ်ပါသည်။ ဤအသိအမြင် မျိုးသည် ထင်ရှားလွန်းအားကြီးသောကြောင့် ဉာဏ်ပညာနှင့် ယှဉ်၍ သိနေစရာမလိုပါ။ ရုပ်နာမ် ခန္ဓာက ဖြစ်ပြ၍ ဖြစ်မှန်းသိ။ ခန္ဓာက ပျက်ပြ၍ ပျက်

[Hlaing 12 ]

မှန်းသိသော လူတိုင်း လူတိုင်း ထင်လွယ် မြင်လွယ်သော အသိ အမြင်မျိုးပင် ဖြစ်ပါသည်။ ၎င်းကို "သမုတိအနိစ္စ" ဟူ၍ခေါ် ဆိုပါသည်။

ယင်း "သမုတိအနိစ္စ" ကို သိမြင်သော ဉာဏ်မှ လွန်မြောက် စေ၍ ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲ ဖြစ်သော သဘောတရား၏ မမြဲသော အနိစ္စသဘောကို မမြဲသည့်အတိုင်း ဉာဏ်၌သိကြောင်း မှတ်ကြောင်း လက္ခဏာအားဖြင့် ထင်မြင်လာအောင် ပွားများ အားထုတ်ရပေမည်။

ပွားများအားထုတ်နည်းရန်မှာ–

ဝင်လေ ထွက်လေ တည်းဟူသော အမှတ်သညာ ပညတ် များကို ဖယ်ရှား၍ အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှား ရှိဆဲ ဖြစ်သော လေသဘောတရား အပေါ်တွင် ထိုလေဓါတ် သဘောတရား သက်သက်ကို သာလျှင် အာရုံပြု၍ ဝိပဿနာ ပွားများ အားထုတ်ရပေမည်။

စိတ်သဘောတရား အပေါ်၌လည်း မြင်သိစိတ်၊ ကြားသိ စိတ်၊ နံသိစိတ်၊ ပြုလိုသောစိတ် တည်းဟူသော အမည်နာမ ပညတ်တို့ကို ဖယ်ရှား၍ အာရုံပြုဆဲ ဖြစ်သော ပစ္စုပ္ပန်ခဏ၌ အကြင်အကြင် စိတ်သဘောတရားသည် ထင်ရှား ရှိဆဲ ဖြစ်ပါ သည်။ ထိုထင်ရှားရှိဆဲ ဖြစ်သော စိတ်ဓါတ်အပေါ်၌၊ ထိုစိတ် ဓါတ်သဘာဝသက်သက်ကိုသာလျှင် အာရုံပြု၍ အနိစ္စလက္ခဏာ ကို ဉာဏ်၌ ထင်မြင်လာအောင် ဝိပဿနာ ရှုပွါးရပေမည်။

ထို့ကြောင့်–

စတုဂိရိရှုဘွယ်ကျမ်း စတုတ္ထတွဲ(နှာ–၃၈၆) ၌၊

သဗ္ဗံဝိညာဏံ နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ။

ဧဝမေတံ ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ။

ဟု တောင်လေးလုံးဆရာတော်က ရေးသား ဖေါ်ပြတော်မူခဲ့ပါသည်။ သဗ္ဗံဝိညာဏံ အလုံးစုံဖြစ်လေသမျှသော စိတ်သည် အတ္တိရှိ၏၊ ဧတံသဗ္ဗံဝိညာဏံ ထိုဖြစ်လေသမျှသော စိတ်ဝိညာဏ်သည် နမမ ငါ၏စိတ်ဝိညာဏ်မဟုတ်။ ဧသော ထိုဖြစ်လေသမျှသောစိတ်ဝိညာဏ်သဘောသည် အဟံနအသ္မိ ငါမဟုတ်။ သော ထိုဖြစ်လေသမျှသော စိတ်ဝိညာဏ်သဘောသည် နမေအတ္တာ ငါ၏ကိုယ်မဟုတ်။ ဣတိဧဝံ ဤဆိုပြီးသောနည်းဖြင့် ဧတံ ဤဆိုပြီးသော စိတ်ဝိညာဏ် သဘောကို ယတ္တာဘူတံ မှန်တိုင်း သမ္မာ ကောင်းစွာ ပညာယ ပညာဖြင့် ဒဋ္ဌဗ္ဗံ မှတ်အပ်၏။

ဤသို့ စိတ်ခေါ်အပေါ်၌ (ဝါ)သဘောတရားတို့အပေါ်၌၊

အနိစ္စလက္ခဏာကို ထင်မြင်လာအောင် ရှုပွါးရာတွင် လိုအပ်သော အဓိက အချက်ကြီး နှစ်ချက်အပေါ် မူတည်၍ အကျဉ်းချုပ်အားဖြင့် ဖေါ်ပြပါအုံးမည်။

(က) လေသဘောတရား သည်ငှင်း၊ စိတ်သဘောတရား သည်ငှင်း၊ အရှုခံဖြစ်သော တခုခုသော သဘောတရားသည် အာရုံပြုဆဲ ခဏ၌ ထင်ရှားရှိ၏။ ထို

ထင်ရှားရှိဆဲဖြစ်သော အရှုခံသဘောတရားကို ထင်ရှားရှိသည့်အတိုင်း ပဌမဦးစွာ ဉာဏ်ပညာဖြင့် သိမြင်ရပေမည်။

(ခ) ၎င်းနောက် ဒုတိယအဆင့်အနေအားဖြင့်-

"ထိုထင်ရှားရှိဆဲသဘောတရားသည်ဖြစ်ဆဲ"

ဟူသော အချက်ကို ဉာဏ်ပညာဖြင့် ထိုးထွင်း သိမြင်ရပေမည်။

ဤနေရာ၌ ထို "ထင်ရှားရှိသောသဘောတရားသည် ဖြစ်ဆဲ" ဟူသော သဘာဝဓမ္မ၏ မူသေတွက်ကိန်းကို မိမိတို့၏ ဉာဏ်၌ ယုံယုံကြည်ကြည်စွဲစွဲမြဲမြဲ ထင်မြင်လာနိုင်ကြစေရန် ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်း၌ ပြဆိုခဲ့ပြီးဖြစ်သော သဘောတရားတို့၏ ဖြစ်ခြင်း အကြောင်းတရား တို့ကို ပိုင်ပိုင်နိုင်နိုင် သိမြင် ထားရပေမည်။ ဤသို့ သိမြင်ထားပြီးမှသာလျှင် "ရှိဆဲသဘောတရားသည်ဖြစ်ဆဲ" ဟူသော သဘာဝဓမ္မ၏မူကို မိမိတို့၏ ဉာဏ်က လက်ခံပေလိမ့်မည်။ ထို့ကြောင့် အဖြစ်သဘောကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်နိုင်ကြစေရန် အထက်၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ပွါးများအားထုတ်ရပေမည်။ ဤသို့ အဖြစ်သဘောကို ပိုင်နိုင်စွာ ထင်မြင်လာသည့်နောက်တွင် အပျက်စွန်းသည် ဉာဏ်၌ ထင်မြင်၍လာရပေသည်။

ထို့ကြောင့်-

ထင်ရှားရှိဆဲ လေဓါတ်အပေါ်၌ ဤလေဓါတ်သည် "အခုဖြစ်တဲ့လေ အခုဖြစ်တဲ့လေ အခုဖြစ်တဲ့လေ" ဟု ပွါးများ အားထုတ်ပါ။

ထိုနည်းတူစွာပင်–

ထင်ရှားရှိသော စိတ်ဓါတ် အပေါ်၌ ဤစိတ်ဓါတ်သည် "အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်" ဟု မိမိတို့၏ ဉာဏ်၌ အဖြစ်သဘောကို ပိုင်နိုင်စွာ ထင်မြင်လာသည့်တိုင် အောင် အကြိမ်ကြိမ် အဖန်ဖန် ပွါးများအားထုတ်ပါ။

ဤသို့ ပစ္စုပ္ပန်တည့်တည့် ထင်ရှားရှိဆဲ အခိုက်အတန့်၌ ထင် ရှားရှိသော သဘာဝဓမ္မ၏ ဖြစ်မှု+ပျက်မှု တို့ကို ထင်မြင်၍လာ သည်ရှိသော် အတိတ်နှင့်အနာဂါတ်ကာလတွင်ရှိသော သဘော တရားတို့ အပေါ်၌ အနုမာနအားဖြင့် မှန်းဆ၍ သိမြင်လာရ ပေသည်။

## "လျှပ်စစ်မီး ဥပမာဖြင့် ပြဆိုခြင်း"

ရုပ်ဓါတ်ဖြစ်သော လေသဘောတရားနှင့် နာမ်ဓါတ် ဖြစ် သော ပြုလိုမှုစိတ်သဘောသရားတို့၏ ဖြစ်မှု+ပျက်မှု တို့ကို လျှပ် စစ်မီးရောင် ဥပမာဖြင့် ဆက်လက် ဖေါ်ပြပါအုံးမည်။

(က) စက်ယန္တရားနှင့် တကွ အကြောင်းတရား တို့၏ လုံ လောက်စွာ ဖြစ်ပေါ်နေသမျှ ကာလပတ်လုံး မီး အလင်းရောင်သည် ရှိ၍ရှိ၍ နေပေလိမ့်မည်။

(ခ) "ရှိဆဲ မီးရောင်သည် ဖြစ်ဆဲ မီးရောင်" ပင် ဖြစ်ပါ သည်။

၎င်းမီးရောင်သည် အကြောင်းတရား တို့၏ လုံလောက်စွာ ထောက်ပံ့နေမှုကို ရရှိတိုင်း ရရှိတိုင်းသောခဏ တို့၌ ထိုမီးရောင်

သည်လည်း အသစ်အသစ်ဖြစ်ပေါ်၍နေရပါသည်။ အကြောင်းတရား တို့၏ အသစ်တဖန် ထောက်ပံ့မှုကို မရရှိခဲ့ပါလျှင် ထိုမီးရောင်သည်လည်း အသစ်တဖန် ဖြစ်ပေါ်မှုကို မရရှိနိုင်တော့ပါ။ ချုပ်ငြိမ်း၍သွားရပေမည်။

သို့ဖြစ်၍ အကြောင်းတရားတို့က အသစ်အသစ် ထောက်ပံ့တိုင်း ထောက်ပံ့တိုင်းသော အခိုက်အတန့်၌ ထို မီးရောင်သည်လည်း အသစ်အသစ် ဖြစ်ပေါ်၍ နေရပါသည်။ ဖြစ်သမျှကုန်သော မီးရောင်တို့သည်လည်း ဖြစ်ပြီးလျှင် တခဏတာမျှ တည်တန့်ခိုင်မြဲမှု မရှိ ခဏခြင်း ခဏခြင်း ချုပ်ဆုံး ကွယ်ပျောက်၍ နေရပါသည်။

မီးအလင်းရောင်ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများတွင် တပါးအပါအဝင် ဖြစ်သော ဒိုင်နမို၏ လည်ပတ်မှုကို ဆင်ခြင်ကြည့်လျှင် မီးရောင်၏ ဖြစ်မှု ပျက်မှုမှာ အလွန်လျင်မြန်စွာ ဖြစ်ပျက်နေသည်ကို သိမြင်ရပေသည်။ ဒိုင်နမို၏ လည်ပတ်မှု ပဌမအပတ်ကြောင့် ဖြစ်သော မီးရောင်သည် ဖြစ်၍ ဖြစ်ပြီးလျှင် ကွယ်ပျောက်ရ၏။ ဒုတိယအပတ်ကြောင့် ဒုတိယမီး ဆက်၍ ဖြစ်၏။ ၎င်းမီးသည်လည်း ဖြစ်ပြီးလျှင် ဒိုင်နမိုလည်ပတ်မှု ဆုံးသောခဏ၌ ကွယ်ပျောက်၍ တတိယအပတ်ကြောင့် တတိယ မီးဆက်၍ ဖြစ်ပြန်၏။

ဤသို့လျှင် ဒိုင်နမိုအပတ် လည်တိုင်းလည်တိုင်း သူ့အပတ်နှင့် သူ့မီး၊ သူ့အပတ်နှင့် သူ့မီးဖြစ်၍ ထိုဖြစ်တိုင်း ဖြစ်တိုင်းသော မီးရောင်သည်လည်း ဖြစ်ပြီးလျှင် တခဏတာမျှ တည်တန့်မှုမရှိ

ခိုင်မြဲမှုမရှိ၊ ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေ၏။ ဒိုင်နမိုအပတ်ကလည်း တစက္ကန့်ကာလအတွင်းမှာပင် မရပ်မနားအပတ်ပေါင်းများစွာလည်ပတ်နေ၏။ထိုလည်ပတ်မှုကြောင့် ဖြစ်ပေါ်လာသော မီးရောင်သည်လည်း တစက္ကန့်အတွင်းမှာပင် ခဏခြင်း ခဏခြင်း ဖြစ်၍ဖြစ်ပြီးလျှင် ကွယ်ပျောက်၍ ကွယ်ပျောက်၍နေ၏။

ဒိုင်နမိုအပတ်သည် ဆက်ခါဆက်ခါ လည်ပတ်မှု လျင်မြန်ခြင်းကြောင့် မီးရောင် ဆက်ခါဆက်ခါ အသစ်ဖြစ်နေခြင်းကိုပင် လျှင် ညနေမှစ၍ထွန်းထားသောမီးသည် ညဉ့်တိုင်အောင်တဆက်တည်း လင်းနေသည်ဟူ၍ ထင်မှတ်ရပေသည်။ ဤကဲ့သို့ ထင်မြင်ရခြင်း၏ အကြောင်းမှာ ချုပ်ဆုံး ကွယ်ပျောက် သွားသော မီးရောင်၏နေရာတွင် နောက်ထပ်တဖန် အသစ်အသစ် ဖြစ်ပေါ်မှုက လျင်မြန်စွာ အစားထိုး၍ထိုး၍ ဖြစ်ပေါ်နေမှုကြောင့်ပင် ဖြစ်ပါသည်။

ထိုသို့ အစဉ်မပြတ် ဒလစပ် ဆက်ခါဆက်ခါ အသစ်အသစ် ဖြစ်ပေါ်နေမှု (ဖြစ်စဉ်)က ဖုံးလွှမ်း ထားခြင်းကြောင့် ထိုမီးရောင်သည် တဆက်တည်း တည်မြဲနေသည်ဟု ထင်မှတ်ရပေသည်။ အမှန်စင်စစ်မှာမူကား ထိုမီးရောင်သည် တဆက်တည်း မဟုတ်ဘဲ၊ အခုမြင်ရသော ရှိဆဲမီးရောင်သည် အခုအကြောင်းတရားများကြောင့် ဖြစ်၍ ဖြစ်ပြီးလျှင် ချုပ်ဆုံး ကွယ်ပျောက်ရ၏။ ဒုတိယအကြိမ် ထပ်၍မြင်ရသောမီးရောင်သည် ဒိုင်နမိုအပတ်၏ ဒုတိယအကြိမ် ထောက်ပံ့မှုကြောင့်ဖြစ်၍ ဖြစ်ပြီးလျှင် ကွယ်ပျောက်ရ၏။

ဤသို့ အစဉ်မပြတ် ဆက်စပ်၍ တလင်းတဲသည်း လင်းနေသော မီးရောင်အပေါ်၌ ထိုမီးရောင်၏ ဖြစ်ပျက်ကို ရှုပွားရာတွင်-

၁။ "ဉာဏ်တွေ့+ဉာဏ်မြင်"နှင့်

၂။ ကိုယ်တွေ့+မျက်မြင်"

ထိုအမြင်နှစ်မျိုးကို ခွဲခြား၍ သိရှိထားရပေမည်။ မီးရောင်၏ ဖြစ်မှု၊ ကွယ်ပျောက်မှုတို့ကို ဉာဏ်ပညာဖြင့်သာ တွေ့ထိသိမြင်နိုင်သော "ဉာဏ်တွေ့+ဉာဏ်မြင် ဆိုသည်မှာ၊

တလင်းတည်းလင်းနေသော မီးရောင်အပေါ်၌ ထိုမီးရောင် လုံး၀မရှိတော့သည့် အခြင်းအရာကို တွေ့မြင်နိုင်မည် မဟုတ်ပါ။ အစဉ်မပြတ်ဆက်စပ်၍ တလင်းတည်းလင်းနေသော မီးရောင်ကို သာ တွေ့မြင်ကြရပါသည်။ ထိုသို့ တလင်းတည်း လင်းနေသော မီးရောင်ကိုသာတွေ့မြင်ကြရသဖြင့် ထိုမီးရောင်သည် ဖြစ်မှု၊ ကွယ် ပျောက်မှုမရှိ၊ ဘဆက်တည်းသာလျှင် ဖြစ်၏ဟု ယူဆ၍ မရပါ။

(က) အကြောင်းတရားတို့၏ ညီညွတ်စွာ အသစ် အသစ် ထောက်ပံ့ နေခြင်းကြောင့်သာလျှင် ထိုမီးရောင်သည် ရှိ၍ရှိ၍နေရပါသည်။

(ခ) ထိုရှိဆဲမီးရောင်သည် ဖြစ်ဆဲပင် ဖြစ်ပါသည်။

ဤသို့ မီးရောင်၏အသစ်အသစ် အစဉ်မပြတ် ဖြစ်ပေါ်နေမှုကို မိမိတို့၏ဉာဏ်ဖြင့် ထိုးထွင်း သိမြင်သည်ရှိသော် ထိုဖြစ်တိုင်းဖြစ် တိုင်းသော မီးရောင်တို့သည် ဖြစ်ပြီးလျှင် တည်တန့်ခိုင်မြဲမှုမရှိ၊ ချုပ်ဆုံး ကွယ်ပျောက်၍ ကွယ်ပျောက်၍ သွားနေသည်မှာ ဉာဏ် တွင် ထင်ရှားလာပါသည်။

ဤကား တလင်းတည်း လင်းလျက်နေသော မီးရောင်၏ ဖြစ်မှု၊ ကွယ်ပျောက်မှုတို့ကို ဉာဏ်ပညာဖြင့် ထိုးထွင်း သိမြင်ရသော "ဉာဏ်တွေ့ ဉာဏ်မြင်" ဖြစ်ပါသည်။

ဤအမြင်မျိုးသည် ထင်ရှားရသောပရမတ္ထတရား၏ မမြဲသော အနိစ္စလက္ခဏာကို ထိုးထွင်းသိမြင်သော ဉာဏ်နှင့်တူပါသည်။

## (၂) ကိုယ်တွေ့မျက်မြင် ဖြစ်မှု ပျက်မှု ဆိုသည်မှာ-

အော်တိုမက်တစ် ( ) မီးလုံး တပ်ဆင်ထားသော မီးပန်းကုံးသည် ယင်းအော်တိုမက်တစ်မီးလုံး တပ်ဆင်ထားခြင်းကြောင့် လင်းလိုက်၊ ငြိမ်းလိုက် ဖြစ်၍နေပါသည်။ ထိုမီးလင်းလာလျှင်မီးလင်းပြီဟူ၍ရင်း၊ ထိုမီးငြိမ်းသွားလျှင် မီးငြိမ်းသွားပြီဟူ၍ရင်း သိမြင်ကြပေသည်။

ထိုမီးရောင်သည် လင်းလိုက်၊ ငြိမ်းလိုက် နေခြင်းကြောင့် တည်မြဲမှုမရှိဟု သိသောအသိသည် "ကိုယ်တွေ့မျက်မြင်"အသိပင် ဖြစ်ပါသည်။ ယင်းအသိအမြင်မျိုးသည် ဉာဏ်ပညာမရှိသော ကလေးသူငယ်များပင် သိရှိကြပါသည်။ မီးက လင်းပြလိုက်ခြင်းကြောင့် မီးလင်းပြီဟူ၍ရင်း၊ မီးက ငြိမ်းပြလိုက်ခြင်းကြောင့် မီးငြိမ်းပြီဟူ၍ရင်း၊ သိသောအသိသည် ရုပ်၊ နာမ်၊ ခန္ဓာက ဖြစ်ပြ၍ ဖြစ်မှန်းသိ၊ ရုပ်၊ နာမ်၊ ခန္ဓာက ပျက်ပြ၍ ပျက်မှန်း သိသော "သမုတိအနိစ္စ"ကို သိမြင်သော ဉာဏ်နှင့်တူပါသည်။

၎င်း "သမုတိအနိစ္စ" ကို လွန်မြောက်စေ၍ ထင်ရှားရှိသော သဘောတရား၏ ဖြစ်မှု ပျက်မှု တို့ကို ဉာဏ်ပညာဖြင့် ထိုးထွင်း သိမြင်၍ လာနိုင်ကြစေရန် အရေးကြီးပါသည်။

ကိုယ်တွေ့မျက်မြင်အားဖြင့် အစဉ်မပြတ် တလင်းတည်း လင်းနေသော မီးအလင်းရောင်အပေါ်၌ ထိုမီးရောင်၏ အသစ်အသစ်ဖြစ်ပေါ်နေမှု၊ ဖြစ်ပြီးလျှင် ခဏခြင်းခဏခြင်း ကွယ်ပျောက်နေမှုတို့ကို ဉာဏ်ပညာမရှိသော ကလေးသူငယ်တို့သည် မသိမမြင်နိုင်ကြပါ။

ထိုမီးအလင်းရောင်၏ ဖြစ်ခြင်းအကြောင်းတရားနှင့်တကွ၊ ထိုအကြောင်းတရားတို့၏ အစဉ်မပြတ် ထောက်ပံ့မှုကြောင့် အသစ်အသစ်ဖြစ်ပေါ်မှု၊ ထိုသို့ အသစ်အသစ် ဖြစ်ပေါ်၍နေသော မီးရောင်သည် ဖြစ်ပြီးလျှင် တည်တန့် ခိုင်မြဲမှုမရှိ။ ချုပ်ဆုံး ကွယ်ပျောက်၍ သွားနေသော အခြင်းအရာတို့ကို အကြားအမြင်ရှိသော လူကြီးများသည်သာလျှင် တွေ့မြင်နိုင်ကြပါသည်။

ဤကဲ့သို့ပင် ထင်ရှားရှိ၍ရှိ၍နေသော ပရမတ္ထသဘောတရားအပေါ်၌လည်း ထို ပရမတ္ထ သဘောတရား၏ ဖြစ်မှု+ပျက်မှုကို ဉာဏ်ပညာဖြင့်သာလျှင် ထိုးထွင်း သိမြင်နိုင်ပေသည်။

ထို့ကြောင့်—

"သဗ္ဗေသင်္ခါရာအနိစ္စာတိ၊ ယဒါပညာယပဿတိ"

အလုံးစုံသော သင်္ခါရတရားတို့သည် အနိစ္စာ အမြဲမရှိကြကုန်၊ ထိုသို့ မမြဲသောသဘောကို "ဉာဏ်ပညာ"ဖြင့်သာလျှင် ထိုးထွင်း သိမြင်အပ်၏ဟု ဟောတော်မူပါသည်။

ဤသဘောတရား၏ ဖြစ်ပျက်ကို ရှုပွါးရာတွင်—

သန္တတိအစဉ်ဟုခေါ်ဆိုအပ်သောဖြစ်စဉ်ကဖုံးလွှမ်းထားခြင်းကြောင့် အရှုခံသဘောတရားသည် ရှုကြည့်ဆဲခဏ၌ ထိုသဘော

တရား၏ လုံး၀ မရှိတော့သည့် အခြင်းအရာကို တွေ့မြင်နိုင်မည် မဟုတ်ပေ။ ထိုသဘောတရား၏ လုံး၀ မရှိသောအခြင်းအရာကို မတွေ့မမြင်နိုင်ခြင်းကြောင့် ထိုသဘောတရားသည် ဖြစ်မှု ပျက်မှုမရှိ၊ တည်တန့်ခိုင်မြဲ၍ နေသည်ဟု ယူဆ၍မဖြစ်နိုင်ပါ။ အစဉ်မပြတ် ဖြစ်ပျက်နေသော သဘာဝဓမ္မသာလျှင် ကေန်စင်စစ် ဖြစ်ပါသည်။

(က) အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထိုသဘောတရားသည် ထင်ထင်ရှားရှား ရှိ၍ရှိ၍နေသည်ကိုသာလျှင် တွေ့ထိ သိမြင်ရပါသည်။

(ခ) ဤသို့ ရှိ၍ရှိ၍နေခြင်းသည် အသစ်အသစ် ဖြစ်ပေါ်၍နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ဤသို့ မစဉ်မပြတ် အသစ်အသစ်ဖြစ်ပေါ်နေမှုကို ထောက်ရှုခြင်းအားဖြင့် ဖြစ်ပြီးသော သဘောတရားသည်လည်း ဖြစ်ပြီးလျှင် ရပ်တည်နေမှုမရှိ၊ တည်တန့်ခိုင်မြဲမှုမရှိ၊ ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ကွယ်ပျောက်၍ သွားနေကြောင်း ဉာဏ်တွင် ထင်ရှားလာပါသည်။

ဤသို့လျှင် တရှိတည်းရှိ၍ရှိ၍နေသော သဘောတရား၏ဖြစ်မှု ပျက်မှု တို့ကို ထိုးထွင်း သိမြင်သော ဉာဏ်အမြင်သည် မိမိတို့၏ ဉာဏ်၌ တွေ့ထိသိမြင်ရသော "ဉာဏ်တွေ့ ဉာဏ်မြင်" ပင် ဖြစ်ပါသည်။ ထိုဉာဏ်သည် စစ်မှန်သော အနိစ္စလက္ခဏာကို ထိုးထွင်း သိမြင်သော ဉာဏ်ဖြစ်ပါသည်။

ထိုသို့ အနိစ္စလက္ခဏာကို ထိုးထွင်း သိမြင်နိုင်ကြစေရန်၊

(က) အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ လေခါတ်သည်ဂုင်း၊ စိတ်ခါတ်သည်ဂုင်း၊ ထင်ထင်ရှားရှား ရှိကြပါသည်။

(ခ) ထို"ထင်ရှားရှိဆဲခါတ်သဘာဝသည် ဖြစ်ဆဲ"ပင် ဖြစ်ပါသည်။

ယင်းခါတ်သဘာဝသည် အကြောင်းတရားတို့၏ ပြုပြင်စီရင်မှုကြောင့် အသစ်အသစ် ဖြစ်ပေါ်၍ နေရပါသည်။ ထိုဖြစ်တိုင်းဖြစ်တိုင်းသော ခါတ် သဘာဝသည် ဖြစ်ပြီးလျှင် တည်တန့်ခိုင်မြဲမှုမရှိ၊ ချုပ်ဆုံး ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေသော ခါတ်သဘာဝပင် ဖြစ်ပါသည်။

ထို့ကြောင့် လေခါတ်အပေါ်၌ ဤလေခါတ်သည်"အခုဖြစ်တဲ့လေ၊ အခုဖြစ်တဲ့လေ၊ အခုဖြစ်တဲ့လေ" ဟု ပွါးများ အားထုတ်ပါ။

ထိုနည်းတူစွာပင်–

စိတ်ခါတ်အပေါ်၌ ဤစိတ်ခါတ် "အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်" ဟု မိမိတို့၏ ဉာဏ်၌ စွဲမြဲစွာ ထင်မြင်လာသည့် တိုင်အောင် အကြိမ်ကြိမ် အဖန်ဖန် ပွါးများ အားထုတ်ပါ။

## ချောင်းရေဥပမာဖြင့် ပြဆိုခြင်း။

ဥပမာ-

ယောကျ်ားတယောက်သည် ရေစီးဆင်းလျက်ရှိသောချောင်းထဲသို့ ဆင်းနေသော အခိုက်အတန့်တွင်-

(က) ထိုယောကျ်ား၏ခြေထောက်ပတ်ဝန်းကျင်၌ ရေတွေ ရှိ၍ရှိ၍နေပေလိမ့်မည်။

(ခ) ရေတွေ ရှိ၍ရှိ၍ နေရခြင်းသည် အထက်မှ ရေများ အသစ်အသစ် စီးဆင်းလာခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုသို့ အစဉ်မပြတ် စီးဆင်း၍ လာသော ရေတို့သည် ထိုယောကျ်ား၏ခြေထောက်အား တွေ့ထိ၍တွေ့ထိ၍ နေရပေသည်။ ထိုယောကျ်ား၏ခြေထောက်တွင် အခုတွေ့ထိသောရေသည် အခုရေပင် ဖြစ်ပါသည်။ ဒုတိယအကြိမ်တွေ့ထိသော ရေသည်လည်း ဒုတိယရေပင် ဖြစ်ပါသည်။ တတိယအကြိမ် ခြေထောက်ကို တွေ့ထိသော ရေသည်လည်း တတိယရေအသစ်ပင် ဖြစ်ပါသည်။ ဤသို့ ချောင်းရေတို့သည် ထိုယောကျ်ား၏ ခြေထောက်အား အစဉ်မပြတ် အသစ်အသစ် ထပ်ခါထပ်ခါ တွေ့ထိ၍တွေ့ထိ၍ နေရပါသည်။ ဤသို့ တွေ့ထိပြီးတိုင်း တွေ့ထိပြီးတိုင်းသော ရေတို့သည်လည်း တွေ့ထိပြီးသည်နှင့်တပြိုင်နက် အောက်သို့စီးဆင်း၍နေကြရပါသည်။

ဤဥပမာ နည်းတူစွာပင်–

(က) နှာသီးဖျားတွင် တွေ့ထိ၍ တွေ့ထိ၍ နေသော လေသည် ထင်ရှား ရှိ၍ရှိ၍ နေပါသည်။

(ခ) ထို "ထင်ရှားရှိဆဲ လေသည် ဖြစ်ဆဲလေ" ပင် ဖြစ်ပါသည်။

အခု နှာသီးဖျား၌ တွေ့ထိဆဲ လေသည် အခုဖြစ်ဆဲ လေပင် ဖြစ်ပါသည်။ တဖန် ထပ်၍ ရှုကြည့်ဆဲခဏ၌ နှာသီးဖျားကို တွေ့ထိသောလေသည် အသစ်တဖန် ထပ်၍ ဖြစ်သော လေပင် ဖြစ်ပါသည်။ ဤသို့လေသည်လည်း အစဉ်မပြတ် အသစ်အသစ် ဖြစ်ပေါ်၍ နေရပါသည်။ ထိုဖြစ်တိုင်း ဖြစ်တိုင်းသော လေတို့သည်လည်း ဖြစ်ပြီးလျှင် ချုပ်ပျက်၍ချုပ်ပျက်၍ နေကြရပါသည်။

ထို့ကြောင့်–

ဤလေ–

"အခုဖြစ်တဲ့လေ၊ အခုတဲ့ဖြစ်လေ၊ အခုဖြစ်တဲ့လေ" ဟု ပွါးများ အားထုတ်ပါ။

ထိုနည်းတူစွာပင်–

ပြုလိုမှုစိတ်သဘောတရားသည်လည်း အာရုံပြုဆဲခဏ၌ မိမိတို့၏ ဉာဏ်ဝတွင် ထင်ထင်ရှားရှား တွေ့ထိ သိမြင် ကြရပါသည်။ ဤသို့ ထင်ထင်ရှားရှား တွေ့ထိဆဲဖြစ်သော စိတ်သဘောတရား

သည် "ဖြစ်ဆဲစိတ်သဘောတရား"ပင် ဖြစ်ပါသည်။ နောက်ထပ်တဖန် ရှုကြည့်ဆဲခဏ၌ မိမိတို့၏ဉာဏ်ဖြင့် တွေ့ထိ သိမြင်ရသော စိတ်သဘောတရားသည် နောက်ထပ်တဖန် အသစ် ဖြစ်ပေါ်လာသော စိတ်သဘောပင် ဖြစ်ပါသည်။ ဤသို့ စိတ်သဘောတရားသည် အစဉ်မပြတ် အသစ်အသစ် ဖြစ်ပေါ်၍ နေရပါသည်။ ထိုဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်သဘောတရားသည် ဖြစ်ပြီးလျှင် တည်တန့်ခိုင်မြဲမှုမရှိ၊ ချုပ်ပျက်၍ ချုပ်ပျက်၍နေသော သဘာဝခမ္မပင် ဖြစ်ပါသည်။

ထိုကြောင့်-

ဤစိတ်-

"အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်"ဟု ပွားများအားထုတ်ပါ။

## ၎င်းပြင် ပရွက်ဆိပ်တို့သည် စီတန်းပြီးလျှင် တွင်းထဲသို့ ဝင်နေကြသော ဥပမာဖြင့် ဖော်ပြပါအုံးမည်။

ပရွက်ဆိပ်တွင်းဝကို စူးစိုက်ပြီး ကြည့်ရှုလျှင်-

(က) တွင်းဝနှုတ်ခမ်း၌ ပရွက်ဆိပ်တကောင်သည် အမြဲတန်း ရှိ၍ရှိ၍ နေပေလိမ့်မည်။

(ခ) ဤသို့ တွင်းဝ၌ ပရွက်ဆိပ်တကောင်သည် အမြဲတန်း ရှိ၍ရှိ၍နေရခြင်းသည် တွင်းဝသို့ ပရွက်ဆိပ်တကောင် ပြီးလျှင် တကောင် အသစ်အသစ် ရောက်ရှိ၍ ရောက်ရှိ၍ လာခြင်းကြောင့်ပင်ဖြစ်ပါသည်။

ယခုကြည့်ဆဲခဏ၌ မြင်ရသောအကောင်သည် ယခုအကောင် ပင် ဖြစ်ပါသည်။ ဒုတိယ အကြိမ် ရှုကြည့်ဆဲ၌ မြင်ရသော အကောင်သည် ဒုတိယ အကောင်ပင် ဖြစ်ပါသည်။ ဤသို့လျှင် ပရွက်ဆိပ်တို့သည် တွင်းဝသို့ တကောင်ပြီးလျှင်တကောင် အသစ် အသစ် ရောက်ရှိ၍ ရောက်ရှိ၍ လာကြရပါသည်။ တွင်းဝသို့ ရောက်ရှိပြီးသော အကောင်တို့သည်လည်း ရောက်သည်နှင့်တပြိုင် နက် တွင်းထဲသို့ ဝင်၍ဝင်၍ ကွယ်ပျောက် သွားနေကြရပါသည်။

ငရုဲဥပမာ နည်းတူစွာပင်–

နွားသီးဖျားကို စူးစိုက်၍ ကြည့်ရှုသောခဏ၌

[က] နွားသီးဖျားတွင် တွေ့ထိ၍ တွေ့ထိ၍နေသောလေသည် ထင်ရှားရှိပါသည်။

[ခ] ထို "ထင်ရှားရှိဆဲလေသည် ဖြစ်ဆဲလေ" ပင် ဖြစ်ပါ သည်။

ယခု တွေ့ထိဆဲလေထည် ယခုလေပင် ဖြစ်ပါသည်။ နောက် ထပ်တဖန် ရှုကြည့်ဆဲခဏ၌ တွေ့ထိသောလေသည် နောက်ထပ် တဖန် ဖြစ်ပေါ်၍လာသော လေပင်ဖြစ်ပါသည်။ ဤသို့လျှင် နွားသီးဖျား၌ လေတို့သည် အသစ်အသစ် အစဉ်မပြတ် တွေ့ထိ၍ တွေ့ထိ၍ နေကြရပါသည်။ ယင်းသို့ အစဉ်မပြတ် တွေ့ထိ၍ တွေ့ ထိ၍ နေခြင်းသည် လေအသစ်အသစ် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ နေခြင်းကြောင့်ပင် ဖြစ်ပါသည်။ အသစ်အသစ်ဖြစ်သော လေတို့ သည်လည်း ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ သွားနေကြရပါသည်။

ထိုနည်းတူစွာပင်–

ပြုလိုမှု စိတ်သဘောတရားသည်လည်း ထိုစိတ်သဘောတရားကို ရှုပွားရှုနေသော ဝိပဿနာ ဉာဏ်ဝဌ်–

(က) ထင်ရှားရှိ၍ရှိ၍ နေပါသည်။

(ခ) ထိုစိတ်၏ ထင်ရှားရှိ၍ ရှိ၍ နေရခြင်းသည် အသစ်အသစ်ဖြစ်ပေါ်မှုကြောင့်ပင် ဖြစ်ပါသည်။

ထိုဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့သည်လည်း ဖြစ်ပြီးလျှင် တည်တန့်မှုမရှိ၊ ချုပ်ဆုံး ကွယ်ပျောက်၍ ကွယ်ပျောက်၍ သွားနေကြရသော သဘောသဘာဝ ဓမ္မပင်တည်း။

## မြစ်ရေဥပမာဖြင့် ပြဆိုခြင်း

မြစ်ကမ်းနဖူးပေါ်တွင်ထိုင်၍ အောက်တည့်တည့်ဘွင် ရှိသော မြစ်ရေများကို စိုက်၍ ကြည့်ရှုနေခဲ့ပါလျှင်–

[က] မျက်စိအောက်၌ ရေတွေရှိ၍ရှိ၍ နေပေလိမ့်မည်။

[ခ] ရေတွေ ရှိ၍ရှိ၍နေခြင်းသည် မြစ်ရေများ အသစ်အသစ် စီးဆင်း လာခြင်းကြောင့်သာလျှင် ဖြစ်ပါသည်။ အခုမျက်စိအောက်သို့ရောက်ဆဲရေသည် အခုရေပင် ဖြစ်ပါသည်။ ဒုတိယအကြိမ် ထပ်၍ ကြည့်ရှုစဉ် မြင်ရသော ရေသည် ဒုတိယအကြိမ် ရောက်ဆဲရေပင် ဖြစ်ပါသည်။ ထိုမြစ်ရေများသည်လည်း မျက်စိအောက်သို့ ရောက်၍ ရောက်ပြီးလျှင် တည်တန့်မှုမရှိ။ စီးဆင်း၍ စီးဆင်း၍ သွားနေကြရစမြဲပင် ဖြစ်ပါသည်။

[ Hlaing 13 ]

ဤဥပမာ၌ မြစ်ရေအယဉ်နှင့် ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့သည် တူကြကုန်၏။

(က) မျက်စိအောက်၌ ရေတွေ့ ရှိ၍ရှိ၍ နေဘိသကဲ့သို့ အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ နှာသီးဖျားတွင် တိုးခတ်၍ တိုးခတ်၍ နေသော လေသဘောတရားသည် ထင်ရှား ရှိ၍ရှိ၍ နေခြင်းနှင့်တူ၏။

(ခ) မျက်စိအောက်၌ ရေတွေ့ ရှိ၍ရှိ၍နေခြင်းသည် မြစ်ရေများ အထက်မှ အသစ်အသစ် စီးဆင်း၍ လာခြင်းကြောင့်ပင် ဖြစ်၏၊ ဤနည်းအတူ တိုးခတ်မှု လေသဘောတရား၏ ထင်ရှားရှိ၍ရှိ၍ နေခြင်းသည်လည်း ထိုလေသဘောတရားသည် အသစ်အသစ် ဖြစ်ခြင်းကြောင့်သာလျှင် ဖြစ်၏။

မျက်စိအောက်သို့ရောက်ပြီးဖြစ်သော မြစ်ရေများသည်လည်း ရောက်ပြီးလျှင် အောက်သို့ စီးဆင်း၍ စီးဆင်း၍ သွားခြင်းနှင့် အသစ်အသစ် ဖြစ်တိုင်း ဖြစ်တိုင်းသော လေသဘောတရားသည် ဖြင့်ပြီးလျှင် ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေမှုနှင့်တူ၏။

၎င်းလေသဘောတရားကဲ့သို့ပင်—

(က) ပြုလိုမှု စိတ်သဘောတရား သည်လည်း အာရုံပြုဆဲရှုကြည့်သောခဏတွင် ထင်ရှားရှိ၏။

(ခ) ထိုသဘောတရား၏ ထင်ရှားရှိ၍ရှိ၍ နေရခြင်းသည် အသစ်အသစ်ဖြစ်၍နေသောကြောင့် ဖြစ်၏။

ထိုဖြစ်တိုင်းဖြစ်တိုင်းသော ပြုလိုမှု သဘောတရားသည်လည်း ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေ၏။

## ရုပ်ရှင်ဥပမာဖြင့် ပြဆိုခြင်း။

ငင်းပြင် ဥပမာ တနည်းအားဖြင့်–

ရုပ်ရှင်ကြည့်နေသော အခိုက်အတန့်၌–

(က) ပိတ်ကားပေါ်တွင် ဓါတ်ပုံများ ရှိ၍ရှိ၍ နေပေလိမ့်မည်။

(ခ) ထိုကဲ့သို့ ဓါတ်ပုံများ ရှိ၍ရှိ၍ နေရခြင်းသည် အသစ်အသစ် ဖြစ်ပေါ်၍ နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ဤသို့ အသစ်အသစ် ဖြစ်ပေါ်၍ နေရခြင်း၏ အကြောင်းတရားများမှာ ကောင်းစွာလည်ပတ်လျက်ရှိသော စက်သည်ငင်း၊ မီးရောင်သည်ငင်း၊ဖလင်ကော်ပြားသည်ငင်း၊ပိတ်ကားသည်ငင်း၊ အခြားအခြားသော အကြောင်းတရားတို့သည်ငင်း၊ ဖြစ်ကြပါသည်။ယင်းအကြောင်းတရားတို့သည် စုပေါင်း၍ပြုပြင်စီရင်သော ကာလ၌ ပိတ်ကားပေါ်တွင် ဓါတ်ပုံများရှိ၍ရှိ၍နေပေလိမ့်မည်။

"ရှိဆဲသဘောတရားသည်ဖြစ်ဆဲ"

ဟူသော သဘာဝဓမ္မ၏ မူအရ ယခု ပိတ်ကားပေါ်တွင် ရှိသော ဓါတ်ပုံသည် ယခုဖြစ်သော ဓါတ်ပုံပင်ဖြစ်ပါသည်။

ယခုဖြစ်ဆဲ ဓါတ်ပုံသည် ယခု အကြောင်းတရားတို့ကြောင့်သာလျှင် ဖြစ်ပါသည်။ ယင်းဖြစ်ဆဲ ဓါတ်ပုံသည်လည်း ဖြစ်ပြီး

လျှင် ကွယ်ပျောက်၍ နောက်ထပ် အကြောင်း တရားတို့၏ ထောက်ပံ့မှုကြောင့် ရုပ်ပုံအသစ် ဖြစ်ပေါ်၍ လာရပေသည်။

ဤသို့လျှင် အကြောင်းတရား တွေကလည်း ဆက်ခါဆက်ခါ အသစ်အသစ် ထောက်ပံ့၍ ထောက်ပံ့ ၍နေ၏၊ ယင်းထောက်ပံ့မှုကြောင့်ဖြစ်ပေါ်လာရသော ဓါတ်ပုံတွေကလည်း ဆက်ခါဆက်ခါ အသစ်အသစ် ဖြစ်ပေါ်နေ၏။ ထိုဖြစ်တိုင်းဖြစ်တိုင်းသော ဓါတ်ပုံတွေကလည်း ဖြစ်ပြီးလျှင် တည်တန့် ခိုင်မြဲမှုမရှိ၊ ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေ၏။

ဤကဲ့သို့သော ဓါတ်ပုံများ၏ ဖြစ်ပေါ်မှု၊ ကွယ်ပျောက်မှုကို ဆင်ခြင်ရာတွင် ရုပ်ရှင်ပြဆဲ အခိုက်အတန့်၌ ဓါတ်ပုံများ လုံးဝမရှိတော့သည့် အခြင်းအရာကို မျက်မြင်အားဖြင့် မတွေ့မမြင်ရပါ။ အကြောင်းတရားတို့သည် ညီညွတ်စွာ ထောက်ပံ့ နေမှုကြောင့် အသစ်အသစ် ဖြစ်ပေါ်၍နေသော ရှိဆဲဓါတ်ပုံများကိုသာလျှင် တွေ့မြင်ရပေသည်။ ဤသို့ အသစ်အသစ် ဖြစ်ပေါ်၍ နေမှုကို ဉာဏ်ပညာဖြင့် သိမြင်၍လာသည်ရှိသော်၊ ထိုဖြစ်တိုင်းဖြစ်တိုင်းသော ဓါတ်ပုံများ၏ ကွယ်ပျောက်၍ ကွယ်ပျောက်၍ သွားနေမှုသည် ဉာဏ်တွင်ထင်ရှားစွာ သိမြင်၍လာရပေသည်။

ဓါတ်ပုံများ လုံးဝမရှိတော့သဖြင့် မရှိတော့ကြောင်း မမြဲသော အနိစ္စဘားပါတကားဟု သိမြင်ရသော အသိအမြင်မျိုးသည် "ကိုယ်တွေ့မျက်မြင်" အသိအမြင်မျိုး ဖြစ်ပါသည်။ ယင်းအသိအမြင်မျိုးသည် ဉာဏ်ပညာနှင့် လုံးဝမယှဉ်ပေ။ ကလေးသူငယ်တို့သည်သည်း ဓါတ်ပုံများ မရှိတော့သဖြင့် မရှိတော့ကြောင်းကို သိရှိကြပေသည်။

အစဉ်မပြတ် ရှိ၍ရှိ၍နေသော ဓါတ်ပုံများ၏ ဖြစ်ပေါ်မှု၊ ကွယ်ပျောက်မှုတို့မှာ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ကြည့်မှသာလျှင် ထိုးထွင်း သိမြင်၍ လာရပေသည်။ ဤသို့ ဉာဏ်ပညာဖြင့်သာလျှင် သိမြင်ရသောအခြင်းအရာမျိုး ဖြစ်ခြင်းကြောင့် "**ဉာဏ်တွေ့ ဉာဏ်မြင်**" ဖြစ်ပါသည်။ ယင်းသို့ ပိတ်ကားပေါ်တွင်ရှိဆဲ ဓါတ်ပုံများ၏ ဖြစ်ပေါ်မှုကိုင်း၊ ဖြစ်ပြီးလျှင် ကွယ်ပျောက်၍သွားမှုကိုငင်း၊ ဉာဏ်ပညာဖြင့် သိမြင်၍ နေခြင်းသည် ထိုရုပ်ရှင်၏ မှန်ကန်သော သဘောသဘာဝကို သိမြင်၍နေခြင်းပင် ဖြစ်ပါသည်။

ဤဥပမာ၌ ဓါတ်ပုံများနှင့် ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတို့သည် တူကြကုန်၏။

(က) လေသဘောတရားသည်ငင်း၊ စိတ်သဘောတရားသည်ငင်း၊ အရှုခံဖြစ်သော သဘောတရားတခုခုသည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန် အခိုက်အတန့်၌ ထင်ရှားရှိ၏။

(ခ) ထိုရှိဆဲသဘောတရားသည် ဖြစ်ဆဲပင်တည်း။

ထိုသဘောတရားသည် အကြောင်းတရားတို့ကို စွဲ၍ ဖြစ်၏။ အကြောင်းတရားတွေက ထောက်ပံ့တိုင်း ထောက်ပံ့တိုင်းသော ခဏ၌ ယင်းသဘောတရားသည် အသစ်အသစ် ဖြစ်ပေါ်၍နေ၏။ ဖြစ်ပြီးသော သဘောတရားတို့သည်လည်း ဖြစ်ပြီးလျှင် တည်တန့်ခိုင်မြဲမှုမရှိ၊ ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေ၏ဟု ဝိပဿနာ ဉာဏ်ပညာဖြင့် သိမြင်၍ နေခြင်းသည် ထိုပရမတ္ထသဘောတရား၏ မှန်ကန်သောသဘောသဘာဝကို သိမြင်၍ နေခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့်-

အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန် ဒသကနိပါတ် ကိံဒတ္ထိယ သုတ် (နှာ-၄၀၁)၌

အသျှင်ဘုရားတို့-

အလုံးစုံသော တေဘူမက တရားသည် ထင်ရှား၏။

အကြောင်း တို့သည် ပြုပြင် အပ် ၏၊ စေ့ဆော်အပ်၏။ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။

ထိုတရားအားလုံးတို့သည် မမြဲ။

အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရားသည် ငါ့ဥစ္စာမဟုတ်။ ထိုတရားသည် ငါမဟုတ်၊ ထိုတရားသည် ငါ၏ အတ္တကိုယ်မဟုတ်။

ဤသို့ အကျွန်ုပ်သည် ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် ကောင်းစွာမြင်ပါ၏။ ထို့ထက် အလွန်လည်း ထွက်မြောက်ကြောင်း ဟုတ်တိုင်းမှန်စွာ သိပါ၏ဟု (ပြောဆို၏။)

ရင်းပြင်-

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ ၁၅မျက်နှာ (၂၀) အာနန္ဒသုတ်၌၊

အာနန္ဒာ ရုပ်သည် မမြဲ၊ အပြုပြင် ခံရ၏။ အကြောင်းတရားကို စွဲ၍ဖြစ်၏။ ကုန်ခြင်းသဘောရှိ၏။ ပျက်ခြင်းသဘောရှိ၏။ ကင်းပြတ်ခြင်းသဘော ရှိ၏။ ချုပ်ခြင်းသဘော ရှိ၏။ ထိုရုပ်၏ ချုပ်မှုကို ချုပ်မှုဟု ဆိုရ၏။

ငင်းပြင်–

မြန်မာဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ စာမျက်နှာ (၃၅၀)၌၊

အနိဝါနဂတာဘဂ္ဂာ၊ ပုဉ္ဇော နတ္တိ အနာဂတေ

နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေသာသပူပမာ၊

နိဗ္ဗတ္တာ နဋ္ဌ ဓမ္မာနံ၊ ဘင်္ဂေါ နေသံ ပုရက္ခ တော

ပလောက ခမ္မာ တိဋ္ဌန္တိ၊ ပုရာဏေဟိ အမိဿိတာ။

အကြင် သင်္ခါရ တို့သည် ချုပ်ကုန် ပျက်ကုန်၏။ ထိုသင်္ခါရ တို့သည် တစုံတခုသို့ လားအပ်သည်၏ အဖြစ်သို့ မရောက်ကုန်၊ အနာဂါတ်၌ အစုအပုံသည်မရှိ၊ အကြင်ပစ္စုပ္ပန်ဖြစ်သော သင်္ခါရ တို့သည် ရအပ်သော အတ္တဘော ရှိကုန်၍ ဖြစ်ဆဲ ဖြစ်ကုန်၏။ ထိုပစ္စုပ္ပန်သင်္ခါရ တို့သည်လည်း ပွတ်ဆောက်ဖျား၌ တင်ထားသော မုံညှင်းစေ့လျှင်ဥပမာ ရှိကုန်လျက်တည်ကုန်၏။

အဋ္ဌကထာအရ သဘောတရား တို့သည် ဖြစ်ဆဲကာလသို့ မတိုင်မီ ရှေ့အဘို့၌ ဖြစ်ပေါ်နိုင်စေရန် ရှိနှင့်၍နေသည်မဟုတ်၊ ဖြစ်ပြီးလျှင်လည်း တခြားတပါးသို့ သွားရောက်၍ စုပုံနေခြင်း မရှိ၊ စည်နှင့်လက်ခတ်ထိခိုက်သော ခဏ၌သာလျှင် စည်သံဖြစ်ပေါ်သကဲ့သို့ သဘောတရား တို့သည် အကြောင်းတရား တို့ကို စွဲ၍ ဖြစ်ပေါ်လာကြကုန်၏။ ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ချုပ်ပျက်လေတော့၏။

ငင်းရုပ်တရား နာမ်တရား တို့ အပေါ်၌ ဖြစ်မှု ပျက်မှုကို ဆင်ခြင်သော ဉာဏ်စခမ်းသည် အရေးကြီးဆုံးသော ဉာဏ်စခမ်းပင် ဖြစ်ပါသည်။ လမ်းမှန်ကျစေရန်လိုအပ်ပါသည်၊ သို့မှသာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါလိမ့်မည်။

ဝိပဿနာရှုပွါးရာတွင် ပညတ်အာရုံများ ရောယှက်နေခဲ့လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို မရရှိနိုင်ပါ၊ ရုပ်ဓါတ် နာမ်ဓါတ် တို့အပေါ်၌ အမှုံအမွှား စသည်ဖြင့် ထင်မြင်နေမှုသည်ရင်း၊ တရိပ်ရိပ်တငွေ့ငွေ့ တလှုပ်လှုပ်တရွရွ တဖွဲ့ဖွဲ့တဖွါးဖွါး အားဖြင့် ရုပ်ဓါတ် နာမ်ဓါတ် တို့၏ ဖြစ်ပျက်ကို ထင်မြင်နေမှုသည်ရင်း၊ ဤကဲ့သို့သောထင်မြင်၍နေမှုအားလုံးတို့သည် ပညတ်အာရုံများ သာလျှင် ဖြစ်ကြပါသည်။

ရုပ်ဓါတ် နာမ်ဓါတ် သဘောတရား တို့သည် တရိပ်ရိပ် တငွေ့ငွေ့ တဖွဲ့ဖွဲ့တဖွါးဖွါး စသည်ဖြင့် ချုပ်ဆုံးကွယ်ပျောက်၍ နေခြင်းမဟုတ်ပါ၊ ဖြစ်ပြီးလျှင် ချုပ်ဆုံးကွယ်ပျောက်၍ သွား ခြင်းသာဖြစ်ပါသည်။

ပုံပမာ-

အသံကို ကြားဆဲ အခိုက်အတန့်တွင် နား အကြည်ဓါတ်၌ ပေါ်လာသမျှကုန်သော စည်သံ သီချင်းသံ အစရှိသော အလုံး စုံကုန်သော အသံဓါတ်သည် ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ချုပ်ဆုံးကွယ်ပျောက်၍ သွားခြင်းပင် ဖြစ်ပါသည်။

အသံဓါတ်၏ ချုပ်ဆုံး ကွယ်ပျောက်မှု၌ ပညတ်အာရုံများ ကင်းစင်သော ဉာဏ်အမြင်ဖြင့် မြင်ဘိသကဲ့သို့ အလုံးစုံသော သဘောတရား တို့၏ ချုပ်ဆုံးကွယ်ပျောက်မှု အပေါ်၌လည်း ဉာဏ်အမြင်စင်ကြယ်စေရန် အရေးကြီးဆုံးပင် ဖြစ်ပါသည်။

ဤအချက်အလက်နှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရား ၏ ဒီပနီများမှ ကောက်နှုတ်ချက်များကို ဖေါ်ပြပါမည်။

ဝိဇ္ဇာ မဂ္ဂဒီပနီ စာမျက်နှာ(၃၈) ၌၊

အဟောင်း ကွယ်ပျောက်မှု အသစ်ပေါ်မှု အတွက် တသသိမ့်သိမ့် ထင်ရလေသည်။ ပရမတ္ထဓမ္မ တို့၏ မျက်စိဖြင့် မြင်ကောင်းလောက်အောင် လှုပ်ရှားသော တရားဟူ၍ တခုမျှမရှိ၊ တသိမ့်သိမ့် တအိမ့်အိမ့် တလှုပ်လှုပ် တယှက်ယှက် ထင်သမျှ၌ ပညတ်မှု ထွေးယှက်ကို ပြဆိုသောစကားစုတည်း။

ဘာဝနာဒီပနီ စာမျက်နှာ(၃၇)၌၊

ဘဏ္ဍာနနိမိတ်မည်သည် အကျုံမြူမှုအထည် ဝတ္ထုဒြပ်သဏ္ဌာန် ထင်မြင်လာလျှင် သဏ္ဌာန်နိမိတ်ကြီးပင်တည်း။

သန္တတိနိမိတ်မည်သည်ကား= ဤဝတ္ထုသည် တမိနစ် တည်နေ၏။ တနာရီဘည်နေ၏။ ဟု ထင်မြင်လာလျှင် သန္တတိနိမိတ်ကြီးပင်တည်း။

ဘာဝနာဒီပနီ စာမျက်နှာ(၅၀)၌၊

သဏ္ဌာနနိမိတ် သန္တတိနိမိတ်တို့ကို ဉာဏ်နှင့်ဖယ်ရှား၍ ခက်မာမှု ဟူသော ပထဝီကာယကြီးကို ဉာဏ်စိုက်မိအောင်စိုက်လေ။

အဟာရဒီပနီ စာမျက်နှာ(၁၅) ၌၊

ပရမတ္ထဓမ္မမည်သည် ဆံခြည်ကို အစိတ်တရာစိတ်၍ တစိတ်စာမျှ လှုပ်သည်။ ကြွသည်။ ရွသည် ဟူ၍မရှိ။

လက္ခဏာဒီပနီ စာမျက်နှာ(၇၅) ၌၊

ဤမဟာသုတ် တို့သည် အထည်ဒြပ်ဟူ၍ အကျုံမြူမှုမရှိကြကုန် ဟူသော အချက်၊ အနှစ်သာရ မရှိကြကုန်၍ တခဏခြင်း ယိုယွင်း ပျက်ပြားနိုင်ကြကုန်၏ဟူသောအချက်၊ ဤအချက်များ

သည် နက်နဲလှ၏။ အတတ်ဒိဋ္ဌမြင်ခဲလှ၏။ ဤနှစ်ချက်ကို အတတ် ဒိဋ္ဌ သိမြင်နိုင်မှုလည်း နက်နဲသော အနိစ္စသဘော၊ နက်နဲသော ဒုက္ခသဘော၊ နက်နဲသော အနတ္တသဘောများကို မြင်နိုင်မည်။ ဤနှစ်ချက်ကို အတတ်ဒိဋ္ဌမမြင်နိုင်ခဲ့လျှင် အတုအပအနိစ္စ အတု အပဒုက္ခ အတုအပအနတ္တနှင့် တဘဝပြီး ရကုန်တော့သည်။

သို့ဖြစ်၍ ဝိပဿနာ ရှုပွါးရာ၌ အောက်တွင် ဖေါ်ပြထား သောပညတ်များကို အာရုံမပြုမိစေရန် အရေးကြီးလှပေသည်။

(၁) ဘုရား၊ ရဟန္တာ၊ အရိယာ အရှင်သူမြတ် တို့သည် တရားဟောပြောမှု၌ လွယ်ကူစွာ နားလည်သဘော ပေါက်စေရန် သဘောတရား အပေါ်၌ သဘော တရား ဟူ၍ ခန္ဓာအာယတန ဓါတ် ပဋိစ္စသမုပ္ပါဒ် နာမ် ရုပ် ပရမတ္ထ ပရမတ္ထသစ္စာ ဟူ၍ စသည်ဖြင့် ခေါ်ဝေါ် သုံးစွဲတော်မူကြသော ဝိဇ္ဇမာန ပညတ် သည်ရင်း။

(၂) ၎င်းသဘောတရား အပေါ်၌ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ ခေါ်ဝေါ်သုံးစွဲမှု အဝိဇ္ဇမာန ပညတ် သည်ရင်း။

(၃) ၎င်းသဘောတရား အပေါ်၌ ပုဂ္ဂိုလ် ဟူ၍ စွဲယူမှု ပုဂ္ဂလ ပညတ် သည်ရင်း။

(၄) ၎င်းသဘောတရား အပေါ်၌ အစိုင်အခဲ ထင်မှတ်မှု ဃန ပညတ် သည်ရင်း။

( ၅ ) ၎င်းသဘောတရား အပေါ်၌ အမှု အမှား အလုံး အဝန်း လေးဒေါင့် ရှစ်မြောင့်ဟု မှတ်ထင်မှုသဏ္ဍာန ပညတ်သည်၎င်း။

( ၆ ) ၎င်းသဘောတရားအပေါ်၌ အပေါင်းအစုဟု ထင်မြင်မှု **အစုအဝေး** ဟု ထင်မြင်မှု သမူဟ ပညတ်သည်၎င်း။

( ၇ ) ၎င်းသဘောတရား အပေါ်၌ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ဟူ၍ အမည်နာမတပ်၍ ခေါ်ဝေါ်မှု၊ နာမ ပညတ်သည်၎င်း။ ဝေါဟာရပညတ်သည်၎င်း။

( ၈ ) ၎င်းသဘောတရား အပေါ်၌ တပါးနှစ်ပါး စသည်ဖြင့် ရေတွက်မှု အရေအတွက် သင်္ချာ ပညတ် သည်၎င်း။

( ၉ ) ၎င်းသဘောတရားသည် တမိနစ်တည်နေ၏၊ တနာရီ တည်နေ၏၊ ဟု ထင်မှတ်မှု သန္တတိပညတ်သည်၎င်း။

( ၁၀ ) ၎င်းသဘောတရားကိုပင်လျှင် အသက်လိပ်ပြာ ဇီဝ ဟု မှတ်ထင်မှု ဇီဝပညတ်သည်၎င်း။

အထက်ပါ **အားလုံးတို့သည်** ပညတ်များသာလျှင် ဖြစ်ကြပါသည်။ ၎င်း ပညတ် များမှ ကင်းစင်စေရန် အားထုတ်နည်းမှာ-

မီးထွန်းလိုက်ခြင်း အားဖြင့် အမှောင်ခွင်းပြီး ဖြစ်သကဲ့သို့ သတိ သမာဓိ ပညာ တို့ဖြင့် ပြည့်စုံသော ဝိပဿနာ အာရုံ ထင်ရှားစွာ ဖြစ်ပေါ်လာစေခြင်းအားဖြင့် ပညတ် အာရုံများ ကင်းစင်လွင့်ပျောက်၍ သွားရပေသည်။

ဤသို့ ပညတ်များမှ စင်ကြယ်သော ဉာဏ်ဖြင့်-

( ၁ ) အတိတ်ကာလ၌ ဖြစ်ပြီးခဲ့သော(လေ)သဘောတရား သည် အတိတ်ကာလ၌ပင်လျှင် ဖြစ်ပြီး ပျက်ခဲ့၏။

အတိတ်ကာလ၌ ဖြစ်ခဲ့ပြီး ဖြစ်သော (စိတ်) သဘောတရား သည် အတိတ်ကာလ၌ပင်လျှင် ဖြစ်ပြီး ပျက်ခဲ့ပြီ။

( ၂ ) အနာဂါတ်ကာလ၌ ဖြစ်လတ္တံ့သော(လေ)သဘော တရားသည် အနာဂါတ်ကာလ၌ပင်လျှင် ဖြစ်လတ္တံ့ ပျက်လတ္တံ့။

အနာဂါတ်ကာလ၌ ဖြစ်လတ္တံ့သော (စိတ်) သဘောတရား သည် အနာဂါတ်ကာလ၌ပင်လျှင် ဖြစ်လတ္တံ့ ပျက်လတ္တံ့။

( ၃ ) ပစ္စုပ္ပန်ဖြစ်ဆဲ(လေ)သဘောတရားသည် အခုဖြစ်၍ အခုပျက်၏။

ပစ္စုပ္ပန်ဖြစ်ဆဲ (စိတ်) သဘောတရားသည် အခုဖြစ်၍ အခု ပျက်၏၊ ဟူ၍ ဆင်ခြင်ပါ၊

ဤသို့ သဘောတရား တို့၏ ဖြစ်မှု ပျက်မှု တို့ကို အတိတ် အနာဂါတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်သုံးသပ်သော ဉာဏ်သည် သမ္မသနဉာဏ်မည်၏။

ယင်းဉာဏ်သည်ပင်လျှင် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ် အမြင် အထူးစင်ကြယ်ခြင်း မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

### အားထုတ်နည်း အမှတ်စဉ် (၅)

### ဝိပဿနာ ဉာဏ်စဉ် အမှတ် (၄)

# မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ

ဥဒယဗ္ဗယဉာဏ်၊ ဖြစ်မှု ပျက်မှုကို ထင်သောဉာဏ်။

ဥပရိပဏ္ဏာသ ပါဠိတော် (မြန်မာပြန်) **အနန္ဒဘဒ္ဒေကရတ္တသုတ်** စာမျက်နှာ(၂၃၃)၌၊

အတိတ်ခန္ဓာကိုလည်း အစဉ်မလိုက်ရာ၊ အနာဂါတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂါတ်ခန္ဓာသည် မရောက်လာလေး။

ပစ္စုပ္ပန် ဖြစ်သော သဘောတရားကို ထိုထို ဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာ ရှုမှုကို အဖန်ဖန်ပွါးများရာ၏။ ဤပါဠိတော်လာရှိသည့်အတိုင်း-

ဥဒယဗ္ဗယဉာဏ်စခမ်းတွင် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိဆဲ ဖြစ်သော သဘောတရား ကိုသာလျှင် ဝိပဿနာ ရှုပွါးရာ၏။ ဤသို့ရှုပွါးရာတွင် အရှုခံဖြစ်သော "လေသဘောတရား"(သို့မဟုတ်) "စိတ်သဘောတရား"တပါးပါးကိုသာလျှင် ဝိပဿနာရှုရပေမည်။

အရှုခံဖြစ်သော သဘောတရားကို လွှတ်၍ (၀၁) ထိုသဘောတရားတို့ကို ဉာဏ်၌ မထင်မမြင်နိုင်ပါဘဲလျက်၊ ဖြစ်ပျက် ဖြစ်ပျက် ဟု ရှုနေ၍မရပါ။

ခန္ဓာဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန်၊ စာမျက်နှာ(၃၀) အာနန္ဒာသုတ်၌၊

"အရှင်ဘုရား၊ အကယ်၍ တပည့်တော်ကို ငါ့ရှင် အာနန္ဒာ အဘယ်တရားတို့၏ ဖြစ်ပေါ်မှုသည် ထင်သနည်း၊ ပျက်မှုသည် ထင်သနည်း၊ တည်သောတရား၏ ဖေါက်ပြန်မှုသည် ထင်သနည်း"၊ ဟု ဤသို့ မေးလာကြကုန်မူ-

အရှင်ဘုရား၊ ဤသို့ အမေးခံရသောအကျွန်ုပ်သည် "ငါ့ရှင်တို့ ရုပ်၏ ဖြစ်ပေါ်မှုသည်ထင်၏၊ ပျက်မှုသည်ထင်၏၊ တည်သော ရုပ်၏ဖောက်ပြန်မှုသည်ထင်၏" ဟု ဖြေပါအံ့ အရှင်ဘုရား။

ဤသုတ်၌ အရှုခံဖြစ်သော "ရုပ်" သဘောတရားကို ကင်းလွတ်၍ မထားကြောင်း ထင်ရှားပါသည်။

ဝင်းပြင် အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ တတိယတွဲ သိလာရူပသုတ်၊ စာမျက်နှာ (၂၀၃)၌ လာရှိသော ဒေဝဒတ်ဟောသော တရားကို ထုတ်နှုတ်၍ ဖေါ်ပြပါဦးမည်။

ထိုအခါ အရှင်စန္ဒိကပုတ္တသည် ရဟန်းတို့ကို ဤသို့မိန့်ဆို၏။ "ငါ့ရှင်တို့၊ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့ရှင်တို့၊ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ဖြစ်မှုဇာတိကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြားပြုဘွယ်ကိစ္စ မရှိတော့ပြီ ဟု ငါသိ၏ ဟူသော စကားကို ဆိုခြင်းငှါ သင့်၏ ဟု ဤတရားကိုဟော"၏ ဟု မိန့်ဆို၏။

ဤသို့ မိန့်ဆိုလတ်သော် အရှင်သာရိပုတ္တရာသည် အရှင်စန္ဒိကပုတ္တအား ဤစကားကို မိန့်ဆို၏။ "ငါ့ရှင်၊ စန္ဒိကပုတ္တ၊

ဒေဝဒတ်သည် ရဟန်းတို့အား "ငါ့ရှင်တို့၊ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ဖြစ်မှုဇာတိကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြားပြုဘွယ်ကိစ္စမရှိပြီ ဟု ငါသိ၏ ဟု ဟူသော ဤစကားကိုဆိုခြင်းငှါ သင့်၏" "ဟု ဤတရားကို ဟောသည်မဟုတ်"။

"ငါ့ရှင်၊ စန္ဒိကပုတ္တ၊ ဒေဝဒတ်သည် ရဟန်းတို့အား "ငါ့ရှင်တို့၊ရဟန်းသည် စိတ်ဖြင့်"စိတ်ကိုကောင်းစွာ" ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ဖြစ်မှုဇာတိကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ အခြားပြုဘွယ်ကိစ္စ မရှိတော့ပြီ ဟု ငါသိ၏ ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏" "ဟု ဤသို့သော တရားကို ဟော၏"။

ဤသုတ်၌ ဒေဝဒတ် ဟောသောတရားကို အရှင်စန္ဒိကပုတ္တမထေရ် ပြန်လည်၍ မိန့်ဆိုသော စကားအရာနှင့် အရှင်သာရိပုတ္တရာမထေရ် ပြန်လည်၍ ဟောပြောတော်မူသော တရားတော်၏ စကားလုံးများကို နှိုင်းယှဉ်ကြည့်လျှင် "စိတ်ကိုကောင်းစွာ" ဟူသော စကားလုံးသည် ပိုမို၍ ပါလာကြောင်း တွေ့ရှိရပါသည်။

ဒေဝဒတ်ဟောသောတရားတော်၌ အရှုခံဖြစ်သော"စိတ်ကို" ကင်းလွတ်၍ ထားခဲ့ပါသည်။ အရှင်သာရိပုတ္တရာမထေရ် မိန့်ဆိုတော်မူသော တရားတော်တွင်"စိတ်ဖြင့်" "စိတ်ကိုကောင်းစွာ" ပွါးများအပ်ပြီးဖြစ်သောအခါ၌ ဟု ပါရှိပါသည်။

အရှုခံဖြစ်သော "စိတ်ကို" အစဉ်မပြတ် အောက်မေ့မှု သတိ တည်ကြည်သော သမာဓိ တို့ဖြင့် ပြည့်စုံသော "ဝိပဿနာစိတ်ဖြင့် မမြဲ ဆင်းရဲ အစိုးမရသော သဘောလက္ခဏာ များကို အကြိမ်ကြိမ် အဖန်ဖန်အားဖြင့် "ကောင်းစွာ" ပွါးများ အားထုတ်နေခြင်းကို ဆိုလိုပါသည်။

ဤသို့ အရှုခံဖြစ်သော သဘောတရား အပေါ်၌ ဖြစ်မှု ပျက်မှုကို ဆင်ခြင်ရာတွင်–

(၁) ထိုသဘောတရား၏ ဖြစ်ခြင်း အကြောင်းတရားကို သိရမည်။

(၂) ထိုသဘောတရား၏ ဖြစ်တာကို သိရမည်။

(၃) ထိုသဘောတရား၏ ပျက်တာကို သိရမည်။

ဖြစ်ခြင်းအကြောင်းတရားတို့ကို မသိမမြင်ခဲ့ပါလျှင် ဉာဏ်၌ ယုံမှားကင်းရှင်းစွာဖြင့် "အသစ်အသစ် ဖြစ်ပေါ်မှုကို" စွဲမြဲစွာ လက်ခံနိုင်လိမ့်မည်မဟုတ်ပါ၊ အသစ်အသစ် ဖြစ်ပေါ်မှုကို မထင်မမြင်နိုင်ခဲ့ပါလျှင် ထိုသဘောတရား၏ ချုပ်ဆုံး ကွယ်ပျောက်မှုကိုလည်း မထင်မမြင်နိုင်ဘော့ပါ။

အကြောင်းတရား၏ အသစ်အသစ် ထောက်ပံ့မှုကြောင့် အကျိုးတရား အသစ်အသစ် ဖြစ်ပေါ်နေခြင်းကို ဉာဏ်ဖြင့် မသိမမြင် နိုင်ပါဘဲလျက် "ဖြစ်ပျက် ဖြစ်ပျက်" ဟု ရှုနေခြင်းသည် စိတ်ပညာသဘောတရားအရ မိမိ၏စိတ်ကို မိမိကိုယ်တိုင် ပြန်၍ ညို့နေခြင်းပင် ဖြစ်ပါသည်။ အကြောင်းမှာမူကား ပညာဉာဏ်နှင့်ကင်းခြင်းကြောင့်ပင် ဖြစ်ပါသည်။

ရုပ်ဓါတ် နာမ်ဓါတ် သဘောတရား တို့သည် ယောဂီပုဂ္ဂိုလ်က "ဖြစ်ပျက် ဖြစ်ပျက်" ဟူ၍ ရှုပွါးနေဆဲ အခိုက်အတန့်၌သာလျှင် ဖြစ်ပြီးလျှင် ပျက်၍ ပျက်၍ နေသော သဘောတရားများမဟုတ်ကြပါ၊ အစဉ်မပြတ် စီးဆင်းနေသော မြစ်ရေအယဉ် ဥပမာကဲ့သို့ ထို-သဘောတရားတို့သည် အကြောင်းတရား တို့၏ အစဉ်မပြတ် ထောက်ပံ့မှုကြောင့် အသစ်အသစ် ဖြစ်ပေါ်၍ နေကြရပါသည်။

ထို-ဖြစ်တိုင်း ဖြစ်တိုင်းသော သဘောတရား တို့သည်လည်း ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ချုပ်ဆုံးကွယ်ပျောက်၍ နေကြကုန်သော သဘာဝမွေတို့ပင် ဖြစ်ပါသည်။

အစဉ်မပြတ် ဖြစ်ပျက်နေသော ထိုသဘာဝမွေတို့ အပေါ်၌ သတိ သမာဓိ တို့ကို ဖြစ်စေလျက် ထိုသဘောတရား၏ ဖြစ်မှု ပျက်မှု တို့ကို ဖြစ်တိုင်း ဖြစ်တိုင်း ဉာဏ်၌ သိ၍ သိ၍ နေမှသာလျှင် ဝိပဿနာဉာဏ် ဖြစ်ပေါ်နိုင်ပါသည်။

ထိုသဘောတရား တို့ကို မထင်မြင်နိုင်ပါဘဲလျက် "ဖြစ်ပျက် ဖြစ်ပျက်" ဟူ၍ ပါးစပ်ကသော်၎င်း၊ စိတ်ထဲမှသော်၎င်း ရွတ်ဆိုနေခြင်းအားဖြင့် ရသင့်ရထိုက်သော အကျိုးကျေးဇူး များကို မရနိုင်ပါ။

နှာသီးဖျား၌ "တိုးခတ်မှု လေသဘောတရား" သည် အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိ၏။ "ထိုရှိဆဲ လေသဘောတရားသည် ဖြစ်ဆဲ" ပင်တည်း။

ဖြစ်ဆဲဖြစ်သော ထိုလေသဘောတရားသည် ထိုခဏ၌ထောက်ပံ့ဆဲဖြစ်သော "ပြုလိုမှု စိတ်သဘောတရား" ကြောင့် သာလျှင် အသစ်အသစ်ဖြစ်နေ၏။

ထောက်ပံ့ဆဲ ဖြစ်သော "ပြုလိုမှု စိတ်သဘောတရား" ၏ အသစ်တဖန်ဖြစ်ပေါ်ခြင်းမရှိနဲ့ပါလျှင်ထို"တိုးခတ်မှုလေသဘောတရား" သည်လည်း မရှိနိုင်တော့ပါ၊ "စိတ်သဘောတရား"သည် အသစ်အသစ် ထောက်ပံ့၍ ထောက်ပံ့၍ နေ့တိုင်း နေတိုင်းသော ခဏတို့၌ "လေသဘောတရား" သည်လည်း အသစ်အသစ် ဖြစ်ပေါ်၍ နေရပါသည်။ ထိုအသစ်အသစ် ဖြစ်တိုင်း ဖြစ်တိုင်းသော "လေသဘောတရား" သည်လည်း ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ကွယ်ပျောက်၍ ကွယ်ပျောက်၍ နေ၏။

ထို့အတူ အာရုံပြုဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌ "ရှုလို ရှိုက်လိုသော (သို့မဟုတ်) ဤအမှုကို ဤလို ပြုလိုသော ပြုလိုမှု" စိတ်သဘာဝသည်ထင်ရှားရှိ၏၊ ထို "ထင်ရှားရှိဆဲ စိတ်သဘောတရားသည်ဖြစ်ဆဲ" ပင်ဘည်း။

ထိုဖြစ်ဆဲဖြစ်သော "စိတ်သဘောတရား"သည် "ကံ"ကြောင့် သာလျှင် အသစ်အသစ် ဖြစ်နေ၏။ "ကံ" ၏ ထောက်ပံ့မှုကို အသစ်တဖန် မရရှိခဲ့ပါလျှင် ထို "စိတ်သဘာဝ"သည် ချုပ်ငြိမ်း၍ သွားရပေမည်။

သို့ဖြစ်၍ "ပြုလိုမှုစိတ်သဘောတရား" ၏ အသစ်အသစ်ဖြစ်၍ ဖြစ်၍ နေရခြင်းသည် "ကံ" တည်းဟူသော အကြောင်းတရား ထောက်ပံ့မှုကြောင့်သာလျှင် ဖြစ်၏။

ထို အသစ်အသစ် ဖြစ်တိုင်း ဖြစ်တိုင်းသော "ပြုလိုမှု စိတ်သဘောတရား" တို့သည်လည်း ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ချုပ်ပျက်လေတော့၏။

သို့ဖြစ်၍ ဤ ဥဒယဗ္ဗယဉာဏ်ကို ထင်မြင်လာစေရန် ပွါးများ အားထုတ်ရမည့်နည်းမှာ အရှုခံတရားများဖြစ်ကြကုန်သော—

(၁) "လေသဘောတရား" အပေါ်၌ရှင်း၊

(၂) "ပြုလိုမှု စိတ်သဘောတရား"အပေါ်၌ရှင်း၊

ဝိပဿနာအာရုံယူ၍ ရှုပွါးရာတွင် လွယ်ကူမည်ဟု ထင်ရသော သဘောတရား တခုခုကို အာရုံပြု၍ ထို အရှုခံ သဘောတရား အပေါ်၌ရှင်း "သဘောဘရား"ကို အစဉ်မပြတ် ထင်သော သတိ၊ ရှင်းသဘောတရား အပေါ်၌ စိတ်ကို တည်ငြိမ်စွာ ထားနိုင်မှု သမာဓိ တို့ကို ဖြစ်စေလျက်—

ထိုသဘောတရား၏ အစဉ်မပြတ် ဖြစ်ပျက်နေသော သဘာဝကို ဉာဏ်ပညာဖြင့် ထိုးထွင်း၍ သိမြင်လာစေရန်—

ဤလေ-

"အခုဖြစ်တဲ့လေ၊ အခုဖြစ်တဲ့လေ၊ အခုဖြစ်တဲ့လေ"

ဤစိတ်-

"အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်၊ အခုဖြစ်တဲ့စိတ်"

ဟု အသစ်အသစ် ဖြစ်နေသော သဘောတရား၏ ဖြစ်တိုင်း ဖြစ်တိုင်းသောအဖြစ်စွန်းကို ဉာဏ်၌ထင်မြင်လာအောင် ပွါးများ အားထုတ်ပါ။

ဤသို့ ပစ္စုပ္ပန်ဖြစ်ဆဲ သဘောတရား၏ အသစ်အသစ် ဖြစ်ပေါ်နေမှုကို အားထုတ်ဖန်များ လတ်သော် ဉာဏ်အား ပြည့်ပြီ ဖြစ်သည့် အလျောက် အပျက်စွန်းကို အာရုံပြုလာခြင်း အားဖြင့် ဖြစ်မှုပျက်မှုကို ဉာဏ်၌ ထင်မြင်ရ၍လာပါသည်။

ထိုခဏ၌ ၎င်းသဘောတရား၏ အသစ်အသစ် ဖြစ်ပေါ်နေမှုကို ဉာဏ်ဖြင့် ထင်ရှားစွာ တွေ့ထိ သိမြင် ရသကဲ့သို့ပင်၊ ၎င်းသဘောတရား၏ ပျက်၍ ပျက်၍ သွားမှုကိုလည်း သတိသမ္ပဇဉ် ဉာဏ်ပညာဖြင့် ထိုးထွင်း၍ ရှုကြည့်ခြင်းအားဖြင့် ထင်ရှားစွာ တွေ့ထိ သိမြင်နိုင်ပေသည်။

သို့ဖြစ်၍-

"ဤလေ-ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်"

"ဤစိတ်-ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်"

ဟု ပွါးများအားထုတ်ပါ။

ဤသို့ သဘောတရား၏ ဖြစ်ပျက်ကို ပွါးများ အားထုတ်ရာတွင် အပျက်စွန်းကို မထင်မမြင် နိုင်သေးသည်ရှိသော် သဘောတရား၏ ဖြစ်ခြင်းအကြောင်းတရားကို ပြန်၍ဆင်ခြင်ရမည်။

ဤသို့ ဆင်ခြင်ခြင်းအားဖြင့် အကြောင်းတရား ထောက်ပံ့မှုကြောင့် အသစ်အသစ် ဖြစ်ပေါ်နေမှုကို ဉာဏ်၌ ထင်မြင်၍ လာပေလိမ့်မည်။ အသစ်အသစ်ပေါ်နေမှုကို ထင်မြင်၍လာသည် ရှိသော် ထို-ဖြစ်တိုင်း ဖြစ်တိုင်းသော သဘောတရား၏ ပျက်၍ ပျက်၍ နေမှုကို ဉာဏ်ဖြင့်ထိုးထွင်း၍ သိမြင်လာပါလိမ့်မည်။

ဤကဲ့သို့ သဘောတရားတို့ အပေါ်၌ ထိုသဘောတရား တို့၏ ပျက်မှု ပျက်မှုကို ဉာဏ်၌ သိကြောင်း မှတ်ကြောင်း လက္ခဏာ အားဖြင့် သိမြင်ရှုပွါး၍နေခြင်းသည် အနိစ္စလက္ခဏာကို ပွါးများ သည်မည်၏။

၎င်းသဘောတရားတို့၏ အဖြစ်စွန်း+အပျက်စွန်းကို ကောင်း စွာ ထင်မြင်လာသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

၎င်း ဥဒယဗ္ဗယ ဉာဏ်စခမ်း၌ ဝိပဿနာ အန္တရာယ်ဆယ်ပါး တွင် တပါး ပါးသည် အားထုတ်၍ နေသော ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာတတ်ပါသည်။

ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (မြန်မာပြန်) တတိယတွဲ စာမျက်နှာ (၃၈၄) ၌ လာရှိသော ဆယ်ပါးသော ဝိပဿနာ အန္တရာယ် တို့မှာ–

(၁) ဩဘာသ ဟူသည်ကား ဝိပဿနာစိတ်ကြောင့် ဖြစ် သော မိမိသန္တာန်၌ကျသော စိတ္တသမုဋ္ဌာန်ဖြစ်သော ပြိုးပြိုးပျက်ပျက်ထွက်သော အရောင်တည်း။

(၂) ဉာဏ်ဟူသည်ကား၊ ဝိပဿနာဉာဏ်တည်း။

(၃) ပီတိ ဟူသည်ကား၊ ဝိပဿနာ စိတ်နှင့် ယှဉ်သော ပီတိတည်း။

(၄) ပဿဒ္ဓိ ဟူသည်ကား၊ ထိုယောဂီ၏ကိုယ်စိတ်တို့သည် ငြိမ်းကုန်၏၊ ပေါ့ကုန်၏၊ နူးညံ့ကုန်၏၊ အမှု၌ ခန့် ကုန်၏၊ အလွန် သန့်ရှင်းစင်ကြယ်ကုန်၏။

လူတို့ ခံစားခြင်းငှာ လျှောက်ပတ်သော ကာမ သုခရတိကို လွန်သည် ဖြစ်၍ အမာနုသိမည်သော မွေ့လျော်ခြင်းကို ခံစားရ၏။

( ၅ ) သုခ ဟူသည်ကား၊ ဝိပဿနာ စိတ်နှင့် ယှဉ်သော စေတသိက သုခတည်း။

( ၆ ) အဒိမောက္ခဟူသည်ကား၊ အလွန်သန့်ရှင်းကြည်လင်သော သဒ္ဓါတရားတည်း။

( ၇ ) ပဂ္ဂဟ ဟူသည်ကား၊ ဝီရိယတည်း။

( ၈ ) ဉပဋ္ဌာန ဟူသည်ကား၊ သတိတည်း။

( ၉ ) ဉပက္ခောဟူသည်ကား၊သင်္ခါရတို့ကို စီစစ်ခြင်း၌ လျစ်လျူရှုသည်၏အဖြစ်ဖြင့် တည်သော ဝိပဿနုပေက္ခာ သည်ငှင်း၊ မနောဒွါရဝဇ္ဇာန်းနှင့် သမ္ပယုတ်ဖြစ်သော စေတနာဟူသော အာဝဇ္ဇ နုပေက္ခာသည်ငှင်းတည်း။

( ၁၀ ) နိကန္တိဟူသည်ကား၊ ဝိပဿနာ၌ရှိသော ငဲ့ကွက် တပ်မက်သော နိကန္တိတည်း။

ငှင်းဝိပဿနာအန္တရာယ်ဆယ်ပါးတို့တွင် 'သြဘာသ' သို့မဟုတ် "ဉာဏ်" အစရှိ ကုန်သော "သဘောတရား" တို့သည် ပွါးများ အားထုတ် နေသော ယောဂီပုဂ္ဂိုလ် တို့၏ စိတ်သန္တာန်၌ ဖြစ် ပေါ်လတ်သော ထို ပုဂ္ဂိုလ်သည် "ငါ့အား ဤအခါမှ ရှေး၌ ဤသို့သော ထူးသော သဘောတရား တို့သည် မဖြစ်စဘူး လေစွ တကား" ဟု အောက်မေ့၍ မိမိကိုယ်၌ အထင်ကြီး မိတတ်ပေ သည်။ ဤမျှထူးကဲသော သဘောတရား တို့ကိုလည်း ငါရရှိပေပြီ

ဟု တဏှာ မာန ဒိဋ္ဌိအားဖြင့် စွဲလမ်းတတ်ပေသေးသည်။ ဤသို့ စွဲလမ်းမှု ဖြစ်ပေါ်လာသည်ရှိသော် တရားအားထုတ်မှု ဘာဝနာ ကံ၌ ပေါ့လျော့၍ သွားတတ်ပေသည်။

သို့ဖြစ်၍ ဤ "ဉာဏ်" စသည် တို့သည် ဝိပဿနာ အာရုံ ဟူသော သင်္ခါရကို အာရုံပြုလျက် ရှိသောကြောင့် မဂ်ဖိုလ်မဟုတ် သေး။ မဂ်ဖိုလ်သည်ကား နိဗ္ဗာန်ကို အာရုံပြုသည်။ ထိုမဂ်ဖိုလ်သို့ ရောက်၍ နိဗ္ဗာန်ကိုရရန် သဘောတရား၏ ဖြစ်မှု ပျက်မှုကို ရှုမြင် သော ဥဒယဗ္ဗယဉာဏ်သည်သာလျှင် နိဗ္ဗာန်ခရီးဖြစ်၏ဟု သိမြင် ယုံကြည်ပြီးလျှင် ထိုဉာဏ် စသည်တို့ကို ထိုဝိပဿနာ ရှုရပေမည်။

ဤသို့ဖြစ်ပေါ်လာသော ထို"ဉာဏ်"အစရှိကုန်သောသဘော တရားတို့သည် အကြောင်းတရားကို စွဲ၍ ဖြစ်၏၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တည်းဟူသော အကြောင်းတရား ငါးပါး တို့၏ ညီညွတ်စွာ ထောက်ပံ့နေမှုကြောင့် သာလျှင် ထိုသဘော တရားသည် အသစ်အသစ် ဖြစ်ပေါ်ရ၏၊ ဖြစ် ပြီး လျှင် လည်း ခဏခြင်း ခဏခြင်း ချုပ်ပျက်ရလေတော့၏။

ထိုသဘောတရားတို့သည် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်၊ အကြောင်းတရားကို စွဲ၍ ဖြစ် ပေါ် လာ သော အကျိုးတရား မျှပါတကား၊ မမြဲသော သဘောတရား မျှပါ တကားဟု ဆင်ခြင်ခြင်းအားဖြင့် ပယ်ရပေမည်။

တနည်းအားဖြင့်—

ဖြစ်ပေါ်လာသော ဝိပဿနာ အန္တရာယ် သဘောတရား အပေါ်၌ ပုံပမာ "လျစ်လျူရှုမှု ဥပေက္ခာ" အပေါ်၌ ယင်း ဉာဏ်ကျွော သဘောတရားသည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊

ပညာ တည်းဟူသော အကြောင်းတရား တို့၏ အသစ် အသစ် ထောက်ပံ့မှုကြောင့်သာလျှင် ဖြစ်၏။

ထို အကြောင်းတရား တို့၏ အသစ်အသစ် ထောက်ပံ့တိုင်း ထောက်ပံ့တိုင်းသော ခဏ တို့၌ အကျိုးတရား ဖြစ်သော ဤ "ဥပေက္ခာ" သဘောတရားသည် အသစ်အသစ် ဖြစ်ပေါ်နေ၏ဟု အကြောင်းတရားနှင့် အကျိုးတရားတို့ကို ရှေးဦးစွာ သိမြင်လာအောင် ဆင်ခြင်ရပေမည်။

ဤသို့ သိမြင်ပြီးလျှင် ထို အသစ်အသစ် ဖြစ်ပေါ်နေသော ဥပေက္ခာ သဘောတရား အပေါ်၌ သတိ၊ သမာဓိတို့ဖြင့် စူးစိုက်၍ ၎င်း သဘောဘရား၏ အသစ်အသစ် ဖြစ်ပေါ်မှု=ဥပါဒ်စွန်းကို ဉာဏ်၌ ထင်မြင်လာသည့် တိုင်အောင် ပွါးများ အားထုတ်ရပါမည်။ အဖြစ်စွန်းကို ကောင်းစွာ ထင် မြင် လာ သော အခါ၌ ဖြစ်ပြီးလျှင် ခဏခြင်းခဏခြင်း ပျက်၍ပျက်၍သွားသောအပျက်=ဘင်စွန်းကို ထင်ရှားစွာ သိမြင်လာပါလိမ့်မည်။

ဤကဲ့သို့ ပွါးများ အားထုတ်ခြင်းအားဖြင့် ဉာဏ်၌ ထင်ရှားစွာ အဖြစ်စွန်း၊ အပျက်စွန်းကို သိမြင်၍နေလျှင် ၎င်း 'ဥပေက္ခာ' သဘောတရား အပေါ်၌ တဏှာ၊ မာန၊ ဒိဋ္ဌိအားဖြင့် စွဲလမ်းမှုသည် ကင်းပြတ်၍နေပေလိမ့်မည်။

ဤကဲ့သို့ ထို"သဘောတရား" အပေါ်၌ သာယာမှု၊ နှစ်သက်မှု၊ စွဲလမ်းမှု ဥပါဒါန်တို့မှ ကင်းပြတ်၍ နေခြင်းသည် ပင်လျှင် ဝိပဿနာအန္တရာယ်ကို ပယ်သည်မည်၏။

ဥပရိပဏ္ဏာသ ပါဠိတော် (မြန်မာပြန်) အာနေဉ္ဇသပ္ပါယ သုတ်၊ စာမျက်နှာ(၅၅)၌-

“အာနန္ဒာ၊ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ကျင့်၏။ အကယ်၍ ပြုလုပ်ခဲ့သော ကံဟူ၍ မရှိငြားအံ့၊ ငါ့မှာအကျိုး ဖြစ်သော ခန္ဓာပဉ္စက ဟူ၍ မရှိရာ”။

“ယခုဘဝကံဟူ၍ မရှိခဲ့လျှင် ငါ့မှာ အကျိုးဖြစ်သော ခန္ဓာပဉ္စကဟူ၍ မဖြစ်လတ္တံ့”။

“ထင်ရှားရှိသော ဖြစ်ပေါ်နေသော ခန္ဓာပဉ္စကကို ပယ်စွန့်၏ဟု “လျစ်လျူရှုမှု” ကို ရ၏။

ထိုရဟန်းသည် ထို“လျစ်လျူရှုမှု” ကို နှစ်သက်၏၊ ကောင်း၏ဟူ၍ပြောဆို၏၊ သက်ဝင်၍တည်၏၊ ထို ‘လျစ်လျူရှုမှု’ကို နှစ်သက် ပြောဆို သက်ဝင်၍ တည်သော ထိုပုဂ္ဂိုလ်၏ ဝိညာဏ်သည် ထို ဝိပဿနာကိုမှီ၏။ ထိုဝိညာဏ်သည် စွဲလမ်းမှုမည်၏။

“အာနန္ဒာ၊ စွဲလမ်းမှု ဥပါဒါန်ရှိသော ရဟန်းသည် ပရိနိဗ္ဗာန် မပြုနိုင်” ဟု မိန့်တော်မူ၏။

“လျစ်လျူရှုမှုဥပေက္ခာ”အပေါ်၌“စွဲလမ်းမှု”သည်ပရိနိဗ္ဗာန် မပြုနိုင်အောင်ပင် ပိတ်ပင် တားဆီး၍ ထားနိုင်ကြောင်းကို ဤ သုတ်တော်အရ သိရှိရပါသည်။ ထိုနည်းတူစွာပင် ဝိပဿနာ အန္တရာယ် ဖြစ်သော “ဥပေက္ခာ” “သဘောတရား” အပေါ်၌ သာယာမှု၊ နှစ်သက်မှု၊ စွဲလမ်းမှု၊ ရှိနေသေးသမျှသော ကာလ ပတ်လုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များဖြစ်ပေါ်ခြင်းငှာ မစွမ်းနိုင်ပါ။

သို့ဖြစ်၍ "ဥပေက္ခာ" အပေါ်၌ စွဲလမ်းမှု "ဥပါဒါန်" ကင်း ပြတ်စေရန် အထက်က ဖေါ်ပြခဲ့ပြီးဖြစ်သော နည်းအတိုင်း-

(၁) "ဥပေက္ခာသဘောတရား" အပေါ်၌ရှင်း။

(၂) ၎င်းသဘောတရားအပေါ်၌ "စွဲမက်မှု၊ဆန္ဒ၊ ရာဂ၊" တည်းဟူသော "ဥပါဒါန်" အပေါ်၌ရှင်း။

ယင်း သဘောတရား နှစ်ပါး တို့တွင် တပါးပါး အပေါ် ၌ ဝိပဿနာရှုပွါး၍နေခြင်းသည် ၎င်းဥပေက္ခာကို ပယ်သည်မည်၏။

ထို့ကြောင့်-

ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော် (မြန်မာပြန်) ဆန္ဒရာဂသုတ် စာမျက်နှာ(၂၂)၌-

ရဟန်းတို့ ရုပ်၌ လိုချင်စွဲမက်မှု ဆန္ဒ ရာဂကို ပယ်ကြကုန် လော့။

ဤသို့ ပယ်သည်ရှိသော် ထိုရုပ်သည် ပယ်ပြီး ဖြစ်လတ္တံ့။ အမြစ်ရင်းကို အကြွင်းမဲ့ပြတ်ပြီးဖြစ်လတ္တံ့၊ နုတ်ပြီးသောထန်းပင် ကဲ့သို့ ပြုပြီးဖြစ်လတ္တံ့၊ နောက်ထပ်မဖြစ်အောင် ပြုပြီးဖြစ်လတ္တံ့။ နောင်အခါ ဖြစ်ပေါ်ခြင်းသဘောမရှိလတ္တံ့ဟု မိန့်တော်မူ၏။

ဤကဲ့သို့ ဝိပဿနာတရားကို ပွါးများ အားထုတ်နေဆဲခဏ၌ ဖြစ်ပေါ်၍လာကြကုန်သော "သြဘာသ""ဉာဏ်" "ဥပေက္ခာ" စသည်တို့သည် မဂ်ဖိုလ်မဟုတ်ကြကုန်သေး။

ဝိပဿနာ ဉာဏ်သည်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေခြင်း အကြောင်း၊လမ်းကောင်း လမ်းမြတ် ဖြစ်သော လောကီမဂ်မည်

၏ဟု ဆုံးဖြတ်ယုံကြည်မှုဖြစ်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပါသည်။

ဤ ဥဒယဗ္ဗယဉာဏ် ကို ထင် မြင် လာ သော ပုဂ္ဂိုလ် သည် ဝိပဿနာ တရားကို ပွါးများ အားထုတ်မှု=ဘာဝနာကံမှ ကင်း လွတ်၍နေသော အခိုက်အတန့်များတွင် မိမိတို့၏ စိတ်သန္တာန်၌ ငါ၏ "ရုပ်၊ နာမ်၊ ခန္ဓာ" ဟူ၍၄င်း၊ သူတပါး၏ "ရုပ်၊ နာမ်၊ ခန္ဓာ" ဟူ၍ ၄င်း၊ အဇ္ဈတ္တသန္တာန် ဟူ၍ ၄င်း၊ ဗဟိဒ္ဓသန္တာန် ဟူ၍၄င်း၊ ထင်မြင်တတ်သော၊ သိမ်မွေ့သော ပညတ် အာရုံသည် အမှတ်မထင် ကျန်ရှိ၍ နေတတ်ပေသေးသည်။

ဥပမာအားဖြင့် ညစ်ပေနေသော အဝတ်ကို ဆပ်ပြာရေဖြင့် ပေါင်းတင်၍ ဖွတ်လျှော်ရာ၌ ထိုအဝတ်ကို ရေဖြင့် ဆေးကြော ရာတွင် ၄င်းအဝတ်၌ ညစ်ပေနေသော ချေးညှော်များ ကင်းစင် ၍ သွားသော်လည်း ဆပ်ပြာနံ့မှာမူ ကျန်ရှိ၍ နေတတ်ပေသေး သည်။ ၄င်းဆပ်ပြာနံ့ ကင်းစင်စေရန် ရေဖြင့် အကြိမ်ကြိမ်ထပ်၍ ထပ်၍ လျှော်ရပေမည်။

ဤဥပမာကဲ့သို့ပင်-

၄င်းသိမ်မွေ့သော ပညတ် အာရုံများကို ပယ်ဖျောက်နိုင်ရန် အဇ္ဈတ္တရုပ်နာမ်နှင့် ဗဟိဒ္ဓရုပ်နာမ် စသည်တို့ကို တသဘောတည်း ထင်မြင်လာအောင် အထက်၌ ပြဆိုခဲ့ပြီး ဖြစ်သော "မဟာရာဟု လောဝါဒသုတ်" နှင့်အညီ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်ရပေ မည်။

တနည်းအားဖြင့် ယောဂီပုဂ္ဂိုလ် တို့၏ အနီးအနားဌ လူသည်ငှင်း၊ ကြောင်သည်ငှင်း၊ အကယ်၍ရှိခဲ့ငြားအံ့–

ထိုခဏတွင် ထိုယောဂီ၏ အဇ္ဈတ္တသန္တာန်၌ငှင်း၊ လူနှင့်တကွ ကြောင်၏ ဗဟိဒ္ဓသန္တာန် တို့၌ငှင်း၊ နှာသီးဖျားကို တိုးခတ်၍ တိုးခတ်၍ သွားသော "လေသဘောတရား" သည် ထင်ရှားရှိ၏။ အသစ်အသစ်ဖြစ်နေ၏။

ငှင်း "သဘောတရား" သည် ယောဂီ၏ "လေ" မဟုတ်၊ လူ၏ "လေ" မဟုတ်၊ ကြောင်၏ "လေ" မဟုတ်၊ "လေသဘောတရား" အားဖြင့် အဇ္ဈတ္တဗဟိဒ္ဓ ဟူ၍ ကွဲပြားခြားနားမှုမရှိ ဗဟိဒ္ဓသန္တာန်၌ဖြစ်ပေါ်နေသော "လေသဘောတရား" သည်လည်း ထိုယောဂီ၏အဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်နေသော "လေသဘောတရား" နှင့် ဓါတ်သဘာဝခြင်း သဘောလက္ခဏာခြင်း အတူတူပင် ဖြစ်၏။ တသဘောတည်းဖြစ်၏။ အစဉ်မပြတ်ဖြစ်ပျက်နေသော "ရုပ်ဓါတ်သဘာဝ" သက်သက်မျှသာတည်းဟု ဆင်ခြင်ရမည်။

ရှုလိုရှုက်လိုသော "စိတ်သဘာဝ" သည်လည်း ထိုနည်းတူ ပေင်၊ ထို "စိတ်သဘာဝ" သည် ထင်ရှားရှိ၏။ အသစ်အသစ် ဖြစ်၍ နေ၏။ ထို "စိတ်ဓါတ်သဘာဝ" သည် ယောဂီမဟုတ်၊ လူမဟုတ်၊ ကြောင်မဟုတ်၊ "စိတ်ဓါတ်သဘာဝ" အားဖြင့်ငှင်း၊ ဖြစ်မှု ပျက်မှု သဘောလက္ခဏာ အားဖြင့်ငှင်း၊ အတူတူပင် ဖြစ်၏။ တသဘောတည်း ဖြစ်၏။ အစဉ်မပြတ် ဖြစ်ပျက် နေသော "နာမ်ဓါတ်သဘာဝ" သက်သက်မျှသာတည်းဟု ဆင်ခြင်ရမည်။

ဤကဲ့သို့ ဆင်ခြင်ဖန်များ လတ်သော် တလောကလုံး၌ ရှိရှိသမျှ ကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှ တို့သည် သမုတိသစ္စာ ပညတ်များသာလျှင် ဖြစ်ကြကုန်၏။ အမှန်စင်စစ်အားဖြင့် ထင်ရှားရှိသော သဘောတရားမှာ "ရုပ်ဓါတ်နာမ်ဓါတ်ပရမတ္ထသဘာဝ" သည်သာလျှင် ဖြစ်၏ဟု ထင်မြင်လာပေလိမ့်မည်။

ဤကဲ့သို့ သိမ်မွေ့သော အလုံးစုံသော ပညတ် အာရုံ တို့မှ ကင်းစင်စေလျက် သဘောတရားတို့၏ ဖြစ်မှု ပျက်မှုကို ကောင်းစွာ ထင်မြင်လာသောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

ဤသို့ ရင့်ကျက်သော ဥဒယဗ္ဗယဉာဏ် မှစ၍ အနုလောမဉာဏ်တိုင်အောင် ကိုးပါးသော ဉာဏ်တို့သည် အကျင့်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

နောက်ပိုင်းတွင် ပြဆိုခဲ့ပြီးဖြစ်သော သမ္မသနဉာဏ်သည်၎င်း၊ ဤဥဒယဗ္ဗယ ဉာဏ်သည်၎င်း၊ ယင်းဉာဏ် နှစ်ပါးသည် ပရိညာသုံးပါးတွင် ဒုတိယဖြစ်သော တီရဏပရိညာမည်။

## ဝိပဿနာ ဉာဏ်စဉ် အမှတ် ( ၅ )

# ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။

### သင်္ခါရုပေက္ခာဉာဏ် ဘင်္ဂစွန်း အပျက်စွန်းကို ထင်မြင်သောဉာဏ်။

ဥဒယဗ္ဗယဉာဏ်စခန်းမှစ၍ ဖြစ်သော ဝိပဿနာ ဉာဏ်စဉ်တို့သည် ဉာဏ်စခန်းတခုတွင် ဝိပဿနာဉာဏ်၏ ထင်မြင်မှု ပိုင်နိုင်မှု အင်အားသည် မပြည့်ဝသေးသည်ရှိသော် တခြားတပါးဖြစ်သော အထက်ဉာဏ်သို့ ကူးပြောင်း၍ သွားရမြဲဓမ္မတာ မဟုတ်ပါ။

ဥဒယဗ္ဗယဉာဏ်ကို မပိုင်သေးသော ပုဂ္ဂိုလ်သည် ဘင်္ဂဉာဏ် ဘယဉာဏ်တို့ကို ရှုပွား၍မရပါ၊ အကယ်၍ ရှုပွားနေခဲ့ပါလျှင် ထိုပုဂ္ဂိုလ်သည် မိမိ၏စိတ်ကို မိမိကိုယ်တိုင် ပြန်၍ ညို့နေခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ မဖြစ်စေရန် သတိထားအပ်လှပေသည်၊

ဥဒယဗ္ဗယဉာဏ်တွင် ဉာဏ်အမြင် စင်ကြယ်ပြီးသောလမ်းမှန်သို့ ရောက်ပြီး သော ပုဂ္ဂိုလ်အား လေ့လာပွားများ အားထုတ်သည်နှင့်အမျှပင် အထက်ဉာဏ်စဉ်တို့သည် အစဉ်အတိုင်းသဘာဝ ဓမ္မနှင့်လျော်ညီစွာ ဖြစ်ပေါ်၍ လာရပါသည်။

ဥပမာအားဖြင့်–

ဘက်ထရီအိုးကို လျှပ်စစ်ဓါတ်အားဖြည့်တင်းနေစဉ် လျှပ်စစ်ဓါတ်အားဝင်၍ အားပြည့်လာသည်နှင့် အမျှပင် ဒိုင်ခွက်တွင်ရှိသော လက်တန်သည် ဂဏန်းကွက် တခုမှတခုသို့ ကူးပြောင်း၍ လာရသကဲ့သို့ပင် ဖြစ်ပါသည်။

သို့ကြောင့် သဘောတရား၏ ဖြစ်မှု ပျက်မှုကို ကောင်းစွာလေ့လာပွားများ၊ အားထုတ်ခြင်း အားဖြင့် ဥဒယဗ္ဗယဉာဏ်ကို ပိုင်ပြီးသောပုဂ္ဂိုလ်သည် ထိုသဘောတရား၏ အဖြစ်စွန်းကိုလွှတ်၍ အပျက်စွန်း သက်သက်ကိုသာလျှင် ဉာဏ်၌ ထင်မြင်၍ လာရပါသည်။

အစဉ်မပြတ် ပျက်၍ပျက်၍ နေသော သဘောတရား၏ ပျက်နေမှုတို့ကိုလည်း ပျက်တိုင်း ပျက်တိုင်းသော ခဏတို့၌ ဉာဏ်ဖြင့် သိ၍သိ၍ နေပေလိမ့်မည်။

"ပျက်တိုင်း ပျက်တိုင်း ဉာဏ်ဖြင့် သိ၍သိ၍နေခြင်း" ဆိုသည်မှာ ရုပ် နာမ် သင်္ခါရ တရား တို့၏ ဖြစ်မှု ပျက်မှုသည် အလွန်လျင်မြန်လှပါသည်။ ထိုလျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ် နာမ်တို့၏ ဖြစ်မှု ပျက်မှုတို့ကို ဖြစ်တိုင်းပျက်တိုင်း ဉာဏ်ဖြင့် မှီအောင် လိုက်၍ မသိမမြင်နိုင်ပါ။

အားထုတ်စပုဂ္ဂိုလ်တို့၏ အဘို့မှာမူ ပညတ်အာရုံဖြင့် တင်စား၍ ပြောဆိုရမည်ဆိုလျှင်ရှုစမှုရှုဆုံးအထိ ၎င်းအချိန်ကာလအတွင်း၌ ပျက်၍ ပျက်၍ သွားနေမှုတို့ကို အနည်းဆုံး သုံးကြိမ်လောက် ထင်မြင်လာအောင် အားထုတ်ရန် လိုအပ်ပါသည်။

ဉာဏ်အမြင် ရင့်သန်လာလျှင် ရင့်သန်လာသည်နှင့် အမျှပင် ပညတ်အာရုံများကင်းစင်လွင့်ပျောက်၍ ဖြစ်မှု ပျက်မှု တို့ကို အနုစိတ်ပြီး ထင်မြင်လာပါလိမ့်မည်။

သို့ဖြစ်၍ ဤဘင်္ဂဉာဏ်ကို ထင်မြင်လာအောင် အားထုတ်ရမည့်နည်းမှာ-

ပစ္စုပ္ပန် ခဏ၌ ဖြစ်ဆဲဖြစ်သော "လေသဘောတရား (သို့မဟုတ်) ပြုလိုမှု စိတ်သဘောတရား" အပေါ်၌ အစဉ်မပြတ် ထင်သော သတိ၊ စိတ်၏တည်ငြိမ်မှု သမာဓိ တို့ကို ဖြစ်စေလျက်–

ထိုသဘောတရားတို့ကို–

"ဤလေသဘော ပျက်ပြီ၊ ပျက်ပြီ၊ ပျက်ပြီ"

"ဤစိတ်သဘော ပျက်ပြီ၊ ပျက်ပြီ၊ ပျက်ပြီ"

ဟု ပွားများအားထုတ်ပါ။

သဘောတရား၏ အစဉ်မပြတ် ပျက်၍ ပျက်၍ နေသည်ကို ဉာဏ်ဖြင့် မထင်မမြင်နိုင်ပါဘဲလျက် စိတ်ထဲမှသော်၎င်း၊ ပါးစပ်မှ သော်၎င်း၊ "ပျက်ပြီ ပျက်ပြီ" ဟု ရွတ်ဆိုနေခြင်းအားဖြင့် ဝိပဿနာဉာဏ်မဖြစ်ပေါ်နိုင်ပါ။

ဤကဲ့သို့ ဘင်္ဂါနုပဿနာကို ပွားများအားထုတ်နေဆဲ အခိုက်အတန့်တွင် အရှုခံဖြစ်သော သဘောတရား အပေါ်၌ အပျက်ဘင်္ဂခွန်းကိုသာလျှင် သိ၍သိ၍နေသော ဉာဏ်သည် ထင်ရှားရှိပါသည်။ ထိုဉာဏ်သည် မောဟ ကင်းစင်သော "အမောဟ" တရားပင်တည်း။

၎င်းအမောဟတရားကိုလည်း ဝိပဿနာရှုပွားရပေမည်။ သတိ သမာဓိ တို့သည် ကောင်းစွာ ဖြစ်ပေါ်နေသော အခိုက်အတန့်တွင် ထို "အမောဟ" တည်းဟူသော ဝိပဿနာ ဉာဏ်၏ ပျက်၍ ပျက်၍ နေမှု တို့ကို ရှုပွားနေခြင်းအားဖြင့် ထိုဉာဏ်၏ အပျက်သဘောသည် ထင်မြင်၍ လာပေလိမ့်မည်။

သို့မှသာလျှင်–

**"သဗ္ဗေ သင်္ခါရာ အနိစ္စာ"**

"သဗ္ဗေ၊ အလုံးစုံသော၊ သင်္ခါရာ၊ အကြောင်းတရား တို့၏ ပြုပြင်စီရင်မှုကြောင့်ဖြစ်သော သင်္ခါရ တရားတို့သည်၊ အနိစ္စာ၊ မြဲခြင်းသဘောမရှိကုန်" ဟူသောပါဠိတော်နှင့် ကိုက်ညီပေမည်။

ဝိပဿနာဉာဏ်ဖြစ်သော ထို "အမော်ဟ သဘောတရား" ၏ ဖြစ်မှု ပျက်မှုကို ဆပ်လောင်း၍ ဝိပဿနာဉာဏ်ဖြင့် မရှုပွားမိခြင်း ကြောင့်ပင် ထိုပုဂ္ဂိုလ်၏ဉာဏ်၌၊ ၎င်း "အမော်ဟ သဘောတရား" ၏ဖြစ်ပျက်မှုကို မမြင်နိုင်ဘဲရှိ၍နေတတ်ပါသည်။ ၎င်း 'အမော်ဟ' တည်းဟူသောသဘောတရားကိုပင်ထပ်လောင်း၍ ဝိပဿနာရှုရန် မလိုဟူ၍လည်း ထင်မြင်တတ်ပါသည်။

ဤကဲ့သို့မဖြစ်စေရန်–

(၁) အရှုခံဖြစ်သော "ရုပ်ဓါတ်" (သို့မဟုတ်) "နာမ်ဓါတ် သဘောတရား" ကို၎င်း၊

(၂) ၎င်းအရှုခံသဘောတရားအပေါ်၌ ဖြစ်မှု ပျက်မှုကို ထိုး ထွင်း၍ သိမြင်နေသော မော်ဟကင်းစင်သည့် "အမော်ဟ" ဖြစ်သော ဝိပဿနာဉာဏ်ကို၎င်း။

ထိုသဘောတရား နှစ်ပါးတို့၏ မမြဲသောသဘောကို ဉာဏ်၌ ကောင်းစွာ ထင်မြင်လာစေရန် အကြိမ်ကြိမ် အဖန်ဖန် ပွားများ အားထုတ်ရပေမည်။

[ Hlaing 15 ]

ထို့ကြောင့်-

မြန်မာဝိသုဒ္ဓိ မဂ္ဂ အဋ္ဌကထာ စာမျက်နှာ (၄၀၅) ၌-

(၁) ရုပ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်ပြီး၍ ပျက်၏” ဟူသည်ကား ရုပ်လျှင် အာရုံရှိသောစိတ်သည် ဖြစ်ပြီး၍ ပျက်၏။ တနည်းကား ရုပ်လျှင် အာရုံရှိသည်၏ အဖြစ်၌ (ဝါ) အဖြစ်ကြောင့် စိတ်သည်ဖြစ်ပြီး၍ ပျက်၏ဟုဆိုလိုသည်။

“ထိုအာရုံကိုဆင်ခြင်၍” ဟူသည်ကား ထိုရုပ်ဟူသော အာရုံကိုသိ၍ ကုန်ခြင်းအားဖြင့် ပျက်ခြင်းအားဖြင့်မြင်၏ဟုဆိုလိုသည်။

(၂) “ထိုစိတ်၏ဘင်ကို အဖန်တလဲလဲ ရှု၏” ဟူသည်ကား အကြင်စိတ်ဖြင့် ထိုရုပ်ဟူသောအာရုံကို ကုန်ခြင်းအားဖြင့် ပျက်ခြင်းအားဖြင့် ရှုအပ်၏။

ထိုရုပ်ဟူသော အာရုံကို ခယ+ဝယ အားဖြင့် ရှုသော စိတ်၏ ဘင်ကို အခြားဘပါးသော ဝိပဿနာစိတ်ဖြင့် အဖန်တလဲလဲရှု၏ ဟုဆိုလိုသည်။ ဤကားအနက်တည်း။

ထို့ကြောင့် ရှေးဆရာတို့သည်-

“ဉာတဉ္စ ဉာဏဉ္စ ဉဘောပိ ဝိပဿတိ”

(၁) အနုပဿနာ ဉာဏ်ဖြင့် သိအပ်သော “ရုပ်ဝေဒနာ” စသော အာရုံကိုရင်း

(၂) ရုပ်ဝေဒနာ စသော အာရုံကို အဖန်တလဲလဲရှုသော “အနုပဿနာဉာဏ်” ကိုရင်း။

“ဉာတ” နှင့် “ဉာဏ” နှစ်ဝကိုလည်း ခယဝယ အားဖြင့် အဖန်တလဲလဲရှု၏ ဟူ၍ ဆိုတော်မူကြကုန်ပြီ။

ဤကဲ့သို့ အရှုခံဖြစ်သော "ဉာတ" သဘောတရားနှင့်၊ ၎င်း ဉာတသဘောတရားအပေါ်၌ ဝိပဿနာရှုပွား၍ နေခြင်းကြောင့် ဖြစ်ပေါ်လာသော ဝိပဿနာ ဉာဏ်တည်းဟူသော "ဉာဏ" သဘောတရားတို့အပေါ်၌ ထိုသဘောတရား နှစ်ပါးတို့၏ မမြဲသောသဘောကို ဉာဏ်၌ထင်ရှားစွာ သိမြင်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

ယင်းဉာဏ်သည်ပင်လျှင် ပရိညာသုံးပါးတွင် တတိယ ဖြစ်သော ပဟာနပရိညာ ဖြစ်ပါသည်။

ပဟာနပရိညာဆိုသည်မှာ သဘောတရားတို့၏ ပျက်၍ပျက်၍ နေသည်ကို ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နေဆဲခဏ၌-

မြဲ၏ဟု မှတ်မှားသော နိစ္စသညာ

ချမ်းသာ၏ဟု မှတ်မှားသော သုခသညာ၊

ငါ သူဘပါး ယောကျ်ား မိန်းမဟု မှတ်မှားသော အတ္တသညာများကို ပယ်နေခြင်းပင်တည်း။

## ဝိပဿနာ ဉာဏ်စဉ် အမှတ် ( ၆ )

# ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ

### ဘယဉာဏ်၊ ဘေး-ဟု ထင်မြင်သောဉာဏ်။

ဘင်္ဂဉာဏ်ကို ကောင်းစွာ ပွားများ အားထုတ်ခြင်း အားဖြင့်၊ ပြီးမြောက်ပြီးဖြစ်သော ဝိပဿနာဉာဏ်သည် သဘောတရားတို့၏ အပေါ်၌ ဘေးအားဖြင့်ထင်မြင်သော ဘယဉာဏ်သို့ ကူးပြောင်း၍ လာလေတော့၏။ ထိုဉာဏ်နှင့်ပတ်သက်၍-

ပဋိသမ္ဘိဒါမဂ် ပါဠိတော် (မြန်မာပြန်) စာမျက်နှာ (၇၅) ဉာဏကထာ၌-

ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏။

ဖြစ်ပွားခြင်းသည် ဘေးမည်၏။

သင်္ခါရနိမိတ်သည် ဘေးမည်၏။

ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏။ မဖြစ်ပေါ်ခြင်းသည် ဘေးကင်းသည်မည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ် မည်၏ဟု လာရှိသည်နှင့်အညီ ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတို့၏ အသစ်အသစ် ဖြစ်ပေါ်မှုတို့သည် အသစ်အသစ်ဖြစ်ခြင်းအားဖြင့် ကပ်၍ကပ်၍ နှိပ်စက်တတ်သောသဘော ရှိခြင်းကြောင့် ဘေးရန်ဖြစ်၏။

အသစ်အသစ် ဖြစ်သော နာမ် ရုပ်တို့သည်သာလျှင် နှိပ်စက်နိုင်၏။ ပျက်၍ပျက်၍သွားပြီးဖြစ်သောရုပ် နာမ်တို့သည် ချုပ်ဆုံးကွယ်ပျောက်ပြီး ဖြစ်ပါသဖြင့် မနှိပ်စက်နိုင်တော့ပါ။ သို့ဖြစ်၍ ရုပ် နာမ် သင်္ခါရတို့၏ ဖြစ်ခြင်းသဘောသည် ဘေးရန်ပင် ဖြစ်ပါသည်။

ဥပမာအားဖြင့် တိုက်ပွဲဝင်နေသော ရဲဘော်တယောက်သည် ရန်သူဘက်မှလာသော ကျည်ဆံတို့ကို တိမ်း၍ရှောင်၍ နေရ၏။ အကာအကွယ်ယူ၍ နေရ၏။ မိမိကလည်း ပြန်၍ပစ်နေရ၏။ ထိုအခါ၌၊ ထိုရဲဘော်အဘို့မှာမူကား ရန်သူဘက်မှလာဆဲ ပစ်ဆဲဖြစ်သော ကျည်ဆံတို့ကို သာလျှင် ကြောက်နေရ၏။ ပစ်ပြီးရောက်ပြီးဖြစ်သော ကျည်ဆံများကို ကြောက်နေစရာ မလိုတော့ပါ။ လာဆဲ ပစ်ဆဲဖြစ်သော ကျည်ဆံများကသာလျှင် ထိုရဲဘော်အား ဒုက္ခဖြစ်စေနိုင်၏။

ဤဥပမာကဲ့သို့ပင် ဖြစ်ဆဲဖြစ်သောရုပ် နာမ် သင်္ခါရတရားတို့သည်သာလျှင် အသစ်အသစ် ဖြစ်ခြင်းအားဖြင့် သံသရာ ဝဋ်ဆင်းရဲထဲမှ မလွတ်မြောက်နိုင်အောင် နှောင်ဖွဲ့၍ နှောင်ဖွဲ့၍ ထားနိုင်၏။

အကြောင်းတရားတို့ မကုန်မခြင်း ထိုအကြောင်းတရားတို့၏ ထောက်ပံ့နေမှုကြောင့် ဖြစ်ပေါ်နေသော အကျိုးတရား ဖြစ်သော ရုပ် နာမ် သင်္ခါရတရား တို့သည်လည်း အစဉ်မပြတ် အသစ်အသစ် ဖြစ်ပေါ်နေရ၏။

ထိုဖြစ်တိုင်းဖြစ်တိုင်းသော သင်္ခါရတရားတို့သည်လည်း သံသရာ ဝဋ္ဋဆင်းရဲထဲသို့ သာလျှင် အသစ်အသစ် ဖြစ်ခြင်းအားဖြင့် တွန်း၍တွန်း၍ ပို့နေ၏။

သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲတို့၏ အပြစ်တို့ကို ဉာဏ်အမြင်ကျယ်ပြန့်လျှင် ကျယ်ပြန့်သည့်အလျောက်၊ ထိုဒုက္ခတွင်းသို့ တွန်း၍တွန်း၍ပို့နေသော "ဖြစ်ဆဲရုပ်နာမ်" တို့၏အပြစ်သည်ဉာဏ်၌ ထူးကဲစွာ ထင်မြင်၍လာ၏။

တနည်းအားဖြင့်-

(၁) အသစ်အသစ်ဖြစ်ပေါ်နေသော သင်္ခါရသဘောတရားတို့သည် ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ချုပ်ဆုံး ကွယ်ပျောက်၍နေသော သဘော ရှိခြင်းကြောင့် အချည်းနှီးသောသဘောတရားတို့သာတည်း။ ထိုသဘောတရားတို့ကို အားကိုး၍မရ၊ အားထား၍မရသော အသုံးမကျသော သဘောတရားတို့သာတည်း။

(၂) အသစ်အသစ် ဖြစ်ခြင်းအားဖြင့် ကပ်၍ကပ်၍ နှိပ်စက်နေသော သဘောဘရား တို့သာတည်း။

ဟု ဝိပဿနာဉာဏ်ဖြင့် သိမြင်လာခဲ့သည်ရှိသော် ထိုရုပ်နာမ်တို့အပေါ်၌ သာယာမှု၊ နှစ်သက်မှု၊ စွဲလန်းမှုတို့သည် ကင်းပြတ်၍ နေပေလိမ့်မည်။ ထိုခဏ၌ ထိုရုပ်နာမ်သဘောတရားတို့အပေါ်တွင် ငြီးငွေ့မှု၊ ထိုရုပ်နာမ်တို့မှ လွတ်မြောက်လိုမှု၊ စသောစိတ်တို့သည် ဖြစ်ပေါ်၍လာပေလိမ့်မည်။

ထိုကဲ့သို့ အားထုတ်ဆဲ အခိုက်အတန့်တွင် ထိုယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌-

(က) အကြောင်းတရားတို့၏ ထောက်ပံ့မှုကြောင့် အကျိုးတရားဖြစ်သော ရုပ်ဓါတ် + နာမ်ဓါတ်တို့၏ အသစ်အသစ်ဖြစ်ပေါ်နေမှုကို သိမြင်ရသဖြင့်-

(ခ) အကြောင်းတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရားဖြစ်သော ရုပ်+နာမ်တို့၏အသစ်တဖန်မဖြစ်ပေါ်ခြင်းသဘောတရားသည် အမှန်ကေန်ပင် ရှိရမည်။

သဘာဝဓမ္မတို့၌ ဆန့်ကျင်ဘက်သဘောတရားတို့သည် ရှိရမြဲဓမ္မတာပင်ဖြစ်၏။ အမှောင်ရှိလျှင် အလင်းရှိ၏။ အပူရှိလျှင် အအေးသည်ရှိ၏။ ထို့အတူ ရုပ် နာမ်တို့၏ ဖြစ်ပေါ်မှု သဘောရှိလျှင် ထိုရုပ်နာမ်တို့၏မဖြစ်ပေါ်ခြင်း သဘောသည်ရှိ၏။ ထိုရုပ်နာမ်တို့၏ မဖြစ်ပေါ်ခြင်းသဘောတရားသည် ငြိမ်းအေးရာနိဗ္ဗာန်ပင်တည်းဟု သိ၏။

ဤသို့သိသောဉာဏ်သည် သန္တိပဒဉာဏ်မည်၏။

ထိုယောဂီပုဂ္ဂိုလ်၏ဉာဏ်၌-

(က) ရုပ်+ နာမ်တို့၏ အသစ်အသစ် ဖြစ်ပေါ်နေခြင်းသည် သံသရာဝဋ်ဆင်းရဲဖြစ်၏။

(ခ) ထိုရုပ်+နာမ်တို့၏ မဖြစ်ပေါ်ခြင်းသည် ငြိမ်းအေးရာနိဗ္ဗာန်ပင်တည်း။

ဟူ၍ သံသရာနှင့်နိဗ္ဗာန်ကို ဝိပဿနာ ဘာဝနာမယဉာဏ်ဖြင့် ပိုင်းခြား၍သိ၏။ နိဗ္ဗာန်တရားအပေါ်၌ ယုံကြည်မှုသဒ္ဓါသည်

လွန်ကဲစွာ ဖြစ်ပေါ်၍လာ၏။ မတုန်မလှုပ် သက်ဝင် ယုံကြည်၍ လာ၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြု ဘဲ သေခြင်းငှာမထိုက်သူဟူ၍ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်(မြန်မာ ပြန်) စာမျက်နှာ (၁၇၇) စက္ခုသုတ်၌ ဟောတော်မူပါသည်။

ဤဘယဉာဏ်၌ ကြောက်မက်ဘွယ်ရာ ဘေးဟု ထင်သော ဉာဏ်သည် ပညတ်အာရုံတို့ကြောင့် ဖြစ်ပေါ်၍ လာတတ်သော ကြောက်ခြင်းမျိုးကဲ့သို့ ကြောက်လန့်ခြင်းမဟုတ်ပေ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော် (မြန်မာပြန်) ဝိမောက္ခကထာ အကျယ်ပြခြင်း စာမျက်နှာ (၃၁၇)၌–

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အားသင်္ခါရနိမိတ် သည် ဘေးအားဖြင့်ထင်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား ဝိပါတ် ဖြစ်ပေါ်မှုသည် ဘေးအားဖြင့်ထင်၏။

အနှစ်မရှိအလိုသို့မလိုက်သောအားဖြင့်နှလုံးသွင်းသောပုဂ္ဂိုလ် အား သင်္ခါရနိမိတ်သည်၎င်း၊ ဖြစ်ပေါ်မှုသည်၎င်း၊ဘေးအားဖြင့် ထင်၏။

သို့ဖြစ်၍ ကြောက်မက်ဖွယ်ရာ ဘေးတည်းဟူ၍ ဉာဏ်၌ ထင် မြင်မှုသည် "အသစ်အသစ်ဖြစ်ပေါ်မှု သင်္ခါရ သဘောတရား" အပေါ်၌သာလျှင် ထင်၏။

၎င်းပြင်–

မြန်မာဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာစာမျက်နှာ (၄၁၇)၌·

ဘယတုပဋ္ဌာန ဉာဏ်သည် ကြောက်သလော မကြောက်

သလော? "မကြောက်" ဉာဏ်၏ကြောက်သော အခြင်းအရာအားဖြင့် မဖြစ်ခြင်းကြောင့်တည်း။

ထိုစကားမှန်၏။ ဘယတုပဋ္ဌာန ဉာဏ်သည် "အတိတ်ဖြစ်သော သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂါတ် သင်္ခါရတို့သည် ချုပ်ကုန်လတ္တံ့" ဟု ဤသို့ စုံစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။

ထို့ကြောင့်၊ ဥပမာမည်သည်ကား-

မျက်စိအမြင်ရှိသောယောကျ်ားသည် မြို့တံခါး၌ မီးကျီးတွင်းသုံးတွင်းတို့ကိုကြည့်လတ်သော် မိမိသည် "မကြောက်" မှန်၏။ စင်စစ်သော်ကား ထိုယောကျ်ားအား ဤမီးကျီးတွင်း၌ အကြင်အကြင်သူတို့သည် ကျကုန်လတ္တံ့၊ ထိုထိုကျကုန်သောသူအားလုံးတို့သည် အတိုင်းမသိ များပြားလာသော ဆင်းရဲကို ခံစားရကုန်လတ္တံ့ဟု ဤသို့ဆင်ခြင်ခြင်းမျှသာ ဖြစ်သကဲ့သို့ရင်း။

ဥပမာတနည်းသော်ကား မျက်စိအမြင်ရှိသော ယောကျ်ားသည် ရှားသားတံကျင်၊ သံတံကျင်၊ ရွှေတံကျင်၊ ဤသို့အစဉ်သဖြင့် ထားအပ်သော တံကျင်သုံးခုတို့ကို ကြည့်လတ်သော် မိမိသည် "မကြောက်" မှန်၏။

စင်စစ်သော်ကား ထိုယောကျ်ားအား-

"အကြင်အကြင် သူတို့သည် ဤတံကျင်တို့၌ ကျကုန်လတ္တံ့၊ ထိုထိုကျသောသူအားလုံးတို့သည်ပင် အတိုင်းမသိများပြားသော ဆင်းရဲကို ခံစားရကုန်လတ္တံ့" ဟု ဤသို့ ဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်သကဲ့သို့ရင်း၊ ထို့အတူ "ဘယတုပဋ္ဌာနဉာဏ်သည် မကြောက်"

ထို့ကြောင့် ဤဘယဉာဏ်သည် သင်္ခါရတို့၏ အသစ်အသစ် ဖြစ်ပေါ်မှု၌သာလျှင် ဘေးအားဖြင့်ထင်၏။

"ဘေးအားဖြင့်ထင်သော ဘယဉာဏ်သည်ရင်း၊ အပြစ်အား ဖြင့်ထင်သော အာဒီနဝ ဉာဏ်သည်ရင်း၊ ငြီးငွေ့ခြင်းသို့ရောက် သော နိဗ္ဗိဒါဉာဏ်သည်ရင်း"၊ ထိုဉာဏ်သုံးပါးတို့သည် "ဒုက္ခ လက္ခဏာ"ကို ကောင်းစွာသိမြင်သောဉာဏ်ဖြစ်၏။ ဉာဏ်အမြင် ဖြစ်စေခြင်း၌ အနု၊ အလတ်၊ အရင့် အားဖြင့်သာလျှင် ကွဲပြား ခြားနားမှုရှိ၏။

ဤကဲ့သို့ ပွားများ အားထုတ်ဆဲ ဖြစ်သော ပစ္စုပ္ပန်ခဏ၌ သဘောတရားတို့၏ အသစ်အသစ်ဖြစ်ခြင်းအားဖြင့် ကပ်၍ကပ်၍ နှိပ်စက်နေသော အခြင်းအရာကို ဘယဉာဏ်ဖြင့် ထင်မြင်ဆဲဖြစ် သော ယောဂီပုဂ္ဂိုလ်သည် "လောကီဉာဏ်ဖြင့် သစ္စာလေးပါး" လုံးကိုပင် ထိုခဏ၌ တပြိုင်နက်တည်း ထိုးထွင်းသိမြင်၍ နေခြင်း ပင် ဖြစ်လေတော့၏။

(၁) ထိုခဏ၌ ထိုသဘောတရားတို့၏ နှိပ်စက်နေမှုကို ဉာဏ် ဖြင့် ထိုးထွင်း၍ သိမြင်နေသောဉာဏ်သည် ဒုက္ခသစ္စာ ကို ပိုင်းခြားသိသော ဉာဏ်မည်၏။

(၂) ထိုကဲ့သို့ သိမြင်၍ နေဆဲခဏမှာပင် ထိုသဘောတရား အပေါ်၌ သာယာမှု၊ နှစ်သက်မှု၊ စွဲလန်းမှု ကင်းပြတ် ၍ နေခြင်းသည် သမုဒယသစ္စာကို ပယ်သည်မည်၏။

(၃) ထိုကဲ့သို့ ထိုးထွင်း၍ သိမြင်နေဆဲခဏမှာပင် လောဘ ကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ တည်းဟူသော ကိလေသာတို့ မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်း

နေခြင်းသည်ပင်လျှင် နိရောဓသစ္စာကို မျက်မှောက်ပြုသည်မည်၏။

(၄) ထိုကဲ့သို့ ထိုးထွင်း၍သိမြင်နေဆဲ အခိုက်အတန့်သည်ပင်လျှင် (နိဗ္ဗာန်သို့သွားရာ လမ်းကြောင်း လမ်းကောင်း လမ်းမြတ်ဖြစ်သော) ခရီးကို သွားနေသည် မည်ခြင်းကြောင့် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂသစ္စာမည်၏။

ဤကဲ့သို့ လောကီဉာဏ်ဖြင့် သစ္စာလေးပါး တရားတို့ကို ထိုးထွင်းသိမြင်နေသောယောဂီပုဂ္ဂိုလ်သည် ပရမတ္ထသဘောတရားတို့အပေါ်၌ ထိုသဘောတရားတို့ကိုပင် အနိစ္စနုပဿနာ အားဖြင့်၎င်း၊ ဒုက္ခနုပဿနာအားဖြင့်၎င်း၊ အနတ္တနုပဿနာအားဖြင့်၎င်း၊ ထိုအနုပဿနာ ဉာဏ်သုံးပါးလုံး ကိုပင် တပေါင်းတည်းသော အခြင်းအရာအားဖြင့် ဉာဏ်၌ထင်မြင်လေတော့၏။

အဘယ်ကဲ့သို့ ထင်မြင်၍လာသနည်းဟူမူ-

သဘောတရားတို့၏ အသစ်အသစ်ဖြစ်ပေါ်မှု၊ ဖြစ်တိုင်းဖြစ်တိုင်းသော ထိုသဘောတရားတို့သည် ဖြစ်ပြီးလျှင် ခဏခြင်းခဏခြင်း ချုပ်ဆုံးကွယ်ပျောက်၍နေမှုကို ရှုပွား၍နေခြင်းသည် အနိစ္စလက္ခဏာကို ပွားများသည်မည်၏။

ထို "မမြဲသောသဘောတရား" သည်ပင်လျှင် ပစ္စုပ္ပန်ဓာဉ်၌ အသစ်အသစ်ဖြစ်ခြင်းအားဖြင့် ကပ်၍ကပ်၍ နှိပ်စက်နေမှုကို၎င်း၊ ဖြစ်ပြီးလျှင် ခဏခြင်း ခဏခြင်း ပျက်၍ပျက်၍နေသော သဘောတရားဖြစ်ခြင်းကြောင့် အချည်းအနှီး အသုံးမကျသော သဘောအားဖြင့်၎င်း၊ ဤသို့ရှုပွား၍နေခြင်းသည် ဒုက္ခလက္ခဏာကို ပွားများသည်မည်၏။

ထို "မမြဲသောသဘောတရား" သည်ပင်လျှင် ပစ္စုပ္ပန်ခဏ၌ ဖြစ်ခြင်းပျက်ခြင်းကြောင့် အစိုးမရ၊ အလိုသို့မလိုက်၊ ငါ၏ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တကိုယ်မဟုတ်ဟု ရှုပွား၍ နေခြင်း သည် အနတ္တလက္ခဏာကို ပွားများသည်မည်၏။

အကျဉ်းချုပ်အားဖြင့် ထိုသဘောတရားတို့၏ အစဉ်မပြတ် ဖြစ်ပျက်နေမှု တို့ကြောင့် "မမြဲခြင်းသဘော" သည် "အနိစ္စ" မည်၏၊

ထို "မမြဲသောသဘောတရား" သည်ပင်လျှင် ဖြစ်ခြင်း ပျက် ခြင်းအားဖြင့် ကပ်၍နှိပ်စက်နေမှုသည် "ဒုက္ခ" မည်၏၊

ထို 'မမြဲသောသဘောတရား' သည်ပင်လျှင် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်၊ အလိုသို့ မလိုက် အစိုးမရခြင်း စသည်ဖြင့်သည် "အနတ္တ" မည်၏။

ထို့ကြောင့်–

အင်္ဂုတ္တိုရ် ပါဠိတော် (မြန်မာပြန်) တ–တွဲ၊ မေဃိယသုတ် စာမျက်နှာ(၁၇၁)၌–

"မေဃိယ အနိစ္စသညာရှိသော ရဟန်းအား အနတ္တသညာ တည်၏။ အနတ္တသညာရှိသော ရဟန်းသည် ငါဖြစ်၏ဟူသော အသ္မိမာနကင်းပြတ်၍ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်ရ ၏" ဟု မိန့်တော်မူ၏။

သို့ဖြစ်၍ "အနိစ္စ" ကို မြင်ပြီးသောပုဂ္ဂိုလ်သည် "ဒုက္ခ" ကိုရင်း "အနတ္တ" ကိုရင်း သိမြင်လေတော့၏၊

တမဂ် တဖိုလ်ကိုရလိုသော ယောဂီပုဂ္ဂိုလ်သည် "ရုပ်တရား+ နာမ်တရား" တို့အပေါ်၌ (၀၁) စွဲလန်းရာအာရုံကို ဖြစ်ပေါ်စေ

နိုင်သော "ဥပါဒါနက္ခန္ဓာငါးပါး" တို့အပေါ်၌ "အနိစ္စ ဒုက္ခ အနတ္တ"ဟူ၍ ရှုပွားရပါသည်။

ထိုပုဂ္ဂိုလ်သည် အထက်မဂ်သုံးပါး၊ အထက်ဖိုလ်သုံးပါးတို့ကို အလိုရှိလျှင်လည်း ထိုသဘောတရားတို့အပေါ်၌ပင် မမြဲဟူ၍၎င်း၊ ဆင်းရဲဟူ၍၎င်း၊ ဆိတ်သုဉ်းသော တရားဟူ၍၎င်း၊ နှလုံးသွင်း ပွားများရပါသည်။

ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော် (မြန်မာပြန်) သီလဝန္တသုတ်၊ စာမျက်နှာ (၁၂၇)၌-

"ငါ့ရှင်သာရိပုတ္တရာ၊ သီလရှိသောရဟန်းသည်အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ပါသနည်း။

"သောတာပန်ရဟန်းသည် အဘယ်တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်သနည်း?။

"သကဒါဂါမ်ရဟန်းသည်၊ အနာဂါမ်ရဟန်းသည်၊ ရဟန္တာသည် အဘယ် တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်း အပ်ပါကုန်သနည်း"?ဟုပြောဆို၏။

ငါ့ရှင်- ကောဋ္ဌိက၊ သီလရှိသောရဟန်းသည်၊ သောတာပန်ရဟန်းသည်၊ သကဒါဂါမ်ရဟန်းသည်၊ အနာဂါမ်ရဟန်းသည်၊ ရဟန္တာသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍၎င်း၊ ဆင်းရဲဟူ၍၎င်း၊ ရောဂါဟူ၍၊ အနာဟူ၍၊ ငြောင့်ဟူ၍၊ ပင်ပမ်းမှုဟူ၍၊ နာကျင်မှုဟူ၍၊ သူစိမ်းပြင်ပဟူ၍၊ အပျက်တရားဟူ၍၊ ဆိတ်သုဉ်းသော တရားဟူ၍၊ အတ္တအနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။

ငါ့ရှင်ရဟန္တာအား တစုံတခုသောရဟန်းကိစ္စကို နောက်ထပ်ပြုဘွယ်မရှိတော့ပြီ၊ ပြုအပ်ပြီးသောတရားတို့ကိုလည်း ထပ်၍ပွား များဘွယ်မရှိတော့ပြီ။ စင်စစ်သော်ကား ဤတရားတို့ကို လေ့လာ ပွားများအပ်ကုန်သည်ရှိသော်၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းငှာလည်း၊ သတိသမ္ပဇဉ် အလို့ငှာလည်း၊ ဖြစ်ကုန်၏ဟု မိန့်တော်မူ၏။

ထို့ကြောင့် သောတာပန် ရဟန်းသည်လည်း အထက်မဂ်၊ အထက်ဖိုလ်တို့ကိုရရှိစေရန် သီးခြားအားထုတ်ရမည့် တရားဟူ၍ မရှိ။ ၎င်းသဘောတရားတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးအားဖြင့် အဖန်တလဲလဲ နှလုံးသွင်း ပွားများအပ်၏။

၎င်းပြင်–

မဟာဝဂ္ဂ သံယုဂ်ပါဠိတော် (မြန်မာပြန်) ဒီဃာဝုဥပါသကာသုတ် စာမျက်နှာ (၃၀၂)၌–

"ဒီဃာဝု၊ သို့ဖြစ်လျှင် သင်သည် ဤသောတာပန် အင်္ဂါလေးမျိုးတို့၌ တည်ပြီး၍ ဝိဇ္ဇာ (မဂ်ဉာဏ်)လျှင် အဘို့ရှိသောတရား ခြောက်ပါးတို့ကို တဆင့်တက်၍ ပွားများရာ၏၊ ဒီဃာဝု၊ ဤသာသနာတော်၌သင်သည် အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု အဖန်ဖန်ရှု၍နေလော့၊ မမြဲသောသင်္ခါရတရားတို့၌ ဆင်းရဲ၏ဟု အမှတ်ရှိသည်ဖြစ်၍၎င်း၊ ဆင်းရဲသော သင်္ခါရတရား၌၊ အတ္တမဟုတ်ဟု အမှတ်ရှိသည် ဖြစ်၍၎င်း၊ ပယ်စွန့်အံ့ဟု အမှတ်ရှိသည် ဖြစ်၍၎င်း၊ စွဲမက်မှုကင်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍၎င်း၊ ချုပ်ငြိမ်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍၎င်း နေလော့၊ဒီဃာဝု၊ သင်သည် ဤသို့ကျင့်ရမည်"ဟု မိန့်တော်မူသည်။

ဤသို့လက္ခဏာရေးသုံးပါးကို ပွားများအားထုတ်၍နေသော ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်၌-

အနိစ္စအားဖြင့် အဖန်ဖန်ရှုသော် မြဲ၏ဟူသော အမှတ်သညာကို ပယ်စွန့်၏။

ဒုက္ခအားဖြင့်အဖန်ဖန်ရှုသော် ချမ်းသာဟူသောအမှတ်သညာကို ပယ်စွန့်၏။

အနတ္တအားဖြင့်အဖန်ဖန်ရှုသော အတ္တဟူသောအမှတ်သညာကို ပယ်စွန့်၏။

ငြီးငွေ့သော် နှစ်သက်ခြင်းကိုပယ်စွန့်၏။

တပ်မက်ခြင်းကင်းသော် တပ်ခြင်းရာဂကို ပယ်စွန့်၏။

ချုပ်ငြိမ်းသော် ဖြစ်ခြင်းကိုပယ်စွန့်၏။

တဖန်စွန့်သော် စွဲယူခြင်းကို ပယ်စွန့်၏ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော် (မြန်မာပြန်) စာမျက်နှာ (၇၃) ဉာဏကထာ၌ ဟောတော်မူပါသည်။

ဤသည်တို့ကား ဒုက္ခလက္ခဏာကိုကောင်းစွာ ထင်မြင်အပ်ပြီးဖြစ်သော ဘယဉာဏ်+အာဒီနဝဉာဏ်+နိဗ္ဗိဒါဉာဏ် စခမ်းပင်တည်း။

အနတ္တလက္ခဏာကိုမူကား၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၌ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ ပုဂ္ဂိုလ်၊ သတ္တဝါတို့မှဆိတ်သုဉ်းသော ရုပ်ခါတ်+နာမ်ခါတ်သဘာဝတရားတို့သာတည်း။ အကြောင်းတရားကိုစွဲ၍ဖြစ်သော အကျိုးတရားတို့သာတည်းဟူ၍ ပြဆိုခဲ့ပြီးဖြစ်၏။

ထို့ထက်အလွန် အနတ္တ လက္ခဏာ၌ စင်ကြယ်သော ဉာဏ် အမြင်အထူးနှင့်ပြည့်စုံစေသော လွတ်မြောက်လိုမှု မုဉ္စိတုကမျတ ဉာဏ် အဖန်တလဲလဲ သုံးသပ်လိုမှု ပဋိသင်္ခါဉာဏ်၊ လျစ်လျူရှုမှု သင်္ခါရုပေက္ခာဉာဏ်တို့သည် ရှိကုန်သေး၏။

ပစ္စုပ္ပန်ဖြစ်ဆဲဖြစ်သောသဘောတရားတို့အပေါ်၌၊ လျစ်လျူရှုမှု သင်္ခါရုပေက္ခာဉာဏ် ရင့်သန်စေခြင်းအကျိုးငှာ-

ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော် (မြန်မာပြန်) နတုမှာကသုတ်၊ စာမျက်နှာ (၂၇)၌-

ရဟန်းတို့၊ ရုပ်သည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုရုပ်ကိုပယ်ကြကုန်လော့၊ ထိုရုပ်ကိုပယ်သည်ရှိသော် သင်တို့အားစီးပွားခြင်းငှာ၊ ချမ်းသာခြင်းငှာဖြစ်လတ္တံ့။

ရဟန်းတို့၊ ဥပမာသော်ကား-ဤဇေတဝန်ကျောင်း၌မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်ကို လူအပေါင်းသည် ယူဆောင်လျှင် ဖြစ်စေ၊ မီးရှို့လျှင်ဖြစ်စေ၊ အလိုရှိတိုင်းပြုလျှင်ဖြစ်စေ၊ ငါတို့ကို လူအပေါင်းသည် ယူဆောင်၏ဟူ၍ငှင်း၊ မီးရှို့၏ဟူ၍ငှင်း၊ အလိုရှိတိုင်းပြု၏ဟူ၍ငှင်း၊ သင်တို့အား ဤသို့သောအထင်သည် ဖြစ်ရာသလော?။

မဖြစ်ရာပါအရှင်ဘုရား၊ အဘယ့်ကြောင့်ဆိုသော် "ဤအရာသည်အကျွန်ုပ်တို့၏ကိုယ်လည်း မဟုတ်ပါ၊ ကိုယ်ပိုင်လည်းမဟုတ်ပါ" ဟုလျှောက်ကုန်၏။

"ရဟန်းတို့၊ ထို့အတူ ရုပ်သည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကြကုန်လော့။ ထိုရုပ်ကို ပယ်သည်ရှိသော် သင်တို့အား စီးပွားခြင်းငှာ၊ ချမ်းသာခြင်းငှာဖြစ်လတ္တံ့" ဟုမိန့်တော်မူ၏။

တဖန်-

ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော် (မြန်မာပြန်) အဿာဒသုတ်၊ စာမျက်နှာ (၂၃)၌-

ရုပ်၌လိုချင်စွဲမက်မှု ''ဆန္ဒရာဂ''ကို ဖျောက်ခြင်း လိုချင်စွဲမက်မှု''ဆန္ဒရာဂ''ကိုပယ်ခြင်းသည် ရုပ်၏ထွက်မြောက်ရာတည်း။

သို့ဖြစ်၍ ရုပ်ဘည်းဟူသော သဘောတရားအပေါ်၌ လိုချင်စွဲမက်မှု ဆန္ဒရာဂကို ကင်းပြတ်စေလျက်၊ ထိုရုပ်တရားအပေါ်၌ လျစ်လျူရှုခြင်းအားဖြင့်ရင့်ကျက်သောသင်္ခါရုပေက္ခာဉာဏ်သည် ထိုရုပ်မှ လွတ်မြောက်ရာသို့ရောက်ကြောင်း လောကီမဂ်ပင်တည်း။

ကျန်ရှိနေသေးသော အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ၎င်းဉာဏ်စဉ်ငါးပါးတို့တွင်-

အနုလောမဉာဏ်သည်ကား ပြဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိတွင်ပါဝင်သည်။

မဂ်ဉာဏ်သည် ဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပါသည်။

ယင်းဉာဏ်စဉ် ငါးပါးတို့သည် ဘင်ဉာဏ် အစရှိကုန်သော ဉာဏ်စဉ်များကဲ့သို့ပင် အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ရင့်ကျက် ထက်သန်၍လာသော ''သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ၊ သတိ၊ သမာဓိ ပညာ''တည်းဟူသော ဣန္ဒြေငါးပါးတရားတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာကြရသော ဉာဏ်များဖြစ်ခြင်းကြောင့်ထိုဉာဏ်များကို လွယ်ကူစွာ ရရှိနိုင်ကြစေရန် ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

## နိဂုံးချုပ် ဆုတောင်း။

ဤစာအုပ်ကို ပြုစု ရေးသားရသော ကုသိုလ်စေတနာကံသည် သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့ကို လျင်မြန်စောစွာ မျက်မှောက် ပြုရခြင်းအကျိုးငှာ၊ အားကြီးသော အထောက်အပံ့ သည် ဖြစ်ပါစေသတည်း။ ။

ဦးကောင်း
မြို့မရပ်၊ မိုးကုတ်မြို့။

မိုးကုတ်မြို့

သတိပဋ္ဌာန်းကျောင်း ဆရာတော်

ဦးပဏ္ဍိဝ၏ တပည့်

မိုးကုတ်မြို့ မြို့မရပ်

ဦးကောင်း

ကောက်နှုတ် တင်ပြ အပ်သော

# သတ္တာယဒိဋ္ဌိရှုဘွယ်

---

၅-၈-၇၇၊ ၁၃၃၉-ခု၊ ဒုတိယဝါဆိုလဆုတ် [၆] ရက်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဥ္စဂုဏံ အပဟံ ဝန္ဒာမိ

# သက္ကာယဒိဋ္ဌိရှုဘွယ်

(၁) သက္ကာယဒိဋ္ဌိ ဆိုသည်မှာ အဘယ်နည်း။

(၂) မိမိတို့၏ သန္တာန်၌ သက္ကာယဒိဋ္ဌိသည် အဘယ်ပုံ၊ အဘယ်နည်းအားဖြင့် ဖြစ်ပေါ်၍ လာသနည်း။

(၃) သက္ကာယဒိဋ္ဌိ၏ အခြင်းအရာ အရေအတွက်သည် မည်မျှ ရှိသနည်း။

(၄) သက္ကာယဒိဋ္ဌိ၏ ဖြစ်ခြင်း အကြောင်းတရား တို့သည် အဘယ်နည်း။

(၅) သက္ကာယဒိဋ္ဌိကို မည်သည့်မဂ်က ပယ်သတ်နိုင်သနည်း။

(၆) သောတာပတ္တိမဂ်ကိုရရန် မည်ကဲ့သို့ ကျင့်ကြံအားထုတ်ရမည်နည်း။

စသည့် အချက်(၆)ချက်ကို ပြေလည်အောင် ရေးသားဖေါ်ပြမှသာလျှင် ပြည့်စုံပေလိမ့်မည်။ နံပါတ်(၅) နှင့်(၆) အမေးပြဿနာ၌-

(၅) သက္ကာယဒိဋ္ဌိကို သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်နိုင်ပေသည်။

(၆) သောတာပတ္တိမဂ်ဉာဏ်ကို ရရှိနိုင်စေရန် ရုပ်အစစ်+နာမ်အစစ်=ပရမတ္ထအစစ်အမှန်တို့အပေါ်၌ ဝိပဿနာ

ဘာဝနာကို ပွားများ အားထုတ်ပေမည်။ ဤသို့ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်နှင့်ပြည့်စုံသော မဂ္ဂဘာဝနာကိုပွားများအားထုတ်မှသာလျှင် မဂ်ဉာဏ်+ဖိုလ်ဉာဏ်များကို ရရှိစေနိုင်ပါသည်။

ဤအချက်နှစ်ချက်မှာ ဝိပဿနာဘာဝနာ ပွားများ အားထုတ်မှုအပေါ်တွင် မူတည်နေသော အချက်အလက်များဖြစ်ခြင်းကြောင့် ၎င်းအချက်နှစ်ချက်ကို ချန်လှပ်၍ ကျန်အထက်ပါ အချက် (၄) ချက်ကိုသာလျှင် ရေးသားဖော်ပြပါမည်။

## အမေးပုစ္ဆာအပိုဒ် (၁)

## အတ္တနုဒိဋ္ဌိ (ဝါ) သက္ကာယဒိဋ္ဌိ အကျယ်ပြခြင်း။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန် (နှာ ၁၇၈ နှင့် ၁၉၀) ကို ထောက်ရှု၍ အတ္တနုဒိဋ္ဌိဆိုသည်မှာ သက္ကာယဒိဋ္ဌိတို့၏ အမည်ပင်ဖြစ်ပါသည်။

၎င်းသက္ကာယဒိဋ္ဌိဆိုသည်မှာ၊ ထင်ရှားရှိသော ခန္ဓာငါးပါးတို့၏အပေါ်၌ ထိုခန္ဓာငါးပါးတို့ကိုပင် အတ္တဟူ၍ စွဲယူမှု=ဒိဋ္ဌိကို ခေါ်ဆိုပါသည်၊

၎င်းသက္ကာယဒိဋ္ဌိကို ပုဒ်ခွဲလိုက်လျှင်-

သက္ကာယ- တပုဒ်

ဒိဋ္ဌိ-တပုဒ် ဖြစ်ပါသည်။

သက္ကာယ=ဟူသည်မှာ ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းအစု၊

ဒိဋ္ဌိ=ဟူသည်မှာ စွဲယူမှုပင်ဖြစ်ပါသည်။
တနည်းအားဖြင့်
**သ-တပုဒ်**
**ကာယ- တပုဒ်**
ဒိဋ္ဌိ- တပုဒ် ဖြစ်ပါသည်။
သ- သဒ္ဒါသည် ထင်ရှားရှိသောအနက်
ကာယ-သဒ္ဒါသည် (ခန္ဓာငါးပါး) အပေါင်းအစု ဟူသော **အနက်**
ဒိဋ္ဌိ- သဒ္ဒါသည် စွဲယူမှုဟူသော**အနက်**
၎င်းသုံးပုဒ်ကို ပေါင်းလျှင် "သက္ကာယဒိဋ္ဌိ=ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းအစုပေါ်၌ စွဲယူမှု" ဖြစ်ပါသည်။

ထို့ကြောင့်-

မန်လည်ဆရာတော် ဘုရားကြီး၏ ဒိဋ္ဌိဝိသောဓနေဝဇီရဂ္ဂဒီပနီ (နှာ ၁၆၀)၌

သက္ကာယဒိဋ္ဌိတိ သံဝဇ္ဇမာနဋ္ဌေန သတိ ခန္ဓပဥ္စက
သင်္ခါတေ ကာယေ သယံ ဝါ သတီ တသ္မိံ ကာယေဒိဋ္ဌိတိ သက္ကာယဒိဋ္ဌိ။

သက္ကာယဒိဋ္ဌိတိ-သက္ကာယဒိဋ္ဌိဟူသည်ကား၊ သံဝဇ္ဇမာနဋ္ဌေန-ထင်ရှားရှိခြင်းအနက်ဖြင့်၊ သတိ -ထင်ရှားရှိသော၊ ခန္ဓာပဥ္စက သင်္ခါတေ- ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော၊ ကာယေ- အပေါင်း၌၊ ဒိဋ္ဌိ-ဖြစ်သောဒိဋ္ဌိတည်း။ ဣတိတသ္မာ- ထို့ကြောင့် သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိမည်၏။

ရင်း "သက္ကာယဒိဋ္ဌိ" ကိုပင် "အတ္တဒိဋ္ဌိ" ဟူ၍ ခေါ်ဆိုပါသည်။

အတ္တ=ဆိုသည်မှာ အနတ္တ၏ဆန့်ကျင်ဘက်ဖြစ်၍၊ အနတ္တ၏ အဓိပ္ပါယ်ကိုဖော်ပြပါမည်။

နအတ္တ=(အတ္တ=ကိုဝ်)+(န=မဟုတ်)

နအတ္တ=အနတ္တ=ကိုဝ်မဟုတ်

ဤနေရာ၌ "ကိုဝ်" ဆိုသည်မှာ ပရဝါဒီတို့ကြံဆအပ်သော အထည်ခံ+ အမာခံအနှစ်အသား = ကိုဝ်ထည်ကို ဆိုလိုပါသည်။ ကာယသဒ္ဒါ=ကိုယ်နှင့်အဓိပ္ပါယ် အယူအဆခြင်းမတူပါ။

| အနတ္တ၏ အဓိပ္ပါယ် | ကိုဝ်=အတ္တ၏ အဓိပ္ပါယ်။ |
| --- | --- |
| ၁။ အသာရကဋ္ဌေန အနတ္တ = အနှစ်အသား အထည်ခံ + အမာခံမရှိ။ | ၁။ အနှစ်သားအထည်ခံ + အမာခံဖြစ်သော သသော သတ္တိသည် ရှိ၏။ |
| ၂။ အသာမိကဋ္ဌေန အနတ္တ = စိုးသူ+ပိုင်သူ+ ဖန်ဆင်းသူ မရှိ၊ | ၂။ စိုးသူ+ပိုင်သူ+ ဖန်ဆင်းသူသည် ရှိ၏။ |
| ၃။ အဝသဝတ္တနဋ္ဌေန အနတ္တ= အလိုသို့မလိုက်အလိုအတိုင်း မပြီးစီးစေတတ်။ | ၃။ အလိုသို့လိုက်၏။ အလိုအတိုင်း ပြီးစီးစေနိုင်သော သဘောသတ္တိသည် ရှိ၏။ |
| ၄။ သုညတအနတ္တ=အတ္တမှုရင်း၊ အတ္တနိယံ= အတ္တနှင့် စပ်သော ဝတ္ထုမှုရင်း မရှိ။ | ၄။ အတ္တဟူ၍ရင်း၊ အတ္တနိယံ= အတ္တ၏ တည်ရာ၊ မှီရာ အထည်ခံအမာခံကိုဝ်ဖြစ်၏ ဟူ၍ရင်း စွဲယူ၏။ |

ထို့ကြောင့်အတ္တဟူသည်မှာ –

၁။ မပျက်စီးနိုင်ပဲ၊ ခိုင်မြဲသော အနှစ် အသား + အထည် အမာခံဖြစ်ခြင်း။

၂။ သတ္တဝါတို့အားဖန်ဆင်း၍ထားသော အသျှင်သခင်များ +ပုဂ္ဂိုလ်များရှိခြင်း။

၃။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ နမ်းရှူခြင်း၊ ခံစားလိုတိုင်း ခံစားနိုင်ခြင်း၊ သိလိုတိုင်းသိနိုင်ခြင်း၊ စသည်တို့ကိုပြုလုပ်နိုင်စွမ်းရှိသော အတ္တသည်ရှိ၏ဟု မှတ်ယူထားခြင်း။

၄။ ခန္ဓာငါးပါးတို့ကိုပင်၊ အနှစ်အသားကိုဝ်=အတ္တဟု စွဲယူခြင်း၊ ထိုခန္ဓာငါးပါးတို့သည်ပင်လျှင် အတ္တ၏ တည်ရာမှီရာကိုဝ်တည်အဖြစ်ဖြင့် =အတ္တနိယဟူ၍ စွဲယူထားခြင်း၊ စသည်တို့သည် အတ္တဒိဋ္ဌိများပင် ဖြစ်ကြပါသည်။

ထိုအတ္တဒိဋ္ဌိကိုပင် သက္ကာယဒိဋ္ဌိဟုခေါ်ဆိုပါသည်။

## အမေးပုစ္ဆာ အပိုဒ် (၂)

## သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာပုံကို ပြဆိုခြင်း။

မိမိတို့၏ သန္တာန်၌၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ စသော ဒွါရခြောက်ပါးတို့သည် အသီးသီး ရှိကြပါသည်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ထိုသို့ဒွါရခြောက်ပါးရှိရာတွင်တပါးပါးသော ဒွါရတို့၌၊တပါးပြီးလျှင်တပါး၊အစဉ်မပြတ်လှည့်လည်၍သက္ကာယဒိဋ္ဌိသည် ဖြစ်ပေါ်လျက်ရှိနေပါသည်။ ထိုဒွါရခြောက်ပါးတို့တွင်

စက္ခုဒွါရ တခုတည်းကိုသာ ဖေါ်ပြခြင်း အားဖြင့် ကျန်ဒွါရ ငါးပါးတို့ကိုဆင်ခြင်နိုင်ပါလိမ့်မည်။

စက္ခုဒွါရတွင်-

(စက္ခုဓါတ်)နှင့်+(အဆင်း=ရူပါရုံ=ရူပဓါတ်) တို့၏ ရှေးရှု တိုက်ဆိုင်မှုတို့ကြောင့်(မြင်သိစိတ်ခေါ်=စက္ခုဝိညာဏဓါတ်)ဖြစ် ပေါ်လာရပါသည်။ ဤသို့ စက္ခုဝိညာဏဓါတ် ဖြစ်ပေါ်မှုကိုပင် "သိမြင်သည်"ဟု ခေါ်ဆိုပါသည်။

ဤကဲ့သို့"မြင်သိစိတ်"ဖြစ်ပေါ်ရာ၌

ထင်ရှားရှိဆဲဖြစ်သော "စက္ခုဓါတ်" သက္ကာယကိုရင်း

ထင်ရှားရှိဆဲဖြစ်သော "အဆင်းဓါတ်" သက္ကာယကိုရင်း

ထင်ရှားရှိဆဲဖြစ်သော "မြင်သိစိတ်"သက္ကာယကိုရင်း

ထိုသက္ကာယတရား သုံးပါး တို့တွင် တခုခုသော "သက္ကာယ" သဘောတရားအပေါ်၌ ဝိပဿနာဉာဏ်ဖြစ်ပေါ်၍ နေခဲ့ပါလျှင် "သက္ကာယဒိဋ္ဌိ"သည် ဖြစ်ခွင့် လုံးဝ မရှိတော့ပေ။ ဝိပဿနာ ဖြစ် ပေါ်နေဆဲ အခိုက်အတန့်၌ ယင်းသက္ကာယဒိဋ္ဌိသည် ချုပ်ငြိမ်း၍ နေရပေသည်။

ဤကဲ့သို့ ဝိပဿနာဉာဏ်ဖြစ်ပေါ်မှုမရှိဘဲ၊ သတိဉာဏ်ပညာ ကင်းလွတ်၍နေခဲ့ပါလျှင်-

ထိုထင်ရှားရှိဆဲဖြစ်သော သက္ကာယတရားအပေါ်၌

ထိုသက္ကာယတရားသည် အနှစ်အသားအထည်ခံ အမာခံကိုင် ထည်=အတ္တဖြစ်၏။မိမိအလိုအတိုင်းပြီး၏။ အစိုးရ၏၊ ထိုသက္ကာယ တရားသည်ပင်လျှင် အသက်လိပ်ပြာ၊ ဇီဝ၊ အတ္တဖြစ်၏ဟု စွဲယူ

သော "အတ္တစွဲ"သည် ဖြစ်ပေါ်၍ လာရပါသည်။ ယင်းအတ္တစွဲ သည်သာလျှင် "**သက္ကာယဒိဋ္ဌိ**" အားဖြင့် စွဲယူမှုဖြစ်ပါသည်(ဝါ) သက္ကာယဒိဋ္ဌိစွဲပင် ဖြစ်ပါသည်။

ဤသို့လျှင် ထင်ရှားရှိသော စက္ခုဓါတ်၊ ရူပဓါတ်၊ စက္ခုဝိညာဏဓါတ်ဘည်းဟူသော သက္ကာယတရားတို့အပေါ်၌ 'အတ္တ' အားဖြင့်စွဲယူမှု=ဒိဋ္ဌိသည် ဖြစ်ပေါ်၍လာရပေသည်။

ဤကား သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာပုံကို ပြဆိုချက်ပင်တည်း။

ငင်းသက္ကာယဒိဋ္ဌိမှတဆင့် ပညတ်များ ထပ်ဆင့် ပေါက်ဖွား လာရပုံကို ပြဆိုပါအုံးမည်။

ထင်ရှားရှိသော သက္ကာယအပေါ်၌ အတ္တဟုစွဲယူမှုတည်းဟူ သော 'အတ္တစွဲ'သည် ဖြစ်ပေါ်၍လာခဲ့သည်ရှိသော်၊ ထိုထင်ရှား ရှိဆဲဖြစ်သောသက္ကာယသည် (ဝါ) အဆင်းဓါတ်သည်ပင်ပုံဟန် အမူအရာ၊ လေးဒေါင့်၊ ရှစ်မြှောင့်၊ ဝိုင်းဝိုင်းဝန်းဝန်း၊ ရှည်ရှည် လျားလျားဖြစ်၏။ ထိုအဆင်းဓါတ်သည် သဏ္ဍာန်နိမိတ် ရှိ၏ဟု သဏ္ဍာန်ပညတ်အားဖြင့်၎င်း၊အပေါင်းအစုဖြစ်၏ဟူသော သမူဟ ပညတ်အားဖြင့်၎င်း၊ အစိုင်အခဲတည်းဟူသော=ဃနပညတ်အား ဖြင့်၎င်း၊ ၎င်းပညတ်တို့ဖြင့် သုံးသပ်သိမြင်သော အသိအမြင်သည် ဖြစ်ပေါ်၍ လာရပေသည်။ ၎င်းမှနောက်၌ မြင်ဘူး၊ ကြားဘူး တွေ့ဘူးသော အရာဝတ္ထု ဖြစ်ခဲ့ပါလျှင် ထိုအရာဝတ္ထု၏ ပုံပန်း သဏ္ဍာန် အမူအရာအပေါ် မူတည်၍ ဆုံးဖြတ်ပြီးလျှင်၊ 'ဤအရာ ဝတ္ထုသည်ကား ဤမည် - ဤမည်သော အမည် နာမရှိ၏' ဟု

နာမပညတ်ဖြင့် တင်စား၍ ခေါ်ဝေါ် သမုတ်အပ်သော 'နာမပညတ်' သည် ဖြစ်ပေါ်လာ၏။

အကယ်၍၊ ၎င်းအရာဝတ္ထုကို မြင်လည်းမမြင်ဘူးသေး၊ ကြားလည်း မကြားဘူးသေး၊ တွေ့လည်း မတွေ့ဘူးသေးသော အရာဝတ္ထု ဖြစ်ခဲ့ပါလျှင်-

ထိုအရာဝတ္ထုကို အမည်နာမတပ်၍ခေါ်ဆိုခြင်းငှာ မစွမ်းနိုင်တော့ပါ။ 'ဤမည်သောအရာဝတ္ထုဖြစ်ပါသည်' ဟူသောအမည်နာမ ပညတ်ကိုလည်း မသိနိုင်တော့ပါ။ ထို့ကြောင့်နာမ ပညတ်သည် နောက်မှဖြစ်ပေါ်လာရသော ပညတ်ဖြစ်ကြောင်း ထင်ရှားပေသည်။ မြင်ဆဲအဆင်း၏ ပုံပန်းသဏ္ဌာန်အပေါ် မူတည်၍ ဆုံးဖြတ်ချက်ချမှုမှ ဖြစ်ပေါ်လာ ပညတ် ဖြစ်ပါသည်၊ ထို့ကြောင့် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ မည်သူမည်ဝါ၊ ငါ စသည်တို့သည် ပညတ်တရားများသာလျှင် ဖြစ်ကြပါသည်။ ထင်ရှားရှိသော=သက္ကာယတရားအပေါ်၌ တင်စား၍၊ လူ၊ နတ်၊ ဗြဟ္မာ၊ မည်သူမည်ဝါ၊ ငါ စသည်ဖြင့် ပညတ်အနေနှင့်စွဲယူထားသောအစွဲဖြစ်ခြင်းကြောင့်ထိုအစွဲကို'ပညတ်စွဲ' ဟု ခေါ်ဆိုနိုင်ပါသည်။

ဤသို့လျှင် 'သက္ကာယဒိဋ္ဌိဖြစ်ပေါ်ပုံ'နှင့် ပညတ်အားဖြင့်စွဲယူသော 'ပညတ်စွဲ'တို့၏ဖြစ်ပေါ်လာပုံကို ပိုင်းပိုင်းခြားခြားသိထားရပေမည်၊ သို့မှသာလျှင် 'အစစ်အမှန်ဖြစ်သော သက္ကာယဒိဋ္ဌိ'နှင့် ယောကျ်ား၊ မိန်းမ၊ သတ္တဝါ၊ပုဂ္ဂိုလ်၊ငါစသည်တို့သည် သက္ကာယဒိဋ္ဌိပင်ဖြစ်ပါသည် ဟူသောအချက်များကို ဝေဖန် ပိုင်းခြားနိုင်

ပါလိမ့်မည်။ ၎င်းအချက်များကို ရှေ့အခဏ်းများတွင် ရှင်းလင်း ဖေါ်ပြထားပါသည်။ ဆက်လက်၍ရှုတော်မူကြပါ။

ဤကား သက္ကာယဒိဋ္ဌိမှတဆင့် သဿတနပညတ်၊ ၎င်းသဿတန ပညတ်နောက်မှ နာမပညတ်တို့ ဖြစ်ပေါ်လာကြရပုံကို ပြဆိုချက် ပင်တည်း။

ဤကဲ့သို့ထင်ရှားရှိသော သက္ကာယတရားအပေါ်၌ သက္ကာယ ဒိဋ္ဌိဖြစ်ပုံ၊ ၎င်းသက္ကာယဒိဋ္ဌိဖြစ်ပေါ်ပြီးနောက်၌ သဿတနပညတ် ဖြစ်ပုံ၊ ထိုနောက်မှတဖန်ထပ်၍ နာမပညတ် ဖြစ်ပေါ်လာရပုံတို့ ကို တခုစီတခုစီ ခွဲထုတ်၍ ရေးသားဖေါ်ပြရသော်လည်း အမှန် စင်စစ်မှာမူကား၊ ထိုသက္ကာယဒိဋ္ဌိ+သဿတနပညတ်+နာမပညတ် စသည်တို့၏ဖြစ်ပေါ်လာရမှုသည် စိတ္တနိယာမ၏ ဓမ္မတာသဘော အရ အလွန်လျင်မြန်လှပါသည်၊ "အဆင်းဓါတ်ပရမတ်" ကို မြင် လိုက်သည်နှင့် တပြိုင်နက်၊ ချက်ခြင်းပင် နောက်လိုက်ဖြစ်သော ပညတ်တို့သည် ထင်မြင်၍ လာကြရပါသည်။

ထိုသို့ သိမြင်ဆဲဖြစ်သော အဆင်းဓါတ် ပရမတ် အပေါ်၌ ဝိပဿနာဉာဏ် ဝင်စားဆဲခဏ၌သာလျှင် ထိုပညတ်တို့သည် ကင်းစင်လွင့်ပျောက်၍ သွားရပေသည်။ ဝိပဿနာ အာရုံမှ ကင်းလွတ်နေသော အခိုက်အတန့် များတွင် အတ္တဒိဋ္ဌိ(ဝါ) သက္ကာယဒိဋ္ဌိသည် ပြန်လည်၍ဖုံးလွှမ်းမြဲ ဖုံးလွှမ်းပြန်ပါသည်။

ဤဆင်းဓါတ်ကဲ့သို့ပင် ပစ္စုပ္ပန်ခဏ၌ ထင်ရှားရှိသော စက္ခု ဓါတ်–စက္ခုဝိညာဏဓါတ်တို့အပေါ်၌လည်း ဝိပဿနာဉာဏ်ဝင် စားမှု မရှိခဲ့ပါလျှင်၊ အတ္တဒိဋ္ဌိသည် ဖြစ်ပေါ်၍ လာရပေသည်။

သင်္ခါရနပညတ်+နာမပညတ် စသည်တို့လည်း ထပ်ဆင့်ပေါက်ဖွါး၍ လာရပေသည်။

ထိုသို့ သင်္ခါရနပညတ်+နာမပညတ် စသည့် ပညတ်စွဲတို့သည် ထပ်ဆင့်ပေါက်ဖွား၍ ဖြစ်ပေါ်လာခဲ့သည်ရှိသော်-

(က) ပုဂ္ဂိုလ်၊ သတ္တဝါ၏ခန္ဓာကိုယ်အတ္တဘောသည် အသက်ရှင်နေသမျှကာလပတ်လုံး အနှစ်တရာသော်၎င်း၊ တည်နေ၏။ အနှစ်ရှစ်ဆယ်သော်၎င်း တည်နေနိုင်၏။ ထိုခန္ဓာကိုယ်အတ္တဘောကြီးသည်၊ ၎င်းနှစ်အပိုင်းအခြားအတွင်း၌ ပျက်စီးခြင်းမရှိ၊ တည်ဘန့်၏။ ခိုင်မြဲ၏ဟု ထင်မှတ်စွဲယူခြင်းသည်၊ **"သမုတိရုပ်ကို အတ္တ"** ဟူ၍ စွဲယူသည်မည်၏။

(ခ) **အသက်ဇီဝိန်** ချုပ်ငြိမ်းသောအခါ၌ ဤခန္ဓာကိုယ်အတ္တဘောသည်၊ ပျက်စီး၍ သွားရပေသည်။ အသက်လိပ်ပြာဇီဝခေါ်သော= ဝိညာဏ်သည်ကား ပျက်စီးခြင်း မရှိ။ တဘဝမှတဘဝသို့ ကူးပြောင်းသွားလာ ကျက်စား၍နေ၏၊ ဘဝသစ်သို့ ပြောင်းရွှေ့သွားရ၏ဟု စွဲယူထင်မှတ်ခြင်းသည် **"သမုတိနာမ်ကို အတ္တ"** ဟူ၍ စွဲယူသည်မည်၏။

ဤသို့လျှင် ခန္ဓာငါးပါး၊ သင်္ခါရတရားတို့ အပေါ်၌ ထိုသဘောတရားတို့ကိုပင်-

(က) အနှစ်အသား+အထည်ခံ+ အမာခံ + ကိုယ်ထည်= အတ္တအားဖြင့် စွဲယူ၏။ ဤသို့စွဲယူခဲ့သည်ရှိသော် ထိုစွဲယူမှုမှ ထပ်ဆင့်၍-

(ခ) ပုံဟန်အမူအရာ+သင်္ကေတနိမိတ် အမျိုးမျိုးတို့ဖြင့် စွဲယူမှုတို့သည်၎င်း

(ဂ) ထိုပုံဟန်အမူအရာ+သင်္ကေတနိမိတ်တို့အပေါ်တွင် မူတည်၍ ပုဂ္ဂိုလ်၊ သတ္တဝါဟုခေါ်ဆိုအပ်သော အမျိုးမျိုးသော အမည်နာမပညတ်တို့သည်၎င်း၊ဖြစ်ပေါ်၍လာရကြောင်းကို အထက်၌ပြဆိုခဲ့ပြီးဖြစ်ပါသည်။ ၎င်းပညတ်အမျိုးမျိုးတို့၏ ဖြစ်ပေါ်လာရခြင်းမှာလည်း ထင်ရှားရှိသော=သင်္ခါယတရားတို့အပေါ်၌မှတ်မှားမှု=သညာဝိပလ္လာသ+အသိမှားမှု=စိတ္တဝိပလ္လာသ+အယူမှားမှု= ဒိဋ္ဌိဝိပလ္လာသတို့၏ အားပေးကူညီမှုကြောင့်ပင်ဖြစ်ပါသည်။ ပရမတ်ရုပ်အစစ်+နာမ်အစစ်တို့ကို ထိုးထွင်းသိမြင်နေဆဲ အခိုက်အတန့်၌၊ ထိုဝိပလ္လာသတရားတို့သည် ကူညီနိုင်စွမ်း၊ ဖြစ်ပေါ်နိုင်စွမ်းမရှိတော့ပေ။ ထို့ကြောင့် ထင်ရှားရှိသော ပရမတ္ထရုပ်အစစ်+နာမ်အစစ်၊ ခန္ဓာငါးပါး အစစ်အမှန်ကို ထိုးထွင်း သိမြင်ရန် လိုအပ်လှပေသည်။ ဤကဲ့သို့ ထိုးထွင်း သိမြင်နိုင်ကြစေရန် ဥပမာ+ဥပမေယျ တို့ဖြင့် ဆက်လက်၍ ဖော်ပြပါအုံးမည်။

ဥပမာ-သံဖြင့် ပြုလုပ်၍ထားသော "သံအိုး" ဟူသော ဝေါဟာရပညတ်တွင်-

သံ-သည် တပုဒ်

အိုး-သည် တပုဒ်ဖြစ်ပါသည်။

"သံ"သည် ထို-အိုး၏ အနှစ်အသား အထည်ခံ+အမှာခံ+ကိုဝ်ထည်ဖြစ်ပါသည်။

"ထိုသံ" ခိုင်သမျှကာလပတ်လုံး ထို-အိုးသည် ခိုင်ခန့်၏။

မြေဖြင့်ပြုလုပ်၍ထားအပ်သော မြေအိုး၌ ထို-မြေခိုင်ခန့်သမျှ ကာလပတ်လုံး ထိုအိုးသည် ခိုင်ခန့်၏။

ထို့ကြောင့်-

"သံ"ဟူသော သဒ္ဒါသည် ထို-အိုး၏ အထည်ခံ+အမှာခံ+ကိုဝ်ထည်ကိုဖော်ပြသောသဒ္ဒါဖြစ်ပါသည်။ သံ+အိုးဟု ဆိုထားခြင်းကြောင့် မြေ+အိုးမဟုတ်ကြောင်း၊ ဒံ+အိုးမဟုတ်ကြောင်း၊ သံအိုးသည်သာလျှင်ဖြစ်ကြောင်း သိရှိရပေသည်။

"အိုး"ဟူသောသဒ္ဒါသည် ဝိုင်းဝိုင်းဝန်းဝန်း-စောက်စောက် ပုံသဏ္ဍာန် နိမိတ်အပေါ် မှုတည်၍ ခေါ်ဝေါ် သမုတ်ထားအပ်သော အမည်နာမကိုဖော်ပြသော သဒ္ဒါဖြစ်ပါသည်။ သံ-ကို ပုဂံပြားပုံသဏ္ဍာန်ဝိုင်းဝိုင်း+ပြားပြားပြုလုပ်၍ထားခဲ့လျှင်၊ ၎င်းဝိုင်းဝိုင်း+ပြားပြားပုံသဏ္ဍာန်နိမိတ်ကို ထောက်ရှု၍ "သံ+ပုဂံပြား" ဟူ၍ ခေါ်ဆိုရပေမည်။ ၎င်းသံ+ပုဂံပြားနှင့် ပုံသဏ္ဍာန်ခြင်းမတူ၊ တမူထူးခြားကွဲပြား၍ နေခြင်းကြောင့်သာလျှင် ထို-ဝိုင်းဝိုင်းဝန်းဝန်း၊ စောက်စောက် ပုံသဏ္ဍာန်ကို "အိုး" ဟူ၍ ခေါ်ဝေါ်ကြရပေသည်။ ထို့ကြောင့်"အိုး"ဟူသော သဒ္ဒါသည် ပုံသဏ္ဍာန်နိမိတ်ကို ဖော်ပြသောသဒ္ဒါပင် ဖြစ်ပါသည်၊

ထို"အိုး" ဟူသော အမည်နာမဝေါဟာရသည် စစ်မှန်သော ဝေါဟာရမဟုတ်ပေ။ ပြောင်းလဲတတ်သော အမည်နာမများသာ

လျှင် ဖြစ်ပါသည်။ "သံ"+"အိုး" ကို အရေကြိုရာ၌ ထို "သံ" အရည်ပျော်သွားခဲ့သည်ရှိသော် "အိုး" ဟူသောအမည်နာမသည် မရှိတော့ပေ။ ပြောင်းလဲ၍သွားရပေသည်။ သံ+တုံးသံ+ခဲ ဟူသော အမည်ပညတ်သို့ရောက်ရ၏။

"သံ"တည်းဟူသောအနှစ်အသား+အထည်ခံ+အမာခံသည် ကား ပြောင်းလဲခြင်းမရှိပေ။ "အိုး" ဟူသောအမည်နာမပညတ် စဉ်ကလည်း "သံ" ပင် ဖြစ်၏။ သံ+တုံးသံ+ခဲဟူသော အမည် နာမသို့ပြောင်းလဲ၍သွားစဉ်၌လည်း "သံ"ပင် ဖြစ်၏။

ထို့ကြောင့် သံ+အိုး၊ သံ+ခွက်၊ သံ+တုံး၊ သံ+ခဲ အစရှိ သောပညတ်တို့၌၊အိုး-ခွက်-အတုံး-အခဲဟူသမျှတို့သည်ပြောင်း လဲတတ်သော အမည်နာမပညတ်များသာလျှင် ဖြစ်ကြပါသည်။

"သံ"မှာမူကား အနှစ်အသား+အထည်ခံ+အမာခံကိုင်ထည် ဖြစ်ခြင်းကြောင့် ပြောင်းလဲခြင်းမရှိပေ။

၎င်းဥပမာ+ဥပမေယျတို့ကိုဆက်စပ်၍ဖော်ပြပါအံ့မည်။

ခန္ဓာငါးပါး သက္ကာယတရားတို့အပေါ်တွင် အတ္တအားဖြင့် ရှုခြင်းကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါဟု ထင်မြင်ယူဆရာတွင်—

၁။ "သံ" နှင့် "ထင်ရှားရှိသော ခန္ဓာငါးပါး= သက္ကာယ တရား"တို့သည် တူကြကုန်၏။

၂။ ၎င်းသံကိုပင် အနှစ်အသား+အထည်ခံ+အမာခံဟုမှတ် ယူသကဲ့သို့၊ ခန္ဓာငါးပါး "သက္ကာယတရား" တို့ကိုပင် "အတ္တ" ဟူ၍ ရှုခြင်းနှင့်တူ၏။

၃။ "အိုး" ဟူသောဝေါဟာရနှင့် "ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ဝက်၊ ငှက်၊တိရစ္ဆာန်၊"စသည်တို့ဖြင့် ခေါ်ဝေါ်သမုတ်၍ထားအပ်သောအမည်"နာမပညတ်" သည်တူ၏။

ပုဂ္ဂိုလ်၊ သတ္တဝါဟူသည်မှာ "သံ" နှင့်တူသော "ထင်ရှား ရှိသောခန္ဓာငါးပါး သင်္ခါရတရား" တို့အပေါ်၌ ထိုသင်္ခါရ တရားတို့သည် အနှစ်အသား+အထည်ခံ+အမာခံဖြစ်၏ဟု အတ္တ အားဖြင့် စွဲယူမှုဒိဋ္ဌိဖြစ်ခြင်းကြောင့်ဖြစ်ပေါ်၍လာရသောအမည် နာမ ပညတ်များသာလျှင်ဖြစ်ကြပါသည်၊ ထိုအမည် နာမပညတ် တို့သည် စင်စစ်ကေန် အမှန်ရှိသော တရားများမဟုတ်ကြပါ။ ခန္ဓာငါးပါး သင်္ခါရတရားတို့ အပေါ်၌ ဝိပဿနာ အာရုံကို ဝင်စားခြင်းအားဖြင့်စူးစမ်းရှာဖွေသည်ရှိသော် ပုဂ္ဂိုလ်၊ သတ္တဝါ စသည်တို့ကို မတွေ့မမြင်ရပါ။ ဝိပဿနာဉာဏ်ဖြင့် တွေ့ထိသိမြင် ရသည်မှာ ခန္ဓာငါးပါး သင်္ခါရတရားပင် ဖြစ်ပါသည်။ ထို့ ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါတို့သည် မှတ်ကျောက်အတင်ခံသော ရွှေအစစ်ကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် စူးစမ်းရှာဖွေခြင်းကို ခံနိုင် ရည်ရှိသောတရားများမဟုတ်ကြပါ။ "အိုး" ဥပမာကဲ့သို့ပညတ် တရားများသာလျှင် ဖြစ်ကြပါသည်။ ပညတ်ဆိုသည်မှာ ထင်ရှား ရှိသော ပရမတ္ထတရားအပေါ်၌ အမည်နာမအားဖြင့် တင်စား၍ ခေါ်ဝေါ်သမုတ်ထားအပ်သော ပညတ်များသာလျှင်ဖြစ်ကြပါ သည်။ အဟုတ်ရှိ၊ အမှန်ရှိ၊ ထင်ရှားရှိသော သဘောမှာ ခန္ဓာ ငါးပါး သင်္ခါရတရားများ သာလျှင် ဖြစ်ကြပါသည်၊

"သံ+အိုး"ဟု ခေါ်ဆိုရသကဲ့သို့ "သင်္ခါယတရားကိုပင်+သမုတိ သစ္စာအလိုအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ" ဟုခေါ်ဆိုရပေသည်။

ရှင်းကိုထပ်ခလောင်း၍ ရှင်းလင်းဖေါ်ပြပါအုံးမည်။

"သံ" ဥပမာနှင့်တူသော "ခန္ဓာငါးပါး ပရမတ္ထတရား"တို့ သည် ထင်ရှားရှိသော သဘောတရား များ ဖြစ် ခြင်း ကြောင့် "သင်္ခါယတရား" ဟူ၍ခေါ်ဆိုပါသည်။

(က) ထိုသံသည်ပင်လျှင် အနှစ်အသား+အထည်ခံ+အမာခံဟု ရှုသကဲ့သို့ -
ဒိဋ္ဌိဝိပလ္လာသ၏ လှည့်စားမှုကြောင့်–
ခန္ဓာငါးပါး သင်္ခါယတရား တို့အပေါ်၌ ထိုသဘော တရားတို့သည် အနှစ်အသား+ အထည်ခံ+ အမာခံရှိ၏။ ခိုင် မြဲ ၏၊ တည် တန့် ၏။ မိမိအလိုသို့လိုက်၏။ မိမိအလို အတိုင်းပြီးစီးစေနိုင်၏။ ဤသို့ "အတ္တ" အားဖြင့် စွဲယူမှု သည် ဖြစ်ပေါ်၍လာရ၏၊ ထိုသို့စွဲယူခြင်းသည် "အတ္တ ဒိဋ္ဌိ"မည်၏။
ထို့နောက် သညာဝိပလ္လာသနှင့်စိ တ္တ ဝိ ပ လ္လာ သ တို့၏ အားပေးကူညီမှုကြောင့်-

(ခ) ထိုအတ္တဒိဋ္ဌိမှ တဖန်ထပ်ဆင့်၍ ထိုခန္ဓာငါးပါး သင်္ခါယ တရားတို့၏အပေါ်၌ ထိုသင်္ခါယတရားတို့သည် အမျိုး မျိုးသော ပုံပန်းအမူအရာ+သဏ္ဌာန်နိမိတ် ရှိကြကုန်၏ဟု စွဲယူမှုသည် ဖြစ်ပေါ်၍လာရပေသည်။

(ဂ) ထိုပုံသဏ္ဌာန် နိမိတ်တို့ကို ထောက်ရှု၍၊ အမျိုးမျိုးသော အမည်နာမပညတ်တို့သည် ဖြစ်ပေါ်၍လာကြရပါသည်။

ဤသည်ကား မိမိတို့၏သဏ္ဌာန်၌ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်၍ လာရပုံနှင့် ပညတ်စွဲဖြစ်သော သဏ္ဌာန်ပညတ် + နာမပညတ် တို့၏ ဖြစ်ပေါ်လာရပုံကို ပြဆိုချက်ပင်တည်း။

## အမေးပုစ္ဆာအပိုဒ် (၃)

၃။ သက္ကာယဒိဋ္ဌိ စွဲယူပုံအခြင်းအရာနှစ်ဆယ်ကို ပဋိသမ္ဘိဒါ မဂ်ပါဠိတော်မြန်မာပြန် အတ္တာနုဒိဋ္ဌိအကျယ်ပြခြင်း (နှာ ၁၇၈) မှ ထုတ်နုတ်၍ ပေါ်ပြပါအံ့မည်။

အတ္တသို့ အစဉ်လျှောက်သော ဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာနှစ်ဆယ်တို့ဟူသည် အဘယ်နည်း။

ဤလောက၌အရိယာပုဂ္ဂိုလ်တို့ကိုဉာဏ်ဖြင့်မြင်လေ့မရှိသော၊ အရိယာတို့တရား၌ မကျွမ်းကျင်သော၊ အရိယာတို့၏ တရား၌ မယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော၊ သူတော်ကောင်းတို့၏တရား၌ မကျွမ်းကျင်သော၊ အကြားအမြင် မရှိသော ပုထုဇဉ်သည်–

၁။ ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏။
ရုပ်ရှိသောအတ္တကိုလည်း အဖန်ဖန်ရှု၏။
အတ္တ၌ ရုပ်ကိုလည်းအဖန်ဖန်ရှု၏။
ရုပ်၌အတ္တကိုလည်း အဖန်ဖန်ရှု၏၊

၂။ (က) ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။
(ခ) ဝေဒနာရှိသော အတ္တကိုလည်း အဖန်ဖန်ရှု၏။
(ဂ) အတ္တ၌ ဝေဒနာကိုလည်း အဖန်ဖန်ရှု၏။
(ဃ) ဝေဒနာ၌အတ္တကိုလည်း အဖန်ဖန်ရှု၏။

၃။ သညာကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏။
သညာရှိသောအတ္တကိုလည်း အဖန်ဖန်ရှု၏။
အတ္တ၌ သညာကိုလည်း အဖန်ဖန်ရှု၏။
သညာ၌အတ္တကိုလည်း အဖန်ဖန်ရှု၏။

၄။ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။
သင်္ခါရတို့ရှိသောအတ္တကိုလည်း အဖန်ဖန်ရှု၏။
အတ္တ၌ သင်္ခါရတို့ကိုလည်း အဖန်ဖန်ရှု၏။
သင်္ခါရတို့၌အတ္တကိုလည်း အဖန်ဖန်ရှု၏။

၅။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။
ဝိညာဏ်ရှိသော အတ္တကိုလည်း အဖန်ဖန်ရှု၏။
အတ္တ၌ဝိညာဏ်ကိုလည်း အဖန်ဖန်ရှု၏။
ဝိညာဏ်၌အတ္တကိုလည်း အဖန်ဖန်ရှု၏။

ဤအတ္တနုဒိဋ္ဌိနှစ်ဆယ်ကို လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် အကျဉ်းချုံး၍ ဖော်ပြပါမည်။

၁။ ရုပ်ကိုအတ္တ ၁။ ( )ကိုအတ္တ
၂။ ရုပ်ရှိသောအတ္တ ၂။ ( )ရှိသောအတ္တ
၃။ အတ္တ၌ရုပ် ၃။ အတ္တ၌ ( )
၄။ ရုပ်၌အတ္တ ၄။ ( ) ၌ အတ္တ

ကွင်းဖွင့် ကွင်းပိတ်အတွင်း၌ ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဉ် တို့ကို ထည့်သွင်း၍ ရွတ်ဆိုပါ။

ခန္ဓာငါးပါးရှိရာတွင် ခန္ဓာတပါးပါးအပေါ်၌ အတ္တအားဖြင့် စွဲယူမှု အခြင်းအရာလေးပါးရှိသောကြောင့် ခန္ဓာငါးပါးကိုလေး ပါးနှင့် မြှောက်လျှင် အတ္တဒိဋ္ဌိ နှစ်ဆယ်ဖြစ်ပါသည်။

ခန္ဓာအမှတ်စဉ်- ၁၊ အခြင်းအရာအမှတ်စဉ်-၁။

အဘယ်သို့လျှင် ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

တောက်လောင် နေသော ဆီမီးမှ မီးလျှံသည် အဆင်း ( )ပေတည်း။ အဆင်းသည် မီးလျှံပေတည်းဟု မီးလျှံကို ၎င်း၊ အဆင်းကို၎င်းနှစ်ခုမထား၊ အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့၊ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည်၊ ပထဝီ က သိုဏ်းကို(စသည့်ရုပ်တို့ကို) အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "ပထဝီ ကသိုဏ်းသည်ငါတည်း" ငါသည် ပထဝီကသိုဏ်းတည်း "ဟုပထဝီ ကသိုဏ်းကို၎င်း၊ အတ္တကို၎င်း နှစ်ခုမထား၊ အပြားမရှိ၊အဖန်ဖန် ရှု၏။ ဤသို့ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။

ဤကား ရုပ်ကို အတ္တအားဖြင့်စွဲယူခြင်းတည်း။

ခန္ဓာအမှတ်စဉ်-၂၊ အခြင်းအရာအမှတ်စဉ်-၁။

အဘယ်သို့လျှင် ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

တောက်လောင်နေသော ဆီမီး၏ မီးလျှံသည်၊ အဆင်းတည်း၊ အဆင်းသည်မီးလျှံတည်းဟုမီးလျှံကိုငှင်း၊ အဆင်းကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့၊ ဤအတူပင်ဤလောကဌ် အချို့သောသူသည်မနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာသည် ငါတည်း။ ထိုငါသည် မနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာတည်း" ဟုမနောသမ္ဖဿကြောင့်ဖြစ်သောဝေဒနာကိုငှင်း၊အတ္တကိုငှင်း နှစ်ခုမထားအပြားမရှိ၊ အဖန်ဖန်ရှု၏။ ဤသို့ ဝေဒနာကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏။

(ဤကား ဝေဒနာနာမ်တရားကို အတ္တဟူ၍ စွဲယူခြင်းတည်း)

ခန္ဓာအမှတ်စဉ်-၃၊ အခြင်းအရာအမှတ်စဉ်-၁။

အဘယ်သို့လျှင် သညာကိုအတ္တအားဖြင့်အဖန်ဖန်ရှုသနည်း။

တောက်လောင်နေသော ဆီမီး၏ မီးလျှံသည် အဆင်းတည်း အဆင်းသည် မီးလျှံတည်းဟု မီးလျှံကိုငှင်း အဆင်းကိုငှင်း နှစ်ခု မထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင်- ဤလောကဌ် အချို့သောသူသည် မနောသမ္ဖဿကြောင့်ဖြစ်သော သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။

"မနောသမ္ဖဿကြောင့် ဖြစ်သော သညာသည် ငါတည်း၊ ငါ သည် မနောသမ္ဖဿကြောင့် ဖြစ်သော သညာတည်း"ဟု မနော သမ္ဖဿကြောင့် ဖြစ်သော သညာကိုငင်း၊ အတ္တကိုငင်း၊ နှစ်ခု မထား အပြားမရှိ အဖန်ဖန်ရှု၏။ (ဤကား သညာနာမ် တရား ကို အတ္တဟူ၍ စွဲယူခြင်းတည်း။)

## ခန္ဓာအမှတ်စဉ်–၄၊ အခြင်းအရာအမှတ်စဉ်– ၁။

အဘယ်သို့လျှင် သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု သနည်း။

တောက်လောင်နေသော ဆီမီး၏မီးလျှံသည် အဆင်းတည်း အဆင်းသည် မီးလျှံတည်းဟု မီးလျှံကိုငင်း အဆင်းကိုငင်း၊ နှစ်ခု မထား အပြားမရှိ အဖန်ဖန် ရှုသကဲ့သို့–

ဤအတူသာလျှင် –ဤလောက၌ အချို့သောသူသည် မနော သမ္ဖဿကြောင့် ဖြစ်သောစေတနာကို အတ္တအားဖြင့် အဖန်ဖန် ရှု၏။ "မနောသမ္ဖဿကြောင့်ဖြစ်သော စေတနာသည် ငါတည်း၊ ငါသည် မနောသမ္ဖဿကြောင့် ဖြစ်သော စေတနာတည်းဟု" =မနောသမ္ဖဿကြောင့် ဖြစ်သော စေတနာကိုငင်း၊ အတ္တကိုငင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

ဤသို့ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။

(ဤကား သင်္ခါရက္ခန္ဓာ နာမ်တရားကို အတ္တဟူ၍ စွဲယူ ခြင်းတည်း)

**ခန္ဓာအမှတ်စဉ်-၅၊ အခြင်းအရာအမှတ်စဉ်-၁။**

အဘယ်သို့လျှင် ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန် ရှုသနည်း။

တောက်လောင်နေသော ဆီမီး၏ မီးလျှံသည် အဆင်းတည်း၊ အဆင်းသည် မီးလျှံတည်းဟု မီးလျှံကိုလည်း၊ အဆင်းကိုလည်း နှစ်ခု မထား အပြားမရှိ အဖန်ဖန် ရှုသကဲ့သို့-

ဤအတ္တသာလျှင်- ဤလောက၌ အချို့သောသူသည် မနောဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "မနောဝိညာဏ်သည် ငါတည်း၊ ငါသည်မနောဝိညာဏ်တည်း" ဟုမနောဝိညာဏ်ကိုလည်း၊ အတ္တကိုလည်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏ ဤသို့ ဝိညာဏ်ကို အတ္တ အားဖြင့် အဖန်ဖန်ရှု၏။ (ဤကား ဝိညာဏ်နာမ်တရားကို အတ္တဟူ၍ စွဲယူခြင်းတည်း။)

**ခန္ဓာအမှတ်စဉ်- ၁၊ အခြင်းအရာအမှတ်စဉ်-၂။**

အဘယ်သို့လျှင် ရိပ်ရှိသော အတ္တကို အဖန်ဖန် ရှုသနည်း။

သစ်ပင်သည် အရိပ်နှင့် ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် "ဤသည်ကား သစ်ပင်တည်း၊ ဤသည်ကား အရိပ်တည်း၊ သစ်ပင်သည် တခြားတည်း၊ အရိပ်သည် တခြားတည်း၊ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏" ဟု ဆိုရာ၏။ ဤသို့ အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန် ရှုသကဲ့သို့-

ဤအတ္တသာလျှင်-ဤလောက၌ အချို့သောသူသည်ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကိုအတ္တအားဖြင့် အဖန်ဖန်

ရှု၏။ ထိုပုဂ္ဂိုလ်အား ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏အတ္တတည်း၊ ငါ၏ထို (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော) အတ္တသည် ဤရုပ်ဖြင့် ရုပ်ရှိ၏ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ ရုပ်ရှိသောအတ္တကို အဖန်ဖန် ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာတွင် အရိပ်သည် ရုပ်နှင့်တူ၏။ သစ်ပင်သည် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့အပေါင်း စွဲယူသော အတ္တနှင့်တူ၏။ အရိပ်တည်းဟူသောရုပ်သည် တခြား တည်း၊ သစ်ပင်တည်းဟူသော ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ် သည် တခြားတည်း။ ရုပ်ကို အတ္တအားဖြင့် မစွဲမူ၍၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် နာမ်တရားလေးပါးတို့ကို အတ္တအား ဖြင့် စွဲယူ၏။ အရိပ်ရှိသောသစ်ပင်ကို ရှုသကဲ့သို့ ရုပ်ရှိသော အတ္တ တည်းဟု နာမ်တရားလေးပါးတို့ အပေါင်း၊ အတ္တဟူ၍ရှု၏၊ ဤ ကား ရုပ်တရားမှတပါး နာမ်တရားလေးပါးတို့အပေါင်း အတ္တဟု စွဲယူခြင်းတည်း။

### ခန္ဓာအမှတ်စဉ်-၂၊ အခြင်းအရာအမှတ်စဉ်-၂။

အဘယ်သို့လျှင် ဝေဒနာရှိသောအတ္တကို အဖန်ဖန်ရှုသနည်း။

သစ်ပင်သည် အရိပ်နှင့်ပြည့်စုံသည် ဖြစ်ရာ၏။ ထိုသစ်ပင်ကို ယောကျ်ားသည် "ဤကားသစ်ပင်တည်း၊ ဤကားအရိပ်တည်း၊ သစ်ပင်သည်တခြား၊ အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့်အရိပ်ရှိ၏" ဟုဆိုရာ၏။ ဤသို့အရိပ်ရှိသော သစ်ပင် ကိုအဖန်ဖန်ရှုသကဲ့သို့၊ ဤအတူသာလျှင် ဤလောက၌အချို့သော သူသည် သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို၊ ရုပ်ကိုအတ္တအား

ဖြင့်အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်သည် ငါ၏အတ္တတည်း၊ ငါ၏ထို (သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟူသော) အတ္တသည် ဤဝေဒနာဖြင့် ဝေဒနာရှိ၏ဟု စိတ်အကြံဖြစ်၏။ ဤသို့ ဝေဒနာရှိသောအတ္တကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဉပမာတွင် အရိပ်သည် ဝေဒနာနှင့်တူ၏၊ သစ်ပင်သည် သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်တို့အပေါ်၌ စွဲယူသော အတ္တနှင့်တူ၏။ အရိပ်တည်းဟူသော ဝေဒနာသည် တခြားတည်း။ သစ်ပင်တည်းဟူသော သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်သည်တခြားတည်း၊ ဝေဒနာအပေါ်၌ အတ္တအားဖြင့် မစွဲမူ၍ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်တရားတို့အပေါ်၌ အတ္တအားဖြင့် စွဲယူ၏။ အရိပ်ရှိသောသစ်ပင်ကိုရှုသကဲ့သို့ ဝေဒနာရှိသော အတ္တတည်းဟု သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်တို့အပေါ်၌ အတ္တဟူ၍ ရှု၏။

ဤကား ဝေဒနာမှတပါး ကျန်နာမ်ရုပ်တရား လေးပါးလုံး အပေါ်တွင် အတ္တဟုစွဲယူခြင်းတည်း။

### ခန္ဓာအမှတ်စဉ်-၃၊ အခြင်းအရာအမှတ်စဉ်-၂။

အဘယ်သို့လျှင် သညာရှိသောအတ္တကို အဖန်ဖန်ရှုသနည်း။ သစ်ပင်သည် အရိပ် နှင့် ပြည့် စုံ သည် ဖြစ် ရာ ၏၊ ထို သစ် ပင် ကို ယောကျ်ားသည်၊ "ဤကားသစ်ပင်တည်း၊ ဤကားအရိပ်တည်း၊ သစ်ပင်သည်တခြား၊ အရိပ်သည်တခြားတည်း၊ ထိုသစ်ပင်သည်၊ ဤအရိပ်ဖြင့်အရိပ်ရှိ၏" ဟုဆိုရာ၏။ ဤသို့အရိပ်ရှိသောသစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့-ဤအတူသာလျှင် ဤလောက၌ အချို့သော

သူသည် သင်္ခါရတို့ကို၊ ဝိညာဏ်ကို၊ ရုပ်ကို၊ ဝေဒနာကို၊ အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာသည် ငါ၏အတ္တတည်း၊ ငါ၏ထို (သင်္ခါရ၊ ဝိညာဏ် ရုပ်၊ ဝေဒနာ) ဟူသောအတ္တသည် ဤသညာဖြင့် သညာရှိ၏" ဟု စိတ်အကြံဖြစ်၏။ ဤသို့သညာရှိသောအတ္တကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာတွင် အရိပ်သည် သညာနှင့်တူ၏။ သစ်ပင်သည် သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာတို့အပေါင်း စွဲယူသော အတ္တနှင့်တူ၏။ အရိပ်တည်း ဟူသော သညာသည် တခြားတည်း၊ သစ်ပင်တည်း ဟူသော သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာတို့သည်တခြားတည်း၊ သညာကို အတ္တအားဖြင့် မစွဲမူ၍ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဝေဒနာတို့အပေါင်း အတ္တအားဖြင့် စွဲယူ၏။ အရိပ်ရှိသောသစ်ပင်ကိုရှုသကဲ့သို့ သညာရှိသော အတ္တတည်း ဟူသော သင်္ခါရဝိညာဏ်၊ ရုပ်၊ ဝေဒနာတို့အပေါင်း အတ္တဟူ၍ ရှု၏။

ဤကား သညာမှတပါး နာမ်ရုပ်တရား လေးပါးလုံးအပေါ်တွင် အတ္တဟုစွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၄၊ အခြင်းအရာအမှတ်စဉ်-၂။

အဘယ်သို့လျှင် သင်္ခါရရှိသောအတ္တကို အဖန်ဖန်ရှုသနည်း။

သစ်ပင်သည် အရိပ်နှင့် ပြည့်စုံသည်ဖြစ်ရာ၏။ ထိုသစ်ပင်ကို ယောကျ်ားသည် "ဤကားသစ်ပင်တည်း၊ ဤကားအရိပ်တည်း၊ သစ်ပင်သည်တခြား အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည်

ဤအရိပ်ဖြင့်အရိပ်ရှိ၏” ဟု ဆိုရာ၏။ ဤသို့အရိပ်ရှိသောသစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင်-ဤလောက၌ အချို့သောသူသည်ဝိညာဏ်ကို၊ ရုပ်ကို၊ ဝေဒနာကို၊ သညာကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား “ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏ အတ္တတည်း၊ ငါ၏ထို (ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊သညာဟူသော) အတ္တသည် သင်္ခါရတို့ဖြင့် သင်္ခါရရှိ၏” ဟု စိတ်အကြံဖြစ်၏။ ဤသို့ သင်္ခါရရှိသောအတ္တကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာတွင် အရိပ်သည် သင်္ခါရနှင့်တူ၏။ သစ်ပင်သည် ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတို့အပေါ်၌ စွဲယူသောအတ္တနှင့်တူ၏။ အရိပ်တည်းဟူသော သင်္ခါရသည်တခြားတည်း။ သစ်ပင်တည်းဟူသော ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် တခြားတည်း၊ သင်္ခါရကို အတ္တအားဖြင့်မစွဲမူ၍၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတရားတို့အပေါ်၌ အတ္တအားဖြင့် စွဲယူ၏။ အရိပ်ရှိသောသစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ သင်္ခါရရှိသော အတ္တတည်းဟု ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတို့အပေါ်၌ အတ္တဟူ၍ရှု၏၊ ဤကား သင်္ခါရမှတပါး နာမ် ရုပ်လေးပါးလုံးအပေါ်တွင် အတ္တဟု စွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၅၊ အခြင်းအရာအမှတ်စဉ်-၂။

အဘယ်သို့လျှင် ဝိညာဏ်ရှိသောအတ္တကို အဖန်ဖန်ရှုသနည်း။

သစ်ပင်သည် အရိပ်နှင့်ပြည့်စုံသည် ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် “ဤကားသစ်ပင်တည်း၊ ဤကားအရိပ်တည်း၊

သစ်ပင်သည်တခြား၊ အရိပ်သည်တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့်အရိပ်ရှိ၏''ဟု ဆိုရာ၏။ ဤသို့အရိပ်ရှိသောသစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သော သူသည် ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကိုအတ္တ၊ အားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား ''ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် ငါ၏အတ္တတည်း၊ ငါ့၏ထို (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော) အတ္တသည် ဤဝိညာဏ်ဖြင့် ဝိညာဏ်ရှိ၏''ဟု စိတ်အကြံဖြစ်၏။ ဤသို့ ဝိညာဏ်ရှိသောအတ္တကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာတွင် အရိပ်သည်ဝိညာဏ်နှင့်တူ၏၊ သစ်ပင်သည် ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါရတို့အပေါ်၌ စွဲယူသောအတ္တနှင့်တူ၏။ အရိပ်တည်းဟူသော ဝိညာဏ်သည် တခြားတည်း၊သစ်ပင်တည်းဟူသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် တခြားတည်း၊ ဝိညာဏ်ကို အတ္တအားဖြင့် မစွဲမူ၍ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပေါ်၌ အတ္တအားဖြင့် စွဲယူ၏။ အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဝိညာဏ်ရှိသောအတ္တတည်းဟု ရုပ် ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပေါ်၌ အတ္တဟူ၍ရှု၏။

ဤကား ဝိညာဏ်မှတပါး ကျန် နာမ်ရုပ်လေးပါးလုံးအပေါ်တွင် အတ္တဟု စွဲယူခြင်းတည်း။

**ခန္ဓာအမှတ်စဉ်-၁။ အခြင်းအရာအမှတ်စဉ်-၃။**

အဘယ်သို့လျှင် အတ္တ၌ရုပ်ကို အဖန်ဖန်ရှုသနည်း။

**ပန်းသည် အနံ့နှင့် ပြည့်စုံသည် ဖြစ်ရာ၏။ ထိုပန်းကို**

ယောကျ်ားသည် "ဤကား ပန်းတည်း၊ ဤကား အနံ့တည်း၊ ပန်းသည် တခြားတည်း၊ အနံ့သည်တခြားတည်း၊ ထိုအနံ့သည် ဤပန်း၌တည်၏" ဟု ဆိုရာ၏။ ဤသို့ပန်း၌ အနံ့ကို အဖန်ဖန် ရှုသကဲ့သို့-

ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည်ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏ အတ္တတည်း၊ ဤ(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော) အတ္တ၌ ဤရုပ်တည်၏" ဟု စိတ်အကြံဖြစ်၏။ ဤသို့အတ္တ၌ ရုပ်ကို အဖန်ဖန်ရှု၏။

ရှင်းလင်းချက်။ ။ဤဥပမာတွင် ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ အပေါ်၌ စွဲယူသော အတ္တသည် ပန်းနှင့်တူ၏။ အနံ့သည် ရုပ်နှင့်တူ၏။ ပန်းတည်းဟူသောဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟု ဆိုအပ်သောအတ္တသည် တခြားတည်း။

အနံ့တည်းဟူသောရုပ်သည် တခြားတည်း၊ ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ် တည်းဟူသောအတ္တ၌ ရုပ်သည်တည်၏ဟု စိတ်အကြံဖြစ်၏။ ထိုပုဂ္ဂိုလ်အား ရုပ်ကို အတ္တအားဖြင့် မစွဲယူမူ၍ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ခန္ဓာလေးပါးတို့ကို အတ္တအားဖြင့် စွဲယူ၏။

ဤကား နာမ်တရားလေးပါး အပေါ်၌ အတ္တဟု စွဲယူခြင်း တည်း။

## ခန္ဓာအမှတ်စဉ်-၂။ အခြင်းအရာအမှတ်စဉ်-၃။

### အဘယ်သို့လျှင်အတ္တ၌ ဝေဒနာကိုအဖန်ဖန်ရှုသနည်း။

ပန်းသည် အနံ့နှင့် ပြည့်စုံသည် ဖြစ်ရာ၏။ ထိုပန်းကို ယောကျ်ားသည်"ဤကားပန်းတည်း၊ ဤကားအနံ့တည်း၊ ပန်းသည်တခြား၊ အနံ့သည်တခြားတည်း၊ ထိုအနံ့သည် ဤပန်း၌တည်၏"ဟု ဆိုရာ၏။ ဤသို့ပန်း၌ အနံ့ကို အဖန်ဖန် ရှုသကဲ့သို့-

ဤအတူပင် ဤလောက၌ အချို့သောသူသည် သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို၊ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်သည် ငါ၏ အတ္တတည်း။ ဤ(သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟူသော)အတ္တ၌ ဤဝေဒနာတည်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ အတ္တ၌ဝေဒနာကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာတွင် သညာ၊ သင်္ခါရ၊ဝိညာဏ်၊ ရုပ်တို့အပေါ်၌ စွဲယူသော အတ္တသည် ပန်းနှင့်တူ၏၊ အနံ့သည် ဝေဒနာနှင့်တူ၏။ ပန်းတည်းဟူသော သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟု ဆိုအပ်သောအတ္တသည် တခြားတည်း၊ အနံ့နှင့် တူသော ဝေဒနာသည်တခြားတည်း၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်တည်းဟူသောအတ္တ၌ ဤဝေဒနာသည်တည်၏ဟု စိတ်အကြံဖြစ်၏။ ထိုပုဂ္ဂိုလ်အား ဝေဒနာကိုအတ္တအားဖြင့် မစွဲယူမူ၍ သညာ၊သင်္ခါရ၊ ဝိညာဏ်၊ ရုပ်တရားတို့အပေါ်၌ အတ္တအားဖြင့် စွဲယူ၏။

ဤကား ဝေဒနာကို ချန်လှပ်၍ နာမ်ရုပ်တရားလေးပါးလုံး အပေါ်၌ အတ္တဟု စွဲယူခြင်းတည်း။

ခန္ဓာအမှတ်စဉ်-၃။ အခြင်းအရာအမှတ်စဉ်-၃။

အဘယ်သို့လျှင် အတ္တ၌သညာကို အဖန်ဖန်ရှုသနည်း။

ပန်းသည် အနံ့နှင့် ပြည့်စုံသည် ဖြစ်ရာ၏။ ထိုပန်းကို ယောကျ်ားသည် "ဤကားပန်းတည်း၊ ဤကားအနံ့တည်း၊ ပန်းသည်တခြား၊ အနံ့သည် တခြားတည်း၊ ထိုအနံ့သည် ဤပန်း၌တည်၏" ဟု ဆိုရာ၏။ ဤသို့ ပန်း၌အနံ့ကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် သင်္ခါရတို့ကို၊ ဝိညာဏ်ကို၊ ရုပ်ကို၊ ဝေဒနာကို၊ အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာ ငါ၏အတ္တတည်း၊ ဤ(သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟူသော) အတ္တ၌ ဤသညာသည် တည်၏" ဟု စိတ်အကြံဖြစ်၏။

ဤသို့အတ္တ၌ သညာကိုအဖန်ဖန်ရှု၏။

**ရှင်းလင်းချက်**။ ။ဤဥပမာတွင် သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာတို့အပေါ်၌စွဲယူသော အတ္တသည် ပန်းနှင့်တူ၏။ အနံ့သည်သညာနှင့်တူ၏။ ပန်းတည်းဟူသော သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟု ဆိုအပ်သော အတ္တသည်တခြားတည်း။ အနံ့တည်းဟူသော သညာသည်တခြားတည်း၊သင်္ခါရ၊ဝိညာဏ်၊ရုပ်၊ဝေဒနာတည်းဟူသော အတ္တ၌ ဤသညာသည် တည်၏ဟု စိတ်အကြံဖြစ်၏။

ထိုပုဂ္ဂိုလ်အား သညာကို အတ္တအားဖြင့် မစွဲယူမူ၍ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာတရားတို့အပေါ်၌ အတ္တအားဖြင့် စွဲယူ၏။

ဤကား သညာကို ချန်လှပ်၍ နာမ်ရုပ်တရား လေးပါးလုံး အပေါ်၌ အတ္တအားဖြင့် စွဲယူခြင်းတည်း။

**ခန္ဓာအမှတ်စဉ်-၄။ အခြင်းအရာအမှတ်စဉ်-၃။**

အဘယ်သို့လျှင် အတ္တ၌သင်္ခါရတို့ကို ရှုသနည်း။

ပန်းသည် အနံ့နှင့် ပြည့်စုံသည် ဖြစ်ရာ၏၊ ထို ပန်း ကို ယောကျ်ားသည် "ဤကားပန်းတည်း၊ ဤကားအနံ့တည်း၊ ပန်းသည်တခြား၊ အနံ့သည် တခြားတည်း၊ ထိုအနံ့သည် ဤပန်း၌ တည်၏" ဟု ဆိုရာ၏၊ ဤသို့ ပန်း၌အနံ့ကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည်ဝိညာဏ် ကို၊ ရုပ်ကို၊ ဝေဒနာကို၊ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏ အတ္တတည်း၊ ဤ(ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော)အတ္တ ၌ ဤသင်္ခါရ တို့သည် တည်ကုန်၏ဟု စိတ်အကြံ ဖြစ်၏၊ ဤသို့ အတ္တ၌ သင်္ခါရတို့ကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာတွင် ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတို့ **အ**ပေါ်၌ စွဲယူသောအတ္တသည် ပန်းနှင့်တူ၏။ အနံ့သည်သင်္ခါရ တို့နှင့် တူ၏၊ ပန်းတည်းဟူသော ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟုဆိုအပ်သော အတ္တသည်တခြားတည်း၊ အနံ့တည်းဟူသော သင်္ခါရတို့သည် တခြားတည်း၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတည်းဟူသောအတ္တ၌ သင်္ခါရတို့သည်တည်၏ဟု စိတ်အကြံဖြစ်၏။

ထိုပုဂ္ဂိုလ်အား သင်္ခါရတို့ကိုအတ္တအားဖြင့်မစွဲယူမူ၍ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတို့အပေါ်၌ အတ္တအားဖြင့်စွဲယူ၏။

ဤကား သင်္ခါရကို ချန်လှပ်၍ နာမ် ရုပ် တရားလေးပါးလုံး အပေါ်၌ အတ္တအားဖြင့် စွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၅။ အခြင်းအရာအမှတ်စဉ်-၃။

အဘယ်သို့လျှင် အတ္တ၌ဝိညာဏ်ကို အဖန်ဖန်ရှုသနည်း။

ပန်းသည်၊အနံ့နှင့်ပြည့်စုံသည်ဖြစ်ရာ၏။ထိုပန်းကိုယောကျ်ားသည် "ဤကား ပန်းတည်း၊ ဤကား အနံ့တည်း၊ ပန်းသည် တခြား၊ အနံ့သည်တခြားတည်း၊ ထိုအနံ့သည် ပန်း၌တည်၏" ဟု ဆိုရာ၏။ ဤသို့ပန်း၌ အနံ့ကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည်ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် ငါ၏ အတ္တတည်း၊ ဤ (ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရဟူသော) အတ္တ၌ ဤဝိညာဏ်သည်တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ အတ္တ၌ ဝိညာဏ်ကို အဖန်ဖန်ရှု၏။

ရှင်းလင်းချက်။ ။ဤဥပမာတွင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ အပေါ်၌ စွဲယူသော အတ္တသည် ပန်းနှင့်တူ၏၊ အနံ့သည် ဝိညာဏ်နှင့်တူ၏။ပန်းတည်းဟူသော ရုပ်၊ဝေဒနာ၊သညာ၊ သင်္ခါရဟု ဆိုအပ်သော အတ္တသည် တခြားတည်း၊ အနံ့တည်း

ဟူသော ဝိညာဏ်သည်တခြားတည်း၊ ရုပ်၊ ဝေဒနာ၊ သညာ သင်္ခါရ တည်းဟူသော အတ္တ၌ ဤဝိညာဏ်သည် တည်၏ဟု စိတ် အကြံဖြစ်၏။

ထိုပုဂ္ဂိုလ်အား ဝိညာဏ်ကို အတ္တအားဖြင့် မစွဲယူမူ၍ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပေါ်၌ အတ္တအားဖြင့်စွဲယူ၏။

ဤကား ဝိညာဏ်ကို ချန်လှပ်၍ နာမ် ရုပ်တရားလေးပါးလုံး အပေါ်၌ အတ္တအားဖြင့် စွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၁။ အခြင်းအရာအမှတ်စဉ်-၄။

အဘယ်သို့လျှင် ရုပ်၌အတ္တအားဖြင့်အဖန်ဖန်ရှုသနည်း။

ပတ္တမြားကို ကြုတ်၌ ထည့်ထားရာ၏။ ထိုပတ္တမြားကို ယောကျ်ားသည် "ဤကား ပတ္တမြားတည်း၊ ဤကား ကြုတ်တည်း၊ ပတ္တမြားသည် တခြား၊ ကြုတ်သည် တခြားတည်း၊ ထို ပတ္တမြားသည် ဤကြုတ်၌တည်၏" ဟုဆိုရာ၏။ ဤသို့ ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူ ဤလောက၌ အချို့သော သူသည် ဝေဒနာကို သညာကို၊ သင်္ခါရတို့ကို၊ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏အတ္တတည်း၊ ငါ၏ ထို (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော) အတ္တသည် ဤရုပ်၌တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ရုပ်၌အတ္တကိုအဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာ၌ ကြုတ်သည် ရုပ်နှင့်တူ၏။ ပတ္တမြားနှင့် ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့အပေါ်၌စွဲယူသောအတ္တနှင့် တူ၏ ကြုတ်နှင့် တူ သော ရုပ် သည် တ ခြား၊ ပတ္တမြားနှင့်တူသော ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟု ဆိုအပ်သောအတ္တသည် တခြားတည်း၊ ရုပ်၌ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟုဆိုအပ်သော အတ္တသည်တည်၏ဟုရှု၏။

ထိုပုဂ္ဂိုလ်အား ရုပ်ကို အတ္တအားဖြင့်မရှု၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟုဆိုအပ်သော နာမ်ခန္ဓာလေးပါးတို့အပေါ်၌ အတ္တအားဖြင့်စွဲယူ၏။

ဤကား ရုပ်ကိုချန်လှပ်၍ နာမ်ခန္ဓာလေးပါးတို့ အပေါ်၌ အတ္တအားဖြင့် စွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၂။ အခြင်းအရာအမှတ်စဉ်-၄။

အဘယ်သို့လျှင် ဝေဒနာ၌ အတ္တကိုအဖန်ဖန်ရှုသနည်း။

ပတ္တမြားကို ကြုတ်၌ ထည့်ထားရာ၏။ ထို ပတ္တမြားကို ယောကျ်ားသည် "ဤကား ပတ္တမြားတည်း၊ ဤကား ကြုတ်တည်း၊ ပတ္တမြားသည် တခြား၊ ကြုတ်သည် တခြားတည်း၊ ထို ပတ္တမြားသည် ဤကြုတ်၌တည်၏" ဟု ဆိုရာ၏။ ဤသို့ ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို၊ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန် ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်သည်

ငါ၏ အတ္တတည်း၊ ငါ၏ ထို (သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟူသော) အတ္တသည် ဤဝေဒနာ၌တည်၏” ဟု စိတ်အကြံဖြစ်၏။ ဤသို့ ဝေဒနာ၌အတ္တကိုအဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ၊ဤဥပမာ၌ ကြုတ်သည် ဝေဒနာနှင့်တူ၏။ ပတ္တမြား နှင့် သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်တို့ အပေါ်၌ စွဲယူသော အတ္တနှင့်တူ၏။ ကြုတ်နှင့် တူသော ဝေဒနာသည် တခြား၊ ပတ္တမြားနှင့် တူသောသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟုဆိုအပ်သော အတ္တသည်တခြားတည်း၊ ဝေဒနာ၌သညာ၊သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟုဆိုအပ်သောအတ္တသည်တည်၏ဟု ရှု၏။

ထိုပုဂ္ဂိုလ်အား ဝေဒနာကို အတ္တအားဖြင့်မရှု၊သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟု ဆိုအပ်သော နာမ်ရုပ်တရားတို့ အပေါ်၌ အတ္တအားဖြင့်စွဲယူ၏။

ဤကား ဝေဒနာကို ချန်လှပ်၍၊ နာမ်ရုပ်တရားလေးပါးလုံး အပေါ်၌ အတ္တအားဖြင့်စွဲယူခြင်းတည်း။

### ခန္ဓာအမှတ်စဉ်-၃။ အခြင်းအရာအမှတ်စဉ်၄-။

### အဘယ်သို့လျှင် သညာ၌အတ္တကို အဖန်ဖန်ရှုသနည်း။

ပတ္တမြား ကို ကြုတ်၌ ထည့်ထား ရာ၏။ ထို ပတ္တမြား ကို ယောကျ်ားသည်၊ “ဤကားပတ္တမြားတည်း၊ဤကားကြုတ်တည်း၊ ပတ္တမြားသည်တခြား၊ ကြုတ်သည် တခြားတည်း၊ ထိုပတ္တမြားသည် ဤကြုတ်၌တည်၏” ဟု ဆိုရာ၏။ ဤသို့ကြုတ်၌ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင်-ဤလောက၌ အချို့သောသူသည်၊ သင်္ခါရ တို့ကို၊ ဝိညာဏ်ကို၊ ရုပ်ကို၊ ဝေဒနာကို၊ အတ္တအားဖြင့် အဖန်ဖန် ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာသည် ငါ၏အတ္တတည်း။ ငါ၏ထို (သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟူ သော) အတ္တသည် ဤသညာ၌တည်၏" ဟု စိတ်အကြံဖြစ်၏။ ဤသို့ သညာ၌အတ္တကို အဖန်ဖန်ရှု၏။

ရှင်းလင်းချက်။ ။ဤဥပမာ၌၊ ကြုတ်သည် သညာနှင့် တူ၏။ ပတ္တမြားနှင့်သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာတို့အပေါင်း စွဲယူ သော အတ္တနှင့်တူ၏။ ကြုတ်နှင့်တူသော သညာသည် တခြား၊ ပတ္တမြားနှင့်တူသော သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟု ဆိုအပ် သော အတ္တသည် တခြားတည်း၊ သညာ၌ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟုဆိုအပ်သော အတ္တသည် တည်၏ဟု ရှု၏။

ထိုပုဂ္ဂိုလ်အား သညာကိုအတ္တအားဖြင့်မရှု၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ ဟု ဆိုအပ်သော နာမ်၊ ရုပ်၊ တရားတို့ အပေါင်း၌ အတ္တအားဖြင့် စွဲယူ၏။

ဤကား သညာကိုချန်လှပ်၍၊ နာမ်၊ ရုပ်တရားလေးပါးလုံး အပေါင်း၌ အတ္တအားဖြင့် စွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၄၊ အခြင်းအရာအမှတ်စဉ် -၄ ။

အဘယ်သို့လျှင် သင်္ခါရတို့၌၊ အတ္တကို အဖန်ဖန်ရှုသနည်း။

ပတ္တမြားကို ကြုတ်၌ ထည့်ထားရာ၏၊ ထိုပတ္တမြားကို၊ ယောကျာ်းသည်၊ "ဤကား ပတ္တမြားတည်း၊ ဤကား ကြုတ်

တည်း၊ ပတ္တမြားသည်တခြား၊ ကြုတ်သည် တခြားတည်း၊ ထို ပတ္တမြားသည်၊ ဤကြုတ်၌တည်၏ဟုဆိုရာ၏။ ဤသို့လျှင် ကြုတ် ၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့-

ဤ အ တူ သာ လျှင်၊ ဤ လော က ၌၊ အချို့သောသူသည်၊ ဝိညာဏ်ကို၊ ရုပ်ကို၊ ဝေဒနာကို၊ သညာကို အတ္တအားဖြင့် အဖန် ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား- "ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာ သည်၊ ငါ၏အတ္တတည်း။ ငါ၏ထို (ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော) အတ္တသည် ဤသင်္ခါရတို့၌တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့သင်္ခါရတို့၌ အတ္တကိုအဖန်ဖန်ရှု၏။

ရှင်းလင်းချက်။ ။ဤဥပမာ၌၊ ကြုတ်သည် သင်္ခါရတို့နှင့် တူကုန်၏။ ပတ္တမြားနှင့်၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတို့ အပေါ်၌စွဲယူသောအတ္တနှင့်တူ၏။ ကြုတ်နှင့်တူသော သင်္ခါရတို့ သည် တခြား၊ ပတ္တမြားနှင့်တူသော ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟု ဆိုအပ်သော အတ္တသည် တခြားတည်း။ သင်္ခါရ၌၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟုဆိုအပ်သောအတ္တသည်၊ တည် ၏ဟု ရှု၏။

ထို ပု ဂ္ဂိုလ်အား သင်္ခါရတို့အပေါ်၌ အ တ္တ အား ဖြင့် မ ရှု၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာတို့ အပေါ်၌ အတ္တအားဖြင့် စွဲယူ၏။

ဤကား သင်္ခါရတို့ကို ချန်လှပ်၍ နာမ်ရုပ်တရားလေးပါးလုံး အပေါ်၌ အတ္တအားဖြင့်စွဲယူခြင်းတည်း။

## ခန္ဓာအမှတ်စဉ်-၅၊ အခြင်းအရာ အမှတ်စဉ်-၄။

### အဘယ်သို့လျှင် ဝိညာဏ်၌အတ္တကို အဖန်ဖန်ရှုသနည်း။

ပတ္တမြားကို ကြုတ် ၌ ထည့် ထား ရာ ၏၊ ထို ပ တ္တ မြား ကို ယောကျ်ားသည် "ဤကား ပတ္တမြားတည်း၊ ဤကား ကြုတ်တည်း၊ ပတ္တမြားသည်တခြား၊ ကြုတ်သည်တခြားတည်း၊ ထိုပတ္တမြားသည် ဤကြုတ်၌တည်၏" ဟု ဆိုရာ၏၊ ဤသို့ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့-

ဤအတူသာလျှင်-ဤလောက၌ အချို့သောသူသည် ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား၊ "ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် ငါ၏ အတ္တတည်း။ ငါ၏ထို (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဟူသော) အတ္တသည် ဤဝိညာဏ်၌တည်၏ဟု" စိတ်အကြံဖြစ်၏။ ဤသို့ဝိညာဏ်၌အတ္တကို အဖန်ဖန်ရှု၏။

**ရှင်းလင်းချက်။** ။ဤဥပမာ၌ ကြုတ်သည် ဝိညာဏ်နှင့်တူ၏၊ ပတ္တမြားနှင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပေါ်၌ စွဲယူသောအတ္တနှင့်တူ၏။ ကြုတ်နှင့်တူသော ဝိညာဏ်သည် တခြား၊ ပတ္တမြားနှင့်တူသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဟု ဆိုအပ်သော အတ္တသည်တခြားတည်း၊ ဝိညာဏ်၌ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဟုဆိုအပ်သောအတ္တသည် တည်၏" ဟု ရှု၏။

ထိုပုဂ္ဂိုလ်အား ဝိညာဏ်အပေါ်၌ အတ္တအားဖြင့် မရှု၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပေါ်၌ အတ္တအားဖြင့်စွဲယူ၏။

ဤကား ဝိညာဏ်ကို ချန်လှပ်၍ နာမ်ရုပ်တရား လေးပါးလုံး အပေါ်၌အတ္တအားဖြင့် စွဲယူခြင်းတည်း။

ခန္ဓာငါးပါးတို့ အပေါ်၌ အတ္တဟူ၍ စွဲလန်းမှု အတ္တနုဒိဋ္ဌိ (၂၀) ကို သရုပ်ခွဲ၍ ဖော်ပြပါဦးမည်။

| ခန္ဓာ အမှတ်စဉ် | အခြင်းအရာ အမှတ်စဉ် | စွဲလန်းမှုတရား အကြောင်းအရာ | ပါဝင်သော အပါးပေါင်း |
|---|---|---|---|
| ၁ | ၁-တွင် | ရုပ်တရားအပေါ်၌ အတ္တဟုစွဲလန်းမှု | ၁ ပါး |
| ၂ | ၁-တွင် | ဝေဒနာနာမ်တရား အပေါ်၌အတ္တ ဟု စွဲလန်းမှု | ၁ ပါး |
| ၃ | ။ | သညာ ။ | ၁ ပါး |
| ၄ | ။ | သင်္ခါရ ။ | ၁ ပါး |
| ၅ | ။ | ဝိညာဏ် ။ | ၁ ပါး |
| ၁ | ၂-တွင် | နာမ်တရားလေးပါးအပေါ်အတ္တဟုစွဲလန်းမှု | ၁ ပါး |
| ၁ | ၃-တွင် | ။ | ၁ ပါး |
| ၁ | ၄-တွင် | ။ | ၁ ပါး |

နာမ်တရားပေါ်၌အတ္တစွဲလန်းမှုပေါင်း ၈ ပါး

| ခန္ဓာ အမှတ်စဉ် | အခြင်းအရာ အမှတ်စဉ် | စွဲလန်းမှု အကြောင်းအရာ | ပါဝင်သော အပါးပေါင်း |
|---|---|---|---|
| ၂ | ၂ တွင် | နာမ်+ရုပ်တရားနှစ်ပါး အပေါ် အတ္တစွဲလန်းမှု | ၁ ပါး |
| ၃ | ။ | ။ | ၁ ပါး |
| ၄ | ။ | ။ | ၁ ပါး |
| ၅ | ။ | ။ | ၁ ပါး |
| ၂ | ၃ တွင် | ။ | ၁ ပါး |
| ၃ | ။ | ။ | ၁ ပါး |
| ၄ | ။ | ။ | ၁ ပါး |
| ၅ | ။ | ။ | ၁ ပါး |
| ၂ | ၄ တွင် | ။ | ၁ ပါး |
| ၃ | ။ | ။ | ၁ ပါး |
| ၄ | ။ | ။ | ၁ ပါး |
| ၅ | ။ | ။ | ၁ ပါး |

နာမ်+ရုပ်တရားနှစ်ပါးအပေါ်၌အတ္တဟု စွဲလန်းမှုပေါင်း ၁၂ ပါး

စုစုပေါင်းအတ္တနုဒိဋ္ဌိ (၂၀) ဖြစ်ပါသည်။

၎င်းအတ္တနုဒိဋ္ဌိ (၂၀) ကိုပင်+ပဋိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန်၊ သက္ကာယဒိဋ္ဌိအကျယ်ပြခြင်း (နှာ-၁၉၀) ၌ သက္ကာယ ဒိဋ္ဌိ (၂၀) ဟူ၍ဟောထားတော်မူပါသည်။

## အမေးပုစ္ဆာအပိုဒ် (၄)

ရှင်းသက္ကာယဒိဋ္ဌိဖြစ်ခြင်း အကြောင်းတရားများမှာ-

မန်လည်ဆရာတော် ဘုရားကြီး၏ ဒိဋ္ဌိဝိသောဓနဝဇီရဂ္ဂဒီပနီ (နှာ-၂၀၆)၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ထိုရှစ်ပါးသော အကြောင်းတို့တွင်-

(၁) ရုပ်သည်ပင်ငါ၊ ငါသည်ပင်ရုပ်၊ ဝေဒနာသည်ငါ၊ ငါသည်ပင် ဝေဒနာ စသည်ဖြင့် ခန္ဓာငါးပါးတို့ကို စွဲ၍ သက္ကာယဒိဋ္ဌိ ဖြစ်ခြင်းကြောင့် "ခန္ဓာငါးပါး"သည် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းဖြစ်၏။

(၂) ဟုတ်မှန်တိုင်းသော ရုပ်+နာမ်၊ ခန္ဓာ၊ အာယတနစသည်တို့၏ သဘောလက္ခဏာတို့ကို မသိမထင်၊ မမြင်ကွယ်ကန်းသဖြင့် ယောင်ရမ်း စွဲလန်းရသောကြောင့်၊ "အဝိဇ္ဇာ" သည် ဒိဋ္ဌိဖြစ်ကြောင်းဖြစ်၏။

(၃) မိမိသဘော၌ တွေ့သမျှ၊ ထင်သမျှ၊ စွဲလန်းယူမှားတတ်သောကြောင့် "ဖဿ" သည် ဒိဋ္ဌိဖြစ်ခြင်း အကြောင်းဖြစ်၏။

(၄) မိုးကားခုံးခုံး မြေလုံးလုံးကဲ့သို့ ထင်ရသော အခြင်းအရာမှုကိုသာ မှတ်၍စွဲလန်းယူမှားတတ်သောကြောင့် 'သညာ' သည် ဒိဋ္ဌိ၏အကြောင်းဖြစ်၏။

(၅) မိုးကားခုံးခုံး မြေလုံးလုံးကဲ့သို့ ထင်သော အခြင်းအရာ၊ မိုးကလည်းခုံး မြေလည်းလုံးသည်ဟု နှလုံးကြံဆ၍စွဲလန်း

ယူ မှား တတ် သော ကြောင့် " ဝိ တက် " သည် ဒိဋ္ဌိ ၏ အကြောင်းဖြစ်၏။

(၆) မသင့်မမှန် ဖေါက်ပြန်သော နှလုံးသွင်းခြင်းဖြင့် စွဲလန်းယူမှားတတ်သောကြောင့် "အယောနိသောမနသိကာရ" သည် ဒိဋ္ဌိ၏အကြောင်းဖြစ်၏။

(၇) မကောင်းသော အဆွေခင်ပွန်း၏ အကျင့်အမူ အယူဝါဒသို့ အစဉ်လိုက်သဖြင့် စွဲလန်းယူမှား တတ်သောကြောင့် "ပါပမိတ္တ" သည် ဒိဋ္ဌိ၏အကြောင်းဖြစ်၏။

(၈) မကောင်းသဖြင့် ပြောဟောသော တရားစကားကို ကြားရ၊ နာရခြင်း၌ ကြားနာရသည့်အတိုင်း စွဲလန်း ယူမှားတတ်သောကြောင့် "ပရတော ဃောသ" သည် ဒိဋ္ဌိ၏ အကြောင်းဖြစ်၏။

ဤကား သက္ကာယဒိဋ္ဌိ၏ ဖြစ်ခြင်း အကြောင်းတရား ရှစ်ပါးပင်တည်း။

၎င်း အကြောင်းတရား ရှစ်ပါးတွင် – အပိုဒ် (၁) ၌ –

ရုပ်သည်ပင်ငါ၊ ငါသည်ပင်ရုပ်၊ ဝေဒနာသည်ငါ၊ ငါသည်ပင် ဝေဒနာ စသည်ဖြင့် ခန္ဓာငါးပါးတို့ကိုစွဲ၍ သက္ကာယဒိဋ္ဌိ ဖြစ်ခြင်းကြောင့် "ခန္ဓာငါးပါး" သည် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ဖြစ်၏ – ဟုပါရှိပါသည်။

ဤအပိုဒ်၌ "ရုပ်သည်ပင်ငါ၊ ငါသည်ပင်ရုပ်" ဟူ၍ရေးသားတော် မူခဲ့သည်ကို တွေ့ရှိရပါသည်။ "အတ္တ" ၏ အဓိပ္ပါယ်မှာ ကျယ်ဝန်းခြင်းကြောင့် "ရုပ်သည်ပင်အတ္တ" ဟူ၍ရေးသားတော်

မမူဘဲ၊ "ရုပ်သည်ပင်ငါ" ဟူ၍ ရေးသားတော်မူခဲ့ပါသည်။ ဤသို့ ရေးသားတော်မူခဲ့သော "ငါ" ဟူသည်မှာ အခြင်းအရာအား ဖြင့် "ငါ" သည်သုံးမျိုးသုံးစား ရှိပါသည်။

ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော်၊ မြန် မာ ပြန်၊ သော ဏ သုတ် (နှာ-၃၉)နှင့်ရင်းပါဠိတော်၊ အနတ္တလက္ခဏာသုတ်(နှာ-၅၃)၌-

(၁) ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏။
(၂) ဤရုပ်သည် ငါဖြစ်၏။
(၃) ဤရုပ်သည် ငါ၏အတ္တတည်း၊ ဟူ၍ လာရှိပါသည်။

ရင်း ပြင် -

ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်၊ မြန်မာပြန်၊ သုရာဓသုတ် (နှာ-၆၄)၌-

(၁) ငါဟု စွဲယူမှု=ဒိဋ္ဌိ
(၂) ငါ့ဥစ္စာဟု တပ်မက်မှု= တဏှာ
(၃) ထောင်လွှားမှု= မာန ဟူ၍ရင်း၊

ထို့အတူ၊

၄င်းပါဠိတော် အရဟန္တသုတ် (နှာ၆၅) ၌ -

(၁) ဤရုပ်သည် ငါ၏ဥစ္စာမဟုတ် ။
(၂) ဤရုပ်သည် ငါမဟုတ်။
(၃) ဤရုပ်သည်ငါ၏ကိုယ်အတ္တမဟုတ်။
ဟု လာရှိပါသည်။

ငှင်းပါဠိတော်များအရ "ငါ" ဟူသည်မှာ "ငါ"သည် သုံးမျိုး သုံးစား ရှိပါသည်။

(၁) ငါဟု စွဲယူမှု="ဒိဋ္ဌိ=ငါ"

(၂) ငါ့ဥစ္စာဟုတပ်မက်မှု="တဏှာ=ငါ"

(၃) ငါတကားဟု ထောင်လွှားမှု ="မာန=ငါ"

ဟူ၍ "ငါ"သုံးမျိုးသုံးစား ရှိကြောင်း ထင်ရှားပေသည်။

မာန်လည်ဆရာတော် ဘုရားကြီး၏ သက္ကာယဒိဋ္ဌိ ဖြစ်ခြင်း အကြောင်းတရား ရှစ်ပါးတွင် အပိုဒ်(၁)၌ လာရှိသော "ရုပ်သည်ပင် ငါ"ဆိုသည်မှာ-"ဒိဋ္ဌိ-ငါ" ကို ဆိုလိုပါသည်။

(၁) ဤရုပ်သည် ငါကိုယ်ဝ် = အတ္တတည်းဟူသော "ဒိဋ္ဌိ-ငါ"ကို (ဝါ)သက္ကာယဒိဋ္ဌိ (၂၀)ကို သောတာပတ္တိမဂ်ဉာဏ်က အကြွင်းမဲ့ ပယ်သတ် နိုင်ပေသည်။ သက္ကာယဒိဋ္ဌိဆိုသည်မှာလည်းအတ္တဒိဋ္ဌိ(၂၀)သည်သာ လျှင် တိကျမှန်ကန်သော "သက္ကာယဒိဋ္ဌိ (၂၀)"ပင် ဖြစ်ပါသည်။
ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန် (နှာ၁၉၀) နှင့်လည်း ကိုက်ညီပေသည်။
သောတာပန်ပုဂ္ဂိုလ်တို့သည် ယောကျ်ား၊မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ စသည်တို့ အပေါ်၌ သာယာနှစ်သက်၊ တပ်မက်မှု = "တဏှာ = ငါ" နှင့်၊ ထောင်လွှားမှု = "မာန=ငါ" တည်းဟူသော အနုသယ ကိလေသာ များသည် ကျန်ရှိလျက်ပင် ရှိလေသည်။

(၂) ငါ့သား၊ ငါ့မယား၊ ငါ့စည်းစိမ်ဥစ္စာ တည်းဟူသော "တဏှာ-ငါ" ကို အနာဂါမိမဂ်က ပယ်သတ်နိုင်ပေသည်။

(၃) ငါတတ်သည်၊ ငါသိသည်၊ ငါမြတ်သည် ဟူသော "မာနငါ"ကိုအရဟတ္တ မဂ်ဉာဏ်ကသာလျှင်အကြွင်းမဲ့ ပယ်သတ်နိုင်ပေသည်။

**၎င်းပြင် "သက္ကာယဒိဋ္ဌိစွဲ"နှင့် "ပညတ်စွဲ" တို့ကို ရှင်းလင်းဖော်ပြပါအုံးမည်။**

"ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ စသည်တို့သည်ကား သက္ကာယဒိဋ္ဌိပင်တည်း" ဟုပြောဆိုကြရာ၌ ထိုကဲ့သို့ပြောဆိုခြင်းသည်၊ တစိတ်တဒေသအားဖြင့်သာ ခေါ်ဝေါ် ပြောဆိုနိုင်သော်လည်း တိကျမှန်ကန်မှု မရှိသေးပေ။

၎င်း ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူသူ၊ ငါငါ၊ စသည်တို့ကို ဆန်းစစ်ဝေဖန်ရာ၌-

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ စသည်တို့သည်၊ ခန္ဓာငါးပါး၊ သက္ကာယတရားအပေါ်၌၊ ထိုသဘောတရား တို့ကိုပင် တင်စား၍ ခေါ်ဝေါ်ပညတ်၍ ထားအပ်သော ပညတ်တရားများသည်သာလျှင် ဖြစ်ကြပါသည်။

တနည်းအားဖြင့် ထိုသက္ကာယ တရားတို့အပေါ်၌ ပညတ်အားဖြင့် စွဲယူထားခြင်းကြောင့် "ပညတ်စွဲ" သာလျှင် ဖြစ်ပါသည်။ ၎င်းပညတ်စွဲသည်၊ သက္ကာယဒိဋ္ဌိမှ ထပ်ဆင့်ပေါက်ပွား၍ လာရသော "ပညတ်စွဲ" ပင်ဖြစ်ပါသည်။

"ထိုခန္ဓာငါးပါး သက္ကာယတရားတို့ အပေါ်၌ ထိုသက္ကာယတရားတို့သည်၊ အနှစ်အသား၊ အထည်ခံအမာခံဖြစ်၏။ မိမိအလိုသို့လိုက်၏၊ မိမိအလိုအတိုင်းပြီး၏၊ အစိုးရ၏။ ထိုသဘောတရားသည်ပင်လျှင်၊ အနှစ်အသား၊ အသက်လိပ်ပြာ၊ ဇီဝ၊ အတ္တဖြစ်၏" ဟုစွဲယူထားသော "သက္ကာယဒိဋ္ဌိ" သည်ဖြစ်ပါလာ၏။ ယင်းသို့ သက္ကာယတရားအပေါ်၌ ဒိဋ္ဌိအားဖြင့် စွဲယူမှုဖြစ်ခြင်းကြောင့် "သက္ကာယဒိဋ္ဌိစွဲ" ဟု ခေါ်ဆိုနိုင်ပါသည်။

ယင်း "သက္ကာယဒိဋ္ဌိစွဲ" မှတဆင့် လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ သူသူ ငါငါ အစရှိသော ပညတ်တို့သည် (ဝါ)ပညတ်အားဖြင့် စွဲယူသော "ပညတ်စွဲ" သည် ထပ်ဆင့် ပေါက်ဖွားလာရပါသည်။ ထိုကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ၊ သူသူ၊ ငါငါ စသည်တို့သည် ပညတ်တရားများ သာလျှင် ဖြစ်ကြောင်း သက္ကာယဒိဋ္ဌိနှင့် ပညတ်တရားတို့သည် တသီးတခြားစီ သာလျှင် ဖြစ်ကြောင်း သိထားရပေမည်။ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်နိုင်သော အနုသယကိလေသာ များတွင် သက္ကာယဒိဋ္ဌိကိုသာ ပယ်သတ်ခြင်း ဖြစ်ပါသဖြင့် မဂ်ပယ်စဉ်နှင့်လည်း ကိုက်ညီပေသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သူသူ၊ ငါငါ တည်းဟူသော အထင်ကို၊ သောတာပတ္တိမဂ်ဉာဏ်က မပယ်သတ်နိုင်သေးပေ။ အနာဂါမ် ပုဂ္ဂိုလ် တို့သည်ပင်လျှင် ဗြဟ္မာဟူသောအထင်၊ ဗြဟ္မာဟူသော ပညတ်တို့ကို စွဲယူသော ပညတ်စွဲ ရှိနေသေးသည်ကို ထောက်ရှုကြပါလေ။

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ အစရှိသည်ဖြင့်စွဲယူသော ပညတ်စွဲသည် "သက္ကာယဒိဋ္ဌိ"မှတဆင့် ပေါက်ဖွားလာ

သောတရားဖြစ်ခြင်းကြောင့် သက္ကာယဒိဋ္ဌိပြုတ်လျှင် ၄င်းပညတ်စွဲလည်း အကြွင်းအကျန်မရှိ ပြုတ်ရမည်ဟု စောဒကတက်ရန်ရှိပါသည်။

အဖြေမှာ-ဥပမာအားဖြင့် အသီး အပွင့် အကိုင်း အခက် ဝေဝေဆာဆာရှိသော သစ်ပင်ကြီးတပင်သည်ရှိ၏။ ၎င်းသစ်ပင်ကြီးကို သေစေလိုသောယောကျ်ားသည် ထိုသစ်ပင်၏ရေသောက်မြစ်ကို ဖြတ်တောက်၍ထား၏။ ရေသောက်မြစ် ပြတ်သွားသည်နှင့်တပြိုင်နက် ထိုသစ်ပင်၌ရှိသော အသီးအပွင့် အကိုင်းအခက်တို့သည် ရုတ်တရက် ခြောက်သွေ့ညှိုးနွမ်း၍ မသွားသေးပေ။ နောက်ရက်ပေါင်းများစွာ လပေါင်း အတော်ကြာမှ သာ၎င်းသစ်ပင်ကြီးသည် ခြောက်သွေ့ညှိုးနွမ်း၍ သေသွားရပေသည်။

၎င်းဥပမာ၌ ရေသောက်မြစ်သည် သက္ကာယဒိဋ္ဌိစွဲနှင့် တူပါသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ အစရှိသည်ဖြင့် စွဲယူသောပညတ်စွဲသည် ထိုသစ်ပင်၌ ဝေဝေဆာဆာရှိသော အသီးအပွင့် အကိုင်းအခက်တို့နှင့်တူ၏။ ရေသောက်မြစ်ပြတ်တောက်၍ သွားသကဲ့သို့ သောတာပတ္တိမဂ်ဉာဏ်သည် သက္ကာယဒိဋ္ဌိကို အကြွင်းမရှိပယ်သတ်နိုင်သော်ငြားလည်း အသီးအပွင့် အကိုင်းအခက်နှင့်တူသောပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ငါအစရှိသည်ဖြင့် စွဲယူသော ပညတ်စွဲသည် ပယ်စွန့်၍ မသွားသေးပေ။ လူဘဝ၊ နတ်ဘဝ၊ တို့၌ သာယာ တပ်မက်သော ကာမတဏှာဖြင့် အလွန်ဆုံး(၇)ဘဝသာလျှင် ကာမဘုံ၌ ကျင်လည်ရပေလိမ့်ဦးမည်။

[Hlaing 19]

၎င်းအပြင် ပညတ်စွဲကြောင့်ဖြစ်ပေါ်လာသော "တဏှာ ငါ" "မာန ငါ"၊ "ဒိဋ္ဌိ ငါ"၊ စသည်တို့ကို ထပ်မံ၍ရှင်းလင်းဖော်ပြပါဦးမည်။

ပညတ်စွဲဖြစ်သောလူ၊ နတ်၊ ဗြဟ္မာ၊ သူသူ၊ ငါငါ၊ အစ ရှိသည်တို့ကို စွဲယူရာ၌

ဤရုပ်သည် ငါ၏ကိုယ် အတ္တတည်းဟုစွဲယူသော "ဒိဋ္ဌိ-ငါ" စွဲ တပါးတည်းမဟုတ်ပေ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူသူ၊ ငါငါ၊ စသည် တို့၌ သာယာတပ်မက် နှစ်သက်သော "တဏှာ ငါ" နှင့် ငါသာလျှင်တတ်သည် ငါသာလျှင် မြတ်သည်ဟု စွဲယူသော "မာန ငါ" တို့က ပါဝင်စွက်ဖက်လျက်ပင် ရှိနေကြပါသည်။

၎င်း "တဏှာ ငါ" နှင့် "မာန ငါ" တို့ကို သောတာပတ္တိ မဂ်ဉာဏ်ကမပယ်သတ်နိုင်သေးပေ၊ ထို့ကြောင့်အနာဂါမ်ပုဂ္ဂိုလ် တို့သည် ပင်လျှင် ဗြဟ္မာ တည်းဟူသော ပညတ်စွဲကို မပယ်နိုင် သေးသောကြောင့် ရူပရာဂ၊ အရူပရာဂတို့ဖြစ်ကြရလေသည်။ အသျှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးသည်ပင်လျှင် ငါသည်အထူး သဖြင့် စင်ကြယ်၍ လူတို့၏ မျက်စိအမြင်ကိုလွန်သော နတ်မျက်စိ နှင့်တူသော မျက်စိ=ဒိဗ္ဗစက္ခုဖြင့် တထောင်သော လောကဓါတ် ကို မြင်နိုင်၏၊ ဟူသော သိမ်မွေ့သောမာနသည် ရှိမှန်းမသိရှိနေ သေးသဖြင့် အာသဝေါတရားတို့မှ မလွတ်ကင်းနိုင်သေးသည်ကို အသျှင်သာရိပုတြာက မာန၊ ဥဒ္ဓစ္စ၊ သံသယ ကုက္ကုစ္စ ဤတရား သုံးမျိုး တို့ကို ပယ်ခွန်ရန် ဟောပြောဆုံးမတော်မူမှ အရဟတ္တ ဖိုလ်ကိုရည်တော်မူရလေသည်။ ၎င်းကို ထောက်ရှုကြပါလေ။

(အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် တိကနိပါတ် ဒုတိယအနုရုဒ္ဓသုတ် နှာ ၃၀၃)ငါသိသည် ငါမြင်သည်ဟူသော မာန ငါသည် အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ကြွင်းကျန်လျက်ပင် ရှိနေပေသေးသည်။

ထို့ကြောင့်

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါဟုစွဲယူရာတွင်—

(က) ဤရုပ်သည် ငါ၏ကိုယ်အတ္တတည်းဟု စွဲယူသောအတ္တစွဲသည်သာလျှင် သက္ကာယဒိဋ္ဌိ၏အစစ်အမှန် ဖြစ်ပေသည်။

(ခ) ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါဟု စွဲယူသော "တဏှာစွဲငါ" နှင့် "မာနစွဲငါ"တို့သည် ပညတ်စွဲများသာလျှင် ဖြစ်ကြပေသည်။

အကြောင်းမှာမူကား ဟုတ်မှန်သော ခန္ဓာငါးပါး ပရမတ္ထသဘာဝတို့ကို အသိဉာဏ်ဖြင့် ဟုတ်မှန်သောအတိုင်း မသိမမြင်။ ထိုသို့မသိမမြင်ခြင်းကြောင့် ပညတ်အာရုံများဖြစ်ကြရလေသည်။ ထိုပညတ်အာရုံ များကို အာရုံ ပြုမိခြင်းကြောင့် ထိုပညတ်တို့အပေါ်၌"တဏှာ-မာန" အားဖြင့် စွဲလန်းမှုတို့သည် ဖြစ်ပေါ်၍ လာကြရပေသည်။ ထို့ကြောင့် "တဏှာစွဲငါ" နှင့် "မာနစွဲငါ" တို့သည် ပညတ်ကို အာရုံပြုမိခြင်းကြောင့် ထိုပညတ်အပေါ်၌ တဏှာ မာန အားဖြင့် စွဲယူသော ပညတ်စွဲများသည် သာလျှင် ဖြစ်ကြပါသည်။

**"သက္ကာယဒိဋ္ဌိ တည်းဟူသော ဒိဋ္ဌိဝိပလ္လာသ" နှင့် "သညာဝိပလ္လာသ" "စိတ္တဝိပလ္လာသ" တို့ကို ပိုင်းခြား၍ ပြဆိုခြင်း။**

၎င်းနောက် ထို "သက္ကာယဒိဋ္ဌိ" နှင့် ပ ညတ် စွဲ ဖြစ် သော တဏှာစွဲ မာနတို့ကို ပြင်းပြင်းထန်ထန် ခိုင်ခိုင်မာမာ စွဲယူနိုင်ကြစေရန် "အမှတ်မှားမှု=သညာဝိပလ္လာသ" + "အသိမှားမှု=စိတ္တဝိပလ္လာသ" + "အယူမှားမှု=အစွဲမှားမှု=ဒိဋ္ဌိဝိပလ္လာသ" တည်းဟူသော ထိုဝိပလ္လာသ တရား(၃)ပါးတို့ကလည်း တတပ်တအားအနေဖြင့် ပါဝင် ကူညီ အားပေးထောက်ခံကြလေသည်။

ဝိပလ္လာသ ဆိုသည်မှာ—

ဟုတ်သည်မှန်သည်၌ မဟုတ်မမှန်ဟု မှားယွင်းခြင်း။
မဟုတ် မမှန်သည်၌ ဟုတ်သည် မှန်သည်ဟု မှားယွင်းခြင်းတည်း။
(လယ်တီဆရာတော်၊ ဝိပဿနာဒီပနီမှ)

ဆိုလိုရင်းမှာ-"အမှတ်မှား=သညာဝိပလ္လာသ"၊ "အသိမှား=စိတ္တဝိပလ္လာသ"၊"အယူမှား=ဒိဋ္ဌိဝိပလ္လာသတို့ကိုဝိပလ္လာသတရား" ဟု ခေါ်ဆိုပါသည်။

ထိုတွင်—

(၁) အမှတ်မှားမှု=သညာဝိပလ္လာသ ဆိုသည်မှာ—
ရှည်လျားလှစွာသော ဘဝသံသရာမှစ၍ ခန္ဓာငါးပါး သက္ကာယ တရားတို့ အပေါ်၌ ထင်ရှားရှိသော ခန္ဓာငါးပါးဟူ၍ မှန်ကန်သောအတိုင်း၊ အမှတ်မပြု၊ဥပမာ

အားဖြင့် "တံလျှပ်ကို ရေထင်သော သားသမင်ကဲ့သို့" ခန္ဓာငါးပါး သင်္ခါရတရားတို့အပေါ်၌၊ ထိုသဘော တရားတို့ကိုပင် "ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊သတ္တဝါ၊ တည်း" ဟု မှတ်မှားသော အမှတ်မှားမှုကို ခေါ်ဆို ပါသည်။

(၂) အသိမှားမှု=စိတ္တဝိပလ္လာသ ဆိုသည်မှာ— ခန္ဓာငါးပါး- သင်္ခါရတရား တို့ကို၊ ခန္ဓာငါးပါး= သင်္ခါရတရားဟူ၍ ဟုတ်မှန်သောအတိုင်း ကောင်း သောပညာဖြင့် မသိမမြင်၊ ဥပမာအားဖြင့်"မျက်လှည့် ဆရာက ကျောက်ခဲကိုရွှေဖြစ်အောင် ဖန်တီး၍ပြသော ရွှေကို=ရွှေအစစ်ဟု သိမြင်သကဲ့သို့" ခန္ဓာ ငါးပါး သင်္ခါရတရားတို့ အပေါ်၌ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါပင်တည်းဟု သိမြင်သော အသိ မှားမှုကို ဆိုလိုပါသည်၊

(၃) အယူမှားမှု= ဒိဋ္ဌိဝိပလ္လာသ ဆိုသည်မှာ- ခန္ဓာငါးပါး =သင်္ခါရတရားတို့ကို ခန္ဓာငါးပါး သင်္ခါရတရား ဟူ၍ ဟုတ်မှန်သောအတိုင်း မယူ။ ဥပမာ အားဖြင့် "လမ်းခရီး၌ မကျွမ်းကျင်သော ခရီးသွား ယောကျ်ား တယောက်သည် တောအုပ်အလည်၌ ဘီလူးတို့ဖန်ဆင်း ၍ထားအပ်သော မြို့ရွာ၊အိုးအိမ်၊ တိုက်တာ အဆောက် အဦး၊ ခရီးလမ်းမများကို အဟုတ်အမှန် လမ်းခရီးပင် တည်းဟုစွဲယူထားဘိသကဲ့သို့ "ခန္ဓာငါးပါး=သင်္ခါရ တရားတို့အပေါ်၌ ယောကျ်ား၊မိန်းမ၊ ပုဂ္ဂိုလ်၊သတ္တဝါ၊

ငါ- စသည်တို့ကို အတ္တစွဲဖြင့် တကယ်ပင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါ-ပါတကားဟူ၍စွဲယူသော အစွဲမှား အယူမှားကို ဆိုလိုပါသည်။

ထို့ကြောင့်-

ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော် ပေဏပိဏ္ဍူပမသုတ်(နှာ-၁၀၇) ၌ မှတ် သား မှု = သညာ ကို တံလျှပ် နှင့် တူ ၏ ဟူ ၍ ၎င်း သိမှု=ဝိညာဉ်ကို မျက်လှည့်သမားနှင့် တူ၏ဟူ၍၎င်း ဟောတော်မူခဲ့ပါသည်၊

၎င်းဝိပလ္လာသတရားတို့၏ ဖြစ်ပေါ်လာရပုံမှာလည်း နောက်၌ ပြဆိုခဲ့ပြီးဖြစ်သော သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာရပုံ ကဲ့သို့ပင်ဖြစ်ပါသည်။

(က) ထင်ရှားရှိသော ခန္ဓာငါးပါး = သက္ကာယတရားတို့ အပေါ်၌ ထိုသဘောတရား တို့ကိုပင် ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် ထိုးထွင်းသိမြင်၍ မသိ မမြင်ခြင်းကြောင့်- ထိုသဘောတရားတို့သည် "အတ္တ" ပင်တည်းဟု စွဲယူမှုသည် ဖြစ်ပေါ်လာရပါသည်။

(ခ) ဤသို့ "အတ္တ" အားဖြင့် စွဲယူမှု ဖြစ်ပေါ်လာခဲ့သည်ရှိ သော်- ထိုထင်ရှားရှိသော ခန္ဓာငါးပါး = သက္ကာယ တရားတို့အပေါ်၌- ထိုသက္ကာယတရားတို့သည် ပုံဟန် အမူအရာ သဏ္ဌာန်နိမိတ် ရှိကြကုန်၏ဟု (၁) အမှတ် မှားမှု၊ (၂) အသိမှားမှု၊ (၃)အယူမှားမှု=ဝိပလ္လာသ တရားတို့သည် ဖြစ်ပေါ်၍လာကြရပေသည်။

(ဂ) ထိုမှတဖန်-ပုံဟန်အမူအရာ သဏ္ဌာန်နိမိတ်တို့ကို မူတည်၍၊ ၎င်းပုံသဏ္ဌာန်အမူအရာတို့သည် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါပင်တည်း ဟူသော ဝိပလ္လာသတရားသုံးပါးတို့သည် ဖြစ်ပေါ်၍ လာကြရပေသည်။

ထို့ကြောင့်-

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါစသည်ဖြင့်'မှတ်' + 'သိ' + 'စွဲယူမှု' သည် သက္ကာယဒိဋ္ဌိ တည်းဟူသော ဒိဋ္ဌိဝိပလ္လာသတပါး တည်း၏ လက်ချက်မဟုတ်ပေ။ သညာ ဝိ ပ လ္လာ သ + စိတ္တပလ္လာသ တို့ကပါ ပါဝင်ကူညီ၍ လှည့်စားထားကြပေသည်။

ထိုဝိပလ္လာသ (၁၂) ပါးတို့တွင်-

ခန္ဓာငါးပါး=သက္ကာယတရားတို့အပေါ်၌-

(၁) ထိုခန္ဓာငါးပါး = သက္ကာယတရား တို့သည် "မြဲ၏ဟု မှတ်သားသော နိစ္စသညာ"

(၂) ထိုခန္ဓာငါးပါး =သက္ကာယတရား တို့သည် "မြဲ၏ဟု သိသော=နိစ္စစိတ္တ"

(၃) ထိုခန္ဓာငါးပါး = သက္ကာယတရား တို့သည် "မြဲ၏ဟု စွဲယူသော=နိစ္စဒိဋ္ဌိ"

(၄) ထိုခန္ဓာငါးပါး = သက္ကာယတရား တို့ကိုပင် "အတ္တဟု မှတ်သားမှု=အတ္တသညာ"

(၅) ထိုခန္ဓာငါးပါး = သက္ကာယတရား တို့ကိုပင် "အတ္တဟု သိမှု=အတ္တစိတ္တ"

(၆) ထိုခန္ဓာငါးပါး= သက္ကာယတရား တို့ကိုပင် "အတ္တဟု စွဲယူမှု=အတ္တဒိဋ္ဌိ"

(၇) ထိုခန္ဓာငါးပါး= သက္ကာယဘရားတို့သည် "တင့်တယ် ကြကုန်၏ဟု စွဲယူမှု=သုဘဒိဋ္ဌိ"

(၈) ထိုခန္ဓာငါးပါး=သက္ကာယတရားတို့သည် "ချမ်းသာ၏ဟု စွဲယူမှုသုခဒိဋ္ဌိ" တည်းဟူသော ထို-ဝိပလ္လာသ တရား ရှစ်ပါး တို့ ကို သောတာပတ္တိမဂ်ဉာဏ်က အကြွင်းမဲ့ ပယ်သတ်နိုင်ပေသည်။

(၉) ထိုခန္ဓာငါးပါး=သက္ကာယတရား တို့ဘည် "တင့်တယ် ကြကုန်၏ဟု မှတ်သားသော သုဘ=သညာ"

(၁၀) ထိုခန္ဓာငါးပါး=သက္ကာယဘရား တို့သည် "တင့်တယ် ကြကုန်၏ဟု သိမှု=သုဘစိတ္တ' ၎င်းနှစ်ပါးကို အနာဂါမိမဂ်ဉာဏ်က ပယ်သတ်နိုင်ပေသည်။

(၁၁) ထိုခန္ဓာငါးပါး=သက္ကာယတရားတို့သည် "ချမ်းသာ၏ ဟု မှတ်သားမှု=သုခသညာ"

(၁၂) ထိုခန္ဓာငါးပါး=သက္ကာယတရားတို့သည် "ချမ်းသာ၏ ဟု သိမှု=သုခစိတ္တ" ၎င်းနှစ်ပါးကို အရဟတ္တမဂ်ဉာဏ် က သာလျှင် အကြွင်းမဲ့ ပယ်သတ်နိုင်ပေသည်။

မြန်မာပိဿုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ (တ) တွဲ၊ (နှာ-၅၂၅) တွင် လာရှိသည့်အတိုင်း သောတာပန် ပုဂ္ဂိုလ်တို့သည် ဝိပလ္လာသတရား (၈)ပါး တို့ကိုသာလျှင် ပယ်သတ်နိုင်ပေသည်။ ဝိပလ္လာသတရား (၄) ပါးမှာ ကျန်ရှိလျက်ပင် ရှိနေပေသေးသည်။ ထို့ကြောင့် သောတာပတ္တိ မဂ်ဉာဏ်ကို ရရှိထားပြီးသော ဝိသာခါ၊ အနာ ထပိဏ်အစရှိသော ပုဂ္ဂိုလ်တို့သည် သုဘသညာ+သုဘစိတ္တ သုခ သညာ+သုခစိတ္တ တည်းဟူသော ဝိပလ္လာသတရား (၄) ပါးမှာ

ကျန်ရှိနေသေးသဖြင့်၊ တရားသဖြင့် ရရှိထားအပ်သော ကာမဂုဏ်ငါးပါး အာရုံတရားများကို ခံစား စံစားလျက်ပင် ရှိနေကြပေသည်။ အနာဂါမ်ပုဂ္ဂိုလ် တို့မှာလည်း၊ ရဟန္တာပုဂ္ဂိုလ်များကဲ့သို့ ဗ္ဗန္ဓြေငါးပါးတို့သည် မရင့်ကျက်သေးသည်ကတကြောင်း၊ သုခသညာ+သုခစိတ္တတည်းဟူသော ဝိပလ္လာသတရားနှစ်ပါး ကျန်ရှိနေသေးသည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် ရူပဘဝ+အရူပဘဝတို့၌ သာယာတပ်မက်သော ရူပရာဂ+ အရူပရာဂတို့ ဖြစ်ကြရလေသည်။

ထို့ကြောင့် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ ဟူသော "မှတ်သား"+ "သိမြင်"+ "စွဲယူ"သော အခြင်းအရာသည် ဒိဋ္ဌိဝိပလ္လာသဟု ခေါ်ဆိုအပ်သော သက္ကာယဒိဋ္ဌိ တပါးတည်း၏ လက်ချက်မဟုတ်ပေ။ အမှားကို မှတ်သားမှု= သညာဝိပလ္လာသ+အမှားကိုသိမှု=စိတ္တဝိပလ္လာသတို့ကပါပါဝင်ကူညီ၍ လှည့်စားထားကြောင်း ထင်ရှားလှပေသည်။

တောထဲတွင်မျက်စိလည်နေသောယောကျ်ားကဲ့သို့ ဝိပလ္လာသတရားတို့၏လှည့်စားမှု ဒဏ်ချက်မပြေသေးသမျှ ပုဂ္ဂိုလ်၊သတ္တဝါ ငါဟူ၍ ထင်မှတ်ရမည်သာ။ ၎င်းဒဏ်ချက်ပြင်းထန်လျှင် ပြင်းထန်သလောက် အစွဲပြင်းထန်၏။ ဝိပလ္လာဒဏ်ချက် လျော့နည်းလျှင် အစွဲလည်း လျော့နည်းရမည် ဖြစ်ပေသည်။ အရဟတ္တမဂ်ကျမှသာလျှင် ဝိပလ္လာသ၏ လှည့်စားမှု စက်ကွင်းမှ လုံးဝလွတ်မြောက်ရပေမည်။ ဘုရား၊ ရဟန္တာ၊ အသျှင်သူမြတ် တို့မှာ ညီတော်အာနန္ဒာဟူ၍၎င်း၊ သားတော်ရာဟုလာဟူ၍၎င်း၊ ခေါ်

ခေါ်တော်မူကြပါသည်။ ထိုသို့ ခေါ်ဝေါ်တော်မူကြငြားသော်လည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါဟူသော ထင်မှတ်မှု ဝိပလ္လာသတရားများသည် လုံးဝမရှိတော့ပေ။

ဥပမာ၊ ရုပ်သေးပညာ ရုပ်သေးအကြောင်းကို ကောင်းစွာကျွမ်းကျင်သောယောကျ်ားသည် ရုပ်သေးကပြနေစဉ် အတွင်း၌ မင်းသား+မင်းသမီးဟု ခေါ်ဝေါ် ပြောဆိုရငြားသော်လည်း၊ အဟုတ်တကယ် စစ်မှန်သော မင်းသား၊ မင်းသမီးဟူ၍ မယူဆတော့ပေ၊ သူဘပါးနားလည်ရုံမျှသာ ခေါ်ဝေါ် ပြောဆိုရခြင်းဖြစ်ပါသည်။

ထို့ကြောင့်

မန်လည်ဆရာတော် ဘုရားကြီးက ဒိဋ္ဌိဝိသောဓနဝဇီရဂ္ဂဒီပနီ (နှာ-၁၆၆)၌

ငါကောင်၊ ကိုယ်ကောင်၊ အကောင်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား၊ လူ၊ နတ်၊ ဗြဟ္မာ၊ စသည်ဖြင့် ခေါ်ဝေါ်ကြခြင်းသည် ဝေါဟာရပညတ် မှတ်အပ်သော အမည်သညာ အတိုင်း ခေါ်ဝေါ်ရသည်သာ။

စင်စစ်ကားမဟုတ်။

နာမ်+ရုပ်နှစ်ဖြာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘာဝအစုမျိုးမျှသာ ဟူ၍ နှလုံးသွင်းသဖြင့် ခေါ်ဝေါ် ပြောဆိုကြမူကား၊ သမုတိသစ္စာဖြစ်၍ ဒိဋ္ဌိမဆိုကောင်း။

ဘုရား၊ ရဟန္တာ၊ အရိယာတို့ခေါ်ဝေါ်ပြောဆိုသကဲ့သို့တည်း။

ငါ့ကိုယ်၊ မိန်းမ၊ ယောကျ်ားဟူ၍မျှ မပြောဆိုရ၊ မခေါ်ဝေါ်ရဟု မမှတ်ကြကုန်လင့်။ ခေါ်ဝေါ်ရုံမျှနှင့်ဒိဋ္ဌိမဖြစ်။ စွဲလန်းယူမှားသော်ဒိဋ္ဌိဖြစ်သည်ဟု စီရင်ရေးသားတော်မူခဲ့ပါသည်။

ထို့ကြောင့် အထက်၌ရေးသားဖော်ပြခဲ့ပြီးဖြစ်သော

(က) ဒိဋ္ဌိ၊ ငါနှင့်တဏှာ၊ ငါ၊ မာန၊ ငါတို့ကို၎င်း

(ခ) သက္ကာယဒိဋ္ဌိစွဲနှင့် ပညတ်စွဲတို့ကို၎င်း

(ဂ) သက္ကာယဒိဋ္ဌိနှင့် ပညတ်စွဲဖြစ်သော တဏှာစွဲ၊ ငါနှင့် မာနစွဲ၊ ငါတို့ကို၎င်း

(ဃ) သက္ကာယဒိဋ္ဌိတည်း ဟူသော ဒိဋ္ဌိဝိပလ္လာသနှင့် သညာဝိပလ္လာသ+စိတ္တဝိပလ္လာသ တရားတို့ကို၎င်း

ကွဲကွဲပြားပြား သိရှိထားရပေမည်။ သို့မှသာလျှင် သက္ကာယဒိဋ္ဌိ အစစ်အမှန်ကို ပိုင်းပိုင်းခြားခြား သိရှိနားလည်နိုင်ပေလိမ့်မည်။ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်နိုင်သော တရားတို့၌လည်း သက္ကာယဒိဋ္ဌိ (၂၀) ကိုသာ အကြွင်းမဲ့ ပယ်သတ်နိုင်ပေသည်။ ၎င်းမဂ်ပယ်စဉ်၌လည်း ဝိပလ္လာသ တရား အား လုံး ကို အကြွင်းမဲ့ပယ်သတ်ခြင်း မဟုတ်ပေ။ ဝိပလ္လာသတရား (၈) ပါးကိုသာလျှင် ပယ်သတ်နိုင်ပေသည်။ (၄) ပါးမှာ ကျန်ရှိလျက်ပင် ရှိပါသေးသည်။ ဤအချက်ကို သတိပြုရပေမည်။

နိဂုံးချုပ် အနေအားဖြင့် ဖော်ပြလိုသည်မှာ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူသူငါငါဟူသမျှသည် သက္ကာယဒိဋ္ဌိဟူ၍ တထစ်ချယူဆ၍ မဖြစ်နိုင်ကြောင်း၊ တစိပ်တဒေသအားဖြင့်

မှန်ကန်မှုရှိသော်လည်း အတိအကျမဟုတ်သေးကြောင်း၊ တဏှာ ငါ၊ မာန-ငါ စသည်တို့နှင့်အတူတကွ သညာဝိပလ္လာသ+စိတ္တ ဝိပလ္လာသတို့၏ပါဝင်စွက်ဖက်မှုက ရှိနေသေးကြောင်း၊ သက္ကာယ ဒိဋ္ဌိအစစ်အမှန်မှာ-အတ္တနုဒိဋ္ဌိ (၀၁) သက္ကာယဒိဋ္ဌိ (၂၀) သာ လျှင် ဖြစ်ကြောင်း၊ ပဌမမဂ်ကပယ်သတ်ရာ၌ သက္ကာယဒိဋ္ဌိ (၂၀) နှင့် ဝိပလ္လာသတရား (၈) ပါးကိုသာလျှင် အကြွင်းမဲ့ ပယ်သတ် ခြင်းဖြစ်ကြောင်း၊ တဏှာ-ငါ+မာန-ငါနှင့် ဝိပလ္လာသ တရား (၄) ပါးမှာ ကျန်ရှိလျက်ပင်ဖြစ်ကြောင်း သတိပြုအပ်ပေသည်။

ဤသို့- သက္ကာယဒိဋ္ဌိနှင့် ဝိပလ္လာသတရား (၈) ပါးတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်ကြစေရန် အကျဉ်းချုပ်နှင့်အတူတကွ စာရှုသူ ပုဂ္ဂိုလ်အပေါင်းတို့သည် ကာယသုခ+စိတ္တသုခနှစ်ဖြာ ပြည့်စုံစွာ ဖြင့် ဝိပဿနာဘာဝနာကို ကြိုးစားပွားများ အားထုတ်နိုင်ကြ စေရန် ရည်သန်တောင့်တလျက်-

ဦးကောင်း
မြို့မရပ်၊ မိုးကုတ်မြို့
(၅-၈-၇၇)

သို့

.... .... .... .... .... .... .... .... .... ....

.... .... .... .... .... .... .... .... .... ...ရွာ

.... .... .... .... .... .... .... .... .... ...မြို့။

ဓမ္မဒါန ဓမ္မာနုဂ္ဂဟ ကုသိုလ်ရှင်များ

(၁)။ ဦးကောင်း - ဒေါ်ဘုန်းကြည်၊
သား သမီး မြေး တစု၊ မြို့မရပ်၊ မိုးကုတ်မြို့။

(၂)။ ဒေါ်သန်းညွန့် အား ရည်မှတ်၍ ဦးမောင်လေး
သား သမီး တစု၊ ကန်တော်ရပ်၊ မိုးကုတ်မြို့။